


Scanned with ACE Scanner




Scanned with ACE Scanner

# တက္ကသိုလ် ဝင်းကြည်

# ပန်းစကြာစားသမား

စာစဉ်(၉)

Scanned with ACE Scanner

# အခန်း(၁)

ထက်ချိုနှင့် ယင်ဖိန်တို့ နှစ်ယောက်သည် ဓားသိုင်းပညာ၊ လက်ဝါးသိုင်းပညာနှင့် အတွင်းအားပညာတွင် တစ်ဖက်ကမ်းခတ် ထက်မြက်ကြသူများ ဖြစ်ပေသည်။ အထူးသဖြင့် အတွင်းအားအရာ တွင် အဆင့်လွန်နေပြီ ဖြစ်၏။ ရိုးရိုးသာမန် ကျင့်စဉ်အနေဖြင့် သူတို့ထက် အတွင်းအား ထူထပ်နက်ရှိုင်းအောင် ကြိုးစားလေ့ကျင့်၍ မရတော့။

သို့သော် သူတို့နှစ်ဦးသည် ထိုနေ့က ရှောက်ချူးရွှေ တစ် ယောက် အနန္တမူလ ဆေးလုံး သောက်ထားပြီးမှန်း မသိသဖြင့် ရှောက်ချူးရွှေ၏ လက်ချက်ကြောင့် အသက်ထွက်လုနီးပါး ဖြစ်ခဲ့ ရသည်။ ရှောက်ချူးရွှေ စဉ်းစားဆင်ခြင် ငှဲညာပေးခဲ့သည်ကို ကျေးဇူး တင်နေမိလေသည်။

သူတို့နှစ်ယောက်သည် ရှောက်ချူးရွှေက ဂါရဝပြု နှုတ်ဆက် လာသည်နှင့် သက်တန့်နီတောင်ပေါ်မှ အဖြစ်အပျက်ကို တွေးမိကာ ရှက်ရွံ့ မျက်နှာပူသွားမိကြသည်။

ထက်ချိုက ရယ်မောလိုက်ကာ ...

"ဩော် ... မင်းလည်း ရောက်နေမှကိုး၊ ဒါနဲ့ ဟို မိန်းကလေး ကော"

ဆုန့်မိန်ကျူးအား မေးလိုက်ခြင်း ဖြစ်၏။

ရှောက်ချူးရွှေသည်လည်း ထိုစဉ်က ဆေးလုံး၏ အာနိသင်ပြ

ကာ စိတ်ဖောက်ပြန်လာခဲ့ပုံကို တွေးမိပြီး မျက်နှာနီမြန်း ထူအမ်းသွားသည်။

ယင်ဖိန်က ရှောက်ချူးရွှေ၏ အခြေအနေနှင့် ပုံသဏ္ဌာန်ကို ကြည့်လိုက်ကာ ...

"ဟာ ... ဘယ့်နယ် အတွင်းအားပဲ ကောင်းသေးတယ်၊ သိုင်းပညာက တိုးတက်မလာသေးပါလား"

ရှောက်ချူးရွှေက ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသည်။

ထက်ချိက အသံကျယ်ကျယ်ဖြင့် ...

"ဒီမှာ လီချိန်ကြိုးဆိုတဲ့လူ ရှိသလား"

လီချိန်ကြိုးက မတ်တတ်ရပ်လျက်မှ ...

"ကျုပ်ပါပဲ"

ထက်ချိသည် လီချိန်ကြိုးအား အသေအချာပင် အကဲခတ်ကြည့်ရှု၏။ ယင်ဖိန်ကလည်း သူ့နည်းတူ ကြည့်လိုက်ပြီး သက်ပြင်းတစ်ချက်ချသည်။ ထို့နောက် ထက်ချိဘက်သို့ လှည့်ကာ ...

"အဟောင်းတွေနေရာမှာ အသစ်တွေ နေရာယူလာကြတယ်ဆိုတာ မမှားဘူး၊ ကြည့်ရတာ တို့တစ်တွေ အနားယူကြရတော့မယ့်ပုံပဲ"

ထက်ချိက ရယ်မောကာ ...

"ဒီကိစ္စပြီးမှ အနားယူလို့ ဖြစ်လိမ့်မယ်"

"ဒီကိစ္စက လုပ်ရတာ အဆင်မပြေနိုင်ဘူး"

"အကောင်းဆုံးကတော့ တပည့်တစ်ယောက် ရှာမှဖြစ်လိမ့်မယ်၊ ဂိုဏ်းထဲက သာမန်အဆင့် ပုဂ္ဂိုလ်တွေကိုချည်း အားကိုးနေလို့တော့ တို့ရဲ့ ပညာအမွေကို ဘယ်သူကမှ လက်ခံမယူဘဲ ဖြစ်သွားလိမ့်မယ်"

လီချိန်ကြိုးက ကြားဝင်ကာ ဖြတ်မေးလိုက်သည်။

Scanned with ACE Scanner

"ကျုပ်ကို ဘာကိစ္စနဲ့ တွေ့ချင်တာပါလဲ"

ထက်ချို လီချိန်ကြိုးဘက်သို့ လှည့်လိုက်သည်။ သူ့မျက်နှာထားက ရုတ်ခြည်းပင် တည်ကြည် ခက်ထန်လာသည်။

"မင်းရဲ့ လက်အောက် တပည့်တွေထဲမှာ လျှိုဂူဆိုတဲ့ သူငယ်ရှိသလား"

လီချိန်ကြိုး ခေါင်းညိတ်လိုက်၏။

ထက်ချို မျက်နှာ အရောင်ပြောင်းသွားသည်။

"ဒါဆို ဟုတ်ပြီ၊ ပန်းချောင်းဓားဂိုဏ်း ရှောက်ဂေဟာမှာ ကျုပ်တို့ရဲ့ ဂိုဏ်းချုပ် ထိုက်ဝှန်နဲ့ အဆောင်မှူး စိုရွှဲ့ကို လျှိုဂူက သတ်ပစ်ခဲ့တယ်၊ ကျုပ်တို့ဟာ ကျုပ် မြေးတပည့်တွေရဲ့ သိက္ခာနဲ့ ရန်ကြွေးကို ပေးဆပ်ရလိမ့်မယ်"

ယင်ဖိန်ကလည်း ဝင်ရောက်လျက် ...

"ရှောင်လင်ကျောင်းရဲ့ ဂိုဏ်းချုပ်ကြီး ထင်းကျင့်နဲ့ မုချန်၊ လုံဟူ (နဂါးကိုယ်တော်)တို့ သေဆုံးခဲ့ရတယ်၊ အခု မုယဲ့နဲ့ ထိကျိုတို့နှစ်ယောက်လဲ ကလဲ့စားချေဖို့ ကျင်းတိန်တောင်ပေါ်ကို တက်လာခဲ့ကြပြီ"

လီချိန်ကြိုးက တည်ငြိမ်စွာပင် ကြည့်နေ၏။ ဝေဖန်ခြင်း၊ ဆင်ခြေတက်ခြင်း တစ်ခုမျှ မရှိ။

ထက်ချိုမှာ ဆက်၍ ...

"အခု ကြားခဲ့ရတဲ့ သတင်းအရ မင်းဟာ ဒီနေရာမှာပဲ ကရုဏာမဲ့ သိုင်းကျမ်းစာအုပ်ကို ရခဲ့တယ်၊ မင်းရဲ့ သိုင်းပညာက ကရုဏာမဲ့ နဂိုကတည်းက ကောင်းပြီးသားဆိုတော့ နောက်ထပ် ကရုဏာမဲ့ သိုင်းကျမ်းနဲ့ ထပ်ပေါင်းလိုက်ရင် ဘယ်လိုမှ လိုက်လို့ မီတော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ကျုပ်တို့နှစ်ယောက် အမိလိုက်လာပြီး မင်းကို မုယဲ့၊ ထိကျိုတို့နှစ်ယောက်နဲ့ တွေ့ဆုံပေးဖို့ပဲ"

Scanned with ACE Scanner

"ဒါတွေ ခဏထားလိုက်၊ လှို့ဝှက်ကိုသာ အမြန်ဆုံး ထွက်လာခိုင်းလိုက်ပါ"

လီချိန်ကြို့ ရယ်မောလိုက်၏။

သူ့ ရယ်သံတွင် လှို့ဝှက်ချက်များ ကောက်ကျစ်မှုများ ပါဝင်နေသည်။

"ကျုပ်ဆီမှာ ကရုဏာမဲ့သိုင်းကျမ်း ရှိတယ်လို့ ဘယ်သူက ပြောလိုက်တာလဲ"

"စာတစ်စောင်ကြောင့် သိရတာပဲ"

ယင်ဖိန်က ခပ်ပြတ်ပြတ် ပြောသည်။

လီချိန်ကြို့က တအံ့အသြ ဖြစ်သွား၏။

"စာတစ်စောင်ကြောင့် ဟုတ်လား"

"ဟုတ်တယ်"

လီချိန်ကြို့ မျက်နှာအမူအရာ ပြောင်းလဲလာသည်။

ထက်ချိန်နှင့် ယင်ဖိန်တို့သာမက ရောက်ရှိနေကြသော် သိုင်းသမားများကိုပါ ဦးတည်ရည်ရွယ်သည့် အနေနှင့် အသံကျယ်ကျယ် အော်မေးလိုက်ပြန်သည်။

"ခင်ဗျားတို့ အားလုံး ကျုပ်ကို ဒီနေရာမှာ ရှိနေတာရယ်၊ ကရုဏာမဲ့သိုင်းကျမ်း ကျုပ်လက်ထဲ ရောက်နေပြီဆိုတာရယ်ကို စာတစ်စောင်စီ လက်ခံရရှိထားကြလို့ သိနိုင်ခဲ့ကြတာပေါ့ ဟုတ်လား"

သိုင်းလောကသားများ အားလုံးမှာ ခေါင်းညိတ်သူ ခေါင်းညိတ်၊ မှန်ကန်ကြောင်း ဝန်ခံသူက ဝန်ခံလာကြသည်။ လီချိန်ကြို့ ပြုံးရောင်သမ်းလာသည်။

"ဘာမဟုတ်တဲ့ လှို့ဝှက်စာလေး တစ်စောင်ကြောင့် ကျုပ်တို့တစ်တွေဟာ ကျင်းတိန် တောင်ထိပ်ပေါ်မှာ သတ်ကြဖြတ်ကြ၊ သေကြကြေကြ ဖြစ်ကုန်ရပါလား"

လီချိန်ကြိုးက ငြင်းဆိုသလို စကားမျိုး ပြောလာသဖြင့် ရှောက်ချူးရွှေမှာ မအောင့်အည်းနိုင်တော့။

"ဒါဆိုရင် ဟိုတလောက စစ်ခြင်္သေ့ ကူရှပါး အသတ်ခံရတဲ့ သတင်းကကော မှန်ရဲ့လား"

"မှန်ပါတယ် ... ကူရှပါးတို့ လူသိုက်ကို လှို့ဂူနဲ့ ဓားမဘုရင် ယောင်ချူးစီတို့က ရှင်းပစ်လိုက်ကြတာပါ၊ တကယ်တော့ ကျုပ်ဟာ မြွေဘုရင်ကို ဒီ ဝိုမေတောင်ပေါ်မှာ သုတ်သင်ဖို့ စီစဉ်ထားတယ်၊ ကူရှပါးတို့တစ်တွေက ခရီးသွားအဖြစ် ဟန်ဆောင်ပြီး သူတို့နှစ်ယောက်ကို ကယ်တင်ဖို့ ရောက်လာခဲ့ကြတာ၊ ကူရှပါးဟာ သိုင်းလောက မိသားစုကြီး လေးခုထဲကဖြစ်တဲ့ မုယုံ၊ မက်၊ နန်ကုံး၊ ထန် မိသားစုထဲက မုယုံမိသားစုထဲက လူတစ်ယောက်ပဲ၊ သူတို့လာတာ ကောင်းတဲ့လာခြင်း မဟုတ်လို့ ကျုပ်တို့က သတ်ပစ်လိုက်ရတာပါပဲ"

ယင်ဖိန်က ...

"ဒါဆိုရင် ဒီမှာ ကရုဏာမဲ့ သိုင်းကျမ်းစာအုပ်ဆိုတာ ရှိမနေဘူးပေါ့"

"ကရုဏာမဲ့ သိုင်းကျမ်းတော့ မရှိဘူး၊ အနန္တမူလ ဆေးလုံးကြောင့် လူနှစ်ဆယ်လောက်တော့ သေကြေ ဒဏ်ရာရခဲ့ကြပြီ"

"သိုင်းကျမ်း ရှိတာ မရှိတာက အရေးစိုက်စရာ မလိုဘူး၊ ကျုပ်တို့ဟာ ဝူတန်ဂိုဏ်းက ဖြစ်လေတော့ ဝူတန်ဂိုဏ်းရဲ့ သွေးကြွေးကို ပေးဆပ်ရလိမ့်မယ်"

လီချိန်ကြိုး ခေါင်းမော့ကာ ရယ်လိုက်၏။

"သိုင်းလောကမှာ သွေးကြွေးကို သွေးကြွေးနဲ့ ပေးဆပ်တာဟာ အမြဲတမ်း ဖြစ်ပေါ်နေတဲ့ အစဉ်အလာ ကိစ္စကြီးပဲ၊ ဆရာကြီးတို့နှစ်ယောက်ဟာ ဓားပညာ၊ လက်ဝါးသိုင်းပညာနဲ့ အတွင်းအားပညာ

တွေ့ဘက်မှာ အဆင့်မြင့်မားကြတယ်လို့ ကျုပ် အစောကြီးကတည်းက သိခဲ့ရတယ်၊ ဒါပေမယ့် ဆရာကြီးတို့ သိသလားတော့ မပြောတတ်ဘူး၊ ကျုပ် ဂိုဏ်းထဲမှာ ကိုယ်ရံတော် လေးဦးရှိတယ်"

"သိပါတယ်၊ လက်ကိုးချောင်း သိမ်းငှက်စွန်ကျင်းရင်နဲ့ နဂါးပျံချန်ချင်လုံတို့ အစောကြီးကတည်းက သေကုန်ကြပြီပဲ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် လန်ဖန်ကျင်းနဲ့ ကျန်ထန်စူတို့ နှစ်ယောက် ရှိနေပါသေးတယ်"

ထက်ချိနှင့် ယင်ဖိန်တို့က ပြိုင်တူပင် ...

"အရှေ့ပိုင်း ဓားဝိဇ္ဇာနဲ့ အနောက်ပိုင်း ဓားဝိဇ္ဇာတို့မဟုတ်လား"

"ဟုတ်ပါတယ်"

အရှေ့ပိုင်း ဓားဝိဇ္ဇာနှင့် အနောက်ပိုင်း ဓားဝိဇ္ဇာတို့မှာ ထက်ချိ၊ ယင်ဖိန်တို့နှင့်အတူ သိုင်းလောကတွင် နာမည်ဂုဏ်သတင်း ကျော်ကြားလာသူများ ဖြစ်ကြ၏။

သူတို့သည် ရက်စက် ကြမ်းကြုတ်ကာ လူသတ်သည့် အမှုများ ကျူးလွန်ပြုမူခဲ့သဖြင့် တဖြည်းဖြည်း နယ်ကျဉ်းလာကာ အဖြူရောင် ဂိုဏ်းသားများ၏ ရွံ့မုန်း ရန်ရှာသူများလို ဖြစ်လာသည်။

နောက်ဆုံးတွင် သူတို့နှစ်ယောက်မှာ ထက်ချိ၊ ယင်ဖိန်တို့နှင့် ယဉ်ပြိုင်တိုက်ခိုက်ရမည့် အခြေအနေသို့ ရောက်သွားသည်။ ထို့နောက် မိုးနန်းတောင်ပေါ်တွင် ယှဉ်ပြိုင်ခဲ့ကြ၏။ ထို ယှဉ်ပြိုင်ပွဲမှာ အလွန်ပင် ကြောက်စရာ ကောင်းလှ၏။ အလွန်လည်း ပြင်းထန်ကြမ်းတမ်းလှသည်။

သို့သော် ... သူတို့ လေးယောက်စလုံးမှာ မသေကြေကြသေး။

ထိုနေ့မှစပြီး ထက်ချိနှင့် ယင်ဖိန်တို့မှာ သူတော်စင်များအဖြစ် ခံယူကြပြီး အရှေ့နှင့်အနောက်ပိုင်း ဓားဝိဇ္ဇာနှစ်ဦးတို့မှာမူ ဩဇာ

Scanned with ACE Scanner

အာဏာဂိုဏ်းထဲသို့ ဝင်ရောက်သွားကြပြီး သိုင်းလောကတွင် ထပ်မံပေါ်ပေါက်မလာတော့။

မပေါ်ပေါက်လာခြင်းကား အကြောင်းမဲ့မဟုတ်။ နေသေးသပချုံထဲက ချိုးသွေးတမြမြလုပ်ကာ သိုင်းပညာများကြိတ်၍ လေ့ကျင့်နေကြခြင်း ဖြစ်၏။

သူတို့၏ အတွင်းအားများက မသေး။ လက်ရည်တူ ယှဉ်ပြိုင်ကြပြီး အသီးသီးပင် နောက်ဆုတ်ခဲ့ရသဖြင့် စိတ် မကျေနပ်ကြ။ ရန်သူတော် ပြိုင်ဘက်ကြီးများအဖြစ် သတ်မှတ်ထားကြ၏။ နောင်တစ်ချိန်ချိန် ပြန်လည်တွေ့ဆုံကာ ယှဉ်ပြိုင်ကြလျှင် အနိုင်ရရှိအောင် နှစ်ဖက်စလုံးပင် အပြင်းအထန် လေ့ကျင့်နေခဲ့ကြ၏။

လီချိန်ကြိုး၏ အဖြေစကား ပြီးဆုံးပြီးနောက် တခဏအကြာတွင် တောင်ထိပ်မှ ကြေးခေါင်းလောင်းကြီးသည် ဂုန်းခနဲ အပေါ်သို့ မြောက်တက်သွား၏။ အတွင်းဘက်မှ ဓားအလင်းရောင် နှစ်ချက်ပြိုးပျက် လက်သွားပြီးလျှင် ထက်ချီနှင့် ယင်ဖိန်တို့ နှစ်ယောက်ထံသို့ လျှပ်တစ်ပြက် ခုန်အုပ်ဝင်ရောက် သွားကြလေတော့သည်။

# အခန်း (၂)

လန်ဖန်ကျင်နှင့် ကျန်ထန်ဂူတို့၏ သိုင်းပညာသည် နှစ်ပေါင်း တစ်ရာအတွင်း၌ သိုင်းလောကတွင် ပြိုင်စံရှားလှပေသည်။ သူတို့၏ ဓားပညာက အလွန်ပင် ဆန်းပြားလှပြီး လျှပ်တစ်ပြက် ပြောင်းလဲ သွားသည့် တိုက်ကွက်အပြောင်းအလဲများက အံ့မခန်း ရှိလှသည်။ ဓားပညာ ထက်မြက်သလို ကောက်ကျစ်စဉ်းလဲကာ ဉာဏ်များလှ၏။

အဖြူရောင်နှင့် အနက်ရောင် ဂိုဏ်းသားများ သူတို့၏ ဓား ကွက်ကို မယှဉ်နိုင်ကြ။ သို့သော် ထက်ချီနှင့် ယင်ဖိန်တို့လို ဓားပညာ၊ လက်ဝါးပညာနှင့် အတွင်းအားပညာ ထက်မြက်သူများ အတွက်မူ ခြွင်းချက်ဖြစ်၏။

ယခုသော်ကား လန်ဖန်ကျင်နှင့် ကျန်ထန်ဂူတို့ နှစ်ယောက်က ကြေးခေါင်းလောင်းကြီး အတွင်း၌ ပုန်းကွယ်နေတာမှ ရုတ်တရက် ထွက်ကာ ထက်ချီနှင့် ယင်ဖိန်တို့ နောက်ကျောကို ဓားဖြင့် ထိုးချ လိုက်ချေပြီ။

နောက်ဘက်ဆီမှ ဓားထိုးသွင်းလာသဖြင့် ထက်ချီတို့နှစ် ယောက် နောက်ဘက်သို့ ပြိုင်တူ လှည့်လိုက်ကြသည်။

"ခြွမ်း ... ခြွမ်း ..."

ဓားဝိဇ္ဇာနှစ်ဦး၏ ဓားရှည်နှစ်လက် ကျိုးထွက်သွား၏။ ဓားဦး ချွန်များကမူ ထက်ချီနှင့် ယင်ဖိန်တို့၏ နောက်ကျောဆီတွင် ကျန်ရစ် နေခဲ့၏။

Scanned with ACE Scanner

ထက်ချိုနှင့် ယင်ဖိန်တို့နှစ်ယောက် ဓားရှည်ဖြင့် နောက်ပြန် ဝှေ့ယမ်းလိုက်ကြသည်။

အရှေ့နှင့် အနောက် ဓားဝိဇ္ဇာနှစ်ဦးက ဓားအကျိုးဖြင့် ခုခံ လိုက်ကြသည်။

ထက်ချိုတို့နှစ်ယောက်က တစ်ဆက်တည်းပင် လက်ဝါးကို ပြိုင်တူ ဆန့်ထုတ်လိုက်ကြသည်။

"ဖုန်း ... ဖုန်း ..."

ဓားဝိဇ္ဇာ နှစ်ယောက်၏ ရင်ဘတ်ကို လက်ဝါးချက်က တိတိ ကျကျ ထိမှန်သည်။

ဓားဝိဇ္ဇာနှစ်ယောက်၏ ခန္ဓာကိုယ် ပျံဝဲလွင့်စဉ် ထွက်သွား သည်။ လမ်းတစ်လျှောက်တွင် သွေးများ ပြန့်ကျဲသွားသည်။ သို့သော် သူတို့နှစ်ယောက် မြေပေါ်သို့ ခြေမချခင်မှာပင် ရုတ်တရက် ခါးကို အားယူလှည့်ပြီး တောင်အောက်သို့ ပြေးဆင်းသွားတော့သည်။

"မပြေးနဲ့"

"လိုက်ကြမယ်"

ထက်ချိုနဲ့ ယင်ဖိန်တို့နှစ်ယောက် အော်ဟစ်ငေါက်ငမ်းကာ ဓားဝိဇ္ဇာ နှစ်ယောက်နောက်သို့ လိုက်သွားကြ၏။ သူတို့၏ ကိုယ် ပေါ်တွင် ဓားဝိဇ္ဇာ နှစ်ယောက်၏ ဓားအကျိုးများ စိုက်ဝင်နေကြပြီး ဒဏ်ရာ အပြင်းအထန်ပင် ရရှိနေကြသည်။ သူတို့၏ ကိုယ်ခန္ဓာက ဒယီးဒယိုင် ဖြစ်နေသည်။ သို့သော် လှုပ်ရှားမှုများက မြန်ဆန်လှ၏။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်းမှာပင် သူတို့လေး ယောက်၏ အရိပ်အယောင်ကို တောင်ပေါ်တွင် မတွေ့ရှိကြရတော့။ မြေကြီးပေါ်တွင်မူ သွေးကွက်များကသာ ထိတ်လန့်စရာ ကောင်း အောင် ကျန်ရစ်နေခဲ့သည်။

"မတရားဘူး၊ မျှတမှု မရှိဘူး"

Scanned with ACE Scanner

ရှောက်ချူးရွှေ၏ စိတ်ထဲတွင် မကျေနပ်နိုင်သည်မို့ အော်ဟစ်စွပ်စွဲလိုက်၏။

လီချိန်ကြီးက သူ့ဘက်သို့ ခေါင်းငဲ့ကာ ...

"ဘယ်လို တရားမမျှတတာလဲ"

"ဒါ ခင်ဗျားလက်အောက်က လူလား၊ ဆရာကြီးထက်ချီနဲ့ ယင်ဖိန်တို့ကို လုပ်ကြံတာ လူစွမ်းကောင်းလား"

လီချိန်ကြီးက ဖြည်းညင်းသောလေသံဖြင့် ...

"အရှေ့နဲ့အနောက် ဓားဝိဇ္ဇာနှစ်ဦးဟာ ထက်ချီနဲ့ ယင်ဖိန်တို့ထက် အဆင့်နိမ့်ကျလှပါတယ်၊ သူတို့ချင်းကလဲ ရန်ငြိုးရှိနေကြတယ်၊ ကျန်ထန်ဂူနဲ့ လန်ဖန်ချင်တို့က ထက်ချီတို့နှစ်ယောက်ကို သတ်ချင်နေတယ်၊ အင်အားချင်းက မမျှဘူး၊ ကျုပ်အနေနဲ့ သူတို့ကို ဒီအတိုင်း ရင်ဆိုင်တွေ့ပြီး ယှဉ်ပြိုင်ခိုင်းရမှာလား၊ ဒါကြောင့် သူတို့ကို အားမပေးသလို ဟန့်လဲ မဟန့်တားခဲ့ဘူး၊ ဝင်မစွပ်တာဘဲ တော်လောက်ပြီ၊ မင်း စဉ်းစားကြည့်စမ်း၊ မင်းရဲ့ ညီနောင်သာ သေမယ့်အချိန် ရောက်လာရင် တစ်ဖက်သား ဘယ်လောက်ပဲ ပွင့်လင်း ပွင့်လင်း ရိုးသား ရိုးသား၊ မင်း ဒီအတိုင်းပဲ လက်ပိုက်ကြည့်နေမှာလား"

ရှောက်ချူးရွှေ ဘာမှ ဆက်မပြောတော့။

လီချိန်ကြီး ပြန်၍ ရယ်မောလာသည်။

"သိုင်းလောကရဲ့ အဆင့်မြင့် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ချင်တယ်ဆိုရင် နားပါးရမယ်၊ မျက်လုံးအစုံကို အစွမ်းကုန် ဖွင့်ထားရမယ်၊ အချိန်မရွေး သတိရှိရမယ်၊ ထက်ချီနဲ့ ယင်ဖိန်တို့ဟာ သိုင်းလောက အဆင့်မြင့် ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ မသတ်မှတ်နိုင်ဘူး"

ရှောက်ချူးရွှေ အတန်ကြာသည်အထိ တွေဝေနေသည်။ နောက်မှ ခေါင်းမော့လိုက်သည်။ မျက်လုံးအစုံတွင် အားမာန်ပြည့်ဖြိုးသော အလင်းရောင်များ လက်နေသည်။

Scanned with ACE Scanner

"ခင်ဗျား သဘောတရား မှန်မမှန်တော့ ကျုပ်မသိဘူး၊ ခင်ဗျားရဲ့ဂိုဏ်း နာမည်ပျက်ရတာ ဒီလို အပြုအမူတွေကြောင့်ပဲ ဆိုတာတော့ ကျုပ်သိတယ်၊ ကိုယ်လိုရာ ဆွဲတွေး၊ ကိုယ့်ဘက်ကိုယ် တစ်ဖက်တည်း ကြည့်ပြီး ယုတ်ညံ့တဲ့ နည်းလမ်း သုံးတာတော့ မကောင်းပါဘူး"

"ဂိုဏ်းတစ်ဂိုဏ်းဟာ မှန်ကန်သလား မမှန်ကန်ဘူးလားဆိုတာတော့ တကယ်ပဲ ပြောရခက်တယ်၊ ရှောင်လင်ဂိုဏ်းဟာ သိပ်ကို စည်းကမ်းကြီးလွန်းတယ်၊ ဒါပေမယ့် မုချန်နဲ့ မုကျဲတို့က မိတ်ဆွေအပေါင်းအသင်းအပေါ် ရောင်းစားတဲ့ အလုပ်မျိုး လုပ်ခဲ့သေးတယ်"

လီချိန်ကြိုး စကားပြောရာမှ ရုတ်တရက် မျက်မှောင်ကြုတ်လိုက်သည်။

ထို့နောက် တောင်အောက်မှ တက်လာသည့် လမ်းဘက်သို့ ငေးကြည့်ကာ ညင်သာသိမ်မွေ့စွာ ပြောလိုက်သည်။

"ဆရာကြီးမုကျဲနဲ့ ပေါက်ချန်တို့တောင် ရောက်လာခဲ့ကြပြီကိုး"

လီချိန်ကြိုး၏လေသံက ပြေပြစ်သော်လည်း အဝေးဆီသို့ ပျံ့လွင့်သွားသည်။ သူ့ စကားအဆုံးတွင် တောင်ပေါ်မှ လေးလံသော အသံတစ်သံက ဆက်လက် ထွက်ပေါ်လာခဲ့လေသည်။

"လူသားတိုင်းမှာ အမှားအယွင်း လုပ်ခဲ့ကြပေမယ့် နောင်တတရားတော့ အချိန်မီရဖို့ ကောင်းပါတယ်"

တောင်ထိပ်ပေါ်သို့ မည်သည့်အချိန်က ရောက်ရှိခဲ့သည်မသိ ဝတ်စုံဝါဝတ် အဘိုးကြီးနှစ်ယောက်ကို တွေ့လိုက်ရသည်။ တစ်ယောက်၏ မျက်နှာပေါ်ရှိ အရေပြားများက ခရမ်းသီးပိန်ခြောက်တစ်လုံးလို တွန့်လိမ် ရှုံ့တွနေသည်။ မျက်လုံးနှစ်လုံးကမူ ကြည်လင်အရည်လဲ့ကာ ပုလဲနက်နှစ်လုံးလို တောက်ပနေသည်။ သူ့ နောက်ကျောထက်တွင် အဝတ်အိတ်ရှည်ကြီး တစ်လုံးကို ပိုးလွယ်ထားသည်။

အခြားတစ်ယောက်ကား အသက် ငါးဆယ်ခန့်ရှိပြီး အတော်ပင် သန်မာထွားကျိုင်းလှသည်။ မျက်လုံးအိမ်ထဲတွင် ကြင်နာမှု၊ မေတ္တာထားရှိမှုအရိပ်များ ဖုံးလွှမ်းနေသည်။ ခါးကြားတွင် ဓားမ တစ်ချောင်းကို ချိတ်ဆွဲထား၏။

လီချိန်ကြိုးသည် သူတို့နှစ်ယောက်ကို ပြုံးရယ်၍ နှုတ်ဆက်လိုက်ကာ . . .

"ဒီနေ့တော့ ဝိုမေတောင်ပေါ်မှာ တကယ့်ကို စည်ကားလှပါလား၊ သိုင်းလောကရဲ့ အဆင့်မြင့်ပုဂ္ဂိုလ် အတော်များများ ရောက်လာကြတယ်"

တောင်ပေါ်ရှိ သိုင်းသမားများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

ထိုသူနှစ်ယောက်မှာ ရှောင်လင်ဂိုဏ်း၏ ထိပ်သီးပုဂ္ဂိုလ် မုယဲ့နှင့် ပေါက်ရှန်တို့ ဖြစ်နေသောကြောင့်ပင်တည်း။

ရှောင်လင်ဂိုဏ်းသည် သိုင်းလောကတွင် လျှို့ဝှက်သိပ်သည်းစွာ လှုပ်ရှားတတ်၏။ ဂိုဏ်းတွင်း တာဝန်များကိုလည်း ညီနောင်ခုနစ်ဖော်တို့က ခွဲဝေ တာဝန်ယူကြရသည်။

ဝါစဉ်အကြီးဆုံး ထင့်ကျင့်သည် သိုင်းပညာ အမြင့်မားဆုံးဖြစ်သလို ဂိုဏ်းချုပ်တာဝန်ကိုလည်း ယူရသည်။ သို့သော် ရှောက်ဂေဟာတွင် ဩဇာအာဏာဂိုဏ်း၏ လုပ်ကြံမှုဖြင့် သေဆုံးခဲ့ရသည်။

မုယဲ့မှာ တာ့မိုးအဆောင်ကို အုပ်ချုပ်ရပြီး ဒု ဂိုဏ်းချုပ်အဆင့်ရှိသူဖြစ်သည်။

တတိယညီတော် မုချန်သည် လိုဟာန်နှင့် ကျင်မေဆောင်တို့ကို အုပ်ချုပ်လျက် စတုတ္ထညီတော် မုကျဲက ယုံကျင်ဆောင်ကို အုပ်ချုပ်ရ၏။ သူတို့နှစ်ယောက်သည် သစ္စာဖောက်ကာ လျှို့ရှေ့ဖုန်း၏ လက်အောက် ဓားထိလူသေ ယှုဝတ်သမားနှင့် မိုင်တစ်ထောင် တစ်ယောက်တည်းသွား တောင်ပံတစ်ဖက်အဖြစ် ပြောင်းလဲသွားသည်။

သူတို့နှစ်ယောက်က ထိုက်ရှန်ကို လုပ်ကြံခဲ့သည်။

ပဥ္စမမြောက်ညီနောင် တကျိုသည် ရှောင်လင်ကျောင်း၏ စည်းကမ်းကို ထိန်းသိမ်းရေးမှူး ဖြစ်၏။ အဋ္ဌမမြောက်ညီနောင် လုံဟူမှာ နဂါးကျားကိုယ်တော်ဘွဲ့ အမည်ဖြင့် ထင်ရှားပြီး ကျင် ကျောင်းတော်၏ အပြစ်ရှိသူကို ပြစ်ဒဏ်ခတ်ရသည့် တာဝန်ကို ထမ်းဆောင်ရသည်။

သတ္တမမြောက်ညီနောင် ပေါက်ရှန်ကား ဖူတုကျောင်းဆောင်ကို အုပ်ချုပ်ရ၏။

ယခုအချိန်တွင် ထင်ကျင့်၊ မုချန်၊ မုယဲ့နှင့် လုံဟူတို့ သေဆုံးသွားခဲ့ချေပြီ၊ ကျန်ရှိနေသော သုံးယောက်အနက်မှ မုယဲ့နှင့် ပေါက်ရှန်တို့ ကျင်းတိန်တောင်ပေါ်သို့ ရောက်ရှိလာခဲ့ချေပြီ။

ရှောက်ချူးရွှေသည် ပန်းချောင်းစားကိုဏ်း ရှောက်ဂေဟာမှ ထိုးဖောက်ထွက်ကာ သိုင်းလောကအတွင်း ဝင်ရောက်ခဲ့ပြီးနောက် ယနေ့အထိ ဖြစ်ပျက်ခဲ့သမျှကို ပြည်လည် စဉ်းစားတွေးတော နေမိတော့သည်။

လီချိန်ကြီးမှာ ရန်သူတော်ကြီးများဖြစ်သော မုယဲ့နှင့် ပေါက်ရှန် ရောက်လာခဲ့သည့်တိုင် ဂရုမစိုက် အလေးမထားဘဲ ရှောက်ချူးရွှေကိုသာ အထူးအဆန်း စိတ်ဝင်စား အကဲခတ်ကြည့်ရှုနေ၏။ ရှောက်ချူးရွှေကိုသာ သတိထားနေ၏။

"ကျုပ် ဘယ်လို လက်နက်မျိုးကို နှစ်သက်သလဲဆိုတာ မင်း သိလား"

လီချိန်ကြီးက ရှောက်ချူးရွှေ ဦးနှောက်ခြောက်စေသော မေးခွန်းတစ်ခုကို မေးမြန်းလာသည်။

ရှောက်ချူးရွှေ ခေါင်းခါယမ်းပြလိုက်၏။

လီချိန်ကြီးက ပြုံးစစဖြင့် လက်သီးနှစ်ဖက်ကို မြှောက်ပြ

လိုက်၏။ သူ့ လက်ချောင်းများက ရှည်လျှားသွယ်တန်းကာ အနုပညာ ဆန်နေသည်။ သန့်စင်ရှင်းလင်းပြီး ပန်းနုရောင် သန်းနေ၏။

"ကျုပ်အနေနဲ့ လက်နက်ကို အယုံအကြည် မရှိဘူး၊ လက်သီးကိုပဲ ယုံကြည်အားကိုးတယ်၊ လက်သီးဟာ အာဏာဖြစ်သလို လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားနိုင်ခြင်းဟာလဲ အာဏာကို ဆုပ်ကိုင်ထားနိုင်ခြင်းပါပဲ၊ ဒါကြောင့် ကျုပ်လက်သီးကိုပဲ ကျုပ် ယုံကြည်တယ်"

လီချိန်ကြိုးသည် အားမာန် အပြည့်ဖြင့် ပြောလိုက်ပြီး သူ့ လက်သီး နှစ်လုံးက မုံယဲ့နှင့် ပေါက်ရှန့်တို့ထံသို့ ရောက်သွား၏။

"ရှောင်လင်ဂိုဏ်းဟာ ဂိုဏ်းချုပ်ထင်းကျင့် အသတ်ခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အတော်ကလေး စိတ်ချောက်ချားနေတယ်၊ ဂိုဏ်းချုပ် ထင်ကျင့်ရဲ့ သိုင်းပညာ အဆင့်အတန်းဟာ သိပ်ကို အဆင့် မြင့်လွန်းလှပါတယ်၊ တကယ်လို့ လုပ်ကြံတာသာ မဟုတ်ခဲ့ရင် ဒီလိုမရှုံးနိမ့်နိုင်ဘူး"

မုယဲ့က ဆိတ်ငြိမ်စွာပင် နားထောင်နေသည်။

လီချိန်ကြိုးကမူ သူ့စကားကို သူ သဘောကျ ကျေနပ်စွာ ပြုံးလျက် ဆက်ပြောနေပြန်သည်။

"ရှောင်လင်ကျောင်းတော်က နှစ်ရှည်ရှည် ကြာကြာ နာမည်နဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းထားခဲ့တယ်၊ တစ်ကိုယ်တည်း ထီးထီးမားမား ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နေနိုင်ခဲ့တယ်၊ ဘယ်ဂိုဏ်း ဘယ်အဖွဲ့အစည်းကမှ ရှောင်လင်ကျောင်းတော်ကို ပြိုကွဲအောင် မလုပ်နိုင်ခဲ့ဘူး၊ အခု ဂိုဏ်းချုပ် ထင်ကျင့် အသတ်ခံရပေမယ့် ဒု ဂိုဏ်းချုပ် ဆရာကြီး မုယဲ့ ကျန်ခဲ့တဲ့အတွက် ရှောင်လင်ကျောင်းရဲ့ ကံကြမ္မာဟာ မဆိုးဝါးနိုင်သေးဘူး"

"မင်းက ကျုပ်ကို မြှောက်ပင့်နေတာလား"

မုယဲ့က ပြောသည်။

လီချိန်ကြိုးက ဆက်လက်၍ ...

"ခင်ဗျားဟာ ရှောင်လင်ဂိုဏ်းထဲကို မဝင်ခဲ့စဉ်တုန်းက အစွမ်းထက်မြက်ခဲ့တဲ့ လူတစ်ယောက်ပဲ၊ ဓားပညာမှာ စိတ်တိုင်းကျအဆင့်အထိ ရောက်ရှိနေပြီး လက်နက်ပုန်းပစ်ခတ်တဲ့ ပညာစွမ်းမှာလည်း စွမ်းစွမ်းတမံ ရှိတယ်၊ မာန်ထင်းစင်း၊ လီစချန်တို့လို အဆင့်မြင့်လက်နက်ပုန်း ပညာရှင်တွေဟာ ခင်ဗျားလက်အောက်မှာ အရေးနိမ့်ခဲ့ရတယ်"

မုယဲ့ ယောင်ယောင်လေး ပြုံးလိုက်၏။

"ဒါပေမယ့် နောက်တော့ မယ်တော်ကြီးထန်နဲ့ တွေ့ဆုံပြီး တံငါကွက် တစ်ကွက်တည်းနဲ့ အရေးနိမ့်ခဲ့ရသေးတယ်လေ"

မုယဲ့က ပြောလိုက်သည်။

"မယ်တော်ကြီးထန်ဟာ သိုင်းလောကမှာ သိပ်ကို နာမည်ကြီးခဲ့တာပဲ၊ သူ့ရဲ့ သိုင်းပညာ အဆင့်အတန်းကို ဘယ်သူမှ မခန့်မှန်းနိုင်ကြဘူး၊ ဆရာကြီးလီ သူ့ လက်အောက်မှာ အသက်ရှင် နေနိုင်ခဲ့တယ်ဆိုတာ တကယ့်ကို မလွယ်ကူတဲ့ ကိစ္စပဲ၊ ဒါကြောင့် ဆရာကြီးနဲ့ ယှဉ်ပြိုင်တဲ့အခါမှာ အထူး သတိထားရလိမ့်မယ်"

မုယဲ့၏ မျက်နှာပေါ်မှ ရှုံ့တွန့်နေသည့် အရေပြားများက အရောင်ပြောင်းလာပြီး ...

"ဂိုဏ်းချုပ်ကြီးလီ၊ အားနာစရာ မလိုပါဘူး၊ ကြိုက်သလို တိုက်ခိုက်နိုင်ပါတယ်၊ ဂိုဏ်းချုပ်အနေနဲ့ မလွှဲမရှောင်သာတဲ့ အခြေအနေမရောက်သမျှ အသက်တစ်ချောင်းကို မသတ်တတ်ပါဘူး"

"ကောင်းပါပြီ၊ ကျေးဇူးပါပဲ"

မုယဲ့သည် တောက်ပသော မျက်လုံးအစုံဖြင့် လီချိန်ကြိုးကို စိုက်ကြည့်နေပြီး ...

Scanned with ACE Scanner

"ဒီကနေ့ ကျုပ်သာ မင်းကို လာမရှာရင် မင်းက ရှောင်လင်ကျောင်းတော်ကို ရောက်လာမှာ သေချာပါတယ်၊ ဒါကြောင့် ကျုပ် အခုလို ရောက်လာခဲ့ရတာပဲ"

လီချိန်ကြိုး ပြုံးလိုက်၏။

ကိုယ့်ကိုကိုယ် ယုံကြည်နိုင်မှာသော ခြေလှမ်းများဖြင့်လည်း တိုက်ပွဲကွင်း အတွင်းဆီသို့ လျှောက်ဝင်သွားတော့သည်။

⊕ ⊕ ⊕

သိုင်းသမားအပေါင်းတို့သည် လီချိန်ကြိုး ဝင်လာသည်နှင့် နောက်သို့ အသီးသီး ဆုတ်ပေးလိုက်ကြသည်။

စောစောက ရန်းစု ရန်းစု ဖြစ်နေခဲ့သော နေရာကလေးမှာ တိုက်ခိုက်၍ အဆင်ပြေ ကောင်းမွန်မည့် နေရာကွက်ကလေးတစ်ခု ဖြစ်သွားတော့သည်။

လီချိန်ကြိုး၏ အင်္ကျီစကို လေတဖျပ်ဖျပ် တိုးသံက လူအားလုံး၏ စိတ်အာရုံကို ဆွဲဆောင်စေသည်။ သူသည် ကွင်းပြင် ကွက်လပ်ထဲတွင် မားမားစွင့်စွင့် ရပ်နေ၏။

မုယဲ့သည် နှုတ်မှ ဘုရားစာ ရွတ်ဆိုပြီး ပေါက်ရှန်ဘက်သို့ ခေါင်းလှည့်ကြည့်သည်။

"ဂိုဏ်းချုပ်ကြီး သတိထားပါ"

ပေါက်ရှန်က သတိပေးစကား ဆိုသည်။

ထင်ကျင့် မရှိတော့သော အချိန်တွင် ရှောင်လင်ဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးတာဝန်ကို မုယဲ့က ပြောင်းယူခဲ့ရလေပြီ။

"တကယ်လို့ ကံမကောင်း အကြောင်းမလှရင် ငါ့တာဝန်ကို မင်း လွှဲပြောင်း လက်ခံယူလိုက်ပေါ့"

မုယဲ့က ပေါက်ရှန်ကို မှာသည်။

Scanned with ACE Scanner

ပေါက်ရှန် ခေါင်းညိတ်ပြလိုက်သည်။ မုယဲ့လည်း တိုက်ပွဲကွင်းပြင်ထဲသို့ ခြေလှမ်းတစ်လှမ်းချင်း လျှောက်လှမ်းဝင်ရောက်လာခဲ့တော့သည်။

ပတ်ဝန်းကျင် တစ်ခုလုံးက တိတ်ဆိတ်နေသည်။ ဝတ်စုံများကို လေတိုးသံကသာ တဖျပ်ဖျပ် မြည်နေ၏။ သိုင်းသမားအပေါင်းမှာ ပွဲကြီးပွဲကောင်းကို တွေ့ရတော့မည်မို့ အသက်ပင် ရဲရဲ မရှူဝံ့ကြဘဲ ငြိမ်သက်စောင့်ဆိုင်း ကြည့်ရှုနေကြ၏။

မုယဲ့သည် ကွင်းလယ်၌ သစ်သားရုပ်တစ်ရုပ်လို မလှုပ်မရှားဘဲ ရပ်နေသည်။

ချောက်ချူးရွှေမှာ အလိုလိုနေရင်း လက်ဖဝါးတွင် ချွေးများစို့လာသည်။

တသုန်သုန် တိုက်ခတ်နေသော တောင်ပေါ်လေထဲတွင် လီချိန်ကြိုးမှာ သစ်ရွက်လေးတစ်ရွက် လွင့်မျောနေသည့်ဟန် ရှိ၏။

ဤတိုက်ပွဲကား အရေးအကြီးဆုံးသော တိုက်ပွဲတစ်ခုပင်တည်း။

အဖြူရောင်ဂိုဏ်း၏ အဓိကအင်အားကို ရှောင်လင်ဂိုဏ်းက ဆုပ်ကိုင်ထားရှိခဲ့သည်။ သဘာဝတရား၏ နောက်ဘက်တွင် နက်နက်ရှိုင်းရှိုင်း လေ့လာလိုက်စားသော သိုင်းပညာတွင်လည်း ရင့်ကျက်ကြွယ်ဝသည့် မုယဲ့သည် သိုင်းလောက၏ နာမည်ကြီး ဂိုဏ်းတစ်ဂိုဏ်း၏ ဂိုဏ်းချုပ် လီချိန်ကြိုးနှင့် အကြိတ်အနယ် တိုက်ခိုက်တော့မည် ဖြစ်သည်။ တိုက်ပွဲ၏ နောက်ဆုံး အခြေအနေကို မည်သူမျှ မခန့်မှန်းနိုင်ကြ။

သို့သော် ဤသို့သော တိုက်ပွဲများကိုမူ သိုင်းပညာလိုက်စားသူတိုင်း လက်လွတ်မခံဘဲ ကြည့်ရှုလိုကြသည်။ ဤနေရာမှ ထွက်ခွာသွားခြင်း မပြုလိုကြ။

"ဆရာကြီးရဲ့ ဆောင်ဓား ထုတ်လိုက်ပါ"

လီချိန်ကြိုးက ပြုံးစစဖြင့် ပြောသည်။

မုယဲ့သည် နောက်ကျောမှ လွယ်ပိုးထားသည့် အထုပ်ရှည်ကြီးကို ဖြည်းဖြည်းမှန်မှန် ဖြုတ်ချ ဖြေဖွင့်လိုက်သည်။

ပိတ်စများက တစ်ထပ်ပြီးတစ်ထပ် ဖြေပွင့်သွား၏။

"ဒီဓားဟာ ပထမတန်းစား နံပါတ်တစ် ဓားကောင်းတစ်လက်ပဲ၊ မင်းကို သတ်ဖို့အတွက် သိုင်းလောက မိတ်ဆွေတစ်ယောက်စီက ငှားရမ်းလာခဲ့တာ၊ ကျုပ်ဟာ အရင်တုန်းက ဓားသိုင်းလေ့ကျင့်ခဲ့တာ နောက်ဆုံး ပြိုင်ဘက်ကင်းတဲ့ အဆင့်အထိ ပေါက်ရောက်အောင်မြင်ခဲ့တယ်"

မုယဲ့ အထုပ်ကို ဖြေရင်း ပြောသည်။

လီချိန်ကြိုး ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်၊ ဆရာကြီးပြောတာ ကျုပ် ယုံကြည်ပါတယ်"

"တရားဘာဝနာ မပွားများခင် အချိန်တုန်းက ကျုပ်ဟာ ဓားသိုင်းပညာကို အောင်အောင်မြင်မြင် လေ့ကျင့်နိုင်ခဲ့ပြီး ဘိလူးနိုင်ဓားသိုင်းကွက်ကို တီထွင်ခဲ့တယ်၊ အဲဒီ ဓားကွက်ဟာ တစ်ချိန်တုန်းကတော့ တကယ့်ကို နာမည်ကြီးလှုပါပေတယ်"

မုယဲ့က ကိုယ်ကိုကိုယ် အမွှမ်းတင် ပြောနေသည်။

သူ ဆိုလိုချင်သည့် အဓိပ္ပာယ် မည်သို့ရှိမည် မသိသော်လည်း လီချိန်ကြိုးက မကြောက်မရွံ့သည့်အပြင် ပြန်၍ပင် ချီးမွမ်းစကားဆိုခဲ့သေး၏။

မုယဲ့က သူ့စကားကို ဆက်ပြောသည်။

"ဒါပေမယ့် ကျုပ်ရဲ့ဓားပညာဟာ ရှောင်လင်ကျောင်းတော်ကပဲ ဖြစ်တယ်၊ ရှောင်လင်ကျောင်းတော်မှာ ကြယ်တံခွန် ဓားသိုင်းကို လေ့ကျင့်ခဲ့တယ်"

Scanned with ACE Scanner

မုယဲ့လက်ထဲမှ အထုပ်မှာ နောက်ဆုံးအဆင့် ဖြေဖွင့်ခြင်းသို့ ရောက်လာ၏။ သူ့စကား အဆက်အစပ်အရ အထုပ်ထဲမှ ပစ္စည်းသည် ဓားကောင်း ဓားမြတ်တစ်လက် ဖြစ်နိုင်ပေသည်။

"နောက်တော့ ကျုပ်ဟာ နောင်တော် တင်ကျင့်ရဲ့ သင်ကြားပြသမှုကြောင့် ကြယ်တံခွန်ဓားရဲ့ ဓားကွက်ကို ပယ်ဖျက်နိုင်ခဲ့တယ်၊ အဲဒီမှာလဲ ဒြပ်မဲ့ဓားအကြောင်း နားလည်သွားတယ်"

ဒြပ်မဲ့ဓားဟု အသံထွက်လာပြီးသည်နှင့် ရုတ်တရက် ဆန့်ထုတ်လိုက်သည်။

လျှပ်တစ်ပြက် အမှတ်မဲ့အချိန်တွင် မုယဲ့က ဒြပ်မဲ့ဓားကို ထုတ်လိုက်သည်နှင့် လီချိန်ကြိုး၏ ခန္ဓာကိုယ်သည် သစ်ရွက်ကလေးတစ်ရွက်လို ပျံ့ဝဲလွင့်မျောသွားသည်။ ကိုယ်တိုင် အားစိုက်ရခြင်း မဟုတ်ဘဲ လေတိုက်သဖြင့် အလိုက်သင့် လွင့်မျောနေခြင်း ဖြစ်၏။

လေထဲတွင် ရုတ်တရက် နောက်ပြန် ပျံ့ဝဲသွားရာ သူ့ဝတ်ရုံဖြူမှ နေရောင်ကို ကာရံသလို ဖြစ်နေ၏။ ကိုယ်နှင့် နေရောင်ကို ကာထားလိုက်သဖြင့် မုယဲ့၏ မျက်နှာပေါ်တွင် အရိပ်တစ်ခု အုပ်မိုးလာ၏။

မုယဲ့ ကဗျာကယာပင် နောက်ဆုတ်ရင်း လက်နက်ပုန်း ခုနစ်ဆယ့်နှစ်မျိုးကို ပစ်လွှတ်လိုက်သည်။

လီချိန်ကြိုးက ပြန်လည်တိုက်ခိုက်ခြင်း မပြု။

နေရောင်က လင်းခနဲ လက်သွားသည်။

လီချိန်ကြိုး၏ ခန္ဓာကိုယ် အောက်သို့ ပြန်ကျလာ၏။ သိုင်းသမားအုပ်စုများ၏ ရှေ့ဆုံးတန်းဆီသို့ တန်းရောက်သွားကာ လက်သီးတစ်ချက်ကို လျှပ်တစ်ပြက် ထိုးသွင်းလိုက်၏။

သူ့ လက်သီးချက်ကြောင့် လူတစ်ယောက် ကားခနဲ လဲကျသွားသည်။

ထိုသူကား ပေါက်ရှန် ဖြစ်လေသည်။

ပေါက်ရှန်သည် မြေကြီးပေါ်တွင် လဲကျကာ သွေးများ တရဝေါ အန်ထုတ်နေ၏။ လက်ထဲတွင်မူ အရောင်တလက်လက် ထွက်နေသော တစ်ဖက်သွား ဓားတစ်ချောင်းကို ကိုင်ဆောင်ထားသည်။

လီချိန်ကြိုးသည် တစ်ဖက်လူက ဓားဆွဲ ထုတ်လိုက်သည့် အချိန်တွင် လက်ဦးအောင် အလဲထိုး တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သူသည် မုယ့်အား အရင်မတိုက်ဘဲ ပေါက်ရှန်ကို လက်ဦး ဖြိုလိုက်သည်မှာ အကြောင်းရှိ၏။ မုယ့်၏ ဓားသိုင်းပညာသည် ပြိုင်ဘက်ကင်းသော အဆင့်လွန်နေပြီ ဖြစ်၏။ ထို့ကြောင့် မုယ့်နှင့် စကားပြောဆိုကာ တိုက်ခိုက်မည့်အသွင် ဟန်ရေးပြခဲ့၏။ တကယ့် တကယ် တိုက်ခိုက်ကြသည့်အခါတွင်မူ မုယ့်ကို မတိုက်ခိုက်ဘဲ ပေါက်ရှန်ကို အရင်ဆုံး ရှင်းပစ်သည်။

ပေါက်ရှန်သည် ငယ်စဉ်ကတည်းကပင် ရှောင်လင်ဂိုဏ်း၌ ကြီးပြင်းခဲ့သည်။ ရှောင်လင်ဂိုဏ်းသားများထဲတွင် လူသတ်ချင်စိတ် အပြင်းထန်ဆုံး ပုဂ္ဂိုလ်လည်း ဖြစ်သည်။ သို့သော် စိတ်ထားဖြောင့် မတ်သူတစ်ယောက် ဖြစ်သည်မို့ လူသတ်ပြီးသည့် အခါတိုင်း အလွန် နောင်တရတတ်သည်။

သူ့ဓားသည် ရှောင်လင်ဂိုဏ်း၏ စည်းကမ်းချက်ကို ဆယ်ကြိမ် မက ဖောက်ဖျက်ကျူးလွန်ခဲ့ပြီး ဖြစ်၏။ စောစောက မုယ့်မှာ လီချိန် ကြိုးနှင့် တိုက်ခိုက်တော့မည့် အချိန်တွင် ပေါက်ရှန်က ဓားဆွဲထုတ် ပြီး ဖြစ်နေ၏။ မုယ့်အား ကာကွယ်ပေးရန်လား၊ ဝိုင်းဝန်းတိုက်ခိုက် ရန်လာတော့ မသိ၊ လီချိန်ကြိုးက နောက်ကျော လုံစေရန်အတွက် အရင်ဆုံး ရှင်းပစ်လိုက်ခြင်း ဖြစ်၏။

ပေါက်ရှန် လဲကျသွားလျှင် မုယ့်မှာ အဝတ်စကြီးကို ဖြေလိုက် သည်။ စောစောက ဖြေအုံ့ဆဲဆဲ အထုပ်ထဲမှ ဓားရှည်တစ်လက်

Scanned with ACE Scanner

ထွက်ပေါ်လာသည်။ ဓားရှည်တွင် ဓားအိမ်မရှိ။ ဓားအလင်းရောင်က အေးစိမ့်စိမ့် ထွက်နေသည်။ မုယဲ့၏ မျက်လုံးအိမ်တွင် လူသတ်လိုသည့် အငွေ့အသက်များ တဖွားဖွား ပေါ်လာခဲ့ပြီ။

လီချိန်ကြီးသည် အင်္ကျီစကို ယမ်းခါလျက် သိုင်းသမားအုပ်စုထဲသို့ တိုးဝင်သည်။ သိုင်းသမား တစ်ယောက်ဆီမှ ဓားအိမ်နှင့်ဓားရှည်တစ်လက် သူ့လက်တွင်းသို့ ရောက်ရှိလာ၏။ ထို့နောက် ခုန်ပျံကာ မုယဲ့အနီးသို့ ရောက်ရှိလာသည်။

မုယဲ့က ရုတ်ခြည်းပင် လက်ထဲမှ ဓားရှည်ဖြင့် လှမ်းထိုးလိုက်သည်။ သူ့ ဓားချက်က လီချိန်ကြီး၏ သေကွင်း သေကွက်ဆီသို့ ဦးတည်နေ၏။ လီချိန်ကြီးကလည်း လျှပ်တစ်ပြက်ပင် သူ့လက်ထဲမှ ဓားရှည်ကို ထုတ်လိုက်ပြီး ကျန်ဓားအိမ်ဖြင့် မုယဲ့၏ ဓားကို စွပ်ချလိုက်သည်။

ဓားက အသုံးမဝင်တော့။

သတ်ဖြတ်ကွက် ထုတ်၍မရတော့။

မုယဲ့ကလည်း နှယ်နှယ်ရရမဟုတ်။ ချက်ချင်းပင် လက်နက်ပုန်းများ ပစ်လွှတ်လိုက်၏။ လီချိန်ကြီးက သူ့ အင်္ကျီစဖြင့် ဖမ်းဆီးယမ်းလိုက်ခြင်းဖြင့် ကာကွယ်သည်။

အင်္ကျီစထဲမှ လက်နက်ပုန်းများ တရစပ် ပြေးထွက်သွားပြီး မုယဲ့၏ ဒုတိယအကြိမ် လက်နက်ပုန်းများကို ထိမှန်ပယ်ဖျက်လိုက်တော့သည်။ တစ်ဆက်တည်းပင် လီချိန်ကြီး၏ လက်သီးချက်က လျှပ်ပြက်သည့်နှယ် ပေါ်ထွက်လာကာ မုယဲ့၏ ရင်ဝသို့ တိတိကျကျပင် ထိုးနှက်မိသည်။

"ဝုန်း ..."

မုယဲ့ မြေကြီးပေါ်သို့ လဲကျသွားသည်။

လီချိန်ကြီးက ကိစ္စတစ်ခုကို အလွယ်တကူ ပြုလုပ်မိသူ

တစ်ယောက်ပမာ လက်နှစ်ဖက်အား ပွတ်သပ်ပုတ်ခါလိုက်သည်။ အမှုအရာက မာန်မာန တက်သည့်အသွင် မဟုတ်တော့။ အေးဆေးတည်ငြိမ်စွာပင် လျှောက်လှမ်း ထွက်သွားသည်။

ထိုအချိန်တွင် မုယဲ့နှင့် ပေါက်ရှန်တို့မှာ မြေပေါ်မှ ရုတ်တရက်ထခုန်လာကြသည်။ သူတို့နှစ်ယောက်သည် အတွင်းအားပညာကောင်းမွန်လှသူများ ဖြစ်သဖြင့် လီချိန်ကြိုး လက်သီးတစ်ချက်တည်းနှင့် ပွဲချင်းပြီး သေဆုံးသွားနိုင်သော်လည်း သူတို့နှစ်ယောက်ကိုမူ ကိုယ်တွင်းကလီစာများ ကပြောင်းကပြန် ဖြစ်စေရုံသာ စွမ်းဆောင်နိုင်သည်။

သို့သော် တိုက်ခိုက်နိုင်စွမ်းကား မရှိတော့။

မတ်တပ်ရပ်ပြီးသည်နှင့် လူအုပ်ထဲသို့ တိုးဝင်ကာ တောင်အောက်သို့ ပြေးဆင်းသွားသည်။ လီချိန်ကြိုး လှည့်ကြည့်သော်လည်း နောက်မှ ဆက်မလိုက်၊ ငြိမ်သက်စွာပင် ကြည့်နေသည်။

မုယဲ့ ကိုင်ဆောင်ခဲ့သောဓားမှာ ဓားအိမ်မှကျွတ်လျှက် မြေကြီးပေါ်တွင် ကျန်ရစ်ခဲ့သည်။

ရှောက်ချူးရွှေ ဓားကိုကြည့်ပြီး မျက်နှာပျက်သွား၏။

ထိုဓားကို သူ ကောင်းကောင်းသိသည်။

သူတို့ မျိုးရိုးစဉ်ဆက် ပန်းချောင်းဓားဂိုဏ်း၏ ဂိုဏ်းထိန်းပစ္စည်း ချန်ကိုး၏ ဓားမြတ်ပင်တည်း။

"ဒီဓားဟာ ပထမတန်းစား ဓားကောင်းတစ်လက်ပဲ၊ မင်းကို တိုက်ခိုက်ဖို့အတွက် သိုင်းလောက မိတ်ဆွေတစ်ယောက်ဆီက ငှားလာခဲ့တာ"

ရှောက်ချူးရွှေ နားထဲတွင် မုယဲ့က လီချိန်ကြိုးကို ပြောစကားများကို ပြန်လည်ကြားယောင်လာသည်။

ချန်ကိုးဓားမြတ် မုယဲ့လက်ထဲသို့ ရောက်ရှိနေလျှင် သူ့မိဘ

နှစ်ပါးသည် ရှောင်လင်ကျောင်းတော်နှင့် ပတ်သက်မှု ရှိနေသည်လား။

ရှောက်ချူးရှေ့ အလွန်ပင် စိတ်လှုပ်ရှားသွားသည်။ ထိုအတွေးနှင့်အတူ လူကလည်း ခုန်ပေါက်ကာ မုယဲ့တို့အား အော်ဟစ်ခေါ်လိုက်သည်။ အတွင်းဒဏ် အကြီးအကျယ် ရသွားသော ပေါက်ရှန်တို့မှာ သူ အော်ခေါ်သည်ကို ကြားသိသည့်တိုင် မရပ်နားကြ။

ရှောက်ချူးရှေ့ကလည်း မြေပြင်ပေါ်မှ ချန်ကိုး၏ဓားမြှတ်ကို ကောက်ယူလိုက်ကာ သူတို့နောက်သို့ ကမန်းကတန်း ပြေးလိုက်သွားတော့သည်။

သူသည် အတွင်းအား ထူထပ် နက်ရှိုင်းနေသည့်တိုင် ကိုယ်ဖော့ပညာက မကောင်း။ သိပ်အဆင့်မမြင့်။ ရှောင်လင်ဂိုဏ်းသားတို့မှာ ကောက်ဆန်းတောင် ချောက်ကမ်းပါး၌ ကိုယ်ဖော့ပညာ လေ့ကျင့်ခဲ့ကြသဖြင့် ထက်မြက်ထူးချွန်ကြသည်။ ရှောက်ချူးရှေ့ လိုက်မိရန် အတော်ခက်ပေသည်။

သို့သော် သူ့ မိဘနှစ်ပါး၏ သဲလွန်စကို လက်လွှတ်မခံနိုင်သည်မို့ အစွမ်းကုန် အားသွန်ကာ လိုက်သွားတော့၏။

❂ ❂ ❂

ရှောက်ချူးရှေ့သည် မြေပြင်ပေါ်တွင် ကျန်ခဲ့သည့် သွေးခြေရာအတိုင်း လိုက်လာခဲ့ရာ ခရီးတစ်ထောက် အရောက်တွင် သွေးစက်များကို မတွေ့ရတော့။

သူ ဘာဆက်လုပ်ရမည်မသိ ဖြစ်သွား၏။

သဲလွန်စမရှိလျှင် လမ်းစပျောက်ချေပြီ။

သို့သော် ရှောက်ချူးရှေ့သည် ဉာဏ်ကောင်းသူ တစ်ယောက်ဖြစ်ရာ ဒဏ်ရာရသူတို့ မည်သို့ ပြုလုပ်လာကြမည်ကို တွေးတောစဉ်းစားသည်။

Scanned with ACE Scanner

မုယ့်ဲတို့သည် ဒဏ်ရာအပြင်းအထန် ရရှိသွားပြီမို့ ဝေးလံသော အရပ်သို့ မသွားနိုင်။ အေးချမ်း လုံခြုံမည့် နေရာတစ်ခုတွင် ဒဏ်ရာကို အနားယူနေကြမည် ဖြစ်ကြောင်း တွေးမိ၏။

ဝိုမေတောင်တွင် ဂူပေါင်း ခုနစ်ဆယ်ခန့် ရှိ၏။ ထိုအထဲတွင် ကျူလောင်ဂူမှာ ဝိုမေတောင်၏ အထွက်ထိပ်ဆုံး နေရာတွင် တည်ရှိသည်။ ဝိုမေတောင်၏ ထင်ရှားသော နာမည်ကြီး လိုဏ်ဂူတစ်ခုလည်း ဖြစ်သည်။ ဂူ၏အနီးတွင် ဘုရားကျောင်းဆောင် တစ်ဆောင်နှင့် တောင်ကုန်းမြင့်တစ်ခု တည်ရှိ၏။

ကျူလောင်ဂူပေါက်နံဘေးတွင် အပေါက်ငယ်များ ရှိ၏။ ထိုအထဲမှ လမ်းပေါက်တစ်ခုသည် စီရှန့်ရေကန်အထိပင် ပေါက်ရောက်သည်။ ထိုရေကန်မှ ရေဖြင့် ရောဂါဆိုးများကို ကုသ နိမ်နင်းနိုင်ကြောင်းလည်း ဆိုရိုးစကား ရှိသည်။

သို့သော် ဂူပေါက်ထဲသို့ ဝင်လိုလျှင် မြွေကဲ့သို့ တွားသွားဝင်ရောက်နိုင်မှ ဖြစ်သည်။ ထို့ပြင် ဝက်ပါကဲ့သို့ လမ်းခွဲများ ရှိနေပြန်ရာ လမ်းလွဲသွားကျင် မူရင်း မူလနေရာသို့ ပြန်မရောက်နိုင်တော့။ သို့အတွက် ဂူထဲတွင် အရိုးစုများ မြောက်မြားစွာ ရှိနေကြသည်။

ကျူလောင်ဂူတွင်မူ အရှေ့၊ အနောက် ဝင်ပေါက်နှစ်ခုရှိသည်။ အလင်းရောင် ဝင်ရောက်နိုင်ခြင်း မရှိသဖြင့် ဂူထဲတွင် မည်းမှောင်နေသည်။

ရှောက်ချူးရွှေမှာ စိတ်မှန်းဖြင့် ကျူလောင်ဂူထဲသို့ ဝင်ရောက်လာခဲ့သည်။ ဂူတစ်ခုလုံး တိတ်ဆိတ် မည်းမှောင်နေသည့်ပြင် လင်းနို့များ၊ မြွေများ၊ မြေကြွက်ကြီးများ ရှိနေသဖြင့် ချောက်ချားတုန်လှုပ်စရာ ကောင်းလှချေသည်။ အန္တရာယ်လည်း ရှိသဖြင့် လူသူအရောက်အပေါက် နည်းကြသည်။

ရှောက်ချူးရွှေကို ဂူထဲသို့ ဝင်လိုက်သည်နှင့် အတွင်းဘက်

ဆီမှ လက်ဝါးရိုက်သံများ၊ ဓားလေတိုးသံများကို ကြားလိုက်ရ၏။ သူ့နားထဲတွင် ညှို့မှုပြင်းထန်သော လက်ဝါးအားနှင့် ဓားဇော့ယမ်းအားတို့ကို တစ်ကြိမ်တစ်ခါမျှ မကြားဘူး။

ဓားလေလှိုင်းသံ ထွက်ပေါ်လာတိုင်း သူ့နားထဲတွင် စူးခနဲ ခံစားလိုက်ရပြီး လက်ဝါးလေလှိုင်းအား ထွက်ပေါ်လာသည့် အခါတိုင်း နှလုံးသားကို လက်ဖြင့်တောက်လိုက်သလို အခံရခက်စေသည်။

သူသည် လုံဟူ(နဂါးကျား)၏ မိုးခြိမ်းလက်ဝါးကို တွေ့ဖူးသည်။ ချိုဟန်စန်း၏ ဓားဇော့ယမ်းပုံကိုလည်း တွေ့ထိဖူးသည်။ ယခု ကြားနေရသော ဓားလေလှိုင်း၊ လက်ဝါးလေလှိုင်းတို့နှင့် နှိုင်းယှဉ်လိုက်လျှင်ကား များစွာပင် အဆင့်နိမ့်သွားရသည်။

သူ့ စိတ်ထဲတွင် အတော်ပင် လှုပ်ရှားသွား၏။ စူးစမ်းလိုသော စိတ်ကို မထိန်းချုပ်နိုင်ဘဲ ရှေ့သို့ လျှောက်သွားမိ၏။

မြင်လိုက်ရသည့် မြင်ကွင်းက သူ့စိတ်ကို စိတ်ဝင်စား တုန်လှုပ်သွားစေသည်။

ဂူထဲတွင် လူရှစ်ယောက်တို့ အားကုန်အင်ကုန်ထုတ်ကာ တိုက်ခိုက်နေကြသည်။ သို့သော် မတ်တတ်ရပ်လျက် တိုက်ခိုက်နေကြခြင်း ဖြစ်သည် မဟုတ်။ တင်ပျဉ်ခွေထိုင်လျက်မှ တိုက်ခိုက်နေကြခြင်း ဖြစ်သည်။

သူတို့၏ ဦးခေါင်းထက်တွင် အဖြူငွေ့များ တလူလူ ထွက်နေ၏။ သိုင်းလောက အဆင့်မြင့် ပုဂ္ဂိုလ်များ ဖြစ်ကြသော်လည်း သူတို့၏ အခြေအနေက မီးစာကုန် ဆီခမ်းတော့မည်။

ထိုသူ ရှစ်ယောက်စလုံးကို ရှောက်ချူးရွှေက တရင်းတနှီး သိကျွမ်းသည်။

ထက်ချီ၊ ယင်ဖိန်၊ မုယဲ့၊ ပေါက်ချန်တို့က အရှေ့အနောက် ဓားဝိဇ္ဇာ နှစ်ဖော်၊ ကျန်းချန်ကျင်းနှင့် ဝမ့်ဆွေယိတို့ ဖြစ်ကြ၏။

ထက်ချို၊ ယင်ဖိန်၊ မုယဲ့နှင့် ပေါက်ရှန်တို့က တစ်ဖက်၊ အရှေ့အနောက် စားပွဲဗျာနှစ်ဖော်၊ ကျန်းချန်ကျင်းနှင့် ဝမ်းဆွေယိတို့က တစ်ဖက် ရှိနေ၏။ သူတို့သည် အပြင်းအထန် တိုက်ခိုက်နေကြသော်လည်း ကိုယ်စီပင် ဒဏ်ရာရရှိနေကြသည်။

အရှေ့အနောက် စားနှစ်ဖော်မှာ ထက်ချိုနှင့် ယင်ဖိန်တို့၏ လက်ဝါးဒဏ်ရခဲ့သလို ထက်ချိုနှင့် ယင်ဖိန်တို့မှာလည်း သူတို့နှစ်ယောက်၏ စားတစ်ချက်စီ ကျောတွင် ရှုးစိုက်ကျိုးဝင်နေသည်။

ကျန်းချင်ကျင်း၊ ဝမ့်ဆွေယိ၊ မုယဲ့နှင့် ပေါက်ရှန်တို့မှာမူ လီချိန်ကြိုး၏ လက်သီးချက်ဖြင့် ဒဏ်ရာရခဲ့သည်။ အဆင့်မြင့် ပုဂ္ဂိုလ်များ ဖြစ်ကြသော်လည်း ဘက်မတူသဖြင့် မဟာ ရန်သူတော်ကြီးများ ဖြစ်ကာ ဒဏ်ရာရထားသည့်တိုင် အပြင်းအထန် တိုက်ခိုက်နေကြခြင်း ဖြစ်၏။

သူတို့တိုက်ခိုက်မှုက ရှောက်ချူးရွှေ ဂူတဲဝင်ကာ သူတို့ အနီးရောက်လာကာမှ ရပ်တန့်သွား၏။ သူတို့၏ ခန္ဓာကိုယ်အသီးသီးတွင် ချွေးများရွှဲနစ်နေကြပြီး သူတို့၏ အသွင်က ငြိမ်းခါနီး မီးစွယ်လို တောက်ပါနေကြ၏။ ရှောက်ချူးရွှေသည် မုယဲ့နှင့် ပေါက်ရှန်တို့ကို တွေ့လိုက်ရသဖြင့် အလွန်ပင် ဝမ်းသာပီတိ ဖြစ်သွားမိသည်။

ကဗျာကယာ မုယဲ့အား ဖေးမထားလိုက်ပြီး ...

"ဆရာကြီး ... ခဏ ... ခဏနေပါဦး၊ ကျွန်တော် မေးစရာ တစ်ခု ရှိလို့ပါ"

မုယဲ့၏ မျက်လုံးများ အရောင်မှေးမှိန်နေကြပြီ။

ပိတ်လုလု မျက်ခွံကို အားယူဖွင့်လိုက်ပြီး ...

"မင်း ... မင်းက ဘယ်သူလဲ"

ရှောက်ချူးရွှေ ဖြေကြားမည့်အချိန်တွင် ယင်ဖိန်က သူ့ကို တစ်ချက်ကြည့်ပြီး စကားဖြတ်ပြောသည်။

"ချာတိတ် ဒီနားလာခဲ့စမ်း"

ရောက်ချူးရှေလည်း မှုယဲ့ကို ဘာမျှ မမေးနိုင်ဘဲ ယင်ဖိန် ဆီသို့ တိုးကပ်သွားရသည်။ ယင်ဖိန်က မောဟိုက် ပင်ပန်းလွန်းသော အသံဖြင့် ...

"မင်း ရောက်လာတာ အတော်ပဲ၊ ငါ့ ဒဏ်ရာက အခြေအနေ မကောင်းတော့ဘူး၊ မင်းသာ ရောက်မလာရင် ထက်ချီရဲ့ လက်ဝါး၊ ဓား၊ အတွင်းအားပညာ သုံးမျိုးကို ဘယ်သူမှ ..."

ယင်ဖိန်မှာ မောဟိုက်လွန်းသဖြင့် စကားဆုံးအောင် မပြော နိုင်။

ရောက်ချူးရှေသည် ယင်ဖိန်တစ်ယောက် မကြာခင်မှာပင် သေဆုံးတော့မည် ဖြစ်ကြောင်း သိရှိလိုက်သည်။

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်"

အလျင်အမြန်ပင် စကား ထောက်ပေးလိုက်ရသည်။

ယင်ဖိန် မျက်လုံးဖွင့် အားယူကာ ...

"မင်း ကံထိုက်လို့ ရောက်လာတာပဲ၊ မင်းကို ငါတို့ရဲ့ အတွင်း အား ကျင့်နည်းပညာ သင်ပေးလိုက်မယ်၊ ငါတို့ ဘယ်လိုဆိုတာ နောက်တက် လူငယ်တစ်ယောက်နဲ့ သက်သေပြခဲ့ရမယ်"

ရောက်ချူးရှေ ထိတ်လန့်တကြား ဖြစ်သွား၏။

ထက်ချီကလည်း ...

"ငါ မင်းကို လက်ဝါးပညာနဲ့ ဓားပညာ သင်ပေးမယ်၊ မင်း အဲဒီပညာနဲ့ ဟိုကောင်တွေကို ရှင်းပစ်လိုက်ပါ"

ရောက်ချူးရှေ ကမန်းကတန်း ခေါင်းခါယမ်းပြလိုက်သည်။

"ကျွန်တော်က ဝူတန်ဂိုဏ်းသား မဟုတ်တော့ ဘယ်ဖြစ် ..."

"ဒါတွေကို ထည့်ပြောမနေစမ်းနဲ့၊ ပညာ လွှဲပြောင်းပေးတယ် ဆိုတာ ကံဉာဏ် ဝိရိယရှိမှ ဖြစ်တာ၊ ဂိုဏ်းသား ဟုတ် မဟုတ် ခွဲ

ခြားလို့ မရဘူး၊ ဂူတန်ဂိုဏ်းထဲမှာ အခု နှစ်တွေအတွင်း လူတော် တစ်ယောက်မှ ပေါ်မလာခဲ့ဘူး၊ မင်းဟာ အခြေခံကောင်းပြီး ပါရမီ ရှိခဲ့သူဖြစ်လို့ ငါတို့ရဲ့ ပညာကို ဆက်ခံထိုက်တယ်၊ မင်း လက်မခံ ချင်လဲ ခံရမှာပဲ"

ရှောက်ချူးရွှေ ဆက်လက် ငြင်းဆိုချင်သော်လည်း အခြေအနေ က ငြင်းပယ်၍ မရ။

ယင်ဖိန်နှင့် ထက်ချီတို့သည် ဘာကိုမျှ ဂရုမစိုက်ဘဲ အတွင်း အားပညာ၊ လက်ဝါးသိုင်းကွက်နှင့် ဓားသိုင်းကွက်တို့၏ လျှို့ဝှက် ချက်များကို မှတ်မိလွယ်အောင် အထိရောက်ဆုံး ရှင်းပြတော့သည်။

ရှောက်ချူးရွှေသည် ကံကောင်း ထောက်မသဖြင့် အဆင့်မြင့် ပညာကို ရရှိခွင့် ကြုံသောကြောင့် အာရုံစိုက်ကာ မှတ်သားလိုက် သည်။ ဉာဏ်ကောင်းသူ တစ်ယောက် ဖြစ်သလို စိတ်ဝင်စားမှု လည်း ရှိသဖြင့် ထက်ချီတို့ ပြောပြသည့်များကို တစ်ခုမကျန် မှတ်မိ သိရှိသွားသည်။ ထက်ချီတို့ကလည်း နှစ်ခေါက်သုံးခေါက် ရှင်းပြ သဖြင့် ရှောက်ချူးရွှေ နားစွဲသွားခြင်းလည်း ဖြစ်၏။

တစ်နာရီခန့် ကြာလျှင် ထက်ချီနှင့် ယင်ဖိန်က သူ၏ သေစေ နိုင်သော သွေးကြောကွက်နှင့် လုံဝေ သွေးကြောကွက်တို့ကို လက် တစ်ဖက်စီဖြင့် ကိုင်ပြီး သိုင်းပညာ၏ သော့ချက်များကို သင်ကြား ပေးနေပြန်သည်။

ရှောက်ချူးရွှေ ဂရုတစိုက် မှတ်နေရင်း တစ်ဘက်မှ အသုံး ပြုနိုင်မည့် ဆက်စပ်ကွက်များကို စဉ်းစားနေ၏။ သူ့ကိုယ်ခန္ဓာအတွင်း သို့ ထက်ချီတို့၏ အတွင်းအားလှိုင်းများ စီးဝင်လာသည်ကိုလည်း ခံစားမိ၏။

နောက်ထပ် ထမင်းအိုး တစ်လုံးကျက်ခန့် အကြာတွင် ရှောက် ချူးရွှေ တစ်ကိုယ်လုံး ချွေးများရွှဲလာ၏။ ထက်ချီတို့ နှစ်ယောက်

Scanned with ACE Scanner

၏ စကားသံလည်း ရပ်ဆိုင်းသွား၏။ ရှောက်ချူးရှွေ အိမ်မက်မှ လန့်နိုးလာသလို ထင်မှတ်ကာ လှည့်ကြည့်လိုက်လျှင် ထက်ချီတို့နှစ်ယောက် သေဆုံးသွားပြီ ဖြစ်ကြောင်း အထိတ်တလန့် တွေ့လိုက်ရတော့သည်။ သူ ချောက်ချားနေစဉ် သိမ်မွေ့ညင်သာသော စကားသံတစ်သံက တီးတိုး ထွက်ပေါ်လာသည်။

"သူငယ်လေး ... မင်း ကျုပ်ကို တွေ့ချင်လို့ လိုက်လာတာ မဟုတ်လား"

ရှောက်ချူးရှွေသည် အသံ ထွက်ပေါ်လာရာသို့ လှည့်ကြည့်လိုက်၏။

မုယဲ့က သူ့ကို နွမ်းလျစွာ ကြည့်နေကြောင်း တွေ့ရ၏။

"ဟုတ်ပါတယ် ... ကျွန်တော်ဟာ ပန်းချောင်းဓားဂိုဏ်းရဲ့ တတိယမြောက် တပည့် ရှောက်ချူးရှွေပါပဲ"

"ဩော် ... ကိုယ်တော်လေး ရှောက်ချူးရှွေကိုး"

မုယဲ့က အာမေဋိတ်သံဖြင့် ရေရွတ်လလိုက်၏။

သူ့မျက်နှာမှာ သွေးဆုတ်ဖြူရော်နေသည်။ နှုတ်ခမ်းထောင့်များတွင် သွေးများ ယိုစီးကျနေသည်။

"ဆရာကြီးနဲ့ လီချိန်ကြိုးတို့ ယှဉ်ပြိုင် တိုက်ခိုက်ခဲ့တာကို ကျွန်တော် မြင်ခဲ့ရပါတယ်၊ ဒီဓားရှည်ဟာ ကျွန်တော်တို့ မိသားစု အစဉ်အဆက် ပိုင်ဆိုင်တဲ့ဓားမို့ အကျိုးအကြောင်း သိရအောင် လိုက်လာခဲ့တာပါ"

ရှောက်ချူးရှွေက ချန်ကိုးဓားမြတ်ကိုပြကာ ပြောသည်။

မုယဲ့ မချိပြုံး ပြုံးလိုက်၏။

"ဟုတ်ပါတယ် ... မောင်ရင်လေးရဲ့ အဖေနဲ့အမေ အနှောင်အဖွဲ့က လွတ်မြောက်ပြီး ရှောင်လင်ကျောင်းတိုက်ကို ရောက်ကာခဲ့ကြတယ်၊ တကယ်တော့ ..."

မုယဲ့မှာ မောပန်းနေသဖြင့် စကားကို ခေတ္တရပ်ထားလိုက်၏၊ ရျောက်ချူးရွှေ စိုးရိမ်တကြီး ဖြစ်လာသည်။

"တကယ်တော့ ဘာဖြစ်ပါသလဲခင်ဗျာ"

မုယဲ့ သက်ပြင်းဖွဖွ ချလိုက်သည်။

"တကယ်တော့ ဩစာအာဏာကိုဏ်းသားတွေ လိုက်လံတိုက်ခိုက်တာ လွတ်ခဲ့ပေမယ့် ဘယ်လိုကြောင့်မှန်း မသိဘူး၊ မိုးဘုရင်ကြီး ကျူးက သတင်းရသွားပြီး လမ်းတစ်ဝက်မှာ တိုက်ခိုက်လာတယ်၊ ပန်းချောင်းဓားဂိုဏ်းလဲ အဲဒီအချိန်က စပြီး ပြိုကွဲသွားတာပဲ၊ အင်း ... ဒုက္ခ ... ဒုက္ခ ... ဒုက္ခ သံခါရတွေချည်းပါလား"

ရျောက်ချူးရွှေ ခေါင်းထဲ ဝုန်းခနဲ မြည်ဟည်းသွားသည်။ မျက်လုံးထဲလည်း ပြာဝေသွားရ၏။ သူ့ စိတ်တစ်ခုလုံး လဟာပြင်ထဲတွင် မျောသွားရသည်။

"ကျုပ် ညီတော် ပေါက်ရှန်က သူငယ်လေးရဲ့ ဖခင်နဲ့ တွေ့တဲ့ အချိန်မှာ သူ့ အသက်က ငွေ့ငွေ့ပဲ ကျန်တော့တယ်၊ သူ့ရဲ့ကောင်း အမိန့်ပေးတံဆိပ်ပြား၊ အိမ်ဂေဟာရဲ့ တံစက်မြိတ်မှာ ကျန်ခဲ့တဲ့ အကြောင်းကိုပဲ ပြောပြနိုင်ခဲ့တယ်၊ ပြီးတော့ ချန်ကိုဓားမြတ်ကို ကျုပ် လက်ထဲ အပ်နှံပြီး သူ့ရဲ့ကောင်း အမိန့်ပေးတံဆိပ်ပြားကို ရအောင်ယူဖို့ မှာကြားခဲ့တယ်"

ရျောက်ချူးရွှေ ဇက်ကျိုးကျသွားသည်။

သူ့ကို အထင်မကြီးသောဖခင်၊ သူ ကြည်ညိုလေးစား ချစ်မြတ်နိုးရသော ဖခင်မှာ ရန်သူ့လက်ချက်ဖြင့် သေဆုံးသွားခဲ့ရချေပြီ။ သိက္ခာရ ဝါစဉ်ကြီး ပုဂ္ဂိုလ်ကြီးတစ်ယောက်၏ နှုတ်ထွက်စကား ဖြစ်သည့်တိုင် သူ့ နားကို သူ မယုံချင်။ အမှန်တကယ် အဖြစ်အပျက်မှန်း သိသော်လည်း ရင်ထဲက လက်မခံချင်။

မုယဲ့က ဆက်ပြော၏။

"ကျုပ်တို့တစ်တွေ ပန်းချောင်းခါးဂိုဏ်းကို ရောက်တော့ နောင်တော် ဂိုဏ်းချုပ်ကြီးနဲ့ ဖူကင်နယ် ရှောင်လင်ဂိုဏ်းချုပ် အသတ်ခံရတာကို သိရတယ်၊ ဒါနဲ့ ဝိုမေတောင်ကို အမိလာပြီး ကလဲ့စားချေတာပဲ၊ ဒါပေမယ့် ..."

မုယဲ့ စကားမဆက်နိုင် ...

သိုင်းလောက၏ အဆင့်မြင့်ပုဂ္ဂိုလ် နှစ်ဦးမှာ လီချိန်ကြီး၏ လက်ချက်ဖြင့် ဒဏ်ရာပြင်းထန်စွာရလျက် သေမင်း၏ နှုတ်ခမ်းဝသို့ ရောက်ရှိနေပြီ ဖြစ်၏။

မုယဲ့၏ ခန္ဓာကိုယ်မှာ ရုတ်တရက် တုန်ခါသွားသည်။

ကိုယ်တွင်း ဒဏ်ရာကြောင့် မဟုတ်ဘဲ တစ်ခါမှ မကြုံဆုံခဲ့ဘူးသော တုန်လှုပ်ခြင်းမျိုး[illegible] ခံစားလိုက်ရသောကြောင့် ဖြစ်၏။

အကြောင်းမှာ ရှောက်ချူးရွှေ၏ မျက်လုံးအိမ်ထဲမှ ဝမ်းနည်းပူဆွေးမှု၏ သင်္ကေတ မျက်ရည်များ ယိုစီးလာသောကြောင့်ပင်တည်း။

❋ ❋ ❋

ရှောက်ချူးရွှေသည် မြေပြင်သို့ လဲကျသွားသော ထက်ချီနှင့် ယင်ဖိန်တို့ကို ငေးစိုက်ကြည့်နေသည်။ သိုင်းလောကကို ကယ်တင်နိုင်မည့် အဖြူရောင် ဂိုဏ်းသားနှစ်ဦး သည်လိုနှင့်ပဲ တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားရလေပြီ။ သူ့ စိတ်ထဲတွင် ဝမ်းနည်းပူဆွေးမှုထက် နာကြည်းခံပြင်းမှုက ပို၍ လွှမ်းကဲနေသည်။

ရုတ်တရက် မြေပြင်ပေါ်တွင် ဒူးထောက်လိုက်ကာ မုယဲ့အား ဦးသုံးကြိမ် ဘိုက်လိုက်သည်။ မုယဲ့ မနေတတ် မထိုင်တတ်အောင်ပင် ဖြစ်သွား၏။

"ကျုပ်ဆီက သူငယ်လေး ဘာတောင်းခံမယ်ဆိုတာ ကျုပ်သိတယ်"

မုယဲ့ ရှောက်ချူးရွှေကို ပြောရာမှ ပေါက်ရှန်ဘက်သို့ လှည့်ကာ ...

"ရှောင်လင်နဲ့ ဝူတန်တို့ဟာ သိုင်းလောကရဲ့ အဓိကဂိုဏ်းတွေ၊ အဓိက ထောက်တိုင်တွေ ဖြစ်ကြတယ်၊ ဒါပေမယ့် ကိုယ့်ဘာသာ သီးသီးခြားခြား နေခဲ့ကြတယ်၊ ရန်သူကို နှိမ်နင်းဖို့ အတူတူမပူးပေါင်းခဲ့ဘူး၊ ဂိုဏ်းနှစ်ဂိုဏ်းရဲ့ ပညာတွေက သိပ်ကို ဆန်းကြယ်နက်နဲလှတယ်၊ ကိုယ့်မာနနဲ့ကိုယ် ပူးပေါင်းဖို့လဲ စိတ်မကူးခဲ့ကြဘူး၊ ဒီနေ့ တို့နှစ်ယောက်ဟာ ရှောင်လင်ကျောင်းတော်ကို ပြန် မရောက်နိုင်တော့ဘူး၊ ဒီတော့ ..."

ပေါက်ရှန် နားလည်သဘောပေါက်စွာ ခေါင်းညိတ်လိုက်သည်။

"ကျွန်တော်တို့ ရှောင်လင်နဲ့ ဝူတန်ဟာ သိုင်းလောကရဲ့ ဝဲဂယက်ထဲ ဝင်ခဲ့ရတယ်၊ သိုင်းလောက တစ်ခုလုံးကို တစ်စုံတစ်ယောက်က ထိန်းချုပ်မှ ဖြစ်မယ်၊ ဂိုဏ်းစည်းကမ်းကို ဖောက်မိမှာဖြစ်ပေမယ့် သိုင်းလောက တစ်ခုလုံးရဲ့ ငြိမ်းချမ်းမှုကို ရှေ့ရှုရမယ်၊ ဒီလိုစည်းကမ်း ဖောက်ဖျက်မိတာဟာ ဂိုဏ်းနှစ်ခုကို ပူးပေါင်းနိုင်မလားတော့ မပြောတတ်ဘူး၊ ဒီသူငယ်လေးရဲ့ လုပ်ရည်ကိုင်ရည်စွမ်းဆောင်ချက်ပေါ်မှာ မူတည်တယ်"

မုယဲ့က ပြုံးယောင်သမ်းလျှက် ...

"ဒါဆိုလဲ ကောင်းသားပဲ၊ ကဲ ... သူငယ်လေး မတ်တတ်ရပ်လိုက်ပေတော့"

ရှောက်ချူးရွှေ ဖြည်းညင်းစွာ မတ်တတ်ထရပ်လိုက်သည်။

"မင်းမှာ လူသတ်ချင်စိတ်တွေ သိပ်များနေတဲ့အတွက် တရားဘောင်ထဲက တပည့်အဖြစ် လက်ခံဖို့ မသင့်တော်ဘူး၊ ဂိုဏ်းဝင်တစ်ယောက်အနေနဲ့လည်း မဖြစ်နိုင်ဘူး၊ ဒါပေမယ့် ဩဇာအာဏာ

Scanned with ACE Scanner

ဂိုဏ်းနဲ့ မုးဘုရင်ကြီးကျူးရဲ့ ဂိုဏ်းကို တုံ့ပြန်နိုင်ဖို့အတွက် မင်းကို အားကိုးမှ ဖြစ်တော့မယ်"

မုယဲ့၏ သက်တစ်ဖက်က ရှောက်ချူးရွှေ၏ နဖူးကို အုပ်ကိုင်လိုက်သည်။ သူ့ စကားသံများက အလွန်ပင် တိုးညင်းလှ၏။ ရှောက်ချူးရွှေ အလွန်အမင်းပင် အာရုံစိုက် နားထောင်ရင်း နှစ်ယောက်သားမှာ ကော်နှင့်ကပ်ထားသလို ပူးကပ်သွား၏။ ကိုယ်ပေါ်မှ အခိုးအငွေ့များလည်း တဖြည်းဖြည်း မြင့်တက်လာသည်။

ပေါက်ရှန်ကလည်း အတော်ကြာအောင် ရွတ်ဆို သင်ကြားပြီးမှ မုယဲ့၏ နောက်ကျောဆီသို့ လက်ဖဝါးနှင့် ကပ်လိုက်၏။ သို့နှင့် ရှောင်လင်ကျောင်းတော်၏ အဆင့်မြင့် သိုင်းပညာ လေ့ကျင့်နည်းကို တီးတိုးရေရွတ် ပြောဆိုသင်ကြားတော့သည်။

ရှောက်ချူးရွှေမှာ စိတ်အားထက်သန်နေသူမို့ လျှို့ဝှက်ချက်များ၊ သော့ချက်များကို နားထဲတွင် သံမှိုနှင့် အသေဆွဲသလို လိုက်မှတ်နေ၏။

ဤသို့ဖြင့် သုံးယောက်သား ထိမိပူးကပ်နေတာ မည်မျှကြာသွားသည်မသိ။ ပေါက်ရှန်၏ ခန္ဓာကိုယ် ဗိုင်းခနဲ မြေကြီးပေါ်သို့ လဲကျသွားသည်။ မုယဲ့မှာလည်း တတွတ်တွတ် ရေရွတ်ရင်း အသက်ပျောက်သွားရပြန်သည်။ ရှောက်ချူးရွှေ တစ်ယောက်တည်းသာ တိုးပွားလာသည့် အတွင်းအားနှင့် ပြောင်းလဲလာသော သိုင်းပညာထဲတွင် နစ်မြောနေသည်။

အတန်ကြာသောအခါမှ ရှောက်ချူးရွှေ ခုန်ထလိုက်၏။

သူ့ ခန္ဓာကိုယ်က သူ ခန့်မှန်းသည်ထက် မြောက်တက်သွားသည်။ အရှိန်မသတ်နိုင်ဘဲ ဦးခေါင်းထိပ်နှင့် ဂူမျက်နှာကျက်တို့ ဝုန်းခနဲ တိုက်မိသည်။ ရှောက်ချူးရွှေ ကိုယ်တိုင်ပင် အကြီးအကျယ် တုန်လှုပ်သွားရ၏။

အားအင်ကို အတတ်နိုင်ဆုံး ပြန်လည် ရုပ်သိမ်းလိုက်နိုင်သော်လည်း နဖူးနှင့် ကျောက်နံရံ ထိမှန်ကာ ကျောက်ခဲများ ပုံထွက်ကုန်သည်။ သူ မြေကြီးပေါ်သို့ ပြန်ရောက်လျှင် ဂူအပြင်ဘက်သို့ လှိမ့်ထွက်လိုက်သည်။ ဂူအပြင်ဘက်တွင် ညည်းညူသည့် အသံများ ကြားရသည်။

ရှောက်ချူးရှွေ သေချာကြည့်လိုက်လျှင် လူလေးဦးသည် စိတ်သွားတိုင်း ကိုယ်မပါဘဲ မောဟိုက်နေသည့်ကြားမှ အကြိတ်အနယ် တိုက်ခိုက်နေသည်ကို တွေ့ရ၏။ ထိုလူလေးဦးမှာ ကျန်းချန်ကျင်း၊ ဝမ့်ဆွေယိနှင့် အရှေ့အနောက် ဓားနှစ်ဖော် ထန်ဖန်ကျင်းနှင့် ကျင်းထန်ဝူတို့ ဖြစ်ကြ၏။ သူတို့ လေးယောက်စလုံး၏ အသက် မီးစာက ငြိမ်းလုလု ရှိနေကြသည်။

ရှောက်ချူးရှွေ ရောက်သွားလျှင် အတိုက်အခိုက် ခေတ္တရပ်လိုက်ကြ၏။

ထန်ဖန်ကျင်းသည် ရှောက်ချူးရှွေကို မြင်လိုက်သည်နှင့် ...

"မင်း ... ဒီကို လာခဲ့စမ်း"

ရှောက်ချူးရှွေ လျှောက်သွားသည်။ အနီးသို့ ရောက်လျှင် ထန်ဖန်းကျင်းက ...

"အဲဒီနှစ်ကောင်ကို မင်း သွားသတ်လိုက်စမ်း၊ တကယ်လို့ သူတို့က ဘယ်ဘက်ကို ရှောင်ရင် ဗဟိုချက်နေရာကို သိုင်းကွက်နင်းပြီး မိုးမျှော်ဟာန် ဓားကွက်နဲ့ ခုတ်ပိုင်းလိုက်၊ ညာဘက်ကို ရှောင်တယ်ဆိုရင် ကျူးမြူသမင်အုပ် တိုက်ကွက်နဲ့ ထိုးစိုက်ချလိုက်၊ ဒါမှ ညာကို ဆက်ပြီးရှောင်နေသေးရင် ဟသ်ာမောင်နှံ ခြေကန်ကွက်နဲ့ ပတ်ခုတ်လိုက်၊ တကယ်လို့ နောက်ဆုတ်ရင် ဓားရှည်ကို လက်နှစ်ဖက်နဲ့ ဆုပ်ပြီး ဒိုင်ပင်ပစ်သလို ခုန်အုပ်လိုက်၊ အဲဒါ အရှေ့နေ တိမ်ဖောက် တိုက်ကွက်ပဲ"

Scanned with ACE Scanner

ရှောက်ချူးရွှေ ဓားသာ စိုက်ထောင်နေမိသည်။ လှုပ်ရှားမှုကိုကား မပြု။ သူတို့လေးဦးသည် ပင်ပန်းသဖြင့် အတွင်းအားကုန်ခန်းသွားကာ ဤကဲ့သို့ ပါးစပ်ဖြင့် စစ်ခင်းနေကြခြင်း ဖြစ်ကြောင်း သူနားလည်သည်။ ထိုအထဲမှ အမြတ်ထုတ်နိုင်အောင်လည်း စိတ်ပါလက်ပါ ဓားထောင်နေ၏။

လန်းဖန်းကျင်း၏ စကားအဆုံးတွင် ကျန်းချန်ကျင်းက ဒေါသတကြီး လေသံဖြင့်...

"ဟိတ်... ချာတိတ် တကယ်လို့သာ မင်းက အဲဒီအကွက်ကို သုံးခဲ့ရင် တို့က နောက်မဆုတ်မရှောင် ကျမ်းပညာထက်ကဟန်ပြပြီး ဘယ်လက်ဝါးက ရိုက်ခုတ်ချလိုက်မယ်၊ ဒါဆိုရင် မင်းရဲ့ မားကို ဖိသိပ်ပစ်နိုင်တယ်၊ သင်ယူပြီးတဲ့အတွက် ချေဖျက်ပြီးသားဖြစ်မနေဘူးလား"

ရှောက်ချူးရွှေ၏ စိတ်ထဲတွင် အရှေ့ပိုင်း ဓားဝိဇ္ဇာ လန်ဖန်းကျင်း၏ အရှေ့နေတိမ်ဖောက်တိုက်ကွက်သည် အလွန်ပင် အဆင့်မြင့်လှသည်ဟု ထင်ခဲ့၏။ ယခု ကျန်းကျန်ကျင်း၏ လက်ဝါးရိုက်ချက်ကို ကြားရသောအခါ အမှန်တကယ်ပင် ချေဖျက်ကွက်ဖြစ်ကာ အဆင့်မြင့်ကြောင်း သိသွားရ၏။

ကျန်းချန်းကျင်းက ဆက်လက်၍...

"အဲဒီတိုက်ကွက်ကို တန်ပြန်ချေမှုန်း ရွှေပိတ်တုံးလို့ ခေါ်တယ်၊ ဒီအကွက် တတ်သွားတာ မင်း ကံကောင်းတယ် မှတ်ပါ"

အနောက်ပိုင်းဓားဝိဇ္ဇာ ကျန်ထန်ဝူးက ...

"ဘာမှ ကြောက်မနေနဲ့ ချာတိတ်၊ ညာဘက်တံတောင်ဆစ်နဲ့ ပြန်တွက်ထည့်လိုက်၊ ဗဟိုချက်ကို နေရာဖြန့်ယူပြီး ရတ်တရက်ရှေ့တက်ပြီး ဓားတစ်ချက် ထိုးလိုက်စမ်းပါ၊ အမြန်နိုင်ဆုံး မြန်ဖို့တော့ မှတ်ထားရမယ်"

Scanned with ACE Scanner

ရှောက်ချူးရွှေ မှတ်သားကာ စိတ်ထဲတွင် ပုံဖော်ကြည့်သည်။ ထိုအချိန်တွင် ကျန်းချန်ကျင်း မျက်မှောင်ကြုတ်သွားသည်။ ရှောက်ချူးရွှေ နားလည်သဘောပေါက်ကာ ထခုန်မိမတတ် ဖြစ်သွား၏။ ဤတိုက်ကွက်သည် တစ်ဖက်လူ၏ တန်ပြန်ချေမှုန်း ရွှေပိတုံးတိုက်ကွက်ကို ထိန်းချုပ်နိုင်သည့် အကောင်းဆုံးနည်း ဖြစ်နေပေသည်။

"ဒီအကွက်ကို ဘယ်လိုခေါ်သလဲ"

ရှောက်ချူးရွှေက ဝမ်းသာတကြီး မေးသည်။

ကျန်ထန်းစုက ...

"အလက်ာ ဓားကွက်လို့ ခေါ်တယ်"

အရှေ့ပိုင်းဓား လန်ဖန်းကျင်းနှင့် အနောက်ပိုင်းဓား ကျန်ထန်းစုတို့သည် သြဇာအာဏာဂိုဏ်း၏ ကိုယ်ရံတော်ကြီးများ ဖြစ်ကာ မိုးဘုရင်ကြီးတချူး၏ ဝါတော်ရံ ကျန်းချန်ကျင်း၊ ဝမ့်ဆွေယိတို့နှင့် အကြိမ်ကြိမ် တိုက်ခိုက်ခဲ့ဖူးသည်။ ကမ္ဘာ့ ရန်သူတော်ကြီးများအဖြစ်လည်း သတ်မှတ်ထားကြသည်။

သူတို့ လေ့လာဆည်းပူးသည့် ပညာသည် တစ်ဖက်လူ၏ တိုက်ကွက်ဟန်ကို မည်ကဲ့သို့ ထိန်းချုပ်ရမည်ဆိုသည့် အချက်များ ဖြစ်ကြ၏။

လန်ဖန်ကျင်းတို့ နှစ်ဦးက ဓားပညာကို အလေးထားသလို ကျန်ချင်းကျင်းတို့ နှစ်ယောက်က လက်ဝါးတိုက်ကွက်ကို အဓိကထားသည်။

ယခု ကျန်ချန်ကျင်းမှာ တစ်ဖက်လူ၏ တိုက်ကွက်ကို ချေဖျက်နိုင်ရန် အခက်ကြုံနေရ၏။ ဝမ့်ဆွေယိက တစ်ခဏကြာမျှ စဉ်းစားလိုက်ပြီး ...

"ရပြီ ... နောက်ခြေကို ခြေ ခုနစ်လှမ်း ဆုတ်၊ အသက်ရှူ၊ ဘေးဘက်ကို ခြောက်လှမ်းရှောင် ..."

ရှောက်ချူးရွှေ သဘောမပေါက်နိုင်ချေ။

"အသက်ရှူရတယ်ဆိုတော့ ဘယ်လိုလုပ်ပြီး နောက်ကို ခုနစ်လှမ်းဆုတ်၊ ခြောက်လှမ်းရှောင်နိုင်မှာလဲ၊ ပေါင်းလိုက်ရင် ၁၃ လှမ်းတောင် ရှိတယ်"

ဝမ့်ဆွေယိက မကျေနပ်သော အမူအရာဖြင့် ...

"ငနုံ ငအလေး ... မင်းရဲ့ ကန်းထင် အတွင်းအားစုရပ်နေရာက နှစ်ခါ အလုပ်လုပ်ပေါ့၊ တစ်ခုကို နှာခေါင်းက ရှူထုတ်၊ တစ်ခုကို နှာခေါင်းက ရှူသွင်း၊ အဲဒါ မဖြစ်ဘူးလား၊ အနှစ်သုံးဆယ်လောက် အတွင်းအား ရှိရင် ရတယ်"

ရှောက်ချူးရွှေ သဘောပေါက်သွား၏။ သို့သော် အတော်တော့ မလွယ်ကူသော ကိစ္စဖြစ်၏။ ဤသို့ဖြင့် တစ်ဖက်နှင့်တစ်ဖက် တိုက်ကွက်များ ဖြေကွက်များကို အားကျမခံ ပြောလာကြရာ ရှောက်ချူးရွှေမှာ သူတို့ လေးယောက်ဆီမှ လျှို့ဝှက် ဆန်းကြယ်လှသော လက်ဝါးသိုင်းကွက်နှင့် ဓားသိုင်းကွက်တို့ကို မှတ်သား ရရှိလိုက်တော့သည်။ သူကလည်း တစ်သလောက် မှတ်သလောက် ပြန်ပြောနေသဖြင့် ဓားဝိဇ္ဇာ နှစ်ဦးနှင့် ဝမ့်ဆွေယိ၊ ကျန်ချန်းကျင်းတို့မှာ စိတ်လိုလက်ရပင် အိတ်သွန်ဖာမှောက် ပြောပြကြရာ ပညာကုန်လောက်နီးနီး ရှောက်ချူးရွှေ ရရှိလိုက်သည်။

အတန်ကြာသော်အခါ လန်ဖန်းကျင်းမှာ ရယ်မောပြီး သွေးများဝေ့ခနဲ အန်ကျလာ၏။

"သိပ်ကောင်းတယ်၊ ငါ့ရဲ့ပညာ အစစ်အမှန်တွေကို မင်းတကယ် ရထိုက်တယ်၊ ငါ မသေခင်အချိန်မှာ မင်းလို ဉာဏ်ကောင်းပြီး ထက်မြက်တဲ့ တပည့်တစ်ယောက် ရလိမ့်မယ်လို့ လုံးဝ မထင်မိခဲ့ဘူး"

လန်ဖန်းကျင်းသည် ထိုင်စကားပြောပြီးသည်နှင့် သွေးများ

အဆက်မပြတ် အန်ထုတ်ကာ မြေကြီးပေါ်သို့ လဲကျသေဆုံးသွားတော့သည်။

ကျင်ထန်းဂူက ရှောက်ကျူးရှွေကို စိုက်ကြည့်ကာ ...

"တကယ်လို့ ဓားပညာမှာ မင်းထက် ပိုပြီးအဆင့်မြင့်ပေမယ့် မင်းလောက် သတ္တိ မရှိတဲ့လူနဲ့တွေ့ရင် ဘယ်လို ဓားကွက်နဲ့ တုံ့ပြန်မလဲ"

ရှောက်ချူးရွှေ တွေဝေစဉ်းစားခြင်းပင် မပြု။

"နှစ်ဆမြန် ဓားကွက်ကို အသုံးပြုမယ်"

ကျန်ထန်းဂူ ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ဘယ်လို နှစ်ဆမြန် ဓားကွက်လဲ"

"သူသေကိုယ်သေ တိုက်ခိုက်လာတဲ့ ဓားကွက်မျိုးကိုတော့ ဓားသွားနဲ့ တန်ပြန် တိုက်စစ်ဆင်မယ်၊ မြန်ဆန်ခြင်းဟာ တစ်ဖက်လူရဲ့ ဓားသွားအားကို ချေဖျက်နိုင်တယ်"

ကျန်ထန်းဂူ သူ့ခေါင်းကို သူ့လက်ဖြင့် ဝမ်းသာအားရ ပုတ်လိုက်မိသည်။

"တော် ... မင်းဟာ အနောက်ပိုင်း ဓားဝိဇ္ဇာရဲ့တပည့် ပီသပါပေတယ်"

စကားဆုံးသည်နှင့် ကျန်ထန်းဂူလည်း အသက်ပျောက်သွားရလေတော့သည်။ အရှေ့အနောက် ဓားဝိဇ္ဇာနှစ်ဖော် ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားခဲ့သဖြင့် ဝမ့်ဆွေယီနှင့် ကျန်းချန်ကျင်းတို့ နှစ်ယောက်သာ ကျန်ရှိတော့သည်။

နှစ်ယောက်သားမှာ အတန်ကြာအောင် တွေငိုင်နေမိကြပြီးလျှင် ကျန်းချန်ကျင်းက ဝမ့်ဆွေယီအား ...

"တို့တစ်တွေလဲ သူ့ကို မေးကြည့်ကြမလား၊ တို့ဆီက ပညာဘယ်လောက် ရတယ်ဆိုတာ စမ်းသပ်ကြည့်ကြတာပေါ့"

ဝမ့်ဆွေယိ ခေါင်းညိတ်လိုက်သည်။ သူကပင် အလျင်ဦးစွာ ရှောက်ချူးရှေကို မေးသည်။

"တကယ့်တကယ် လက်ဝါးဟန်ဟာ ဘယ်အပိုင်းက ဖြစ်လာသလဲ"

ရှောက်ချူးရှေက အလွယ်တကူပင် ...

"တစ်ကိုယ်လုံးဆီက ဖြစ်လာတယ်၊ လက်ဝါး တစ်ခုတည်းနဲ့ မဖြစ်နိုင်ဘူး"

ဝမ့်ဆွေယိ ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။

ကျန်းချန်ကျင်းက ...

"တကယ်လို့ လက်ဝါးတစ်ဖက်ကို ရန်သူက ထိန်းချုပ်လိုက်တဲ့အခါ မင်း ဘယ်လိုလုပ်မလဲ"

"လက်ဝါးဟန်ကို တစ်ကိုယ်လုံးအဖြစ် ပြန်တိုက်ခိုက်ရမယ်"

"လက်ဝါးဟာ တစ်ကိုယ်လုံး မလှုပ်ရှားနိုင်တဲ့ အခြေအနေရောက်ရင် ဘယ်လိုလုပ်မလဲ"

"လက်ဝါးကို စွန့်လွှတ်ရတော့မှာပေါ့"

ကျန်းချန်ကျင်းသည် ဝမ့်ဆွေယိကို အလန့်တကြား ကြည့်လိုက်မိ၏။

"တကယ့်ကို ရက်စက်လှပါလား၊ ဒီလို ဆုံးဖြတ်ခဲ့တယ်ဆိုတော့ သူဟာ တို့နှစ်ယောက်ထက် ပိုပြီး စွမ်းသေးတယ်"

ဝမ့်ဆွေယိက ဘာမျှ ပြန်မပြော။

ကျန်းချန်ကျင်း သူ့အဖော်ထံမှ စကားသံ ထွက်မလာဘဲ ငြိမ်သက်နေတော့မှ အသက်သေဆုံးသွားပြီ ဖြစ်ကြောင်း သိလိုက်တော့သည်။

ကျန်းချန်ကျင်း ခေါင်းပြန်မော့ကာ ရှောက်ချူးရှေကို ကြည့်လိုက်သည်။

"ဒါတွေအားလုံးဟာ တို့နှစ်ယောက်ရဲ့ သိုင်းလောကတစ်ခွင်မှာ နာမည်ကြီးတဲ့ လက်ဝါးပညာတွေ ဖြစ်လို့ အကျိုးရှိရှိ အသုံးပြုဖို့ မှာကြားချင်တယ်"

ရှောက်ချူးရွှေက တလေးတစားပင် ခေါင်းညိတ်ပြလိုက်လေသည်။

ကျုန်းချန်ကျင်းသည် ဝမ့်ဆွေယီ၏ အလောင်းကိုကြည့်ပြီးနောက် ကျုန်းထန်ဝူနှင့် လန်ဖန်ကျင်းတို့၏ အလောင်းများကိုလည်း ကြည့်လိုက်ပြန်၏။ ထို့နောက် မချိပြုံးလေး ပြုံးလိုက်သည်။

"နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့တဲ့ အချိန်ကနေ ဒီနေ့အထိ တို့တစ်တွေဟာ သူသေကိုယ်သေ တိုက်ခိုက်ခဲ့ကြတယ်၊ အခုတော့ တူညီတဲ့ တပည့်တစ်ယောက်ကို ရခဲ့တာပါပဲလား"

ကျုန်းချန်ကျင်း သံဝေဂရဟန် ရေရွတ်ပြောဆိုပြီး တောင်ကြားထဲမှ တိမ်တိုက်များကို ငေးကြည့်နေသည်။ ထို့နောက် သူသည်လည်း သူ့မိတ်ဆွေ၊ သူ့ရန်သူတို့၏ သွားရာလမ်းဆီသို့ ရောက်ရှိသွားရတော့သည်။

ရှောက်ချူးရွှေ တစ်ယောက်တည်းသာ ဝိုမေတောင်၏ ကျိုလောင်ဂူအနီးတွင် ငေါင်စင်းစင်း ကျန်ရစ်ခဲ့တော့သည်။

သို့သော် ... ရှောက်ချူးရွှေကား မနေ့က ရှောက်ချူးရွှေ မဟုတ်တော့။

❂ ❂ ❂

ကောက်ဆန်းတောင်သည် နှင်းမြူတို့၏ အောက်တွင် မှုန်ဝါးဝါး ရှိနေ၏။

အအေးဓာတ်က စိမ့်တက်နေကာ သွေးများကိုပင် ခဲစေလောက်သည်။

Scanned with ACE Scanner

ရှောက်ချူးရွှေသည် ကောက်ဆန်းတောင်၏ ရှောင်လင်ကျောင်းတော် အပြင်ဘက် ပရဝုဏ် အပြင်ဘက် မြေပုံကျောက်ပြားရှေ့တွင် ဒူးထောက်ကာ မျက်ရည်များ တသွင်သွင် စီးကျနေ၏။ ထိုမြေပုံကလေးထဲတွင် သူ့မိဘ၏ အလောင်းကို မြှုပ်နှံထားသည်။ သူ၏ ဝမ်းနည်းပူဆွေးမှုက ဖိစီးနေသဖြင့် အေးချမ်းလှသည်ကိုပင် သတိမထားမိ။

လက်မောင်း နှစ်ဖက်ကမူ ကျစ်ကျစ်ပါအောင် ဖိထားမိသည်။ ချမ်း၍ကား မဟုတ်၊ ဒေါသစိတ်၊ နာကြည်းစိတ်တို့ကို လက်မောင်းဆီသို့ ပို့လွှတ်ကာ ဖြေသိမ့်နေခြင်း ဖြစ်ပေသည်။ သူ့နောက်ကျောတွင် ချန်ကိုးဓားမြတ်ကို ချိတ်ဆွဲထားသည်။ နှင်းမှုန်များက သူ့တစ်ကိုယ်လုံးနှင့် ဓားရှည်ကိုပါ တွယ်ကပ်နေသည်။

သူ့ စိတ်အာရုံက အတိတ်ဆီသို့လည်းကောင်း၊ ဖြစ်ပျက်နေသော အဖြစ်အပျက်များဆီသို့လည်းကောင်း ပျံ့လွင့်နေသဖြင့် ပတ်ဝန်းကျင်ကို သတိမထားမိ။

သူ့ နံဘေးရှိ ထင်းရှူးပင်အိုကြီး အောက်တွင် လူသုံးယောက်ရှိနေကြသည်။ သူတို့သည် ဤမြေပုံ အလောင်းကလေးကို ရှောက်ချူးရွှေ မသေသေးလျှင် လာရောက်ကန်တော့မည်ကို သိရှိထားကြသည်။

သို့အတွက် ဖွဲကောင်းကောင်းနှင့် စောင့်ဆိုင်းနေကြခြင်း ဖြစ်သည်။

ထိုသုံးယောက်တို့သည်ကား ရှောက်ချူးရွှေ၏ ပြည်မကြီးသွေးသောက်ငါးယောက်ထဲမှ တစ်ယောက်အပါအဝင် ဖြစ်သောကျိုချူးချောက်လန်နှင့် ကွမ်းစီနယ် ကျားရဲငါးဖော်ထဲမှ လိုဟိုင်ညို၊ လက်မရှဲ့ စကျိတို့ ဖြစ်ကြသည်။

ရှောက်ချူးရွှေသည် ဒူးတုပ်ထိုင်နေရာမှ ထရပ်လိုက်သည်။

ထို့နောက် ထိုလူသုံးယောက်ကို မြင်လိုက်ရသဖြင့် တအံ့တသြဖြစ်ကာ လက်သီးဆုပ် ဂါရဝပြုလိုက်၏။

ကျိုချူးချောက်လန်တို့ သုံးယောက်ကလည်း ပြန်လည်၍ ဂါရဝပြုသည်။

စကျိမှာ တစ်ချိန်က ဟန်မာန်များ မလျော့သေး။

"ညီလေး ရှောက် ... ကျုပ်တို့ ကွမ်းတုံနယ် နှစ်နယ်က ကျားရဲငါးဖော်၊ တခြားသိုင်းလောက မိတ်ဆွေတွေနဲ့ ချိန်းဆိုကြပြီး ဆက်သွယ်တွေ့ဆုံရမယ့် နေရာက ဟူနန်နယ်ဘက်မှာပဲ၊ သြဇာအာဏာ ဂိုဏ်းနဲ့ မိုးဘုရင်ကျူးရဲ့ လူတွေကို တုံ့ပြန် ရှင်းလင်းပစ်ရမယ်"

စကျိက တွေ့တွေ့ချင်းပင် အားတက်သရော ပြောသည်။

"ကောင်းတယ် ... သိပ်ကောင်းတယ်"

ရှောက်ချူးရွှေ ထောက်ခံစကား ပြောလိုက်ပြီး ကျိုချူးချောက်လန်ကို မျက်မှောင်ကြုတ် ကြည့်လိုက်သည်။ စကျိမှာ စကားအရှိန်ရနေပြီမို့ မရပ်နိုင်ဘဲ ဆက်ပြော၏။

"ကျုပ်တို့ အဖွဲ့အစည်းကို ယာယီအနေနဲ့ ပြည်မကြီး သွေးသောက်လို့ နာမည်ပေးထားတယ်၊ အဲဒီနာမည်ဟာ ညီလေးရှောက် သုံးနှုန်းထားတဲ့ နာမည်ပဲ"

ရှောက်ချူးရွှေ၏ မျက်လုံးအရောင် ဖျတ်ခနဲ လက်သွားလေသည်။

"ဘယ်လို ပြည်မကြီးသွေးသောက် ဟုတ်လား"

စကျိက လက်မထောင်ပြကာ ရှောက်ချူးရွှေ၏ ပခုံးကို လှမ်းဆုပ်လိုက်သည်။

"ဟုတ်တယ်၊ ပြည်မကြီး 'သွေးသောက်အဖွဲ့ပဲ၊ ကဲ ... ကျုပ်တို့ အခုပဲ သွားကြစို့"

"ကျုပ် ... ကျုပ်ပါ လိုက်ရမှာလား"

"အရှုးမ လျှိုယိုနဲ့ အာရွှေတို့ အဲဒီမှာ စောင့်နေလိမ့်မယ်၊ သူတို့က ကျုပ်နဲ့ ညီမောင် လိုဟိုင်ညိုကို စေလွှတ်ခေါ်ခိုင်းလိုက်တာပဲ"

လိုဟိုင်ညိုကလည်း ...

"ဟုတ်ပါတယ်၊ သူတို့ အခုပဲ ချန်ကျန်းစည်းဝေးပွဲကြီးကို ကျင်းပကြတော့မယ်၊ အဲဒီ အစည်းအဝေးမှာ ခေါင်းဆောင်ရွေးချယ်ကြလိမ့်မယ်၊ ခင်ဗျား အမြန်သွားလိုက်ပါ"

စကျိမှာလည်း အတော်ပင် ပီတိဖြာဝေနေ၏။ အလွန်လည်း တက်ကြွကျေနပ်နေသည်။

"အဲဒီ အစည်းအဝေးပွဲကို လာကြမယ့်သူတွေက မြို့နယ်စုံ၊ နေရာစုံက လူငယ် သိုင်းသမားတွေချည်းပဲ၊ တစ်ချို့က ကျောင်းတော်သားတွေ၊ သူတို့မှာ သတ္တိဗျတ္တိတော့ ရှိကြတယ်၊ အခုတလောမှာပဲ မကောင်းမှုတွေကို ဆန့်ကျင် သုတ်သင်ခဲ့ကြတယ်၊ ညီလေးရှောက်က နာမည်အကြီးဆုံးမို့ သူတို့က ညီလေးရှောက်ကို ခေါင်းဆောင်အဖြစ် ရွေးချယ်ကြလိမ့်မယ်၊ ညီလေးရှောက်ကိုလည်း သူတို့အားလုံးက စောင့်မျှော်နေကြတယ်"

လိုဟိုင်ညိုက အကျိစကို ဖော့ယမ်းလိုက်သည်။ သူ့အသံက အနည်းငယ် တုန်ယင်နေသည်။

"နောင်ကြီးရှောက်ဟာ လူတောထဲက လူထူးလူဆန်းတစ်ယောက်ပဲ၊ ကျုပ်တို့ဟာ သိုင်းလောက အခြေအနေဆိုးကြီးကို ပြန်ထိန်းပေးနိုင်ဖို့ ခင်ဗျားကို လာဖိတ်ခေါ်ကြတာပါ၊ ခင်ဗျားရဲ့ ညွှန်ကြားချက်အတိုင်း ကျုပ်တို့ အရိုးကြေကြေ အရေခန်းခန်း ဆောင်ရွက်ကြပါမယ်"

စကျိ မျက်မှောင်ကြုတ်သွား၏။

"ညီမောင် လိုဟိုင်ညို ... ဘယ်နှယ့်ကြောင့် ဒီလောက်ပြင်းထန်တဲ့ စကားမျိုးကို ပြောလိုက်ရတာလဲ"

Scanned with ACE Scanner

လိုဟိုင်ညီက မချိပြုံးပြုံးကာ ...

"စိတ်ထဲမှာ မခံချင်လွန်းလို့ပါ"

ရှောက်ချူးရွှေမှာ သူတို့နှစ်ယောက် တစ်ယောက်တစ်ခွန်း အချီအချ ပြောဆိုနေကြသဖြင့် စကားပြောဖို့ အခွင့်မသာခဲ့။ အတော် ခက်ခက်ခဲခဲ အချိန်ယူပြီးမှ ကျိုချူးချောက်လန်အား ...

"မင်းနဲ့အတူတူ အစ်ကိုကြီးယန်တိုတို့ ရှိမနေကြဘူးလား၊ သူတို့တစ်တွေကော အခု ဘယ်ရောက်နေကြသလဲ၊ ငါ ကျင်းတိန် တောင်ပေါ်မှာ သူတို့ကို ရှာခဲ့သေးတယ်"

ကျိုချူးချောက်လန် ကြောင်၍ ရပ်နေသည်။

ရှောက်ချူးရွှေ စိတ်တဲတွင် ထင့်သွားသည်။

"ကျိုချူး မင်းဘယ်လို ..."

သူ့စကား မဆုံးလိုက်၊ လျှပ်တစ်ပြက် အချိန်အတွင်းမှာပင် ကျိုချူးချောက်လန်၏ ဘယ်ဘက်လက်က ရှောက်ချူးရွှေ၏ လက် မောင်း ချိတိုသွေးကြောကွက်၊ ညာဘက်လက်က ပခုံးညပ်ရိုးရှိ ကျင်ကျင်သွေးကြော၊ ဘယ်ဘက်ဒူးဆစ်က ရှောက်ချူးရွှေ၏ ဘယ် နံကြားမှ ရယ်မောမောသွေးကြော၊ ညာဘက်ခြေထောက်က ခြေဖမိုး ပေါ်ရှိ ယုံချွင်သွေးကြောတို့ကို နင်းထားလိုက်သည်။

ရှောက်ချူးရွှေမှာ မယုံကြည်နိုင်လောက်အောင်ပင် တုန်လှုပ် ကာ အံ့အားအသင့်ကြီး သင့်သွားမိသည်။

ကျိုချူးချောက်လန်သည် သူ၏ လက်ရွေးစင် သူငယ်ချင်း များထဲမှ သူ အခင်မင်ဆုံး၊ အားအကိုးဆုံး လူတစ်ယောက် မဟုတ် ပါလား။

"ကျိုချူး ..., မင်း ... မင်း ဘာလုပ်တာလဲ"

ကျိုချူးချောက်လန်က အေးတိအေးစက် လေသံဖြင့် ...

"ကျုပ် ဩဇာအာဏာဂိုဏ်းကလူ မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူလဲ"

"မိုးဘုရင်ကြီးကျူးရဲ့ မွေးစားသား၊ ကျုပ်လိုချင်တာ ခင်ဗျား ဆီက သူရဲကောင်း အမိန့်ပေး တံဆိပ်ပြားပဲ"

စကျိုမှာ ထိုစကား ကြားလိုက်ရသည်နှင့် အကြီးအကျယ် ဒေါသထွက်သွားတော့သည်။ ရှေ့သို့ ခြေတစ်လှမ်းတိုးတက်လာ ပြီး ...

"ခွေးမသား ... မင်းက မိုးဘုရင်ကြီး ကျူးရဲ့ အစေအပါး လုပ်ပြီး တို့ရဲ့ ပြည်မကြီး သွေးသောက်အဖွဲ့ထဲကို သူလျှိုလာလုပ် တာပေါ့လေ၊ ငါရှိနေသမျှ မင်းဘာမှ လုပ်လို့မရဘူး၊ မင်းကို အသေ သတ်ရမယ်"

ပြောပြောဆိုဆိုပင် လက်ဝါးဖြင့် ကျိုချူးချောက်လန်၏ ဦး ခေါင်းကို လှမ်းရိုက်လိုက်သည်။ ကျိုချူးချောက်လန်မှာ သွေးကြော ကွက်များကို ဖမ်းချုပ်ထားရသဖြင့် ပြန်လည်ခုခံရန် အခွင့်မသာ၊ သို့သော် ရှောင်တိမ်းခြင်းလည်း မပြုဘဲ အေးဆေးတည်ငြိမ်စွာပင် ရှိနေသည်။

ရှောက်ချူးရွှေမှာ ပြောင်းလဲလာသော အခြေအနေများကြောင့် စိတ်ရှုပ်ထွေးနေမိသည်။

စကျို၏ လက်ဝါးရိုက်ချက်က ကျိုချူးချောက်လန်၏ ဦးခေါင်း ထက်သို့ ရိုက်ချမိတော့မည်။ ထိုစဉ် လိုယိုင်ညိုသည် ခါးတွင် ချိတ်ထားသော ပေါက်ချွန်းလက်နက်နှင့် သံမဏိဆူးချွန်တို့ကို ထုတ် လိုက်သည်။

လက်နက်ထုတ်သံကြောင့် စကျို နောက်သို့ အလန့်တကြား လှည့်ကြည့်လိုက်မိ၏။

သူ နောက်ကျသွားခဲ့ပြီ။ လိုဟိုင်ညို၏ သံမဏိဆူးချွန်က သူ့ ရင်ဝသို့ စိုက်ပြီးဖြစ်နေသည်။

Scanned with ACE Scanner

ဖြာခနဲ ပန်းထွက်လာသော သွေးစများနှင့်အတူ စကျီမှာ မယုံကြည်နိုင်သော မျက်လုံးများဖြင့် လိုဟိုင်ညီကို ကြောင်ကြည့်နေမိသည်။ လိုဟိုင်ညီက အေးစက်စက် အမူအရာနှင့် ပေါက်ချွန်းကို လွှဲရိုက်လိုက်သည်။ သံမဏိဆူးချွန်က စကျီ၏ ရင်ဝအတွင်းသို့ အဆုံးတိုင် နစ်ဝင်သွားသည်။

အံ့အားသင့်သော အမူအရာဖြင့် စကျီ တစ်ယောက် အသက်ပျောက်သွားခဲ့ရသည်။

ရှောက်ချူးရွှေ အလွန်ပင် ဝမ်းနည်းစိတ်မကောင်း ဖြစ်သွားမိသည်။

လိုဟိုင်ညီသည် ရှောက်ချူးရွှေကို ကောက်ကျစ် ရက်စက်သော အကြည့်ဖြင့် ကြည့်လိုက်သည်။ သွေးစွန်းပေနေသော သံမဏိဆူးချွန်နှင့် ပေါက်ချွန်းတို့ကို လက်တစ်ဖက်စီကိုင်ကာ ရှောက်ချူးရွှေထံသို့ လျှောက်လာသည်။ သူ့ ရယ်မောသံက မကောင်းဆိုးဝါး တစ်ကောင် အော်ဟစ်ညည်းညူသံနှင့် တူနေသည်။

သူ၏ ရက်စက်စွာ သတ်ဖြတ်တော့မည့် အမူအရာကို မြင်တွေ့နေရသော်လည်း ရှောက်ချူးရွှေ၏ စိတ်ထဲတွင် တုန်လှုပ်ခြင်း မဖြစ်မိ။ သာမန် ခွေးတစ်ကောင်ကို ကြည့်သည့် မျက်လုံးမျိုးဖြင့်သာ ရွံ့ရှာစွာ ကြည့်နေမိသည်။

လိုဟိုင်ညီက တဟဲဟဲ ရယ်မောကာ ကျေနပ် ပီတိဖြစ်နေ၏။

"ကျုပ် ဘယ်သူဆိုတာ ခင်ဗျား ခန့်မှန်းမိပြီလား"

ရှောက်ချူးရွှေကလည်း ကောက်ကာငင်ကာ ရယ်မောပစ်လိုက်သည်။

"ကျုပ် ဘယ်လိုလူမျိုးကို အနှစ်သက်ဆုံးလဲဆိုတာ ခင်ဗျားသိသလား"

လိုဟိုင်ညီမှာ ရှောက်ချူးရွှေတစ်ယောက် သေရတော့မည့်

Scanned with ACE Scanner

အချိန်ကို ရောက်နေသည့်တိုင် ယခုကဲ့သို့ ရယ်ရယ်မောမော ပြောဆိုနေနိုင်သေးသည်ကို တွေ့လိုက်ရသဖြင့် ရင်ထဲတွင် ဒိတ်ခနဲ လှုပ်ခုန်သွားမိသည်။ ကိုချူးချောက်လန်ကိုလည်း မျက်ရိပ်တစ်ချက် လှမ်းပြလိုက်သည်။

ကိုချူးချောက်လန်က မိမိရရ ချုပ်ကိုင်ထားပြီး ဖြစ်ကြောင်း အချက်ပြလိုက်မှ သူ ရဲဝံ့ သတ္တိရှိလာသည်။

"ခင်ဗျား ဘယ်သူ့ကို နှစ်သက်တယ်ဆိုတာ ကျုပ် ဘယ်သိမလဲဗျ"

ရှောက်ချူးရွှေ အေးဆေးတည်ငြိမ်စွာပင် ...

"ကျုပ် အနှစ်သက်ဆုံးလူက သမာဓိ ရှိရမယ်၊ သစ္စာ စောင့်သိရမယ်၊ သွေးသောက်စိတ် ထားရှိရမယ်၊ ကျုပ် အမုန်းဆုံးလူက သစ္စာမရှိ၊ ကတိမတည်၊ ကြင်နာစိတ်မရှိတဲ့ လူပဲ၊ ဒါတွေအားလုံးဟာ ခင်ဗျားနဲ့ မထိုက်တန်ဘူး"

လိုဟိုင်ညီသည် မိမိကို တစ်ဖက်လူက ချီးကျူးသော်လည်း ညာတာမည့် လူမျိုး မဟုတ်ပေ။ သို့သော် သူ့စိတ်ထဲတွင် ရှောက်ချူးရွှေက ဆဲဆို ရှုတ်ချလာလိမ့်မည်ဟု ထင်မှတ်ခဲ့သည်။ တကယ့်တကယ်တွင် ရှောက်ချူးရွှေက ရိုင်းစိုင်းစွာ ပြောမလာသဖြင့် ကောက်ကျစ်စွာ ပြုံးလိုက်မိသည်။

"ဩော် ... ခင်ဗျားက ကျုပ်ကို မမုန်းဘူးကိုး"

"ချင်ဗျားကို ကျုပ် ဘယ်မုန်းပါ့မလဲ"

ရှောက်ချူးရွှေ စကားစကို ဖြတ်ကာ ရယ်မောလိုက်ပြီး ...

"ဘာကြောင့်လဲဆိုတော့ ခင်ဗျားက လူမှ မဟုတ်ဘဲ"

လိုဟိုင်ညို မျက်နှာကြီး မဲ့သွား၏။ ရှောက်ချူးရွှေက အားအင်အပြည့်အဝ ပါဝင်သော အကြည့်ဖြင့် စူးစိုက်ကြည့်လိုက်ပြီး ညင်သာသော လေသံဖြင့် ...

"ကိုယ့်ညီနောင်ကို ပြန်သတ်တဲ့လူကို လူလို့ခေါ်နိုင်လား"

လိုဟိုင်ညို သည်းမခံနိုင်တော့။

စိတ်လှုပ်ရှားလွန်းသဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လာတော့သည်။

လိုဟိုင်ညိုသည် ငယ်စဉ်တုန်းက ဝက်ရူးပြန်ရောဂါ စွဲကပ်ခဲ့ဖူးသဖြင့် စိတ်လှုပ်ရှားမှု ဖြစ်လာသည့်အခါတိုင်း အကြောများ ရှုံ့တွ တက်လာသည်။ တစ်ဖန် သက်တန့်နီတောင်တွင် မိုးဘုရင် ကျူးကျင့်ချန်၏ မီးဒဏ် အသင့်ခံခဲ့ရသဖြင့်လည်း အကြောများက ရှုံ့တွ နေခဲ့သေးသည်။

အတန်ကြာမှ သူ့ကိုယ်သူ စိတ်ချုပ်တည်းလိုက်ကာ တုန်ယင်မှုကို ဖြေဖျောက်နိုင်၏။

"သူ့ကို သတ်ပစ်လိုက်"

လိုဟိုင်ညိုက ကျိုချူးချောက်လန်ကို အမိန့်ပေးသည်။

ကျိုချူးချောက်လန်က မလှုပ်၊ ရှောက်ချူးရွှေကို ထိန်းချုပ်မြဲ ထိန်းချုပ်ထားသေးသည်။ လိုဟိုင်ညိုမှာ မျက်နှာကြီး နီရဲလာပြီး ဒေါသထွက်လွန်းသဖြင့် အအေးမိနေသော ခွေးတစ်ကောင်ပမာ တဆတ်ဆတ် တုန်နေပြန်သည်။

"သူ့ကို သတ်လိုက်၊ ပြီးရင် သူရဲကောင်း အမိန့်ပေးတံဆိပ်ပြားကို ရှာကြစို့"

လိုဟိုင်ညို ဘယ်လိုပြောပြော ကျိုချူးချောက်လန်မှာ ငြိမ်မြဲတိုင်း ငြိမ်နေ၏။ လိုဟိုင်ညို စိတ်မရှည်တော့။

"မင်း မလုပ်ဘူးလား၊ မင်း မလုပ်ရက်ရင် ကျုပ် သူ့ကို သတ်မယ်"

ပြောပြောဆိုဆိုပင် သံမဏိဆူးချွန်နှင့် ပေါက်ချွန်းကို ကိုင်ကာ ရှောက်ချူးရွှေထံသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာသည်။

Scanned with ACE Scanner

လျှောက်လာစဉ်တွင် ကျိုချူးချောက်လန်၏ မျက်လုံးအစုံက မှုံမှိုန် ဖြစ်နေသည်ကို မြင်ရကာ စိတ်ထဲတွင် ထင့်ခနဲ ဖြစ်မိသည်။

ကျိုချူးချောက်လန်၏ ခြေလက်တို့သည် ရှောက်ချူးရွှေကို ဖမ်းချုပ်ထားသောလည်း သူ့ မျက်လုံးအစုံကမူ မှေးမှိန်နေသည်။

လိုဟိုင်ညိုက သတိပြုမိလိုက်သည့် အချိန်တွင် ကျိုချူးချောက် လန်မှာ သံလိုက်မျိုးတူ ဝင်ရိုးစွန်းနှစ်ခု ထိတွေ့လိုက်သည့်ပမာ ရှောက်ချူးရွှေ၏ ခန္ဓာကိုယ်မှ ကွဲကွာ လွင့်စဉ်သွားသည်။

လိုဟိုင်ညိုသည် ပထမဦး ထွက်ပြေးရန် ကြံသေးသည်။ သို့ သော် သူသည် ရှောက်ချူးရွှေနှင့် အနီးကပ်ရှိနေပြီး လက်ထဲတွင် လည်း လက်နက်က ထုတ်ကိုင်ထားပြီး ဖြစ်သည်မို့ အသာစီးရနေ သည်။ ထွက်ပြေးရန် စိတ်ကူးကို ပယ်ဖျက်လိုက်ပြီ သံမဏိဆူးချွန် နှင့် ပေါက်ချွန်းတို့ကို ဝှေ့ယမ်းလိုက်သည်။

သူ့ လက်နက်များ ဝှေ့ယမ်းလိုက်စဉ်မှာပင် ဓားရောင်တစ် ချက် လက်သွားသည်။ ဓားလက်ချိန်နှင့် တစ်ထပ်တည်းပင် သူ့ ရင်ဝတွင် ရှုးခနဲ ခံစားလိုက်ရပြီး ဓားဦးချွန်က သူ့နောက်ကျောသို့ ဖောက်ထွက်သွားသည်။ သွေးများ ရဲခနဲပန်းထွက်လာသည်။ မြက်ခင်း ပြင်တွင် သွေး နှင့် နှင်းပွင့်များ ရောထွေးအရည်ပျော် စီးဆင်းကုန် သည်။ ဓားတွင် မူ သွေးတစ်စက်မျှ စွန်းထင်း ပေကျံခြင်း မရှိ။

ရှောက်မိသားစု၏ အစဉ်အဆက် ဓားကောင်းဓားမြတ် တစ် လက်ဖြစ်သော ချန်ကိုးဓားမြတ်က ပထမဦးစွာ သစ္စာဖောက် တစ် ယောက်၏ သွေးကို သောက်လိုက်ချေပြီတကား။

ကျိုချူးချောက်လန်မှာ ရှောက်ချူးရွှေ၏ အတွင်းအားများ တွန်းကန်မှုကြောင့် လွင့်စဉ်ကာ မြေပြင်ပေါ်တွင် ပက်လက်လန် လဲကျနေ၏။ ရှောက်ချူးရွှေအပေါ် ပထမဆုံးအကြိမ်အဖြစ် ကြောက် ရွံ့ခြင်း ဖြစ်ပေါ်လာသည်။

ရှောက်ချူးရှေ၏ အတွင်းအား တိုးဝင်ဆောင့်မှုကြောင့် သူ့အနေနှင့် လူကောင်းပကတိအတိုင်း မဖြစ်နိုင်တော့။ အရိုးအကြောများ ပျက်စီးကာ ဒုက္ခိတဘဝသို့ ရောက်ချေတော့မည်။

လဲကျနေသော်လည်း သူ မညည်းရဲ၊ ပြန်ထရန်လည်း မဝံ့။

"သူ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"

ရှောက်ချူးရှေက လဲကျသေဆုံး နေပြီဖြစ်သော လိုဟိုင်ညှိုကို ကြည့်ပြီး မေးလိုက်သည်။ ကျိုးချူးချောက်လန်က တည်ငြိမ်စွာပင် ...

"သူလဲ ကျုပ်လိုပဲ မိုးဘုရင်ကြီးကျူးရဲ့ မွေးစားသားအဖြစ် လုပ်ခဲ့တယ်"

"မိုးဘုရင်ကြီးကျူးက မွေးစားသားတွေ အများကြီးထားပြီး ဘာလုပ်တာလဲ"

ကျိုးချူးချောက်လန် မရှိုပြုံး ပြုံးလိုက်သည်။ စကားမပြန်။ သို့သော် ကျိုးချူးချောက်လန်၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ရှောက်ချူးရှေ သိသည်။ စိတ်မကောင်းသည့် အသွင်ဖြင့် သက်ပြင်းတစ်ချက် ချလိုက်မိသည်။

"မင်းတို့တစ်တွေ ကိုယ့်ဆန္ဒနဲ့ ဒီလိုလုပ်တာလား"

"လိုဟိုင်ညှိုက ကိုယ့်ကိုယ်ကို အထင်ကြီးတဲ့ လူစားမျိုးပဲ၊ သူ့ အဆင့်က သာမန် သိုင်းသမားလေးတွေရဲ့ အထက်မှာ ရှိနေတော့ သူ လုပ်ချင်သလို လုပ်ဖို့ အခွင့်အရေး ရလာတယ်၊ ပထမဆုံး အစ်ကိုကြီးကို ရှင်းပစ်မယ်၊ ဒါဆိုရင် မိုးဘုရင်ကြီးကျူးက သူ့ကို ဆုလာဘ်နဲ့ ရာထူးတိုးမြှင့်ပေးမယ်၊ နောက်တစ်နည်းက အစ်ကိုကြီးရဲ့ နေရာကိုယူပြီး ပြည်မကြီး သွေးသောက်အဖွဲ့ကို အုပ်ချုပ်ကွပ်ကဲမယ်၊ ဒါကြောင့် သူ အခုလို ညီနောင်အချင်းချင်း သစ္စာဖောက် ရှောင်းစားတာပဲ"

ရှောက်ချူးရှေ ကျိုးချူးချောက်လန်ကို စိုက်ကြည့်ကာ ...

Scanned with ACE Scanner

"မင်းကျတော့ကော ...

ကျိုးချူးချောက်လန် မချိပြုံး ပြုံးလိုက်သည်။

"ကျုပ်ရဲ့ဆရာဟာ စာပေလင်္ကာသမား တစ်ယောက်၊ ကျုပ်ရဲ့ ကျေးဇူးဖခင်ဟာ သိမ်းငှက်လက်သဲ ဝမ်လေ့ဖုန်း၊ မွေးဖခင်က ကျိုးချူးတောက်တီထန်ပဲ၊ ကျုပ် သူတို့သေမှာကို မကြည့်ချင်ဘူး"

"ဒါဆိုရင် သူတို့တစ်တွေဟာ မိုးဘုရင်ကြီးကျူးရဲ့ ထိန်းချုပ်ထားတာကို ခံနေရတာပေါ့"

ကျိုးချူးချောက်လန်မှာ အရိုးအဆစ်များ နာကျင်လွန်းသဖြင့် ပြန်လည် ဖြေကြားနိုင်ခြင်း မရှိ။ ရှောက်ချူးရွှေ အခြားမေးခွန်း တစ်ခုကို ပြောင်းလဲလိုက်ရသည်။

"အစ်ကိုကြီး ယန်တို၊ ထက်စင်းရွှဲ၊ ချူးနန်ကုတို့ တစ်တွေကော မင်းတို့ရဲ့ ထိန်းချုပ်မှုအောက်မှာ ရောက်နေသလား"

ကျိုးချူးချောက်လန် ခေါင်းညိတ်လိုက်သည်။ သို့သော် နာကျင်လွန်းသဖြင့် မျက်ရည်များ စီးကျလာသည်။ ရှောက်ချူးရွှေက ကမန်းကတန်းပင် ကျိုးချူးချောက်လန်၏ နောက်ကျောဘက်ကို ခုန်ဝင်ပြီး လက်ဝါးဖြင့် ဖိကပ်ပေးလိုက်သည်။ အပူအားလိုင်းများ ကိုယ်တွင်းသို့ စီးဝင်လာသဖြင့် ကျိုးချူးချောက်လန် အနည်းငယ် နေသာထိုင်သာ ရှိလာသည်။

"သူတို့တစ်တွေ အခု ဘယ်မှာလဲ"

ရှောက်ချူးရွှေ ထပ်မေးသည်။

ထိုအချိန်တွင် ဓားအလင်းတန်းနှစ်ခုက လျှပ်တစ်ပြက် အရှိန်ပြင်းစွာ ပြေးဝင်လာသည်။ ရှောက်ချူးရွှေ ရုတ်တရက် ခုန်လိုက်သည်။ ဓားမြောင်နှစ်လက်က ကျိုးချူးချောက်လန်၏ မျက်လုံးနှစ်ဖက်အတွင်းသို့ ဒုတ်ခနဲ ဒုတ်ခနဲ စိုက်ဝင်သွား၏။

"အား ..."

ကျိုချူးချောက်လန်၏ နာကျင်စွာ အော်ဟစ်လိုက်သံက နှင်းမှုန်များပင် လန့်ဖျပ်ပြိုကွဲသွားသည်။ ကျိုးနေသော လက်ဖြင့် မျက်နှာကို အုပ်ကိုင်ရန် ကြိုးစားသည်။

လှရိုပ်တစ်ရိုပ်က ထင်းရှူးပင်ကြီး တစ်ပင်ပေါ်မှ လွှားခနဲ ခုန်ဆင်းလာသည်။ လူနှင့်အတူ ဓားအလင်းရောင် တစ်ချက်ကလည်း ပြက်ခနဲ လက်သွား၏။ ကျိုချူးချောက်လန်၏ လက်နှစ်ဖက် ပြတ်တောက်သွားပြန်သည်။ ကျိုချူးချောက်လန် ငယ်သံပါအောင် အော်ဟစ်လိုက်ပြန်သည်။

ရောက်လာသူသည် ကျိုချူးချောက်လန်၏ မချိမဆန့် အော်ဟစ်သံကို ရယ်ပွဲတစ်ခုဟု ထင်မှတ်ဟန်ဖြင့် အားပါးတရပင် ရယ်မောနေ၏။ ထိုအချိန်တွင် ဓားရောင်တစ်ချက် လက်သွားပြန်သည်။ ကျိုချူးချောက်လန်၏ အသံလည်းတိတ်သွားသလို လှုလည်း ငြိမ်သက်သွား၏။

ထိုဓားရောင်က ရှောက်ချူးရွှေက ကျိုချူးချောက်လန်၏ ဆိုးဆိုးရွားရွား ဝေဒနာ ခံစားနေရသည်ကို မကြည့်ရက်သဖြင့် ချုပ်ငြိမ်းပေးလိုက်ခြင်းပင် ဖြစ်ပေသည်။ ရောက်လာသူက ရယ်မောခြင်းကို ရပ်တန့်ကာ ရှောက်ချူးရွှေအား စိုက်ကြည့်သည်။

ထိုသူ၏ အသက်မှာ နှစ်ဆယ်ဝန်းကျင်ခန့်ပင် ရှိဦးမည်။ သူ့ မျက်လုံးအစုံက စူးရှတောက်လက်လွန်း၏။ ရှောက်ချူးရွှေ၏ ချန်ကိုးဓားမြှတ်ကို တွေငိုင်ကာ ကြည့်နေ၏။

"ကျုပ်နာမည် လိုရှောင်ရွှဲ့လို့ ခေါ်တယ်၊ လူသတ်တဲ့ နေရာမှာ မျက်တောင်တစ်ချက် မခတ်တတ်ဘူးဆိုတာ ခင်ဗျား ကြားဖူးမှာပေါ့"

လိုရှောင်ရွှဲ့သည် မိုးဘုရင်ကြီးကျူး၏ မွေးစားသား တစ်ယောက် ဖြစ်သလို မွေးစားသားများ၏ ခေါင်းဆောင်လည်း ဖြစ်

သည်။ ဓားသိုင်းပညာတွင် ထူးချွန်ကာ လူသတ်ရာတွင် အသက်ငယ်သလောက် ရက်စက်ကြမ်းကြုတ်လှသည်။

သူ၏ မိုးနန်းတောင်ဂိုဏ်းမှ ပျံလွှားအစာရှာ ဓားသိုင်းကွက်မှာ ကြောက်စရာကောင်းသလောက် နာမည်ကြီးသည်။ သူ့အကြောင်းများကို ရောက်ချူးရှွေသည် ကိုယ်တော်လေးလင်မှ တစ်ဆင့် သိရှိထားခဲ့သည်။

ကိုယ်တော်လေးလင်သည် တစ်ချိန်က လိုရှောင်ရွှဲ့အား ရှာဖွေကာ သိုင်းပညာချင်း ယှဉ်ပြိုင်ရန်ပင် ကြိုးစားခဲ့ဖူးသည်။ သူတို့နှစ်ယောက်မှာ တစ်ပြိုင်တည်း နာမည်ထင်ရှားခဲ့သူများ ဖြစ်သော်လည်း တစ်ယောက်က အမှန်တရားဘက်မှ ရပ်ကာ တစ်ယောက်က ဒုစရိုက်မှုများတွင် လက်ယဉ်သူတစ်ဦး ဖြစ်သည်။

"အင်း ... တကယ့် ပုဂ္ဂိုလ်ထူးနဲ့ လာဆုံရတာကိုး၊ ကျုပ်မှာ မိတ်ဆွေတစ်ယောက် ရှိတယ်၊ ကိုယ်တော်လေး လင်တဲ့၊ ခင်ဗျား ကြားဖူးမှာပေါ့"

ရောက်ချူးရှွေက ခပ်ပေါ့ပေါ့ပင် ပြောသည်။ လိုရှောင်ရွှဲ့ ရယ်မောလိုက်သည်။

"ကိုယ်တော်လေး လင်က တစ်ဖက်သွားဓားနဲ့ နှစ်ဖက်သွားဓား နှစ်ခုစလုံးကို ကျွမ်းကျင်တဲ့ သူပဲ၊ ကြည့်ရတာတော့ မိန်းမမဟုတ်၊ ယောကျ်ားမဟုတ်နဲ့ နပုလ္လိုင်တစ်ယောက် ဖြစ်နိုင်တယ်"

"အေး ... သူကတော့ မင်းကို သတ်ပစ်ချင်နေတာ အမှန်ပဲ၊ အခုတော့ ကျုပ်က သူ့ကိုယ်စား မင်းကို သတ်ပေးရတော့မှာပေါ့"

လိုရှောင်ရွှဲ့ တစ်ချက်မျှ ကြောင်အမ်းအမ်း ဖြစ်သွား၏။ နောက်မှ အားပါးတရပင် ရယ်မောလိုက်သည်။

"ကိုယ်တော်လေးလင်က သတ်ချင်နေတာနဲ့ပဲ ခင်ဗျားက ကျုပ်ကို သတ်မလို့ပေါ့"

Scanned with ACE Scanner

"မဟုတ်ဘူး၊ ဒါတင် မကသေးဘူး"

"တခြားအကြောင်း ရှိသေးလား"

"ဟုတ်တယ်၊ ကျိုချူးချောက်လန်အတွက်ကြောင့်ပဲ"

ရှောက်ချူးရှေက သေဆုံးနေပြီဖြစ်သော ကျိုချူးချောက်လန်ကို ဓားဦးဖြင့် ညွှန်ပြကာ ပြောသည်။ လိုရှောင်ရွှဲ့ အံ့အားတသင့်ဖြစ်သွားသည်။

"ခင်ဗျားက သူ့ကိုယ်စား ကလဲ့စား ချေမလို့လား၊ သူက ခင်ဗျားအပေါ် သစ္စာဖောက်ခဲ့တာပဲ"

"ဒါပေမယ့် သူဟာ ကျုပ် မိတ်ဆွေဖြစ်တယ်၊ ဒီအပြင် ကျုပ်ရဲ့ သွေးသောက်ညီနောင် တစ်ယောက်လဲ ဖြစ်တယ်"

"ဟား ... ဟား ... ဟား ... ဒီလို ဖြစ်လိမ့်မယ်လို့ ကျုပ် မထင်မိခဲ့ဘူး၊ သူ့ကို ကျုပ် သတ်လိုက်တာ ခင်ဗျားအပေါ် သူ သစ္စာဖောက် ရောင်းစားလို့ မဟုတ်ဘူး၊ မိုးဘုရင်ကြီးကျူးအပေါ် သစ္စာ ဖောက်တော့မှာမို့လို့ပဲ"

ရှောက်ချူးရှေက လိုရှောင်ရွှဲ့ကို စိုက်ကြည့်လိုက်သည်။ လိုရှောင်ရွှဲ့လည်း အရယ်ရပ်ကာ ရှောက်ချူးရှေအား ပြန်ကြည့်၏။

မျက်လုံးအကြည့်အားချင်း အရောင်ဆုံး တိုက်ခိုက်ကြသည့်နှယ်။

"စောစောတုန်းက သူ ပြောတဲ့စကားတွေဟာ မိုးဘုရင်ကြီးကျူးအပေါ် မနှစ်မြို့ မကျေနပ်တဲ့ စကားတွေပဲ"

"မင်းက မိုးဘုရင်ကြီးကျူးနဲ့ ဘယ်လို ပတ်သက်နေသလဲ"

လိုရှောင်ရွှဲ့က ထိုအမေးစကားကို မဖြေ။

"ခုနက ခင်ဗျား ဓားမြှောင်ကို ရှောင်တိမ်းလိုက်တဲ့ ကိုယ်ဟန်က တော်တော့်ကို မြန်ဆန်တာပဲ၊ ကိုယ်တော်လေးလင်ကိုယ်စား ကျုပ်ကို သတ်ပစ်မယ်ဆိုတာ ဧကန္တ ပန်းချောင်းဓားသိုင်းပညာ

နဲ့ ကျုပ်ရဲ့ မိုးနန်းတောင် ထင်ဆန်းဂိုဏ်းရဲ့ ဓားပညာကို စမ်းကြည့်ချင်လို့ထင်တယ်"

ရှောက်ချူးရွှေ ခေါင်းကို ခါယမ်းလိုက်သည်။ လက်ညှိုးတစ်ချောင်းကို ဆတ်ခနဲ ထောင်ကာ…

"ကျုပ် ပန်းချောင်းဓားကိုတော့ သုံးမယ်၊ ဒါပေမယ့် ပန်းချောင်းဓားသိုင်းကွက်ကို သုံးစရာ မလိုဘူး၊ ပန်းချောင်းဓားကွက် သုံးကွက် သုံးမိရင် ကျုပ်ဟာ ပန်းခေါင်းဓားဂိုဏ်းသား ဖြစ်သွားနိုင်တယ်၊ ကျုပ်အနေနဲ့ မင်းကို လက်ညှိုးတစ်ချောင်းတည်းနဲ့ထောင်သတ်ပစ်နိုင်တယ်၊ ဒါပေမယ့် မင်း ပန်းချောင်းဓားအောက်မှာ အသက်ထွက်ရမှာပဲ"

လိုရှောင်ရွှဲ့ ချောက်ကပ်ကပ် ရယ်မောလိုက်သည်။

"မိုးနန်းတောင်ရဲ့ ဓားပညာအစွမ်းကို ခင်ဗျား မကြားဖူးဘူးထင်တယ်"

ရှောက်ချူးရွှေ ဘာမှ ပြန်မပြော။ ဓားကိုသာ ဆွဲထုတ်လိုက်သည်။ ဓားသွားက နှင်းကဲ့သို့ ဖြူဖွေးနေသည်။ ပန်းချောင်းဓားဂိုဏ်း၏ အစဉ်အဆက် ချန်ကိုးဓားမြတ် ဖြစ်၏။

"တယ်ကောင်းတဲ့ ဓားပါလား"

လိုရှောင်ရွှဲ့ နှုတ်မှ ချီးကျူးစကား ဆိုလိုက်၏။ ထို့နောက် ဓားရှည်က ဆွဲထုတ်လိုက်၏။ ဓားက အတော်ပင် ဆန်းပြားထူးခြားသည့် ဓားတစ်လက်ဟု ဆိုနိုင်သည်။

ဓားရွက်က စက္ကူတစ်ချပ်လိုပင် အလွန် ပါးလွှာသည်။ ဓားနောင့်တွင် ပန်းကန်လုံးကလေးများ စီခြယ်ထားပြီး လက်ကိုင်ပေါ်တွင် ကျောက်မျက်ရတနာများ ပြိုးပျက်နေ၏။ ရတနာ၏ တန်ဖိုးကနည်းမည်မဟုတ်။

ဓားသွားက ဖြောင့်တန်းမနေဘဲ လခြမ်းကဲ့သို့ ကွေးကောက်

နေသည်။ ဤဓားမျိုးသည် တိုက်ခိုက် သတ်ဖြတ်ရာတွင် သုံးဖို့ မကောင်း။ အိမ်တွင် အလှချိတ်ဆွဲထားဖို့ ကောင်း၏။

"ဒီဓားနှောင့်ရဲ့ တန်ဖိုးကို ခင်ဗျား ခန့်မှန်းနိုင်မှာပေါ့"

လိုရှောင်ရွှဲ့ သိတကြီးစွာထားလျက် မေးသည်။ ရှောက်ချူးရွှေ ခေါင်းညိတ်ပြ၏။ လိုရှောင်ရွှဲ့ ကျေနပ်ပီတိ ဖြစ်မိသည်။

"ဒါပေမယ့် ဒီဓားဟာ လူသတ်နိုင်တဲ့ဓားတစ်လက်ဖြစ်တယ်"

ပြောပြောဆိုဆိုပင် လိုရှောင်ရွှဲ့ စတင်လှုပ်ရှားလိုက်၏။ သူ၏ ဓားပညာသည် ဆရာဖြစ်သူ စန်းလင်ထံတွင် သင်ယူခဲ့သော်လည်း ကိုယ်ပိုင် တီထွင်ထားမှုကြောင့် ပို၍ ဆန်းပြား အစွမ်းထက်သည်။

ရှောက်ချူးရွှေသည် ဂူတန်ဂိုဏ်း၏ တိုက်ကွက်တစ်ခုဖြင့် ဟန့် တားသည်။ ချန်ကိုးဓားမြတ်သည် လိုရှောင်ရွှဲ့၏ မိုးမခဓားနှင့် ထိတွေ့ လိုက်သောအခါ ထန်းခနဲ အသံထွက်ပေါ်လာပြီး မိုးမခဓားကို နှစ် ပိုင်းဖြတ်လိုက်မိပြီး ဖြစ်သွားသည်။

ပြတ်သွားသည့် ဓားအကျိုးက ပေဝက်ခန့် ရှိ၏။ တိုက်တိုက် ဆိုင်ဆိုင်ပင် ဓားအကျိုးက လိုရှောင်ရွှဲ့၏ ဘယ်ဘက်လက်ထဲသို့ ရောက်သွားသည်။ လိုရှောင်ရွှဲ့သည် ဓားအကျိုးကို ဖမ်းမိလျှင် ဖမ်းမိချင်း ရှောက်ချူးရွှေ၏ ဦးခေါင်းကို လျှပ်တစ်ပြက် ခုတ်ပိုင်းသည်။ လိုရှောင်ရွှဲ့က အကြံသမားတစ်ယောက် ဖြစ်သည်။

ရှောက်ချူးရွှေသည် သူ၏ မိုးမခဓားကို မပေါ့ဆဝံ့သဖြင့် သံမဏိကိုပင် ငှက်ပျောတုံး တစ်တုံးလို ခုတ်ပိုင်းနိုင်သည့် ချန်ကိုးဓား မြတ်ဖြင့် ခုခံပေလိမ့်မည်။ ခုခံလိုက်သည်နှင့် မိုးမခဓား အပေါ်ပိုင်း ကျိုးသွားမည်။ မိုးမခဓား အစစ်အမှန်သည် ထိုကျိုးပြတ်သွားသော အပေါ်ပိုင်းသာ ဖြစ်သည်။ ထိုအပိုင်းကို ဖမ်းယူပြီး ရှောက်ချူးရွှေ အား လျှပ်တစ်ပြက် တိုက်ခိုက်လျှင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားလိမ့်မည်ဟု သူ တွက်ဆခဲ့သည်။

Scanned with ACE Scanner

သူ တွက်ဆချက်အတိုင်း တကယ်လည်း ဖြစ်လာ၏။

သို့သော် ရောက်ချူးရွှေမှာ လူနံ့လူအ တစ်ယောက်မဟုတ်။ နာမည်ကြီး လူသတ်သမား လိုရှောင်ရွှဲ့အနေနှင့် ဘာမျှ အသုံးမကျသည့် ဓားတစ်လက်ကို အသုံးပြုကာ သူ့ အန္တရာယ်ကို ဖိတ်ခေါ်မည် မဟုတ်။ တစ်ခါတစ်ရံ၌ အသုံးမကျသည့် ဓားတစ်လက်က တန်ဖိုးမဖြတ်နိုင်လောက်အောင် အသုံးဝင်လာတတ်သည်။ ထိုအချက်များကို ရောက်ချူးရွှေ ရိပ်မိသည်။

ထို့ကြောင့် တစ်ဖက်လူ၏ ထောက်ချောက်ဆင်ကွက်ထဲသို့ တမင်ပင် တိုးဝင်လိုက်သည်။ လိုရှောင်ရွှဲ့က ဓားအကျိုးကို ဖမ်းယူပြီး ဓားပြတ်ဖြင့် ရောက်ချူးရွှေ ဦးခေါင်းကို ခုတ်ပိုင်းလိုက်သည်။ ရောက်ချူးရွှေက ဓားရှည်ဖြင့် ခုခံ၏။ ထို အချိန်မှာပင် လိုရှောင်ရွှဲ့၏ ဘယ်ဘက်လက်ထဲမှ ဓားအကျိုးက ရောက်ချူးရွှေထံ ပစ်လွှတ်ပြီး ဖြစ်နေသည်။

ရောက်ချူးရွှေကလည်း တစ်ဖက်လူ ဤကဲ့သို့ ပြုမူလာမည်ကို ကြိုတင် တွက်ဆထားပြီး ဖြစ်သဖြင့် လက်ဝါးရိုက်ချက် တစ်ချက်ကို ကမန်းကတန်း ရိုက်ချလိုက်သည်။ လက်ဝါး လေလှိုင်းအားက မိုးမခဓား အကျိုးကို တိုက်ရိုက် ထိမှန်သည်။ ဓားကျိုးမှာ ပါးလွှာပေါ့ပါးသဖြင့် လက်ဝါးချက် လေလှိုင်းထိသည်နှင့် နောက်ပြန်လည်ကာ လိုရှောင်ရွှဲ့၏ လည်မျိုအတွင်းသို့ အရှိန်ပြင်းစွာ ထိုးစိုက်ဝင်သွားတော့သည်။ တစ်ခဏအတွင်းမှာပင် လိုရှောင်ရွှဲ့မှာ မျက်လုံးကြီးပြူးကျယ် အံ့အားသင့်လျက် အသက်သေဆုံးသွားတော့သည်။

ထိုအချိန်မှာပင် ...

"ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

လက်ခုပ်တီးသံ ခပ်အုပ်အုပ်က ထင်းရှူးတောဆီမှ ထွက်ပေါ်လာသည်။ လက်ခုပ်သံနှင့်အတူ လူတစ်ယောက်လည်း လျှောက်

ထွက်လာသည်။ ထိုသူ၏ ဝတ်စုံစိမ်းတွင် နှင်းမှုန်များ ကပ်နေသဖြင့် အစိမ်းကွက်ဟုပင် ထင်မှတ်ရသည်။ သူ့ မျက်နှာတွင် အပြုံးတစ်ဝက်ကို တပ်ဆင်ထားသည်။ ရောက်ချူးရွှေ ထိုသူကို မြင်လိုက်ရသည်နှင့် မျက်ခုံးအစုံ ပင့်တတ်သွားသည်။

ဤသူကို တရင်းတနှီး သိရှိထားသည့်အပြင် သူ့စိတ်ထဲတွင် အနည်းငယ် တုန်လှုပ်မှုလည်း ရှိနေ၏။ ပြိုင်ဘက်ကောင်းကြီး တစ်ယောက်နှင့် ထိပ်တိုက် တွေ့လိုက်ရသည့် တုန်လှုပ်မှုမျိုး ဖြစ်၏။ ထိုသူကား လျှို့ဝှ တဖြစ်လဲ လျှို့ရွှေဖုန်း ဖြစ်သတည်း။

လျှို့ရွှေဖုန်းသည် လက်ခုပ်တီးရင်း ရယ်ရယ်မောမောဖြင့် လျှောက်လှမ်းလာသည်။

ကိုယ်ပေါ်တွင် နှင်းမှုန်များ ပေကျံနေသည် ကို ကြည့်ခြင်းဖြင့် ထင်ရှူးတောထဲတွင် အချိန်အတော်ကြာအောင် ရပ်စောင့်နေခဲ့ပုံရသည်။

"ကောင်းလိုက်တဲ့ ဓားသိုင်းပညာ၊ တစ်ဖက်လူ ပထမဆုံး ကျိုးပြတ်သွားလို့ ကျန်ခဲ့တဲ့ဓားနဲ့ မင်းကို တုံ့ပြန်တယ်၊ မင်းက သူ့ရဲ့ ကျိုးထွက်သွားတဲ့ ဓားအထက်ပိုင်းနဲ့ သူ့ကို သတ်ပစ်လိုက်တယ်၊ ကောင်းတယ် ... သိပ်ကောင်းတယ် ... ဒါမှ သိုင်းလောကရဲ့ အဆင့်မြင့် ဓားဝိဇ္ဇာတစ်ယောက်ပဲ"

ရောက်ချူးရွှေသည် လျှို့ရွှေဖုန်းကို အာရုံစူးစိုက် ကြည့်နေမိသည်။ သူ့ စိတ်ထဲတွင် လျှို့ရွှေဖုန်း၏ သွေးအေးပုံ၊ ရက်စက်ပုံ၊ ကောက်ကျစ်ဉာဏ်များပုံတို့ကြောင့် လီချိန်ကြိုးထက်ပင် ပို၍ ကြောက်စရာကောင်းသည်ဟု ထင်မှတ်မိသည်။

"ကျုပ်လာတာ မင်းနဲ့ ယှဉ်ပြိုင်ဖို့ မဟုတ်ဘူး၊ ဂိုဏ်းချုပ်က အမိန့်ရှိလိုက်လို့ လာပြောရတာပဲ၊ မင်းနဲ့ ဝမ်ပူကောင်းချောင်တို့ အနိုင်အရှုံး ပေါ်လာပြီးတဲ့နောက်မှ ကျုပ်ဖြစ်ဖြစ်၊ သူဖြစ်ဖြစ် မင်း

ဒါမှမဟုတ် ဝမ်ပူကောင်းချောင်နဲ့ အကြိတ်အနယ် ယှဉ်ပြိုင်ခွင့် ပြုနိုင်မယ်၊ ဒါမှသာ အဓိပ္ပာယ် ရှိနိုင်မယ်လို့ မှာထားတယ်"

လျှိုရွှေဖုန်းက ပြုံးရယ်ကာ ပြော၏။ ရောက်ချူးရွှေသည် ဓားရှည်ကို ဖြည်းညင်းစွာ ဝှေ့ယမ်းပြီး ပြန်သိမ်းထားလိုက်သည်။ လျှိုရွှေဖုန်းကိုမူ စကားပြန်မပြော။ လျှိုရွှေဖုန်းကသာ စကားကို ဆက်ပြောသည်။

"ကျုပ်မှာ လျှို့ဝှက် အဆင့်မြင့် ပွဲသိမ်းတိုက်ကွက် သုံးကွက် ရှိတယ်ဆိုတာ သိုင်းလောက ထိပ်သီးပုဂ္ဂိုလ်တွေ သိကြတယ်၊ အဲဒီ အထဲက တစ်ခုဟာ ထင်းမုနဲ့ ကူစင်းတို့ကို သတ်ခဲ့တဲ့ လက်နက်ပုန်း တိုက်ကွက်ပဲ၊ အခြား နှစ်ကွက်ကိုတော့ ကျုပ် ထုတ်မသုံးရသေးဘူး၊ အင်း ... မင်းရဲ့ သိုင်းပညာ တိုးတက်မှုက တကယ့်ကို မြန်ဆန် တာပဲ၊ အခု အခြေအနေမှာ ထင်းမုတို့ထက် အဆင့်မနိမ့်ဘူး၊ ကျုပ် မင်းနဲ့ ယှဉ်ပြိုင်ချင်ပါတယ်၊ ဒါပေမယ့် ဂိုဏ်းချုပ်ရဲ့အမိန့်ကို မနာခံ လို့ မဖြစ်ဘူး၊ သူက လိုရှောင်ရွှဲ့ကို မင်း ဘယ်လိုနည်းနဲ့ သတ်ပစ် မလဲဆိုတာ ကျုပ်ကို စေလွှတ်ပြီး လာကြည့်ခိုင်းတာပဲ၊ ကျုပ် တွေ့ခဲ့ ရတဲ့ အခြေအနေအားလုံး ဂိုဏ်းချုပ်ကို ပြန်တင်ပြရတော့မှာပဲ"

"ခင်ဗျားတို့ ဂိုဏ်းချုပ်ကြီး လီကိုယ်တိုင် ရန်သူကို တုံ့ပြန် တဲ့ ပညာ ကျုပ်ကိုယ်တိုင် တွေ့ခဲ့ရပါတယ်၊ သူက အရိပ်အယောင် ပြပြီး တစ်ဖက်သား အာရုံလွှဲပြောင်းပြီးမှ အပိုင်အနိုင် တိုက်ခိုက် တာပဲ"

ရောက်ချူးရွှေက လီချိန်ကြိုး၏ သတ်ဖြတ်ကွက်များကို အသေအချာ ပြန်ရှင်းပြသည်။ ကျန်းချန်ကျင်းနှင့် ဝမ်ဆွေယိတို့ကို တိုက်ခိုက်ပုံ၊ ချိုက်ချိစင်းကို ရှင်းလင်းပစ်ပုံ၊ မုယဲ့နှင့် ပေါက်ရှန် တို့ကို ဥပါယ်တစ်မျှင်ဖြင့် တိုက်ခိုက်ပုံတို့ကို ဝေဖန်မှတ်ချက်ချ သည်။

Scanned with ACE Scanner

"ဂိုဏ်းချုပ်ကြီးလိုရဲ့ တိုက်ခိုက်နည်းဗျူဟာစွမ်းရည်၊ သိုင်းပညာနဲ့ ဉာဏ်ကို လှာသုံးတတ်တဲ့ အတတ်ပညာတွေဟာ ကျုပ်တစ်သက်တာမှာ အလေးစားဆုံးပဲ"

လှိုင်ရွှေဖုန်း ခေါင်းညိတ်ကာ ထောက်ခံသည်။

"ဂိုဏ်းချုပ်ကြီးနဲ့ ရန်ငြိုးဖွဲ့သည်ဖြစ်စေ၊ မဖွဲ့သည်ဖြစ်စေ မချီးမွမ်းတဲ့သူ မရှိဘူး"

ရောက်ချူးရွှေက လေသံသဲ့သဲ့ဖြင့် ...

"ဒါနဲ့ ခင်ဗျားက ပွဲကြည့်သက်သက် ရောက်လာတာပေါ့"

လှိုင်ရွှေဖုန်းက နှစ်လိုစဖွယ် ပြုံးလိုက်၏။

"မင်းက ဘယ်လို မြင်လို့တုန်း"

လေပြေတစ်ချက် သုတ်ခနဲ တိုက်ခတ်လိုက်သဖြင့် ရောက်ချူးရွှေ ကြက်သီးမွေးညင်းများ ထသွား၏။ ချမ်းစိမ့်သောကြောင့် မဟုတ်၊ လှိုင်ရွှေဖုန်း စကားသံက သူ့ကို လွှမ်းမိုးခြိမ်းခြောက်နေသကဲ့သို့ ရှိသောကြောင့်ဖြစ်သည်။

"အင်း ... ကျုပ်အနေနဲ့ဆိုရင် မင်းကို ယှဉ်ပြိုင်ချင်ပါတယ်၊ ဒါပေမယ့် မဖြစ်နိုင်ဘူး၊ ဂိုဏ်းချုပ်ကြီးက ခွင့်မပြုလိုက်ဘူး"

လှိုင်ရွှေဖုန်းက သက်ပြင်းချကာ ပြောသည်။ ရောက်ချူးရွှေ စိတ်ထဲတွင် အနည်းငယ် ပေါ့ပါး ဖျတ်လတ်လာ၏။

"ဒါပေမယ့် မင်း လူ့ပြည်မှာ ရှိနေသေးရင် တစ်နေ့နေ့မှာ မင်းနဲ့ငါ ဆုံရဦးမှာပါ"

"ခင်ဗျား မသေသေးရင် ကျုပ်က စောင့်နေမှာပါ"

ရောက်ချူးရွှေမှာ အေးတိအေးစက်ပင် ပြန်ပြောလာလေ၏။ လှိုင်ဖုန်းရွှေ ခနဲ့ပြုံး ပြုံးကာ ...

"ယန်တိုတို့ တစ်တွေရဲ့ သတင်းကို မင်း သိချင်သလား"

ရောက်ချူးရွှေ စိတ်လှုပ်ရှားသွား၏။

Scanned with ACE Scanner

"ကျိုချူးချောက်လန်က သေသွားပြီဆိုတော့ မင်းကို မပြောပြနိုင်တော့ဘူး၊ ယန်တိုတို့တစ်တွေ ဘယ်မှာရှိနေကြတယ်ဆိုတာ ကျုပ်သိတယ်"

"ခင်ဗျားတို့ လက်ထဲမှာလား၊ မိုးဘုရင်ကြီး ကျူးဆီမှာလား"

"ကျုပ်တို့ လက်ထဲမှာ ဘယ်ဟုတ်နိုင်ပါ့မလဲ"

"ဒါဆိုရင် ခင်ဗျားက ဘယ်လိုလုပ် သိတာလဲ"

လျှို့ရွှေဖုန်းက အားပါးတရ ရယ်မောလိုက်၏။

"သူတို့တစ်တွေကို ဖမ်းဆီး ခေါ်ဆောင်သွားတဲ့ လူထဲမှာ ကျုပ်တို့လူတွေ ပါတယ်၊ ကျုပ်တို့ လူတွေထဲက သဲလွန်စကို ချန်ထားရစ်ခဲ့လို့ ကျုပ်တို့ သိရတာပေါ့၊ ဘယ်နှယ့်လည်း ကျုပ် ဖြေတာကို ကျေနပ်ရဲ့လား"

ရှောက်ချူးရွှေ မျက်မှောင်ကြုတ်လျက် ...

"သူတို့တတွေ ဘယ်မှာရှိတယ်ဆိုတာတော့ ခင်ဗျား ကျုပ်ကို ပြောမပြသေးဘူး"

"ရှားစီးနယ် ကျုံနန်တောင်ပေါ်ကိုသွား၊ ဝိညာဉ်ချုပ် တံတားပေါ်မှာ ငါးမျှားချိတ်မရှိဘဲ ငါးမျှားနေတဲ့ လူတစ်ယောက်ကို တွေ့လိမ့်မယ်၊ သူ့ကို မေးလိုက်ရင် မင်းသိချင်တဲ့ အကြောင်းတွေကို သိနိုင်တယ်"

ရှောက်ချူးရွှေ နေရာများ မှတ်သားနေစဉ်မှာပင် လျှို့ရွှေဖုန်းမှာ လုစ်ခနဲ ပျောက်ကွယ်သွား၏။ သူ့ ကိုယ်ဖော့ပညာက အံ့မခန်းစရာပင်။ ပန်းချောင်းနံဘေးတွင် တိယန်နှင့် သိုင်းလောက အဆင့်မြင့်ပုဂ္ဂိုလ် ဆယ်ဦးကျော် ဝိုင်းဝန်းတိုက်ခိုက်သည့်ကြားမှ လျှို့ရွှေဖုန်းပျောက်ကွယ်သွားသည့် ဖစ်မြစ်ကို ရှောက်ချူးရွှေ သိရှိရတ်တရက် ပျောက်ကွယ်သွားသည့် လျှို့ရွှေဖုန်း၏လိုက်၏။ နဂါးငွေ့တန်းလို ပေါ့ပါးသွက်လက်လှသည့် လျှို့ရွှေဖုန်း၏ကိုယ်ဖော့ပညာကြောင့်ပင်တည်း။

Scanned with ACE Scanner

"အင်း ... ကိုယ်ဖော့ပညာဟာ သိုင်းပညာအဖြစ် ကိုယ်စား မပြုနိုင်ပါဘူး"

ရောက်ချူးရှေ တီးတိုးပင် မှတ်ချက်ချလိုက်မိသည်။

ကျုံနန်တောင်သည် ချန်အန်းမြို့ အနီးတွင် တည်ရှိ၏။ ချန်အန်းမြို့ကို ဖြတ်ကျော်ပြီးမှ ထိုတောင်သို့ ရောက်နိုင်၏။

ရောက်ချူးရှေသည် ဝိညာဉ်ချုပ် တံတားဆီသို့ အမိသွား ရောက်ရမည် ဖြစ်သောကြောင့် ချန်အန်းမြို့၏ စားသောက်ဆိုင် တစ်ဆိုင်တွင် ဟင်းလျာများ မှာယူစားသောက်သည်။ အလျဉ်းသင့် သည့်နေရာတွင် ဝမ်းဗိုက်ဖြည့်ထားမှ အဆင်ပြေမည်မို့ ဝင်ရောက် စားသောက်နေခြင်း ဖြစ်သည်။

ထိုသို့ စားသောက်နေစဉ် အပေါ်ထပ်ဆီမှ ရုတ်တရက် လှုပ် လှုပ်ရှားရှား ဆူညံလာသည်။ ကြောင်ကြောင်ကျားကျား အဝတ် အစားများ ဝတ်ဆင်ထားသည့် လူသန်ကြီးနှစ်ယောက်သည် တစ် ယောက်က လက်ထဲတွင် တုတ်ကောက်တစ်ချောင်းကို ကိုင်ကာ တစ်ယောက်က လှံတိုတစ်ချောင်းကို ကိုင်လျက် အပေါ်ထပ်သို့ တက်သွားကြသည်။

အပေါ်ထပ်မှ စားပွဲထိုးအချို့က သူတို့ကို ဟန့်တားလိုက်၏။ လူသန်ကြီးနှစ်ယောက်က လက်ကို ညင်သာစွာ ခါယမ်းလိုက်လျှင် ထိုစားပွဲထိုးများ လွင့်စဉ်ကာ အတန်ကြာသည်အထိ ပြန်မထလာနိုင် ကြ။ နာကြည်းစွာသာ ညည်းညူနေကြ၏။ ရောက်ချူးရှေမှာ ထို အဖြစ်အပျက်ကြောင့် မျက်ခုံးကြုတ်သွားမိ၏။

ထိုအချိန်မှာပင် ငွေသိမ်းစားပွဲတွင် ထိုင်နေသည့် အဘိုးကြီး သည် ထိုသူများအနီးသို့ လျှောက်လာပြီး နူးညံ့ညင်သာစွာ ဖျန်ဖြေ စကား ဆိုလိုက်သည်။

"ဆရာတို့ရယ် သက်သက်ညှာညှာလေး လုပ်စေချင်ပါတယ်၊

ကျွန်တော်တို့က စားသောက်ဆိုင်နဲ့ ဝမ်းစာရှာစားနေရတဲ့ လူတွေပါခင်ဗျာ၊ ကျွန်တော်တို့ကို ငဲ့ညှာတဲ့အနေနဲ့ အပြင်တစ်နေရာကို ချိန်းဆိုလိုက်ကြပါလား ခင်ဗျာ"

လုံ့တိုကိုင်သူ လူသန်ကြီးက ခက်ထန်သော လေသံဖြင့် ...

"တိတ်စမ်း ... ကျုပ်တို့တစ်ဖက်လူနဲ့ စာရင်းရှင်းဖို့ ဒီနေရာမှာ ချိန်းဆိုထားပြီးပြီ၊ လွယ်လွယ်ကူကူနဲ့ ပြန်လို့ ဘယ်ရမလဲ"

ဆူဆူညံညံ အသံများကြောင့် ဆိုင်ရှင်ဖြစ်သူမှာ မနေသာတော့ဘဲ ပြေးထွက်လာပြီး ရှိခိုးတောင်းပန်သော်လည်း လူသန်ကြီးနှစ်ယောက်က နားမဝင်။

မြို့ခံလူကြီးများက ဝင်ရောက်ဖျန်ဖြေသည့်တိုင် လက်မခံဘဲ တင်းခံနေသည်။ ရမ်းရမ်းကားကားပင် ပြုလာသည်။ ရှောက်ချူးရွှေသည်းမခံနိုင်ဘဲ စားပွဲကို လက်ဖြင့်ထောက်ကာ မတ်တတ်ရပ်လိုက်သည်။ တုတ်ကောက်ကိုင် လူသန်ကြီးနှင့် လုံ့တိုကိုင် လူသန်ကြီးတို့မှာ တစ်စုံတစ်ခု လှုပ်ရှားလာသလို ခံစားမိကာ ရှောက်ချူးရွှေထံသို့ စူးစိုက်ကြည့်သည်။ သူတို့၏အကြည့်က ထိမထင်သည့် အကြည့်။ ရန်လိုသည့် အကြည့်။

ရှောက်ချူးရွှေ စကားပြောရန် ဟန်ပြင်လိုက်စဉ် တစ်စုံတစ်ယောက်၏ ဒေါသဖြင့် ရေရွတ်လိုက်သံက ထွက်ပေါ်လာ၏။

"ထွီ ... မင်းတို့က ဒီမှာလာ ရမ်းကားနေကြတာပေါ့လေ၊ ဒီနေရာကို မင်းမဲ့တိုင်းပြည်လို့များ မင်းတို့ ထင်နေကြသလား"

ထိုစကားကို ပြောလိုက်သူမှာ အလွန်ငယ်ရွယ်သည့် လူငယ်တစ်ယောက် ဖြစ်သည်။ အသက် ဆယ့်ရှစ်နှစ်ခန့် ရှိပြီး နောက်ကျောတွင် ဓားရှည်တစ်လက် ချိတ်ဆွဲထား၏။ သူ့ဘေးတွင် ဘုရင့်အမှုထမ်း အသက်သုံးဆယ်ခန့်ရှိ လူဆိုးထိန်းတစ်ယောက် ရပ်နေ၏။ ခါးကြားတွင် ဓားမကြီးတစ်လက် ချိတ်ဆွဲထား၏။

"မင်းက ဘာကောင်မို့လို့လဲ"

လုံ့တိုကိုင် လူသန်ကြီးက ပြန်ပြောသည်။ ဓားရှည်လွယ်ထား သောလူငယ် အကြီးအကဲ ဒေါသထွက်လာသည်။

"တော်တော် ရမ်းကားသလောက် မျက်စိမပါတဲ့ လူတွေပဲ၊ ကျုပ်ဟာ ကျုံနန်တောင် ဓားဂိုဏ်းရဲ့ နံပါတ်ဆယ့်တစ်ကပည့် ယွင်ဝန်စို့ပဲ၊ သူက ကျုပ်ရဲ့ ဝမ်းကွဲညီအစ်ကိုတော် ချင်အန်းမြို့က နာမည်ကြီး လူဆိုးထိန်း လူစုန့်ကျိုပဲ၊ ခင်ဗျားတို့ နှစ်ယောက် ထွက် မသွားရင် ရုံးတော်ကို ဖမ်းဆီး ခေါ်ဆောင်သွားရလိမ့်မယ်"

လူသန်ကြီးနှစ်ယောက်က အားပါးတရ ရယ်မောလာ၏။

ယွင်ဝန်စို့ သည်းမခံနိုင်တော့။ ဓားရှည်ကို ရွှမ်းခနဲ ဆွဲထုတ်ကာ စားပွဲခုံ သုံးလုံးကို ခုန်လွှားကျော်ဖြတ်လျက် ဝှေ့ယမ်းလိုက်၏။

"ခနဲ့တတ်တဲ့ အကျိုးကို ခံစားလိုက်စမ်း"

ပြောပြောဆိုဆိုပင် တုတ်ကောက်ကိုကိုင်ကာ လူသန်ကြီး၏ သေကွင်းသေကွက်ဆီသို့ လှမ်းထိုး တိုက်ခိုက်လိုက်၏။

ရှောက်ချူးရှွေ စိတ်ထဲ ထင့်ခနဲ ဖြစ်သွား၏။ ယွင်ဝန်စို့၏ ဓားချက်က တိမ်တိုက် လွင့်မျောသည့်ပမာ ရက်စက်ကြမ်းတမ်း လှသည်။ ကျုံနန်တောင် ဓားဂိုဏ်း၏ ဓားပညာကိုမူ ရှောက်ချူးရှွေ ကျိတ်၍ ချီးကျူးလိုက်မိသည်။

ထိုအချိန်မှာပင် တုတ်ကောက်ကိုင် လူသန်ကြီးက ရယ်မော ကာ တုတ်နှစ်ချောင်းကို မြှောက်ပြီး ဓားရှည်ကိုဖမ်း ညှပ်လိုက်၏။

တစ်ဆက်တည်းပင် ခြေကန်ချက်တစ်ချက် ထုတ်လိုက်ရာ ယွင်ဝန်စို့၏ ခန္ဓာကိုယ်မှာ ပြတင်းပေါက် အပြင်ဘက်သို့ လွင့်စဉ် သွားတော့သည်။ လူဆိုးထိန်း လူစုန့်ကျိုးမှာ မျက်နှာကွက်ခနဲ ပျက် သွားသည်။ ခါးကြားမှ ဓားမကြီးကို ဆွဲထုတ်လိုက်ကာ ရင်ဆိုင်ရန် အသင့်ပြင်လိုက်သည်။

"ဒီလို မဖြစ်စလောက် ပညာလေးနဲ့ ကျုပ်တို့ကို လာစမ်းလို့ ဘယ်ရပ်ါမလဲ"

တုတ်ကောက်ကိုင် လူသန်ကြီးက ရယ်မောကာ ဝင့်ကြွားသည့် အချိန်တွင် လူစုန့်ကျိုမာန်ဖိလျက် ဓားမဖြင့် လှမ်းခုတ်သည်။

ဓားမလမ်းကြောင်း ခုလပ်တွင် လှံတိုတစ်ချောင်း ရုတ်တရက် ဝင်ရောက်ကာ ဟန့်တားလိုက်၏။ ကျန် လက်တစ်ဖက်က ဓားရှက်ကို အားဖြင့် လွှဲရိုက်လိုက်သည်။ ဓားမကြီးက တစ်ဆက်တည်းပင် လှံတို၏ အမြီးပိုင်းနှင့် လိမ့်ယမ်းလိုက်၏။

လူစန့်ကျိုကို ထိမှန်ကာ ပြတင်းပေါက်မှ တစ်ဆင့် အပြင် လမ်းမပေါ်သို့ လွင့်စဉ်ထွက်သွားသည်။ ဆိုင်အတွင်းထဲမှရော လမ်းမပေါ်တွင်ပါ ရုတ်ရုတ်သဲသဲ ဆူဆူညံညံ ဖြစ်ကုန်သည်။

ထိုအချိန်မှာပင် တစ်စုံတစ်ယောက်က တိုင်တန်းလိုက်သဖြင့် ဘုရင့်အမှုထမ်းလေးဦး ဆိုင်တွင်းသို့ ရောက်ရှိလာကြသည်။ ထိုလေးယောက်စလုံး၏ အသွင်အပြင်က အတွေ့အကြုံ ရင့်ကျက်သော သိုင်းသမားများဖြစ်ကြောင်း သိသာ၏။ ဆိုင်အပေါ်ထပ်သို့ ရောက်သည်နှင့် ဓားကိုယ်စီ ဆွဲထုတ်ကာ တိုက်ခိုက်ရန် အသင့်ပြင်လိုက်၏။ ရောက်ချူးရွှေသည် လူသန်ကြီး နှစ်ဦးကြား ဝင်စွက်ဖက်လိုသော်လည်း ဘုရင့်အမှုထမ်းများ ရောက်ရှိလာသဖြင့် ချီတုံချတုံ ဖြစ်နေ၏။ မိမိကိုပါ အထင်အမြင် လွဲမှားသွားမည် စိုးသဖြင့် စဉ်းစားနေလိုက်မိသည်။

ထိုစဉ် ဆိုင်အောက်ထပ်ဆီမှ အော်ဟစ်သံများနှင့်အတူ အရပ်ထောင်ထောင်မောင်းမောင်း အသားညိုညို လူထန်ကြီးတစ်ယောက် ဆိုင်အပေါ်ထပ်သို့ ခြေလှမ်းကျဲကျဲဖြင့် တက်လာသည်ကို တွေ့လိုက်ရသည်။ ထိုသူ၏ ဟိတ်ဟန်နှင့် အရပ်အမောင်းက ကောင်းလှသည်။

လှုမရောက်ခင်မှာပင် ရူးရှသော သူ့အသံက အရင်ဆုံး ရောက်ရှိလာသည်။

"ယိုကျိုးနယ်က တစ္ဆေနှစ်ဖော်နဲ့ ကျုပ် ယက္ခနက် ရောက် လာပြီ"

အပေါ်ထပ်မှ လူသန်ကြီးနှစ်ဦး တစ်ဦးမျက်နှာ တစ်ဦး ကြည့် လိုက်မိကြသည်။ ဝိုက်ခိုက်ရန်လည်း အသင့်ပြင်လိုက်၏။

ရှောက်ချူးရွှေ အံ့အားသင့် နေမိသည်။ ဤလူသန်ကြီး နှစ် ယောက်သည် ဝန်းရံထားသော ဘုရင့်အမှုထမ်း လေးဦးကို မကြောက် ဘဲ ယက္ခနက်၏ အသံကို ကြားရုံနှင့် အဘယ့်ကြောင့် သတိထား လှုပ်ရှားနေရသနည်း။ ယက္ခနက်သည် တော်တော်တန်တန်လူ မဟုတ် နိုင်ကြောင်း ရှောက်ချူးရွှေ သတိထားမိသည်။

"မင်းတို့နှစ်ယောက် အောက်ကို ဆင်းမလာကြဘူးလား"

ယက္ခနက်က ပြောလိုက်သည်။ တုတ်ကောက်ကိုင် လူသန်ကြီး က ...

"မင်းသာ အပေါ်ကို တက်လာခဲ့ပါ၊ ကျုပ်တို့ကို ဟန့်တား မယ့်လူ အပေါ်မှာ ရှိနေကြတယ်"

ယက္ခနက်က ဒေါသတကြီးဖြင့် ...

"ဒီလောက်တောင် သတ္တိကောင်းလှတာ ဘယ်သူတွေလဲ"

ဘုရင့်အမှုထမ်း လေးယောက်မှာ ဘာလုပ်၍ ဘာကိုင်ရမှန်း မသိ ဖြစ်နေကြ၏။ ယက္ခနက်က အပေါ်ထပ်သို့ ခြေလှမ်းကျဲကြီး ဖြင့် တက်လာသည်။ သူ့ အရပ်မှာ မြင့်မားလှသဖြင့် ဆိုင်ထုပ်တန်း နှင့် ထိလုနီးပါး ဖြစ်နေ၏။ ဘုရင့်အမှုထမ်း လေးယောက်မှာ သူ့ ပခုံးလောက်ပင် အရပ်မမြင့်ကြ။

"မင်းတို့လားကွ၊ ဟန့်တားထားတာ"

ဘုရင့်အမှုထမ်း လေးယောက် ပြန်ဖြေချိန်ပင် မရလိုက်

ယက္ခနက်က ပြောပြောဆိုဆိုပင် လှုပ်ရှားလိုက်ရာ မင်းမှုထမ်း တစ်ယောက် မှာ သူ့ လက်ဖြင့် ဖမ်းယူပစ်ပေါက်ခြင်း ခံရကာ ကြမ်းပြင်ပေါ်မှ မထနိုင်တော့၊ အခြားတစ်ယောက်မှာ သူ လက်ဝှေ့ယမ်းလိုက်မှုကြောင့် လွင့်စဉ်ထွက်သွားသည်။

တစ်ယောက်က ဓားမဖြင့် သူ့ကို ခုတ်ပိုင်းလာရာ ယက္ခနက်၏ ခြေထောက်ကန်ချက်က အရင်ဦးစွာ ရောက်ရှိလာပြီး ဓားမနှင့်အတူ လွင့်စဉ်ထွက်သွားသည်။ ကျန်တစ်ယောက်ကား အခြေအနေမဟန်သဖြင့် ထွက်ပြေးရန် ဟန်ပြင်လိုက်သည်။ ယက္ခနက်က စားပွဲခုံဖြင့် ဆောင့်တွန်းလိုက်ရာ ထိမှန်ကာ သတိလစ် မေ့မျောသွားတော့သည်။ တစ်ခဏအတွင်း မင်းမှုထမ်း လေးဦးကို ရှင်းပစ်လိုက်ပြီး ယက္ခနက်က သူ့ အင်္ကျီစများကို ချပ်ချပ်ရပ်ရပ်ဖြစ်အောင် ပြင်ဆင်လိုက်သည်။

လူသန်ကြီး နှစ်ယောက်ဘက်သို့ လှည့်ကာ အေးဆေးတည်ငြိမ်စွာဖြင့် ...

"ကဲ ... ကိစ္စတွေ ပြီးပြတ်ကုန်ပြီ၊ ဒီနေရာဟာ တို့ သူသေကိုယ်သေ အကြိတ်အနယ် တိုက်ခိုက်ဖို့ နေရာကောင်းတစ်ခု ဖြစ်သွားပြီ"

ဆိုင်ထဲနှင့် လမ်းမများပေါ်တွင် ချန်အန်းမြို့သားများမှာ ပွဲကြီးပွဲကောင်း တစ်ခုကို ကြည့်ရှုရတော့မည်မို့ ဝိုင်းအုံပြည့်ကြပ်လာသည်။ အချို့ကလည်း လူသန်ကြီးများ၏ တရားလက်လွတ် ရမ်းကားမှုအတွက် မကျေမနပ် ဆဲဆို ရေရွတ်နေကြ၏။ သို့သော် မည်သူမျှ အပေါ်ထပ်သို့ တက်ကာ သွားရောက်ဖျန်ဖြေခြင်း မပြုရဲကြ။

"ကောင်းပြီ ... ကျုပ်တို့ ဒီနေရာမှာပဲ အကြိတ်အနယ် ယှဉ်ပြိုင်ကြတာပေါ့"

လုံ့တိုကိုင် လူသန်ကြီးက အေးတိအေးစက်ပင် ပြောလိုက်၏။

တုတ်ကောက်ကိုင် လူသန်ကြီးက တံတွေးမျိုချလိုက်ပြီး ခြောက်ကပ်ကပ် အသံဖြင့် ရယ်မောသည်။

"ကျုပ်တို့ ဒီတစ်ပွဲဟာ အရှုံးအနိုင် ပေါ်တဲ့အထိ ယှဉ်ပြိုင်ကြမယ်၊ လောကကြီး တစ်ခုလုံးကို ပြောင်းဆန်အောင် လုပ်ပစ်မယ်"

"ခဏနေဦး"

ထိုစကားသံက ယက္ခနက်က ပြောဆိုလိုက်ခြင်း မဟုတ်။ အပေါ်ထပ် အနောက်ဘက်ဆီမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ လူသန်ကြီးနှစ်ယောက် နောက်လှည့်ကြည့်လိုက်လျှင် အရပ်မြင့်မြင့် လူငယ်တစ်ဦးကို တွေ့လိုက်ရ၏။ လူငယ်၏ လက်ထဲတွင် သံမဏိကွင်းကိုးခုပါသော ဓားရှည်တစ်လက်ကို ကိုင်ဆောင်ထား၏။

သူ၏ ဘယ်ညာ နှစ်ဖက်တွင် လူနှစ်ယောက် လိုက်ပါလာ၏။ ဘယ်ဘက်ကလူက ပုပုဝဝ၊ ညာဘက်ကလူက ပိန်ပိန်ပါးပါး။ ဆန့်ကျင်ဘက် ကိုယ်ရုံတော်များ ဖြစ်၏။

ရှောက်ချူးရွှေလည်း ပျင်းပျင်းရှိသည်နှင့် အခြေအနေကို လက်ပိုက်ကြည့်နေလိုက်သည်။ လိုအပ်သည့် အချိန်မှ လှုပ်ရှားရန်လည်း စိတ်ပိုင်းဖြတ်ထား၏။

"မင်း ဘယ်သူလဲ၊ ဘာကြောင့် ဒီလိုတားရတာလဲ၊ ကျုပ် ယက္ခနက်က မင်းလျှာကို ဖြစ်ပစ်လိုက်မှာ မကြောက်ဘူးလား"

ယက္ခနက်က ဒေါသတကြီး ပြောသည်။ အရပ်မြင့်မြင့် လူငယ်က ရှေ့သို့ ခြေတစ်လှမ်းတက်ကာ ...

"ကိုယ်တော်လေး ဝမ်ပူဆိုတဲ့ နာမည်ကို ကြားဖူးသလား"

ဝမ်ပူ ထိုအမည်က ရှောက်ချူးရွှေ၏ နားထဲသို့ ဖျတ်ခနဲ တိုးဝင်လာသည်။ တရင်းတနှီး ကြားဖူးသည့် နာမည်တစ်ခု အဖြစ် လည်း စိတ်က အလိုလိုသိလိုက်သည်။ ယက္ခနက်၊ လုံတိုကိုင် လူ

သန်ကြီးနှင့် တုတ်ကောက်ကိုင်လူသန်ကြီးတို့ သုံးယောက် မျက်နှာ ကွက်ခနဲ ပျက်သွားကြသည်။

"ကိုယ်တော်လေး ဝမ်ပူ၊ ဝမ်ပူကောင်းချောင်က မင်းနဲ့ ဘာ တော်သလဲ"

တုန်ယင်သော လေသံဖြင့် ပြိုင်တူပင် မေးကြ၏။ ချန်အန်း မြို့သား ပွဲကြည့်ပရိသတ်များမှာ ဝမ်ပူကောင်းချောင်ဆိုသော နာမည် ကို ကြားလိုက်သည်နှင့် တလှုပ်လှုပ် ဖြစ်လာကြသည်။

"ဝမ်ပူကောင်းချောင်ဟာ သမာဓိရှိတယ်"

"ဝမ်ပူကောင်းချောင် လာရင် ကိစ္စမရှိတော့ဘူး"

"ကိုယ်တော်လေး ဝမ်ပူက ဒီလူတွေကို ကောင်းကောင်းကြီး ဆုံးမလိမ့်မယ်"

စီစီညံညံအသံများ ထွက်ပေါ်လာသည်။

ချန်အန်းမြို့စားများသည် အရပ်မြင့်မြင့် လူငယ်ကို ကောင်းစွာ သိကြ၏။ ထို လူငယ်သည် ဝမ်ပူကောင်းချောင်၏ သွေးသောက် ညီနောင် ကျိုဖေဖြစ်ပြီး ကျန်နှစ်ယောက်မှာ ဝမ်ပူကောင်းချောင်၏ ကိုယ်ရံတော် နှစ်ယောက်ဖြစ်ပေသည်။

ပိန်ပိန်ရှည်ရှည် လူမှာ ဝါးလုံး ရှည် လီကျိုဖြစ်ပြီး ပုပုဝဝမှာ ကျောက်ဖရုံ ဖန်ကွေ့ဖြစ်၏။ သူတို့ သုံးယောက်စလုံး၏ သိုင်းကွက် ပညာအဆင့်က မသေးလှ။

"ခင်ဗျားတို့ စိတ်ချနေကြ၊ ကိုယ်တော်လေး ဝမ်ပူက ပြည်သူ လူထုကို အနိုင်ကျင့်လာတဲ့ ဘယ်သူ့ကိုမဆို အလွတ်မပေးနဲ့၊ ကောင်း ကောင်းဆုံးမလို့ ကျုပ်တို့ကို မှာထားခဲ့တယ်"

အရပ်မြင့်မြင့် ချိကျိုဖေက ဝိုင်းအုံကြည့်နေသူများကို ဝင့်ကြွား စွာ ပြောသည်။

ယကွန်ကက ဟွန့်ခနဲ နှာမှုတ်သံပြုလျက် ...

"ဝင်းမှူးကြီးချီ ကျုပ်တို့ သုံးယောက်က မင်းနဲ့ ဘာပြဿနာမှ ရှိခဲ့တာ မဟုတ်ဘူး၊ ကျုပ်တို့ကြားထဲမှာ ဝင်မစွက်ဖက်ပါနဲ့"

ချီကျိုဖေက လေးနက်သော အမူအရာဖြင့် ...

"ဘာမှ ပြောမနေနဲ့၊ ချန်အန်းမြို့ထဲမှာ ရမ်းကားတာကို ခွင့်မပြုနိုင်ဘူး"

ယကွနက် အကြီးအကျယ် ဒေါသထွက်လာသည်။

"ကျုပ်က ဝမ်ပုကောင်းချောင်ရဲ့ မျက်နှာကိုထောက်ပြီး ပြဿနာ မဖြစ်ချင်လို့ ပြောနေတာ၊ မင်းက တယ်လဲ မာနထောင်နေပါလား၊ မင်းကို အရင်ရှင်းပစ်မှ ဖြစ်တော့မယ်"

ပြောပြောဆိုဆိုပင် ဗိုးခနဲ ခုန်လွှားသွားကာ ချီကျိုဖေထံသို့ လက်သီးချက် နှစ်ချက် ပစ်သွင်းလိုက်သည်။ ချီကျိုဖေက လက်ဝါးကို ဖေ့ယမ်းလိုက်သည်။ သူ့ လက်ဝါးအစုံက အားမပါသလို ထင်ရသော်လည်း တစ်ဖက်လူ၏ လက်သီးကျက် နှစ်ချက်ကို ကောင်းစွာ ခံလိုက်နိုင်သည်။ ချီကျိုဖေ ဒူးညွှတ်ကျသွားသည်။ ယကွနက်မှာမူ နောက်သို့ ခြေလှမ်းဆုတ်ကာ ပါးစပ်မှ သွေးတစ်လုတ် အန်ထုတ်လိုက်သည်။ ချီကျိုဖေက ဒူးထောက်ရာမှ သံမဏိကိုးကွင်းဓားမကြီးကို ဆွဲထုတ် ဖေ့ယမ်းလိုက်သည်။

ဓားချက်က တိကျပြီး မြန်ဆန်လှသည်။ ယကွနက် နောက်သို့ ဆုတ်ကာ လူအုပ်ကို ဖြတ်ကျော်လျက် အသက်လု ထွက်ပြေးတော့သည်။ လမ်းပေါ်မှ လူများ ထိတ်လန့်တကြား အော်ဟစ်လာကြ၏။

မြေကြီးပေါ်တွင် သွေးစက်များကို မြင်မှ ယကွနက် ဒဏ်ရာရကာ ထွက်ပြေးသွားကြောင်း သိရတော့သည်။

ယကွနက် ထွက်ပြေးလျှင် တုတ်ကောက်ကိုင် လူသန်ကြီးနှင့် လုံ့တိုကိုင် လူသန်ကြီးတို့ နှစ်ယောက် တစ်ပြိုင်နက်တည်းပင် ဝင်

Scanned with ACE Scanner

ရောက် တိုက်ခိုက်လာကြသည်။ ထိုအချိန်တွင် ဝါးလုံးရှည် လီကျို နှင့် ကျောက်ဖရဲ ဖန်ကွေ့တို့နှစ်ဦး လှုပ်ရှားလာ၏။

လီကျိုက လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်သည်နှင့် လက်တဲတွင် စုတ်တံလက်နက် ပေါ်လာပြီး ဖန်ကွေ့၏ လက်ထဲတွင်မူ ရွှေရောင် ပေါက်ချွန်းတစ်လက် ရောက်လာသည်။ မျက်စိတ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် လုံတိုနှင့် တုတ်ကောက်တို့ ရောက် မလာခင် သူတို့လက်နက်များက လှုပ်ရှားပြီး ဖြစ်နေသည်။ လက် နက်ချင်း ထိခတ်သံ ပေါ်ထွက်လာပြီးလျှင် လူသန်ကြီးနှစ်ယောက်၏ လက်ထဲတွင် မည်သည့် လက်နက်မျှ မရှိတော့ဘဲ လွင့်စဉ်ထွက် ကုန်၏။ ခြေလှမ်းများလည်း တုံ့ခနဲ ရပ်ကာ တုန်တုန်ယင်ယင်ဖြစ် သွားကြတော့သည်။

ကြောက်ရွံ့ထိတ်လန့်မှုကြောင့် သူတို့နှစ်ယောက်၏ တစ်ကိုယ် လုံးတွင် ချွေးသီးချွေးပေါက်များ ယိုစီးကျနေသည်။

လီကျိုက အေးတိအေးစက် ရယ်မောလိုက်သည်။

"ကိုယ်တော်လေးက အမိန့်ရှိလိုက်တယ်၊ မင်းတို့ရဲ့ အသက် ကို ချမ်းသာပေးလိုက်ပါတဲ့"

ပြောပြောဆိုဆိုပင် ဂရုမစိုက်ဘဲ လှည့်ထွက်သွားကြ၏။

ယိုကျိုးနယ် လူသန်ကြီးနှစ်ယောက်မှာ စိတ်ရိုင်းဝင်ကြသူများ ဖြစ်ပေရာ တုတ်ကောက်နှင့် လုံတိုတို့ကို ဝှေ့ယမ်းလျက် လီကျိုနှင့် ဖန်ကွေ့တို့၏ နောက်ကျောသို့ ထိုးစိုက်ချလိုက်၏။

ချန်အန်းမြို့သား ပရိသတ်များ အထိတ်တလန့် ဖြစ်ကုန်ကြ သည်။ ရှောက်ချူးရွှေသည်ပင် လီကျိုတို့ နှစ်ယောက်အတွက် စိုးရိမ် သွားမိသည်။ သို့သော် လီကျိုသည် နောက်ဘက်တွင် မျက်လုံးတစ်ခု အပိုပါသည့်အလား နောက်သို့လှည့်မကြည့်ဘဲ လက်ဝှေ့ယမ်းလိုက် ၏။

စုတ်တံချွန်လက်နက်က လုံကိုကိုင် လူသန်ကြီး၏ လည်မျိုသို့ ထိုးထောက်မိသည်။

ဖန်ကွေ့၏ ပေါက်ချွန်းက တုတ်ကောက်ကိုင် လူသန်ကြီး၏ ဝမ်းဗိုက်ကိုထိုးမိ၏။

ယိုကျိုးနယ်လူသန်ကြီး နှစ်ယောက်မှာ မြေပေါ်တွင် လူးလိမ့်ကာ အတံန်ကြာသည့်အထိ မလှုပ်နိုင်တော့။ ပရိသတ်ကြီး၏ သြဘာပေးသံက ဆူညံသွားသည်။

"ဒါဟာ မင်းတို့အတွက် နောက်ဆုံးအကြိမ် အသက်ရှင်သန့်ခွင့် ပေးလိုက်တာပဲ"

ဖန်ကွေ့က ပြောပြောဆိုဆိုပင် သူ့လက်နက်ကို ပြန်သိမ်းသည်။ ယိုကျိုးနယ် လူသန်ကြီးနှစ်ယောက်မှာ တစ်ဖက်မှ နှစ်ကြိမ်နှစ်ခါတိတိ သတ်ဖြတ်ခြင်းမပြုဘဲ သက်ညှာလိုက်သဖြင့် အတန်ကြာအောင် ကြောင်နေမိကြသည်။ ပြီးမှ ကဗျာကယာဒူးတုပ်ကာ ကြမ်းပြင်တွင် ဦးချဂါရဝပြုလိုက်သည်။

"ကိုယ်တော်လေး ဝမ်ပူက ကျုပ်တို့ညီနောင် နှစ်ယောက်ရဲ့အသက်ကို သက်ညှာခွင့်လွှတ်လိုက်လို့ နောင်တစ်ချိန်မှာ ကျေးဇူးပြန်ဆပ်ပါ့မယ်လို့ ကတိပေးပါတယ်"

ချန်အန်းမြို့သားများ ဝမ်းပူကောင်းချောင်အား ကောင်းချီးမင်္ဂလာ ပေးလိုက်ကြသည်။ ယိုကျိုးနယ်လူသန်ကြီး နှစ်ယောက်တုတ်တုတ်မျှ မလှုပ်ဝံ့ကြ။ အတန်ကြာ ငြိမ်သက်နေပြီးမှ အမြီးကုပ်ကာ တချိုးတည်း လစ်ပြေးကြတော့၏။

"ကိုယ်တော်လေး ဝမ်းပူရဲ့ လက်အောက် အဆင့်မြင့်ပုဂ္ဂိုလ်တွေက တကယ်စွမ်းတာပဲဟေ့"

"ခင်ဗျားတို့သုံးယောက် ရောက်လာကြလို့ပေါ့၊ နို့မဟုတ်ရင် ဒီဆိုင်အခြေအနေက မစဉ်းစားရဲစရာပဲ"

"လူရမ်းကား သုံးကောင်ကို တစ်ခါတည်းနဲ့ မောင်းထုတ်နိုင်တာ နည်းတဲ့ပညာ မဟုတ်ဘူး"

မြို့သားများ တစ်ယောက်တစ်ပေါက် ပြောဆိုကြ၏။ ချီကျိုဖေသည် တိုလူများဘက်သို့ လှည့်ကာ ဂါရဝပြုလိုက်ပြီး ...

"ဒီအလုပ်တွေက ကျုပ်တို့တစ်တွေ လုပ်သင့်လုပ်ထိုက်တဲ့တာဝန်တွေပါ၊ ဒီစိတ်ဓာတ်တွေကို ကိုယ်တော်လေး ဝမ်ပူက အမြဲသွန်သင်မှာကြားထားကဲ့တာ၊ ပြီးတော့ ကျုပ်တို့ရဲ့ သိုင်းပညာကလည်း ကိုယ်တော်လေးဝမ်ပူပဲ သင်ကြားပေးခဲ့တာပါ"

ရှောက်ချူးရွှေ ရင်ထဲတွင် လှုပ်သွား၏။ ကိုယ်တော်လေးဝမ်ပူဆိုသူအား စဉ်းစားလာမိသည်။ လျှိုရွှေဖုန်း ပြောခဲ့သည့် စကားများက သူ့နားထဲတွင် ပြန်ကြားလာမိသည်။ ဝမ်ပူကောင်းချောင်သည် မိမိ၏ ပြိုင်ဘက်ကောင်း တစ်ယောက်ပါလားဟူ၍လည်း အသိဝင်လာ၏။ တပည့်လုပ်သူ၏ သိုင်းပညာပင် ဤမျှ အစွမ်းထက်နေလျှင် ဆရာဖြစ်သူ၏ ပညာစွမ်းကား အတော်ကြီးကို မြင့်ရမည်ဟု ရှောက်ချူးရွှေ တွက်ဆလိုက်သည်။ သူ့စိတ်ထဲတွင် ဂိုဏ်းချုပ်ကြီး လီချိန်ကြိုးက မိမိကို အသုံးချနေလေသလားဟု လည်းကောင်း၊ မိမိ၏ မိတ်ဆွေကောင်း တစ်ဦးပမာ မိမိအပေါ် နားလည်သဘောပေါက်သူဟူ၍လည်းကောင်း ခံစားလာမိသည်။

စားသောက်ဆိုင်တွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကို စိတ်ဝင်စားမိပြီး ကောက်ဆန်းတောင်တွင် လက်မရွဲ့စကျီ၏ တိုက်တွန်းစကားကို ရှောက်ချူးရွှေ သတိရလာပြန်သည်။ စကျီ၏ အဆိုအရဟူပေခရိုင် ပြည်မကြီး သွေးသောက်အဖွဲ့၏ သိုင်းလောကသားအပေါင်းက မိမိအား ခေါင်းဆောင်တင်မြှောက်ကြမည်ဖြစ်သည်။ ဤနယ်တွင် မိမိနှင့်အပြိုင် နာမည်ထွက်နေသူများမှာ ဝမ်ပူကောင်းချောင်ဖြစ်၏။ မိမိပညာစွမ်းနှင့် ဝမ်ပူကောင်းချောင်နှင့် ယှဉ်နိုင်

Scanned with ACE Scanner

မယုံနိုင် သူချင့်ချိန်မိ၏။ နောက်ဆုံးတွင် ခေါင်းဆောင်ရွေးပွဲကို အသာဘေးချိတ်ကာ သူ၏ပျောက်ဆုံးနေသော ညီနောင်များအား ရှာဖွေရန်ကိုသာ ဆုံးဖြတ်လိုက်သည်။

ယန်တို၊ ထက်စင်းမွဲ၊ ချူနန်ကုတို့တစ်တွေကို ရှာဖွေတွေ့ ရှိပြီးမှ ခေါင်းဆောင်ရွေးပွဲကို စဉ်းစားမည်ဟုလည်း စိစဉ်လိုက်သည်။ သူဆုံးဖြတ်ပြီးချိန်တွင် ချိုကျိုဖေတို့ သုံးယောက်မှာ မြို့သူမြို့သားများ၏ ချီးကျူးသြဘာသံများနှင့်အတူ ဆိုင်ပြင်သို့ ထွက်သွားကြသည်။ ရှောက်ချူးရွှေသည် ဤလူအချို့နှင့် မိတ်ဖွဲ့လိုက်သည်။ သို့နှင့် စားသောက်ဆိုင် စရိတ်တို့ ပေးချေကာ ချိုကျိုဖေတို့နောက်မှ လိုက်ပါသွားတော့သည်။ သို့သော် ချန်အန်းမြို့သားများ ဝိုင်းအုံနေသဖြင့် သူသည် နောက်မှ ထက်ကြပ်မကွာ လိုက်၍မရ။ သူလမ်းမကြီးပေါ်သို့ ရောက်လာသောအခါ လူနည်းလာသည်။ ထိုနေရာတွင်မှ ရှေ့ရှိ လူသုံးယောက်ကို မှီလာသည်။

ထိုသုံးယောက်မှာ စိတ်လှုပ်ရှားလာသလို တောင်ကြည့်မြောက်ကြည့်နှင့် နောက်ယောင်ခံမှု ရှိမရှိ အကဲခတ်လာကြသည်။ ရှောက်ချူးရွှေမှာ နှုတ်မဆက်သေးဘဲ နောက်မှလိုက်လာခဲ့ရာ ထိုသူ သုံးဦး၏ ထူးကဲသော အမူအရာကြောင့် စိတ်ထဲတွင် အံ့အားသင့်သွားမိသည်။ ထို့ကြောင့် ပုန်းလျှိုးကွယ်လျှိုးသာ လိုက်ရတော့သည်။ လမ်းကျဉ်းကလေးတစ်ခုသို့အရောက်တွင် သူတို့သည် နောက်ထပ် လူသုံးယောက်နှင့် တွေ့ဆုံကြပြီးမှ ရှေ့သို့ ခရီးဆက်ကြပြန်သည်။ ရှောက်ချူးရွှေ ဘာကိုမျှ ဂရုမစိုက်တော့ဘဲ နောက်မှ ထက်ကြပ်မကွာ နောက်ယောင်ခံလိုက်တော့သည်။ ချိုကျိုဖေနှင့် တွေ့ဆုံလိုက်ကြသည့် လူသုံးယောက်အပေါ်တွင် သူစိတ်ဝင်စား သံသယဝင်သွားသောကြောင့် ဖြစ်သည်။

ထိုသူသုံးဦးကား အခြားသူများမဟုတ်ကြ၊ ချိုကျိုဖေ၊ လီကျို

နှင့် ဖန်ကျွေ့တို့ သုံးယောက် လက်ချက်ဖြင့် အရေးနိမ့်သွားခဲ့ရသော ယာကွနက်နှင့် ယိုကျိုးနယ် လူသန်ကြီး နှစ်ယောက်တို့ ဖြစ်ကြလေသည်။

အဘယ်ကြောင့် ချန်အန်းမြို့ထဲတွင် ရန်သူပမာ ရင်ဆိုင်ခဲ့ပြီး ဤနေရာတွင် မိတ်ဆွေကောင်းများကဲ့သို့ ဆက်ဆံလာရသနည်း။

စားသောက်ဆိုင်တွင် ရန်ငြိုးဖွဲ့မိကြသည့် လူခြောက်ဦးမှာ ဤအချိန်တွင် အရေးကြီးသည့် တာဝန်တစ်ခုကို ထမ်းရွက်နေသလို ဖြစ်နေ၏။ သူတို့တစ်တွေ ဘယ်ဆီသွားကြမည်နည်း။

ဘာတွေလုပ်ကြလေမည်နည်း။

အဘယ့်ကြောင့် ချန်အန်းမြို့ စားသောက်ဆိုင်တွင် ဟန်ဆောင်လုပ်ဇာတ်ခင်းကြလေသနည်း။

ရှောက်ချူးရွှေ အတွေးထဲတွင် ထိုအကြောင်းအချက်များက ပဟေဠိသဖွယ် ဖြစ်နေတော့သည်။ သို့နှင့် ကိုယ့်ကိုယ်ကို သတိထားလုံခြုံစေကာ ချီကျိုဖေတို့နောက်သို့ ထက်ကြပ်မကွာ လိုက်ပါသွားတော့သတည်း။

Scanned with ACE Scanner

# အခန်း(၃)

တာ့ချွေစေတီသည် ချန်အန်းမြို့၏ အရှေ့ဘက် သုံးမိုင်အကွာတွင် တည်ရှိသည်။

ရှေးအစဉ်အဆက်ကတည်းက တည်ဆောက်ထားခဲ့သည့် စေတီဟောင်းတစ်ဆူ ဖြစ်သည်မို့ ရာဇဝင်သမိုင်းတွင် ထင်ရှား၏။ စေတီ၏ လက်ရာကား ရှေးဟောင်း လက်ရာဖြစ်သလို ချန်အန်းမြို့၏ ကျက်သရေဆောင်ဟုလည်း ဆိုနိုင်ပေသည်။

ချိုကျိုဖေတို့ နှစ်ယောက်သည် တာ့ချွေစေတီ၏ ပင်မအဝင်တံခါးမှ အထဲသို့ လျှို့ဝှက်စွာ ဝင်ရောက်လိုက်သည်။

သူတို့အထဲသို့ ဝင်ချိန်တွင် ရှောက်ချူးရွှေကလည်း စေတီအပေါ်ထပ်သို့ ခုန်လွှားတက်ကာ တံစက်မြိတ်အောက်မှ ဓောက်ထိုးချိတ်ဆွဲကာ မြွေတစ်ကောင်ကဲ့သို့ လျှောက်ဝင်လျက် မျက်နှာကြက်တွင် အသာပုန်းဝင်နေလိုက်သည်။

ချိုကျိုဖေတို့ ခြောက်ယောက်သည် အတွင်းသို့ ဝင်လာကြပြီးလျှင် အထဲတွင် အသင့်ရှိနေသည့် ဆံပင်ဖြူ မုတ်ဆိတ်ဖြူ အဘိုးကြီးတစ်ယောက်ကို အရိုအသေ ဂါရဝပြုလိုက်ကြသည်။ ထို့နောက် အသီးသီးပင် ဝိုင်းဖွဲ့ထိုင်ကြ၏။

သူတို့ ခုနစ်ယောက်စလုံး၏ မျက်နှာအမူအရာအသွင်အပြင်တို့မှာ အတော်ကလေး ရင်းနှီးကျွမ်းဝင်ကြဟန် တူပေသည်။

"မင်းတို့တစ်တွေလည်း ပင်ပန်းကြရောပေါ့"

Scanned with ACE Scanner

ဆံပင်ဖြူအဘိုးကြီးက စတင်ပြောသည်။

ဖန်ကွေ့က တရိုတသေပင် ...

"ကိုယ်တော်လေးအတွက်ဆို ကျွန်တော်တို့ ဘယ်လောက်ပဲ ပင်ပန်း ပင်ပန်း စိတ်ကျေနပ်ကြပါတယ်"

ဆံပင်ဖြူ အဘိုးကြီးနှင့် ချိုကျိုဖေသည် ဤလူခုနှစ်ယောက်ထဲတွင် ဝါစဉ် အတော်မြင့်ဟန်တူသည်။

ချိုကျိုဖေက အားနာပြုံး ပြုံးလိုက်ပြီး ...

"ကျုပ် နည်းနည်း လက်ဆပြင်းသွားတယ်၊ နောင်ကြီးဖူးကျန်း အတော်နားသွားတယ်နဲ့ တူတယ်"

ယက္ခနက်ကြီး ရယ်မောလိုက်ကာ ...

"ကိစ္စမရှိပါဘူး၊ ကျုပ် ဘာမှ အနာတရ မဖြစ်ပါဘူး၊ ပါးစပ်က အန်ထုတ်ခဲ့တာ ဝက်သွေးတွေပါ၊ ဟဲ ... ဟဲ ... ဟဲ ... တစ်လမ်းလုံး သွေးတွေ ဖျန်းခဲ့တော့ လူတွေ အတော့်ကို တုန်လှုပ်သွားခဲ့ကြတယ်၊ ကိုယ်တော်လေးအတွက် ဆောင်ရွက်ရတာပဲ၊ နည်းနည်းပါးပါး ထိခိုက်မိတော့ကော ဘာပြောစရာ လိုသလဲ"

ရှောက်ချူးရွှေ ရင်ထဲ တုန်လှုပ်သွားသည်။

စောစောက စားသောက်ဆိုင်ထဲတွင် ရန်ဖြစ်ခဲ့ခြင်းသည် ဟန်ဆောင် လုပ်ဇာတ်တစ်ခုဖြစ်ပြီး ဝမ်ပူကောင်းချောင်အတွက် ဇာတ်ဆောင် ရွက်ခဲ့ခြင်း ဖြစ်နေသဖြင့် တုန်လှုပ်ခြင်း မဟုတ်။

ဖူးကျန်းစာသည် နာမည်ကြီး ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။ သူ့ဘွဲ့နာမည်မှာ ယက္ခနတ် မဟုတ်ချေ။ သိုင်းလောကတွင် နာမည်ကြီးသည့် ပြောင်ချော်ချော် သိုင်းသမားဖြစ်၏။ စားသောက်ဆိုင်သို့ ရောက်လာပြီးနောက် ပြောင်ချော်ချော်သိုင်းသမား နောက်ပြောင်ခြင်းက မည်သို့ရည်ရွယ်ချက်မှန်း မသိချေ။

လှံတိုကိုင် လူသန်ကြီးက ရယ်မောကာ ...

"ပြောင်ချော်ချော်ကြီးကလဲဗျာ ကျုပ်တို့ ရှောင်မိသားစု လူငယ်တွေကလည်း ကိုယ်တော်လေးရဲ့ စကားကို နားထောင်နေကြတဲ့ သူတွေပါဗျာ"

ရှောက်ချူးရှွေ သဘောပေါက်သွား၏။

သိုင်းလောကတွင် ရှောင်မိသားစု၏ ညီနောင်ဖြစ်သည့် ရှောင်ယီပေါင်နှင့် ရှောင်ကျင်းပေါင်တို့မှာ ရှားစီးနယ်တစ်ခွင်တွင် အလွန်ပင် နာမည်ကြီးလှပေသည်။ ယခုသော်ကား ယိုကျိုးနယ်၏ တမွေနစ်ဖော်အဖြစ် သရုပ်ဆောင်ခဲ့ရချေပြီ။

"အားလုံးက ကိုယ်တော်လေးအတွက် အလုပ်လုပ်နေကြတာပဲလေ၊ ဘာမှပြောမနေကြနဲ့တော့၊ ကျုပ်တို့တစ်တွေ မတူတဲ့နည်းမျိုးစုံနဲ့ ဟန်ဆောင်လှုပ်ရှားခဲ့ကြတာ သတင်း အတော့်ကို ပျံ့နှံ့သွားပြီ၊ ဒီအကြောင်းတွေကို ခုထက်ထိ ကိုယ်တော်လေး မသိသေးဘူး"

ဆံပင်ဖြူ အဘိုးကြီးက ရယ်မောကာ ပြောသည်။

ရှောက်ချူးရှွေ စိတ်ထဲတွင် လူတစ်ယောက်ကို ရုတ်တရက် စဉ်းစားမိလိုက်သည်။ သိုင်းလောကတွင် ဘုဏ်ကြီးရှင် တစ်ယောက်ဖြစ်ပြီး ဝမ်ပူမိသားစု ဂေဟာ၏ ဂေဟာမှူးကြီးလည်း ဖြစ်သည်။

သိုင်းလောက၏ မိသားစုကြီး လေးခုဖြစ်သည့် နန်ကုံး၊ မုံယုံ၊ မက်နှင့် ထန်မိသားစုတို့သည် သိုင်းလောကနှင့် အချိတ်အဆက်ရှိခဲ့ကြသော်လည်း ဝမ်ပူမိသားစုကမူ ကင်းကင်းရှင်းရှင်း နေသည်။ သို့အတွက် ဆံပင်ဖြူ အဘိုးကြီးကို သိုင်းလောကထဲတွင် မတွေ့ခဲ့ရဖူးချေ။

ထိုအဘိုးကြီး၏အမည်မှာ ဝံပုလွေ စန်းပူစန်းဟု ခေါ်၏။

"ကိုယ်တော်လေးသာ ကျုပ်တို့ လုပ်ခဲ့တာတွေများ သိသွားရင် အပြစ်တင်မလား မပြောတတ်ဘူး"

ရှောင်ယီပေါင်က စိတ်ပူပန်သည့်အသွင်ဖြင့် ပြောသည်။

ချိုကျိုဖေ ရယ်မောလိုက်သည်။

"သိနိုင်မှာ မဟုတ်ပါဘူး၊ သိလည်း ကိစ္စမရှိပါဘူး၊ ကျုပ်တို့က ကိုယ်တော်လေး ကောင်းမယ့်ကိစ္စ လုပ်ကြတာပဲ၊ သူက ရှောက်ချူးရှွေလို မဟုတ်ဘူး၊ ဉာဏ်စွမ်းထက်မြက်ပေမယ့် အပြင်ကို ထွက်ခဲ့တယ်၊ အိမ်ထဲမှာ အမြဲလိုလို အောင်းနေတတ်တာဆိုတော့ ဩဇာအာဏာဂိုဏ်းကို အခုတလောမှာ တိုက်ခိုက်သွားတဲ့ ရှောက်ချူးရှွေလောက် နာမည်သတင်း မကြီးနိုင်ဘူး၊ အခု ကျုပ်တို့ လုပ်ဆောင်ခဲ့ကြတာတွေဟာ ကိုယ်တော်လေး နာမည်သတင်းကြီးဖို့အတွက်ပဲ"

ရှောင်ကျင်းပေါင်က ...

"ဒါပေမယ့် ကျုပ်တို့တစ်တွေ ဒီလိုလုပ်မှန်းကို ကိုယ်တော်လေး သိသွားရင် ကျေနပ် ဝမ်းသာနိုင်မှာတော့ မဟုတ်ဘူး"

ဝံပုလွေ စန်းပုစဉ်း၏ မျက်နှာထားက တည်ကြည်လေးနက်သွားသည်။

"ကိုယ်တော်လေး သိသွားရင် အံ့ဩမှာတော့ မဟုတ်ဘူး၊ ကျုပ်တို့ အခုလို လုပ်ရတဲ့အကြောင်းကလည်း ကိုယ်တော်လေးကို ဟူပေခရိုင် ပြည်မကြီး သွေးသောက်အဖွဲ့ရဲ့ အဓိပတိယှဉ်ပြိုင်ပွဲမှာ အရွေးခံအောင်ပဲ ဖြစ်တယ်၊ ရှောက်ချူးရှွေကို အလဲဖြိုပြီး အင်အားတိုးချဲ့ထူထောင်မယ့် ဩဇာအာဏာဂိုဏ်း မိုးဘုရင်ကြီး ကျူးကို အပြတ်အသတ် ရင်ဆိုင်ကြရမယ်၊ ဒါကြောင့် ကျုပ်ကို ကိုယ်တော်လေးက စိတ်ဆိုးအပြစ်တင်မှာ မဟုတ်ဘူး"

ဖူကျန်းစာက ...

"ဒီလိုဖြစ်ပါစေလို့ပဲ ဆုတောင်းရတာပေါ့ဗျာ၊ ကျုပ်တို့တစ်တွေ မကောင်းမှုတွေချည်း လုပ်ခဲ့ကြပြီးပြီ၊ အခု ကောင်းမှုလုပ်တာကိုတောင် ကိုယ်တော်လေးက ခွင့်မလွှတ်နိုင်ရင် စိတ်မကောင်းစရာပဲ"

လီကျို ရယ်မောလိုက်၏။

"ကျုပ်က သခင်လေးအနားမှာ နေခဲ့တာကြာပြီဆိုတော့ သခင်လေးရဲ့ စိတ်ဓာတ်ကို ကောင်းကောင်း သိပါတယ်၊ သူက ညီနောင်မိတ်ဆွေတွေကို တွေ့ရင် ဆွေမျိုးရင်းချာလို ကြည့်ရှုစောင့်ရှောက်တတ်ပါတယ်၊ ဒီအတွက်နဲ့ ကျုပ်တို့တစ်တွေကို အပြစ်တင်နိုင်မှာ မဟုတ်ပါဘူး"

ဖန်ကွေ့ကလည်း ...

"ကျုပ်တို့က ဘယ်သူ့ကိုမှ ဒဏ်ရာအနာတရဖြစ်အောင် လုပ်ခဲ့ကြတာမှ မဟုတ်ဘဲ၊ စားသောက်ဆိုင်ထဲမှာ ကိုယ်တော်လေးရဲ့ ဂုဏ်သတင်း ကြီးမားပျံ့နှံ့အောင် လုပ်လိုက်တာ ဘာများမကောင်းတာ ရှိလို့လဲ"

ရှောင်ယီပေါင် အနည်းငယ် မျက်နှာပျက်နေ၏။

ရှောင်ကျင်းပေါင်မှာ ရှောင်ယီပေါင် စိုးရိမ်စိတ်ပူနေသည်ကို နားလည်သဘောပေါက်သည်။ သူသည် ပစ်စလက်ခတ် တွေးတောနေထိုင်တတ်သူမို့ တုတ်ကောက်ကို ကြမ်းပြင်တွင် ဒုန်းခနဲ ဆောင့်ချလိုက်ပြီး ...

"ကျုပ်တို့ ကောင်းတာတွေ လုပ်ခဲ့တာပဲ၊ ဘာကိုမှ ဂရုစိုက်မနေကြနဲ့တော့၊ ပြီးတာတွေ ပြီးခဲ့ပြီးပြီ၊ ကျုပ်တို့ အနေနဲ့ကတော့ ရှောက်ချူးရွှေ အဓိပတိနေရာ ရောက်လာမှာကို ဘယ်နည်းနဲ့မှ မကျေနပ်နိုင်ဘူး၊ ကိုယ်တော်လေးကိုသာ အဓိပတိနေရာ ပေးသင့်တယ်၊ ကိုယ်တော်လေးက သူများလို ကံကိုအားကိုးပြီး နာမည်ကြီးခဲ့တာ မဟုတ်ဘူး"

ချီကျိုဖေက ရယ်မောလိုက်သည်။

"ကျုပ်တို့ ကိုယ်တော်လေးက အချောင်သက်သက် နာမည်ကောင်း ယူတတ်တဲ့ လူစားမျိုးမဟုတ်ဘူး၊ ဒါကြောင့် ကျုပ်တို့က သူ့ကိုယ်စား နာမည်ကျော်အောင် လုပ်လိုက်ကြတာပဲ"

Scanned with ACE Scanner

ရှောက်ချူးရှေက မျက်နှာကြက်ပေါ်တွင် ပုန်းအောင်းရင်း ချိကျိုဖေတို့ စုဝေးနေကြသည့် အကြောင်းရင်းကို သိရှိလာရ၏။

ဝမ်ပူကောင်းချောင်တွင် ကူညီပံ့ပိုးပေးမည့် မိတ်ဆွေသူငယ်ချင်းကောင်းများ ရှိကြသည်။ မိမိတွင် ရှိသည့် မိတ်ဆွေသူငယ်ချင်းများမှာ သူတစ်ပါး၏ ချုပ်နှောင်ခြင်းကို ခံနေရ၏။ အယုံကြည်ဆုံး၊ အားအထားဆုံးဟု ယူဆသော ကျိုချူးချောက်လန်သည်ပင် ရန်သူ၏ ဖိနှိပ်အကျပ်ကိုင်မှုကြောင့် မိမိအား သစ္စာဖောက်ပြီး အသက်သေဆုံးခဲ့ရသည်။

အစစအရာရာတွင် မိမိမှာ မည်သို့မျှ အနိုင်းယှဉ်မခံနိုင်သဖြင့် ဝမ်းနည်းနေမိခြင်း ဖြစ်၏။ ထို့ပြင် ကိုယ့်သခင်၊ ကိုယ့်မိတ်ဆွေအပေါ်တွင် သစ္စာစောင့်သိကြသော ချိကျိုဖေတို့ လူစုကိုလည်း လေးစားအားကျလာမိသည်။

ထို့ကြောင့် သူတို့၏ လျှို့ဝှက်ချက်ကို မပေါက်ကြားစေချင်သဖြင့် ဤနေရာမှ ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် အေးစက်မာကျောသော စကားသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာတော့သည်။

❋ ❋ ❋

"ဘယ်သူလဲဟေ့"

အော်ဟစ်သံက အောက်မှ ထွက်ပေါ်လာပြီး လူရိပ်က အပေါ်သို့ ရိပ်ခနဲ ရောက်လာကာ ရှောက်ချူးရှေ၏ နောက်ကျောဆီသို့ ခုန်အုပ်လာသည်။

ရှောက်ချူးရှေသည် စဉ်းစားမနေတော့ဘဲ ပြတင်းပေါက်မှ ရိပ်ခနဲ ခုန်လွှားပြေးထွက်သွားတော့သည်။

စေတီအပြင်ဘက်သို့ အရင်ဆုံး ရောက်ရှိလာသူက ချိုကျိုးဖေ။

Scanned with ACE Scanner

ရှောက်ချုံးရွှေ နောက်ကျောရိပ်ကို မြင်သည်နှင့် ဓားရှည်နှင့် လှမ်းခုတ်လိုက်သည်။ ရှောက်ချုံးရွှေ အသာအယာပင် လက်ဝါးရိုက်ချ နောက်ပြန်ရိုက်လွှတ်လိုက်၏။ ချိုကျိုးဖေမှာ လက်ဝါးလေလှိုင်းအားကြောင့် ဘေးသို့ ယိမ်းယိုင်ကာ ဓားချက်လွဲချော်သွား၏။

ထိုအချိန်မှာပင် လီကျိုနှင့် ဖန်ကျွေ့တို့ ပြေးထွက်လာကြသည်။

"ဒုက္ခပါပဲဗျာ၊ ကျုပ်တို့ စကားတွေကို ဟိုကောင် ကြားသွားပြီ"

ဖန်ကျွေ့က ညည်းညည်းညူညူလေး ရေရွတ်သည်။

လီကျိုက ...

"ဒီလူကို စားသောက်ဆိုင်ထဲမှာ တွေ့မိသလိုပဲ"

"သူ့ပုံပန်းသဏ္ဌာန်က ရှောက်ချုံးရွှေနဲ့ တူတာပဲ၊ တကယ်လို့ ရှောက်ချုံးရွှေသာ ဖြစ်နေရင်တော့ ကျုပ်တို့ စကားတွေ အပြင်ပေါက်ကြားသွားပြီး အရှက်ကွဲကုန်တော့မှာပဲ၊ ကျုပ်ရဲ့ ကိုယ်ဖော့ပညာက ခင်ဗျားတို့ထက် ကောင်းတယ်၊ ကျုပ်တို့ သူ့နောက်ကို လိုက်သွားမယ်၊ ခင်ဗျားတို့ ဒီမှာပဲ စောင့်နေကြ"

ချိုကျိုးဖေက ပြောပြောဆိုဆိုပင် လေးညှို့မှ ပစ်သော မြားအလား တစ်ဟုန်ထိုး ပြေးထွက်သွားတော့သည်။

သူပြေးထွက်သွားပြီးလျှင် စန်းပုစန်း၊ ရှောင်ယီပေါင်နှင့် ရှောင်ကျင်းပေါင်တို့လည်း စေတီအမိုးပေါ်မှ ခုန်ဆင်းလာကြသည်။ ချိုကျိုးဖေ ပြေးလိုက်သွားသည်ကို သိရလျှင် စေတီထဲသို့ ပြန်ဝင်လာခဲ့ကြ၏။

ရှောက်ချုံးရွှေမှာ အတွင်းအား အထွတ်အထိပ်သို့ ရောက်နေသည့်အတွက် ကိုယ်ဖော့ပညာကလည်း အလိုအလျောက် မြင့်မားလာသည်။

အနည်းငယ် အားစိုက်ထုတ်လိုက်သည်နှင့် လေ၏အလျင်လို

မြန်ဆန်လာပြီး ချိုကျိုဖေကို နောက်၌ အပြတ်အသတ် ချန်ထားရစ်ခဲ့သည်။

တစ်နေရာသို့ရောက်လျှင် သူ့ရင်ဘတ်ကို သူ အလိုအလျောက် စမ်းကြည့်မိလိုက်သည်။ သူ့ရဲကောင်း အမိန့်ပေး တံဆိပ်ပြားနှင့် ချန်ကိုဓားမြတ်တို့ သူနှင့်အတူ ပါရှိနေသေးသည်။ သို့သော် ရှောင်လင်ကျောင်းတော်၏ ကျမ်းစာအုပ်ကမူ သူ့တွင် ရှိမနေ။

ဘယ်မှာ ကျကျန်ရစ်ခဲ့ပါလိမ့်ဟု ရှောက်ချူးရွှေ တွေးကြည့်သည်။ တာ့ချွေစေတီ၏ မျက်နှာကြက်ပေါ်တွင် ကျန်ရစ်နေခဲ့ရလိမ့်မည်ဟု သူတွေးမိသည်။ ထိုစာအုပ်ကို တွေ့ရှိလျှင်တောင်မှ စန်းပုစန်းတို့ ယူသွားကြလိမ့်မည် မဟုတ်။ ထိုကျမ်းစာအုပ်သည် သာမန်လူတို့အတွက် မည်သို့မျှ အသုံးမဝင်။ ရှောင်လင်ကျောင်းတော်အတွက်မူ လွန်စွာမှပင် ထိုက်တန်လှချေသည်။

ရှောက်ချူးရွှေက ထိုစာအုပ်ကို ပြန်ယူရန် ဆုံးဖြတ်ချက် ချလိုက်သည်။

စန်းပုစန်းတို့က သူပြန်ယူလိမ့်မည်ဟု ထင်ကြမည်မဟုတ်။

ယခုအချိန်လောက်ဆိုလျှင် ထွက်ခွာသွားကောင်း ထွက်ခွာသွားနိုင်ပေပြီ။

အကယ်၍ ရင်ဆိုင်တွေ့ရလျှင်လည်း ယှဉ်ပြိုင်လိုက်မည်ဟု ဆုံးဖြတ်ကာ ရှောက်ချူးရွှေ နောက်ဘက်သို့ ပြန်လှည့်လာခဲ့တော့သည်။

စေတီကြီးအနီးသို့ ရောက်လျှင် သူသည် အထူးသတိထားကာ ချဉ်းကပ်လာ၏။ လမ်းကြိုလမ်းကြားများ ချုံနွယ်မြက်ပင်များ၏ အကာအကွယ်ယူလျက် ရှေ့သို့လျှောက်လာသည်။ စေတီပေါ်သို့ ခုန်တက်ကာ ခန်းမဆောင်ကြီး အတွင်းသို့ ဝင်ပြီး ကျမ်းစာအုပ်ကို ပြန်ယူရမည်ဖြစ်သည်။

Scanned with ACE Scanner

စေတီဝင် တံခါး၏ လှုပ်ရှားမှုကို အာရုံစိုက်ရင်း မြေပေါ်တွင် ဝပ်လျက် တက်လာခဲ့သည်။

စေတီအနားသို့ရောက်လျှင် ထိတ်လန့်လှုပ်တုန်ဖွယ်ရာကောင်းသော မြင်ကွင်းတစ်ခုကို တွေ့လိုက်ရတော့သည်။ သူတွေ့လိုက်ရသည်က လဲကျနေသော လူသေအလောင်း။ သေပုံက အသေဆိုးလှသည်။ မျက်နှာနှစ်ခုကြားမှ မေးရိုးထိတိုင် ဓားရှည်ဖြင့် အခုတ်ခံရပြီး မျက်နှာနှစ်ခြမ်း ကွဲနေ၏။ သူ့ဘေးတွင် ရွှေပေါက်ချွန် လက်နက်ရှိနေပြီး ခန္ဓာကိုယ်က ပုပုဝဝဖြစ်သဖြင့် ကျောက်ဖရုံဖန်ကွေ့မှန်းသိလိုက်သည်။

သူ တုန်လှုပ်နေစဉ်မှာပင် စေတီအထဲမှ လူအချို့ ဒယီးဒယိုင်ဖြင့် ထွက်လာကြသည်ကို ရောက်ချူးရွှေ တွေ့လိုက်ရသည်။ သူဘာကိုမျှ ဂရုမစိုက်တော့။ ရှေ့သို့ ပြေးတက်ကာ ဒယီးဒယိုင် ဖြစ်နေသော သူကို ဖေးမလိုက်သည်။

ထိုသူမှာ ဝါးလုံးရှည် လီကျိုဖြစ်၏။

လီကျိုသည် သူ့လက်နှင့်ကိုင်မိလျှင် သွေးများ ဝေါ့ခနဲ အန်ထွက်လာ၏။

နံရိုးအားလုံးမှာ ကျိုးကြေကုန်သဖြင့် မြင်မကောင်း၊ ရောက်ချူးရွှေက ဖေးမထိန်းကိုင်ထားရင်း ကျောပြင်ကို လက်ဖြင့် ထောက်ကာ အတွင်းအား သွင်းပေးသည်။ လီကျို၏ မျက်လုံးအစုံ ပြန်ပွင့်လာသည်။

"မင်း ... မင်း ဘယ်သူလဲ"

မျက်လုံးပွင့်လာသည်နှင့် လီကျိုက မေးသည်။

ရောက်ချူးရွှေ တည်တည်ငြိမ်ငြိမ်ပင် ...

"ကျုပ် ပန်းချောင်းဓားဂိုဏ်းက ရောက်ချူးရွှေပါ၊ ဒီမှာ ဘာတွေဖြစ်ပျက်သလဲ၊ ကျုပ်ကို မြန်မြန်ပြောစမ်းပါ"

Scanned with ACE Scanner

လီကျို့ မျက်လုံးအစုံ ပြူးထွက်လာသည်။ အကြောများ ဆန့်ဆန့်ဆွဲရင်း သွေးများလည်း အန်ကျလာပြန်သည်။

"မင်း ... မင်း ... ရှောက် ချူး ရွှေ၊ လူသတ်သမား"

စကားမဆုံးမီမှာပင် သွေးများ အန်ထုတ်လိုက်သည်။ လူသည်လည်း ခွေခနဲ လဲကျသွားသည်။

ရှောက်ချူးရွှေမှာ အကြီးအကျယ်ပင် အံ့အားတသင့် တုန်လှုပ်နေမိသည်။

အဘယ့်ကြောင့် မိမိကို တရားခံဖြစ်အောင် တစ်စုံတစ်ယောက်က ထောင်ချောက်ဆင် လုပ်ကြံလေသနည်း။

သူ့စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်နေသော်လည်း စန်းပုစန်းကို သည်အတိုင်း လက်ပိုက်ကြည့်မနေနိုင်သဖြင့် အသက်ရှင်လာအောင် ကယ်တင်ရန် ကြိုးစားမည်။ သတိရလာမှ အကြောင်းစုံကို ထုတ်ဖော်မေးမြန်းမည်ဟု စိတ်ကူးလိုက်၏။

သို့နှင့် စန်းပုစန်း၏ ကျောပြင်ကို လက်ဝါးတစ်ဖက်က ဖိကပ်ပြီး ကျန်တစ်ဖက်က သွေးကြောကို ထိန်းပေးထားလိုက်၏။

ထိုအချိန်တွင် ခန်းမဆောင်၏ ထောင့်တစ်နေရာ သွေးအိုင်ထဲမှ လှုပ်ရှားသံတစ်သံ ထွက်ပေါ်လာသည်။ ရှောက်ချူးရွှေမှာ စန်းပုစန်း၏အသက်ကို ကာကွယ်ပေးနေရသဖြင့် ဂရုမစိုက်နိုင်။

သို့သော် လူရိပ်တစ်ရိပ်က ထိတ်လန့်တကြီး အော်သံနှင့်အတူ စေတီထဲသို့ ဝင်ရောက်လာပြန်သည်။ သူ၏ချိုင်းကြားထဲတွင် သေဆုံးနေပြီဖြစ်သော လီကျိုကို ညှပ်တွဲထားသည်။

ရှောက်ချူးရွှေမှာ ထိုသူကို မြင်လိုက်ရလျှင် ဝမ်းသာသွားသည်။ မိမိ၏နောက်သို့ လိုက်ခဲ့သဖြင့် ကံကောင်းထောက်မစွာ အသက်မသေခဲ့သော ချိကျိုဖေ ဖြစ်နေသောကြောင့်ပင်တည်း။

ချိကျိုဖေသည် စေတီခန်းမဆောင်ထဲတွင် လူစိမ်း တစ်ယောက်

ကို မြင်လိုက်ပြီး ထိုသူမှာ မိမိနောက်မှ ပြေးလိုက်ခဲ့သော သူ ဖြစ်နေသဖြင့် အံ့အားသင့်သွားမိသည်။ ထို့အပြင် အခန်းထဲ၌ အခြေအနေများ အပြောင်းအလဲများ ဖြစ်နေသည်မို့လည်း ထိတ်လန့်တုန်လှုပ်သွားမိသည်။

"ဘာတွေ ဖြစ်နေတာလဲ"

ချိုကျိုဖေ၏ ဒေါသတကြီး အော်ဟစ်လိုက်သံက ခန်းမဆောင်ကြီး တစ်ခုလုံးကိုပင် ဟိန်းသွားစေသည်။

ရှောက်ချူးရွှေမှာ မည်သို့ဖြေရမှန်းမသိ ဖြစ်နေသည်။

"မင်း ... မင်း ... ဘယ်သူလဲ၊ ဒါ ဘယ်သူ့လက်ချက်လဲ"

ချိုကျိုဖေက ရှောက်ချူးရွှေကို လက်ညှိုးထိုးကာ တုန်ယင်သော အသံဖြင့် မေးသည်။

ရှောက်ချူးရွှေသည် စန်းစုစန်း၏ နှလုံးခုန် ပုံမှန်နီးပါး ပြန်လည် ရောက်ရှိလာပြီမို့ အတွင်းအားဖြည့်သွင်းခြင်းကို ရပ်လိုက်သည်။

"ကျုပ် ရှောက်ချူးရွှေပါ"

ချိုကျိုဖေက ခက်ထန်သောလေသံဖြင့် ...

"ဟင် ... မင်းက ရှောက်ချူးရွှေ ဟုတ်လား"

သူမေးလိုက်စဉ်မှာပင် အခန်းထောင့် တစ်နေရာမှ တစ်စုံတစ်ယောက်က အမယ်လေးဟု နာကျင် ချောက်ချားစွာ ရေရွတ်သံတစ်သံ ရုတ်တရက် ပေါ်ထွက်လာ၏။ ချိုကျိုဖေ ထိုသူထံ ပြေးကာ ကပျာကယာ ပွေ့ထူထားလိုက်သည်။

ဖူကျန်းစားပင်တည်း။

ကျောဘက် ဆီးအိမ်နေရာတွင် ဓားထုတ်ချင်းခတ်ပေါက်ထွက်နေပြီး ခန္ဓာကိုယ် သန်မာထွားကျိုင်းလွန်းသောကြောင့်သာ ယခုအချိန်ထိ ခံနိုင်ကာ အသက်မသေခြင်း ဖြစ်၏။

ချိုကျိုဖေ မျက်ရည်များ တွေတွေစီးကျသွားသည်။

Scanned with ACE Scanner

"ဘယ်သူ့ လက်ချက်လဲ၊ မြန်မြန်ပြောစမ်း"

ဖုကျန်စားက အက်ကွဲသော အသံဖြင့် ...

"ရှောက် ... ချူး ... ရှွေ"

"ဟင် ..."

ချိကျိုဖေ ထိတ်လန့် အံ့အားသင့်နေစဉ်မှာပင် ဖုကျန်းစားမှာ ခေါင်းစိုက်ကျ သေဆုံးသွားတော့သည်။

ချိကျိုဖေ ဓါးကို ဆွဲထုတ် ဝှေယမ်းလိုက်၏။

"ရှောက်ချူးရှွေ မင်း သိပ်အောက်တန်းကျပါလား၊ ဘာကြောင့် လုပ်ကြံ သတ်ဖြတ်ရတာလဲ"

ရှောက်ချူးရှွေမှာ ကိုယ်တိုင် ကျူးလွန်ခဲ့သူ မဟုတ်သဖြင့် ရှင်းပြလိုသည်။ သို့သော် ချိကျိုဖေ၏ ဓါးသွားက သူ့ခေါင်းပေါ်သို့ လျှပ်တစ်ပြက် ခုတ်ဖြတ်လာသဖြင့် မရှင်းပြနိုင်။ ခေါင်းမော့ကာ လက်နှစ်ဖက်ဖြင့် လက်ခုပ်တီးသလို ချိကျိုဖေ၏ သံမဏိကိုးကွင်းဓါးမကြီးကို ဖမ်းညှပ်ထားလိုက်သည်။

တစ်ဆက်တည်းပင် ညာခြေကလည်း ချိကျိုဖေ၏ ဘယ်ဘက်ဒူးခေါက်ခွက်ကို ဖမ်းချိတ်ထားလိုက်သည်။

ချိကျိုဖေသည် ဤမျှ ကြီးမားလေးလံလှသော ဓါးမကြီးကို တစ်ဖက်လူမှ လက်နှစ်ဖက်နှင့် ညှပ်ဖမ်းထားနိုင်လိမ့်မည်ဟု လုံးဝ မထင်မှတ်ခဲ့။ ထို့ပြင် ဘယ်ခြေကို ဖမ်းချိတ်ထားပြန်သဖြင့် နောက်သို့ မဆုတ်နိုင်တော့။

လျှပ်တစ်ပြက် အချိန်အတောအတွင်း ရှောက်ချူးရွှေက သူ့အား ဆယ်ကြိမ်ထက်မနည်း တိုက်ခိုက်သွားနိုင်ကြောင်း သူသိသည်။

သို့သော် ... ရှောက်ချူးရွှေက လုံးဝတိုက်ခိုက်ခြင်း မပြုဘဲ စေတီအပြင်ဘက်သို့သာ ခုန်လွှားထွက်သွားသည်။

ချိကျိုဖေက ခက်ထန်သော အသံဖြင့် ...

"ကျုပ်ကို ဘာကြောင့် သတ်မသွားရတာလဲ"

"ကျုပ် လူသတ်သမား မဟုတ်ဘူး၊ မင်းကို အစကတည်းက သတ်ချင်စိတ် မရှိလို့ပဲ"

ရှောက်ချူးရှွေ ပြန်ပြောလိုက်သည့် စကားကို ချီကျိုဖေ မည်သို့မျှ သဘောမပေါက်နိုင်၊ သို့သော် သူစကားထပ်ပြော၍ မဖြစ်နိုင်တော့။ ရှောက်ချူးရှွေက စေတီနှင့် အလှမ်းကွာဝေးစွာ ရောက်ရှိသွားခဲ့ချေပြီ။

⊕ ⊕ ⊕

ချောင်းရေက တသွင်သွင် စီးဆင်းနေသည်။

ကြည်လင်အေးမြသော ရေအေလျင်က ရှောက်ချူးရှွေ၏ စိတ်အလျင်ကို မချမ်းမြေ့။ မအေးစိမ့်နိုင်၊ သူ့ရင်ထဲတွင် လေးလံ ထိုင်းမှိုင်းနေသည်။

ဝိညာဉ်ချုပ် တံတားပေါ်တွင် လူအများက ဥဒဟို သွားလာနေကြသည်။

ရှောက်ချူးရှွေသည် တံတားအောက်ဘက်တွင် ထိုင်ကာ အတွေးပေါင်းစုံဖြင့် နစ်မျောနေ၏။

သူ တွေဝေနေစဉ်မှာပင် လူတချို့က ရေးကြီးသုတ်ပျာပင် တံတားပေါ်သို့ လျှောက်လာကြသည်။ ပထမလူ ဖြတ်ကျော်သွားစဉ် ရှောက်ချူးရှွေ သတိမထားမိ။ ဒုတိယလူ လျှောက်ဖြတ်သွားမှ သူ သတိဝင်လာသည်။ ထိုလူကို အတော်ပင် ရင်းရင်းနှီးနှီး သိကျွမ်းဖူးသည်ဟု တွေးနေဆဲတွင် ထိုလူက လူအုပ်အတွင်းသို့ ပြေးဝင်သွား၏။

တတိယလူကို တွေ့လိုက်ရသောအခါမှ သူ ပိုပြင်စွာ သိရှိလိုက်ရတော့သည်။ ထိုသူ သုံးဦးကား မိုးဘုရင်ကြီး ကျူး၏ လက်အောက် ချန်ကျန်းမြစ် ဓားလေးဖော်ထဲမှ သုံးယောက်ဖြစ်ပေသည်။

Scanned with ACE Scanner

ဓားလေးဖော်သည် ရှောက်ချူးရွှေအား လီကျန်မြစ်ထဲတွင် ဂေါယ်ကာင်ခဲ့ဖူးသည်။ အသားလွှတ် ကယ်တင်သည်တော့ မဟုတ်။ မိုးဘုရင်ကြီး ကျူးက အပြစ်ပေးနိုင်ရန် ဖမ်းဆီးခဲ့ခြင်းဖြစ်၏။ ထို လေးယောက်အနက် ကျင်းဖေ့ဝမ်မှာ လျှိုယိုခုံနှင့် ကျူးဂူလီတို့၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ ကျန်သုံးယောက်ဖြစ်သော ယီဝန်တုံ၊ မုံတုံလင်နှင့် ချန်ဂူချီတို့မှာ ဓားဘုရင် ချိဟန်စန်း၏ ဖမ်းဆီး ထိန်းချုပ်ခြင်း ခံခဲ့ရသည်။

နောက်ဆုံးတွင် ဩဇာအာဏာ ဂိုဏ်းဘက်မှ အကူအညီပေးခဲ့သဖြင့် ပန်းချောင်းဓားဂိုဏ်း၏ အဓိက အင်အားစစ်သည်များနှင့် ဆယ့်နှစ်အဖွဲ့သည်ပင် ပြိုကွဲ ပျက်စီးခဲ့ရ၏။ ရှောက်ယီလင်လည်း စစ်ရှုံးသူအဖြစ်နှင့် အရှက်ကွဲကာ စိတ်ဓာတ် ကျဆင်းခဲ့ရသည်။

သူတို့သုံးယောက်၏ သိုင်းပညာ အဆင့်အတန်းက သိပ်မမြင့်မားလှသော်လည်း ဤအချက်ကြောင့် လီချန်ကြိုး၏ လေးစားခြင်းကို ခံခဲ့ရ၏။

သို့သော် မိုးဘုရင်ကြီး ကျူးကိုကား အကြီးအကျယ်ပင် ဒေါသထွက်သွားစေသည်။ မိုးဘုရင်ကြီး ကျူး၏ လက်အောက်တွင် ထူးချွန် သုံးယောက်၊ တုတ်လေးချောင်း၊ ဓားငါးလက် လက်ဝါး ခြောက်ခု နတ်နှစ်ပါးရှိရာ လက်ဝါးခြောက်ခုသည် ရှောက်ချူးရွှေကို ဖမ်းဆီးရန်ထက် သစ္စာဖောက် ချန်ဂူချီတို့ကို ရှင်းလင်းပစ်ရန်လည်း အဓိက ကျ၏။

အခြေအနေ အချိန်အခါမဟုတ်ဘဲ အပြောင်းအလဲများစွာ ကြုံခဲ့ရသည်။ သူတို့ ခြောက်ယောက်မှာ ချန်ဂူချီတို့ကို မရှင်းလင်းနိုင်ခင်မှာပင် ရန်သူတို့၏ လက်ချက်ဖြင့် အသီးသီး အသက်သေဆုံးခဲ့ရလေသည်။

ရှောက်ချူးရွှေမှာ ချန်ဂူချီတို့ သုံးယောက် သူ့ကိုမမြင်နိုင်ဘဲ

ဒရောသောပါး လျှောက်သွားသည်ကို မြင်လိုက်ရသဖြင့် အံ့အားသင့်သွား၏။ သူတို့သုံးယောက် အမူအရာက ကျိုးကြည့် ကြောင်ကြည့်ဖြစ်နေပြီး နောက်က ရန်သူကြီး လိုက်လာသည့် အမူအရာဖြင့် ကြောက်ကြောက်ရွံ့ရွံ့ ရှောင်တိမ်းနေရပုံမျိုး ဖြစ်နေ၏။

ရှောက်ချူးရွှေအား အံ့အားသင့်နေစဉ်မှာပင် ဝိညာဉ်ချုပ်တံတား လမ်းပေါ်တွင် သွားလာနေကြသည့် လူအသီးသီးမှာ ရုတ်ခြည်းပင် အသွင်ပြောင်းလဲကုန်၏။ ဈေးသည်၊ လက်သမား၊ အိမ်ရှင်မ၊ ကျောင်းတော်သား ပုံစံ အမျိုးမျိုး ရှိနေသူတို့၏ လက်ထဲတွင် လက်နက်မျိုးစုံ ရောက်ရှိလာကြသည်။ ချက်ချင်းပင် ချန်ဂူချို၊ ယီဝန်တုံ၊ မုံတုံလင်တို့ကို တိုက်ခိုက်ကြတော့သည်။

ရှောက်ချူးရွှေမှာ ထိုအခြေအနေကို မြင်လိုက်ရလျှင် ထိတ်လန့်တုန်လှုပ်သွားမိ၏။ တစ်ဆက်တည်းမှာပင် အခြားမြင်ကွင်းတစ်ခုကို တွေ့လိုက်ရသောအခါတွင် စိတ်ဝင်စားဖြစ်သွားရပြန်သည်။

တံတား၏ တစ်ဖက်နေရာတွင် လူတစ်ယောက် ထိုင်နေ၏။ ကိုယ်ပေါ်တွင် မြက်မိုးကာအင်္ကျီကို ခြုံထားပြီး အထဲတွင် ဝတ်စုံပြာတစ်စုံကို ဝင်ဆင်ထား၏ ချောင်းရေကို ကြည့်ကာ စိတ်ဝင်တစားငါးမျှားနေသော်လည်း ငါးမျှားတံတွင် ငါးမျှားချိတ်နှင့် ကြိုးကရှိမနေ။

လမ်းပေါ်တွင်ကား ယီဝန်တုံတို့ သုံးဦးမှာ လူအုပ်ကြီး၏ ဝိုင်းဝန်းတိုက်ခိုက်ခြင်းကို ခံနေရ၏။ သူတို့၏ သိုင်းပညာ အဆင့်အတန်းက မသေးလှသော်လည်း လူအများဒဏ်ကို မခံနိုင်ကြ။ အပြင်းအထန် တိုက်ခိုက်မှုကြောင့် ယီဝန်တုံ လဲကျသွားသည်။ သူ့နောက်သို့ လက်နက်မျိုးစုံက စုပြုံလိုက်လာသဖြင့် လူရုပ်မပေါ်တော့အောင်ပင် အသက်ထွက်သွားရသည်။

ချန်ဂူချိုမှာ ဒဏ်ရာရနေပြီး မုံထုံလင်ကား အကြီးအကျယ်ပင် တုန်လှုပ်ချောက်ချားနေ၏။

Scanned with ACE Scanner

အလုပ်ကြမ်းသမား တစ်ယောက်အသွင် ဝတ်ဆင်ထားသော လူတစ်ယောက်က ကြေးလင်ကွင်းကြီး တစ်ချပ်ကို ဇောယမ်းလိုက်ကာ...

"မိုးဘုရင်ကြီး ကျူးကို သစ္စာဖောက်တဲ့ ကောင်တွေ ဒီကနေ့ မင်းတို့ ဘယ်လိုဖြစ်သွားမလဲဆိုတာ ကြည့်နေကြ"

ချန်ဝူချီနှင့် မုံတုံ့လင်တို့မှာ လွတ်မြောက်ရန် မလွယ်ကူတော့ကြောင်း သိရှိကြသော်လည်း အပြင်းအထန်ပင် အစွမ်းကုန် တိုက်ခိုက်နေ၏။ သူတို့ တိုက်ချက်ကြောင့် တစ်ဖက်မှ လူအချို့ လဲကျကုန်၏။ သို့သော် ချန်ဝူချီမှာလည်း တဒင်္ဂအတွင်းမှာပင် ရက်ရက်စက်စက် အသတ်ခံလိုက်ရပြန်သည်။

မုံတုံ့လင်သည် လိပ်ပြာ လွင့်စဥ်မတတ် ထိတ်လန့်ကြေကွဲ့နေသော်လည်း အညံ့မခံရဲ။ တစ်ဖက်မှ မိသွားလျှင် မချိမဆံ့ ခံစားပြီးမှ သေဆုံးရမည်ကိုလည်း သိနေ၏။ ထို့ကြောင့် တုတ်ရှည်ကို အစွမ်းကုန် ဇောယမ်းခုခံ၏။

သူတုတ်ရိုက်ချက်ကြောင့် လူတစ်ယောက် ဦးခေါင်းကွဲကြေကာ သေဆုံးသွားရ၏။ သို့သော် ခေါင်းဆောင်ဖြစ်ဟန်တူသူ၏ ကြေးလင်းကွင်းဖြင့် သူ့နောက်ကျောကို ရိုက်ချလိုက်ခြင်းကိုလည်း သူခံရမ၏။

ပါးစပ်မှ သွေးများ ဝေ့ခနဲ အန်ထုတ်ပြီး လည်မျိုမှ အသက်ရှူသံ တရှိုးရှိုးဖြစ်လာ၏။

ရှောက်ချူးရွှေမှာ ရန်သူပင်ဖြစ်သော်လည်း ဤမျှ ရက်စက်ဘက်မညီလှသည့် တိုက်ပွဲကို မကြည့်ရက်တော့။

"ငါး မိပြီ"

သူပါဝင် လှုပ်ရှားတော့မည့် အချိန်မှာပင် ငါးမျှားသမားထံမှ အသံထွက်လာသည်။ ထိုသူ ငါးမျှားတံကို မြှောက်တင်လိုက်သည်နှင့်

ငါးတစ်ကောင် ရေထဲမှ ခုန်ထွက်လာပြီး သူ၏ ငါးထည့်သည့် ပလိုင်းထဲသို့ တန်းတန်းမတ်မတ် ဝင်ရောက်သွားသည်ကို ရှောက်ချူးရွှေ တွေ့လိုက်ရ၏။

ငါးမျှားချိတ်မပါ၊ ငါးမျှားကြိုးမပါဘဲ ရေထဲတွင် ကူးခတ်နေသည့် ငါးအရှင်လတ်လတ်ကို စုပ်ယူအားဖြင့် ပလိုင်းထဲသို့ ရောက်အောင် ဆွဲတင်နိုင်သော ထိုသူ၏ ပညာစွမ်းအား ရှောက်ချူးရွှေ လေးစားသွားမိသည်။

ထိုအချိန်တွင် မုံ့တုံ့လင်မှာ ဓားချက်တစ်ချက် အထိခံရပြီး အန္တရာယ်ကြားတွင် အကျဉ်းအကျပ် ကျနေ၏။

ရှောက်ချူးရွှေ ဘာကိုမျှ အရေးစိုက်မနေတော့။

လက်တစ်ဖက်စာလောက်ရှိသော မိုးမခပင်ကို လက်နှောက်ပြန် ဆွဲနှုတ်လိုက်ကာ ...

"သစ္စာဖောက်ကို ဆုံးမတာ ဒီလောက်အထိ ရက်စက်ရသလား"

သူ့အော်ဟစ်လိုက်သံကြောင့် လူအားလုံးမှာ ရပ်တန့်သွားကြသည်။ ရှောက်ချူးရွှေက ဟိန်းဟောက်သလို မိုးမခပင်အား အမြစ်ပါမကျန် ဆွဲနုတ်ပြလိုက်သဖြင့် မိုးဘုရင်ကြီး ကျူး၏ လူများ ကြောက်ရွံ့နောက်ဆုတ်သွားရမည် ဖြစ်ပေသည်။

သို့သော် တိုက်ခိုက်ခြင်းကို ရပ်တန့်လိုသော်လည်း နောက်ဆုတ်ခြင်း မရှိကြ။ ရှောက်ချူးရွှေ အနီးသို့ပင် ချဉ်းကပ်လာကြသည်။

အလုပ်ကြမ်းသမားအသွင် ဝတ်ဆင်ထားသော ခေါင်းဆောင်ဖြစ်ဟန်တူသူက စူးရှသော အသံဖြင့် ...

"မင်း ဘယ်သူလဲ၊ ဘာကြောင့် ဝင်စွက်ချင်ရတာလဲ"

ရှောက်ချူးရွှေမှာ တစ်ဖက်မှာ မာမာထန်ထန် ကြမ်းကြမ်းရမ်းရမ်း ဆက်ဆံသဖြင့် မခံချင်စိတ်ဖြစ်ပေါ်လာသည်။

ရဲရဲဝံ့ဝံ့ ရင်ကော့လိုက်ကာ...

"ကျုပ် ရှောက်ချူးရွှေပဲ"

"ဟား ... ဟား ... ဟား ... ယုန်ထောင်တာ ယုန်ကော ကြောင်ပါ မိနေပြီ၊ ကျုပ်က မိုးဘုရင်ကြီး ကျူးရဲ့ မွေးစားသား ခန်းပတ်ပဲ၊ ဘွဲ့နာမည်က သံမဏိလိပ်လို့ ခေါ်တယ်၊ မင်း ကြားဖူးရဲ့လား"

ရှောက်ချူးရွှေ ကြောင်အမ်းအမ်းပင် ဖြစ်သွားမိသည်။

ဤနာမည်ကို သူကောင်းစွာ ကြားဖူးပေသည်။ ခန်းပတ် နာမည်ကြီးခြင်းမှာ သူလုပ်သမျှ ဝန်မခံရဲခြင်း ဖြစ်၏။ ထို့ပြင် သူ့လက်နက်ဖြစ်သော ကြေးလင်ကွင်းမှာ တိုက်စစ်ဆင်ရာတွင် ထက်မြက်လှသလို ရန်သူကို ကာကွယ်ရာတွင်လည်း ဒိုင်းသဖွယ် ထိထိရောက်ရောက် ကာကွယ်မှု ပြုနိုင်ပေသည်။

မိုးဘုရင်ကြီး၏ မွေးစားသား တစ်ယောက်ဖြစ်သည်ကိုမူ ရှောက်ချူးရွှေ ယခင်က သိရှိမထားခဲ့။

ခန်းပတ်ကို သူဂရုမထား။ မည်မျှပင် တော်သည်ဆိုဆို ကျိုချူး ချောက်လန့်လောက် အဆင်မမြင့်နိုင်။ ဖန်းပတ်၏ နောက်မှလူများ က သူ့ကို စားမတတ် ဝါးမတတ် ကြည့်နေကြသည်။ သူတို့တစ် တွေကို ထိန်းချုပ်ဖို့ကား အတော်ပင် ခက်ခဲလှ၏။ အကယ်၍ သတ်ဖြတ်လိုက်လျှင်လည်း ရန်ငြိုးရန်စ မရှိသူအား မလုပ်ရက်။

ရှောက်ချူးရွှေ ငိုင်နေစဉ်မှာပင် လူလေးဦးက သူ့ထံသို့ ခုန် လွှားဝင်ရောက်လာကြသည်။ လက်နက်များ ဝေ့ယမ်းလာကြသည် မှာ ကြောက်စရာကောင်း၏။ သို့သော် ရှောက်ချူးရွှေက တံတား တစ်ဖက်တွင် ရှိပြီး ခန်းပတ်၏ လူများက တံတားနောက်တစ်ဖက် တွင် ရှိနေကြသည်ဖြစ်၏။

တံတား၏ အလယ်တွင်ကား ငါးမျှားသမား ရှိနေ၏။ ထို

လေးယောက်သည် ရောက်ချူးရှေကို တိုက်ခိုက်နိုင်ရန်အတွက် ငါးမျှားသမားကို ဖြတ်ကျော်သွားရမည်ဖြစ်၏။ ထိုလေးယောက် ခုန်လွှားလိုက်သည့် အချိန်မှာပင် သူတို့လေးဦးစလုံး၏ နဖူးပေါ်တွင် ရုတ်တရက် အပေါက်တစ်ခုစီ ဖြစ်ပေါ်သွား၏။

ထို့နောက် အသက်မပါသော သူတို့၏ ခန္ဓာကိုယ်များက တံတားအောက် ချောင်းရေထဲသို့ တဝုန်းဝုန်း ပြုတ်ကျသွားတော့သည်။

ငါးမျှားသမား ဖြည်းညင်းစွာပင် မတ်တတ်ရပ်လိုက်၏။

ခန်းပတ်၏ လူလေးယောက်ကို ထိုငါးမျှားသမားက လမ်းခုလတ်တွင် ရှင်းလင်းပစ်လိုက်ခြင်း ဖြစ်သည်။

❂ ❂ ❂

ခန်းပတ်တို့ လူစု ရုတ်ရုတ်သဲသဲ ဖြစ်သွားကြ၏။ တံတားအလယ်သို့ ပြေးလာကြကာ ထိုငါးမျှားသမားကို ရင်ဆိုင်လိုက်သည်။

အစပိုင်းတွင် ရောက်ချူးရှေမှာ ထိုငါးမျှားသမားအတွက် စိတ်ပူမိသေးသည်။

သို့သော် ငါးမျှားသမား၏ လှုပ်ရှားမှုက ဖယ်ဆက်သလို လျင်မြန်လှပေရာ တံတားတစ်ဖက် တစ်လျှောက်တွင် ခန်းပတ်တို့ဘက်မှ လူများ၏ အလောင်းများက ထပ်ထပ်ကုန်၏။

တံတားတစ်ဖက်စွန်းသို့ မရောက်သည့်တိုင် မည်သူတစ်ဦးတစ်ယောက်ကမျှ သူ့နောက်ကျောဘက်ဆီသို့ ဝင်ရောက် မတိုက်ခိုက်နိုင်ကြ။ သူ့တိုက်ခိုက်မှုကို ခံရကာ အတုံးအရုံးလဲကျသွားခဲ့ရခြင်း ဖြစ်၏။

ငါးမျှားသမား၏ ငါးမျှားတံက တဝိဝိမြည်နေဆဲ။

တံတားထိပ်တွင်လည်း လူများ သေဆုံးကုန်ပြန်သည်။

ကျန်ရစ်သူအချို့မှာ ချောက်ချားကာ နောက်ဆုတ်သွားကြ၏။ သည်တော့မှ ငါးမျှားသမား၏ လက်ထဲမှ ငါးမျှားတံ လေတိုးသံသည် ရပ်ဆိုင်းသွားသည်။

တံတားတစ်လျှောက်တွင် လူရှင်းသွားမှ ထိုငါးမျှားသမားသည်လည်း နောက်သို့ ပြန်လျှောက်ခဲ့သည်။ သူ့မျက်နှာကို ခမောက်ကြီးတစ်ဝက်ခန့် ဖုံးအုပ်ထားသဖြင့် သဲသဲကွဲကွဲ မမြင်ရ။

ထိုသူက ငါးမျှားတံကို ခါးကြားတွင် ညင်သာစွာ ထိုးစိုက်လိုက်သည်။

တံတားပေါ်တွင်ကား တဒင်္ဂမျှ တိတ်ဆိတ်နေသည်။

တံတားအောက်တွင် ချောင်းရေက ပုံမှန် စီးဆင်းနေသည်။

တံတားအလယ်တွင်မူ အလောင်းကောင်းများ ပြန့်ကြဲလျက်

ရှောက်ချူးရွှေက ထိုသူ မည်သူမည်ဝါ ဖြစ်ကြောင်း သိချင်နေသည်။

မုံတုံလင်မှာ ဒဏ်ရာများရလျက် တံတားပေါင်ကိုမှီကာ ထိတ်လန့်တကြီး ဖြစ်နေ၏။

ထိုအချိန်တွင် ရေထဲမှ ရေပန်းတစ်ခု မြောက်လာသည်။

ရေပန်းက နေရောင်တွင် သက်တန့်ရောင်စဉ် ဖြာထွက်နေ၏။ ရေပန်းထဲတွင် လူတစ်ယောက်က ပြိုင်တူပင် လှုပ်ရှားလာသည်။

ငါးမျှားသမား၏ ဝါးခမောက် လေထဲသို့ ပျံဝဲသွား၏။ သို့သော် ငါမျှားသမား၏ ငါးမျှားတံလည်း ထိုရေပန်းတိုင်ကို ထိုးစိုက်လိုက်ပြီးသား ဖြစ်နေသည်။

ရေပန်းက အောက်သို့ ပြုတ်ကျသွားသည်။ ထို့အတူ သွေးရောင်များလည်း လွှမ်းသွားသည်။ လူတစ်ယောက် ရေစီးအတိုင်း ငါးတစ်ကောင်ပမာ ကူးခတ်သွားသည်ကို တွေ့ရသည်။

"ယုံစီယိ"

ရောက်ချူးရွှေနှုတ်မှ လွှတ်ခနဲ အော်ဟစ်ခေါ်ငင်လိုက်မိသည်၊

ထိုသူကား မိုးဘုရင်ကြီး ကျူး၏ လက်အောက်မှ ပျော့ပျောင်းရေနတ်ကိုယ်တော်၊ ယုံစီယီ ဖြစ်ပေသတည်း။

ယုံစီယီသည် တိုက်ကွက် တစ်ကွက်တည်းနှင့်ပင် တစ်ဖက်လူကို ရှုံးနိမ့်ကာ ထွက်ပြေးသွားခဲ့ရချေပြီ။

ငါးမျှားသမား၏ ခေါင်းပေါ်မှ ဦးထုပ် ကျွတ်ကျသွားသဖြင့် သူ့မျက်နှာသွင်ပြင်က ထင်ထင်ရှားရှား ပေါ်လာသည်။

ဆံပင်များက ကျီးနက်တောင်ပံကဲ့သို့ မည်းမှောင်အိထွေးနေသည်။ မျက်ဝန်းအစုံက အရည်လဲ့ကာ တောက်ရှန်းနေသည်။ နီထွေးသော နှုတ်ခမ်းလေးက နှင်းဆီးဖူးလေးပမာ။ မျက်နှာက ပြေပြေသွယ်သွယ်။

ထိုသူသည် ဦးထုပ် ကျွတ်ကျသွားသဖြင့် မထူးတော့ပြီမို့ မြက်မိုးကာကို ချွတ်ခွာလိုက်သည်။ ကျစ်လျစ်ကျနသော ခန္ဓာကိုယ်အချိုးအစားက လှပစွာ ပေါ်လွင်လာသည်။

မိန်းမချော မိန်းမလှလေး တစ်ယောက်ပင်တည်း။

မုံတုံလင်မှာ ထိုမိန်းမလှလေး၏ ပကတိအသွင်ကို မြင်လိုက်ရလျှင် အလွန်ပင် အံ့အားသင့် ထိတ်လန့်သွားမိတော့သည်။

"ဒေါင်းပြာ ..."

မုံတုံလင်နှုတ်မှ လွှတ်ခနဲ အသံထွက်သွားသည်။

ရောက်ချူးရွှေသည် ဒေါင်းဖြူနှင့် ဒေါင်းနီတို့ကိုသာ တွေ့ဖူးခြင်း ရှိခဲ့သည်။ ဒေါင်းပြာကို မတွေ့ဖူး။ သြဇာအာဏာဂိုဏ်း၏ အကြံပေးပုဂ္ဂိုလ် လျှို့ရွှေဖုန်း လက်အောက်တွင် လက်မရှဲ့တစ်ယောက်၊ တောင်ပံ့နှစ်စုံ ဒေါင်းသုံးကောင်တို့ ရှိခဲ့ကြသည်။

ထိုအထဲတွင် လက်မရှဲ့ တစ်ယောက်၊ တောင်ပံနှစ်စုံနှင့် ဒေါင်းဖြူတို့ သေဆုံးခဲ့ကြရချေပြီ။ ဒေါင်းနီနှင့် ဒေါင်းပြာတို့သာ

ကျန်တော့သည်။ ခေါင်းနီကို ရှောက်ချိုးရွှေ သက်တန့်နီတောင်ပေါ်တွင် တွေ့ဆုံခဲ့ဖူးသည်။ ခေါင်းပြာကိုကား မတွေ့ဆုံဖူးသေး။

ခေါင်းပြာ၏ အမည်ရင်းက ကောင်းစုလန် ဖြစ်သည်ကိုမူ သူ သိသည်။

ကောင်းစုလန် ခေါင်းမော့နေ၏။ နေရောင်က သူမ၏ မျက်နှာပေါ်သို့ ဖြာကျနေသဖြင့် သူ့အလှမှာ ပေါ်လွင်ထင်ရှားနေသည်။

"ကျွန်မ သူ့ကို ကယ်တင်ပေးချင်လို့ မဟုတ်ဘူး၊ အခွင့်ကောင်း ရတုန်းရခိုက် ဘုရင်ကြီး ကျူးရဲ့လူတွေကို သတ်ဖြတ်ပစ်လိုက်တာပဲ ဖြစ်တယ်"

ကောင်းစုလန်က တည်ငြိမ်စွာပင် ပြောသည်။

ရုပ်ရည် ချောမောလှပသလို သူမ၏ စကားသံက ဆည်းလည်း လှုပ်ခတ်သလို ချိုကြည်မြလှပေသည်။

ရှောက်ချိုးရွှေက သက်ပြင်းကို ချလျက်...

"မိုးဘုရင်ကြီး ကျူးက သစ္စာဖောက်ကို အပြစ်ပေးတာကလည်း သိပ်ကို ရက်စက်လွန်းပါတယ်"

"ဩဇာအာဏာဂိုဏ်းအပေါ် သစ္စာဖောက်တဲ့ လူဟာလည်း ဘယ်လိုမှ အခြေအနေ မကောင်းနိုင်ပါဘူး"

"ဘယ်လိုပဲဖြစ်ဖြစ် အခုလို သွေးကြွေးကို သွေးနဲ့ ဆပ်သလိုတော့ မလုပ်သင့်ဘူး"

ကောင်းစုလန် ရယ်မောလာသည်။

သူ ရယ်မောပုံကပင် လှနေသည်။

"ရှင်ကိုယ်တိုင်ကရော ရှင့်ရဲ့ ညီနောင်တွေ ရှင့်ကို သစ္စာဖောက်ရင် ဒီလိုပဲလုပ်ရမှာ မဟုတ်ဘူးလား"

ရှောက်ချိုးရွှေ ထိုင်မှိုင်နေသည်။ ဘာပြန်ပြောရမည်မသိ။

ကောင်းစုလန်က ဆက်လက်၍...

Scanned with ACE Scanner

"နေရာအတော်များများမှာပဲ ရှင့်အကြောင်းတွေ ကျွန်မ ကြားခဲ့ရတယ်၊ ရှင့်ညီနောင်တွေဟာ ရှင့်ကို သစ္စာဖောက်ကြတယ်၊ ဘာကြောင့်လဲဆိုတော့ ရှင်ဟာ သူတို့ရဲ့ စားဝတ်နေရေးကို အာမခံချက်တစ်ခုမှ မပေးနိုင်ဘူး၊ ငွေရေး ကြေးရေး ရာထူးနေရာ တစ်ခုခုဖြစ်ဖြစ် မသတ်မှတ်ပေးနိုင်ဘူး၊ ရှင်ကိုယ်တိုင်တောင် အနိုင်နိုင် ဝင်တိုးနေရတာဆိုတော့ သူတို့က ပိုဆိုးကြတာပေါ့၊ စိတ်ကူးအိပ်မက်ထဲမှာ တစ်သက်လုံး ဘယ်နေနိုင်ကြမလဲ၊ စားဝတ်နေရေး၊ မိသားစုသံယောဇဉ်၊ အလုပ်အကိုင်ဆိုတာတွေက သူတို့ကို ဆွဲဆောင်ဖျက်ဆီးလာကြတော့တာပေါ့၊ အဲဒီ မက်လုံးတွေနဲ့ သူတို့ကို ဆွဲဆောင်သွားရင် သူတို့တစ်တွေကို ရှင် ဟန့်တားထားနိုင်ပါဦးမလား"

ဝမ်းနည်း စိတ်မကောင်းသော လေသံဖြင့် ...

"ကျုပ်က အဖွဲ့အစည်းဆိုပြီး ကြီးကြီးမားမား ဖွဲ့စည်းထားတာ မဟုတ်ဘူး၊ သူတို့တစ်တွေကို သွားချင်ရာသွား လွတ်လပ်ခွင့်ပြုထားတာပဲ၊ ကျုပ်ကို ရောင်းမစားရင် ကျုပ်ကျေနပ်ပြီ"

ကောင်းစုလနဲ့က သူ့ဆံပင်ထွေးများကို ခေါင်းမော့ကာ သပ်တင်လိုက်သည်။ ပြောင်စင်သော နဖူးဦးကင်းကလေးက သူမ၏အလှကို ပို၍ ပေါ်လွင်လာစေသည်။

"ကျွန်မက လူသတ်တာကို ဝါသနာပါတယ်၊ ကျွန်မ မျက်စိထဲ ကြည့်မရတဲ့လူဆိုရင် သတ်ပစ်လေ့ရှိတယ်၊ ရှင့်လိုတော့ မဟုတ်ဘူး၊ စိတ်ခံစားချက် များပြားတဲ့လူဟာ မလိုလားအပ်တာတွေကို ခံစားရတတ်တယ်၊ လူတစ်ယောက် သိုင်းလောကထဲဝင်ရင် စိတ်ဓာတ် ကြံ့ခိုင်ရတယ်၊ လုပ်ရဲကိုင်ရဲ သတ်ရဲဖြတ်ရဲရမယ်၊ ဒါမှသာ ယောကျ်ားကောင်း ပီသနိုင်တယ်"

ရှောက်ချူးရွှေမှာ အတန်ကြာမျှ တွေငိုင်စဉ်းစားနေပြီးမှ ...

"ခင်ဗျား ပြောတာတွေကို ကျုပ် လက်ခံတယ်လို့ပဲ ထားလိုက်

ပါတော့၊ ကျုပ် အရင်ဆုံးသိချင်တာက ကျုပ်ညီနောင် မိတ်ဆွေတွေ ဘယ်ရောက်နေသလဲ"

ကောင်းစုလန်က မချိုပြုံး ပြုံးလိုက်သည်။

"သူတို့ ဘယ်မှာရှိတယ်ဆိုတာ သိရင် ရှင်သွားရှာမှာပဲ၊ အဲဒီနေရာဟာ နဂါးခံတွင်းနဲ့ ကျားခံတွင်းတွေလိုပဲ၊ ရှင်သွားရင် သေဖို့ပဲရှိတယ်၊ အဲဒါဆိုရင် ရှင့်ရည်မှန်းချက်တွေ ပျက်မသွားဘူးလား"

ရှောက်ချူးရွှေ ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်၏။

"သိနေလျက်သားနဲ့ ဒီအတိုင်း မလှုပ်ရှားဘဲနဲ့ စောင့်ကြည့်နေရင် ကျုပ်အနေနဲ့ လူကသာ အသက်ရှင်နေပြီး စိတ်က သေနေမှာပဲ၊ လောကကြီးမှာ လူအမျိုးမျိုး စိတ်အထွေထွေ ရှိကြသလို တစ်ယောက်နဲ့ တစ်ယောက် ကံကြမ္မာချင်းမှ မတူကြတာပဲဗျာ"

ကောင်းစုလန် ကြောင်စီစီဖြစ်သွား၏။ နောက်မှ ကိုယ်ကိုလှုပ်ပြီး ရယ်လိုက်၏။

"ကောင်းပြီလေ ... ရှင် သေချင်နေမှတော့ ပြောပြရမှာပေါ့၊ ရှင့်ရဲ့ ညီနောင် မိတ်ဆွေတွေကို မိုးဘုရင်ကြီး ကျူးရဲ့ လက်အောက် ဌာနခွဲ ဖေ့မိသားစုက ဖမ်းခေါ်သွားကတယ်"

ရှောက်ချူးရွှေ မျက်နှာပျက်ကာ အထိတ်တလန့် ဖြစ်သွား၏။

"ဘာ ... ဖေ့ မိသားစု ဟုတ်လား"

"ဟုတ်တယ် ... ဖေ့မိသားစုပဲ"

"မဟုတ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ကျုပ်အသွားက ဖေ့မိသားစုထဲက တစ်ယောက်ပဲ"

ကောင်းစုလန် လှောင်ပြုံး ပြုံးလိုက်၏။

"ဘာမဖြစ်နိုင်စရာ ရှိလဲ၊ ရှင့်ရဲ့ သတင်းဇစ်မြစ်က ဒီလောက်မနှောင့်နှေးနိုင်ပါဘူး၊ ဖေ့ကုန်းဝိုဟာ မိုးဘုရင်ကြီး ကျူးက ပန်းချောင်းဓားကိုကျား ရှောက်မိသားစုကို မတိုက်ခိုက်အောင် ဟန့်တားချင်တယ်၊

ဒါပေမယ့် စွန်းထင်းထိန်က သူ့ကို သတ်ပစ်လိုက်တယ်၊ စွန်းထင်းထိန် မရှိတော့ ပန်းချောင်းဒေးဂိုဏ်းရဲ့ မြေအောက်လမ်းကို ဘယ်သိနိုင်တော့မလဲ၊ ဖေ့မိသားစုရဲ့ တခြားလူတွေ ဝင်ရောက်မလာခဲ့ရင် ရောက်စီးလိုနဲ့ ရောက်ကတော်တို့ တစ်ဖွဲ့လုံး ကျဆုံးကြမှာ မဟုတ်ဘူး"

ရောက်ချူးရွှေမှာ ထိုစကားကို မယုံကြည်နိုင်လောက်အောင် ပင် ဖြစ်သွား၏။

"ကျုပ် အဘိုးက ဒီလိုမျိုး လုပ်ပါ့မလား"

"ကျွန်မဟာ လျှို့ရွှေဖုန်းရဲ့ လက်ထောက်ဖြစ်ပြီး သတင်းစုံစမ်းစုဆောင်းရတဲ့ တာဝန်ကိုယူရတယ်၊ ကျွန်မ ရတဲ့သတင်းမှန်သမျှဟာ အခြေအမြစ်ရှိပြီး သေချာပေါက် မှန်ကန်နိုင်ပါတယ်၊ ရှင် ဇာမှ သံသယဖြစ်မနေပါနဲ့၊ ဖေ့မိသားစုက လူတွေကို မိုးဘုရင်ကျူးကသာ နောက်ခံထောက်ပံ့မပေးနိုင်ရင် ဩဇာအာဏာဂိုဏ်းရဲ့ လက်ချက်နဲ့ အစောကြီးကတည်းက အမြစ်ပြုတ်သွားပြီ၊ သူတို့တစ်တွေဟာ မိုးဘုရင်ကြီး ကျူးရဲ့ ထောက်ခံအားပေးမှုကို ခံယူလိုက်ကြတယ်၊ သူ့ရဲ့ကောင်း အမိန့်ပေး တံဆိပ်ပြားကို မိုးဘုရင်ကြီးကျူးက လိုချင်လို့ ဖေ့ကုန်းဝိုက ဒီလိုမလုပ်ဖို့ပြောလာတော့ စွန်းထင်ထိန်က သူ့ကိုသတ်ပစ်လိုက်၊ နောက်တော့ စွန်းထင်းထိန်လည်း ဖေ့မိသားစုသားကြီးရဲ့ သတ်ဖြတ်တာကို ခံခဲ့ရတာပဲ"

ရောက်ချူးရွှေမှာ သူ့မိခင်ဘက်မှ အဘိုးအဘွားများ သေဆုံးကုန်ကြသဖြင့် ဝမ်းနည်းစိတ်မကောင်း ဖြစ်နေမိတော့သည်။

❂ ❂ ❂

"သားအဖချင်း၊ လင်မယားချင်း၊ ညီအစ်ကိုချင်း၊ ဆရာတပည့်ချင်း၊ မိတ်ဆွေချင်း သတ်ဖြတ်ကြတယ်ဆိုတာ သိုင်းလောကကြီးမှာ သိပ်မထူးဆန်းတော့တဲ့ ကိစ္စပါ၊ အာဏာရဖို့၊ အရှိန်အဝါမြင့်ဖို့၊

လာဘ်လာဘရဖို့အတွက် အကောက်ကြံမယ်၊ သတ်ဖြတ်မယ်၊ ရှင့်အတွက်တော့ ဒါတွေနဲ့ နားစိမ်းကောင်း စိမ်းနေလိမ့်မယ်၊ ဒါကြောင့် ရှင်ဟာ သိုင်းလောကသားအဖြစ်နဲ့ မထိုက်တန်ဘူးလို့ ပြောတာပေါ့"

ဒေါင်းပြာ ကောင်းစုလန် တဖြည်းဖြည်းနှင့် မှန်မှန်ပြောသည်။

ရှောက်ချူးရွှေကမူ ဒေါသသံဖြင့် ...

"သူတို့က ကိုယ်တော်ကြီး ယန်တိုတို့ကို ဖမ်းခေါ်သွားရတာ ဘာသဘောလဲ"

"သူတို့က ရှင့်မိဘကို သတ်လိုက်ပေမယ့် သူ့ရဲ့ကောင်းအမိန့်ပေး တံဆိပ်ပြား မရရှိလိုက်ကြလို့ အခဲမကျေကြဘူး၊ ရှင့်ဆီမှာ ရှိနေကြလိမ့်မယ်လို့ သူတို့ ယူဆပုံရတယ်၊ ဒါပေမယ့် ကျွန်မတို့ ဂိုဏ်းက ပန်းချောင်း ဓားဂိုဏ်းကို ဝန်းရံထားတဲ့အချိန်မှာ ကိုယ်တော်လေး လျှို့ဂူကိုယ်တိုင် ထွက်လာတော့ သူတို့ အရမ်းမလုပ်ရဲကြတော့ဘူး၊ ဒါပေမယ့် ပန်းချောင်းဓားဂိုဏ်း ပျက်ပြီး မီးစွဲလောင်သွားတော့ သူ့ရဲ့ကောင်း အမိန့်ပေး တံဆိပ်ပြား ရှင်တို့လက်ထဲမှာ ရှိမယ်ဆိုတာ တစ်ထစ်ချ ယူဆလိုက်ကြတယ်"

ဒေါင်းပြာ ပြောပုံဆိုပုံအရ သဘာဝ ယုတ္တိရှိကြောင်း ရှောက်ချူးရွှေ စဉ်းစားမိသည်။ ထိုနေ့ညကသာ သူနှင့်ထန်ဖန်းတို့ နှစ်ယောက် စီရှန်ကန်ဘက်သို့ ထွက်မသွားခဲ့လျှင် သူတို့နှစ်ယောက်သည်လည်း ကံကြမ္မာဆိုးနှင့် ကြုံရမည်ဖြစ်ပေသည်။

ကောင်းစုလန်က သူ့ဆံပင်ကို အဖြီးအသင်မပျက် ရှိလျက်မှပင် ...

"ယန်တိုတို့တစ်တွေဟာ အိပ်ဆေးငွေ့မိပြီး ဘာမှမသိရှာဘဲ အဖမ်းခံသွားရတယ်၊ ဖေ့ယိကျောင်းဟာ သူတို့ကိုယ်ပေါ်မှာ သူ့ရဲ့ကောင်း အမိန့်ပေး တံဆိပ်ပြား ရှာဖွေပြီး စစ်ဆေးမေးမြန်းကြတယ်၊ သူတို့ဟာ တကယ့် လူစွမ်းကောင်းတွေပဲ၊ ဘယ်လို စစ်မေးစစ်မေး

Scanned with ACE Scanner

စကားတစ်ခွန်း မဟာခဲ့ဘူး၊ ရှင်နဲ့ ထန်ဖန်း လွတ်မြောက်သွားတယ် ဆိုတော့ တံဆိပ်ပြား ရှင့်ဆီမှာ ရှိမယ်ဆိုတာ ဖေ့ယီကျောင်း သံသယ ရှိခဲ့တယ်"

ရှောက်ချူးရှွေသည် ကောင်းစုလန်အား သံသယအကြည့်ဖြင့် ကြည့်လိုက်၏။

"ခင်ဗျားက ဒါတွေကို ဘယ်လိုလုပ် သိသလဲ"

ကောင်းစုလန် ခိုးခိုးခစ်ခစ် ရယ်မောလိုက်၏။

"ကျွန်မ သိဖို့ မခက်ပါဘူး၊ ရှင့်ရဲ့ မိတ်ဆွေထဲမှာ ကျွန်မ တို့ဘက်က သူလျှိုတစ်ယောက် ရှိနေတယ်လေ၊ ဖေ့မိသားစုက သူတို့ ကို ဖမ်းခေါ်သွားတော့ ကျွန်မတို့လူက ကျွန်မတို့ရဲ့ လျှို့ဝှက် ဆက် သွယ်ရေးနည်းနဲ့ သတင်းပို့ခဲ့တယ်၊ သူ ဒီနေ့အထိ ဖေ့မိသားစုရဲ့ လက်ထဲ ကျရောက်နေခဲ့သေးတယ်၊ ဒီအဖြေကို ရှင် ကျေနပ်နိုင်လိမ့် မယ် ထင်တယ်"

"ဖေ့မိသားစု လူတွေ အခု သူတို့ကို ဘယ်မှာ ဝှက်ထားသလဲ"

"ရှင် တကယ်ပဲ လိုက်သွားမလို့လား"

ကောင်းစုလန်က မျက်ခုံးကလေး ဖွဖွကျုံ့ကာ အံ့အားသင့် ဟန် မေးသည်။ ရှောက်ချူးရှွေက ခိုင်မာပြတ်သားသော လေသံ ဖြင့် ...

"ဟုတ်တယ်၊ လိုက်သွားရမယ်"

ကောင်းစုလန် ရုတ်တရက် တစ်ဖက်သို့ လှည့်လိုက်သည်။

သူ့လက်ထဲမှ ငါးမျှားတံက လှစ်ခနဲ ပျံ့ဝဲသွားပြီး ဘေးနား တွင် တံတားပေါင်မိုကာ နားထောင်နေသော မုံထုံလင်၏ လည်မျို တွင်းသို့ စိုက်ဝင်သွားလေတော့သည်။

"ဟင် ... မင်း ... မင်း ... ဘယ်လို ဘယ်လိုလုပ်တာလဲ"

ရှောက်ချူးရှွေ အံ့ဩ ဒေါသဖြစ်ဟန်ဖြင့် ပြောသည်။

Scanned with ACE Scanner

ကောင်းစုလန် သွေးအေးအေး အမှုအရာဖြင့် ...

"သူသိတာ သိပ်များနေပြီ၊ ဒါကြောင့် နှုတ်ပိတ်လိုက်ရတာပဲ၊ ကိုယ့်အသက် ရှည်ရှည်နေချင်ရင် နည်းနည်းတော့ ရက်စက်ရတယ်၊ အင်းလေ ရှင့်ကို စိတ်ထားနူးညံ့ပျော့ပျောင်းတဲ့ သူကတော့ ဒါတွေကို ဘယ်နားလည်နိုင်ပါ့မလဲ"

ပြောရင်းမှ ခေါင်းကို မော့လိုက်၏။ သူ့အသွင်က မာန်မာနကြီးမြင့်သည့်အသွင် ဖြစ်ပေါ်လာသည်။

"ကိုယ်တော်ကြီး ယန်တိုတို့ကို ကျိုးနန်းဘောင်ရဲ့ အရှေ့ဘက်တောင်ကုန်း ဟုဆန်း ဇရာအို ဇရပ်ထဲမှာ ဖမ်းချုပ်ထားတယ်၊ ဖေ့ယိကျောင်းရဲ့ မိသားစု အဆင့်မြင့်ပုဂ္ဂိုလ်အားလုံး ဟုဆန်းတောင်ကို သွားမယ့် လမ်းတစ်လျှောက်လုံး ဖြန့်ကြက်ထားတယ်"

ဖေ့မိသားစုသည် သိုင်းလောကတွင် မျိုးနွယ်စု တစ်စုကိုကိုယ်စားပြုသလို ထယူးခြားသော အင်အား တစ်ခုကိုလည်း ကိုယ်စားပြု၏။ သူတို့ကို မြို့ကြီး ပြကြီးတိုင်းတွင် တွေ့ရတတ်ပေသည်။

တိုမင်းဆက်နှင့် ထန်မင်းဆက် လက်ထက်တွင် လုံ့တံစိစစ်သူကြီး ဖေ့တိကျင်းသည် အလွန်ပင် နာမည်ကြီးခဲ့၏။ ထိုအချိန်မှစကာ ဖေ့မိသားစုသည် သိုင်းလောကတွင် မျိုးဆယ်စု တစ်စုအဖြစ်ထူထောင်နိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့လေသည်။

ယခုလက်ရှိ ဖေ့ယိကျောင်း၏ အဘိုးဖြစ်သူ ဖေ့ကျင်းလင်လက်ထက်တွင် ဖေ့မိသားစု၏ သိုင်းပညာနှင့် နာမည်ဂုဏ်သတင်းက ပိုးဟိုးကျော်ခဲ့သည်။

ဖေ့ကျင်းလင်တွင် သားလေးယောက်ရှိသည်။

ဖေ့ဖင်းထင်၊ ဖေ့သင်ချင်း၊ ဖေ့ကျင်ကျုံးနှင့် ဖေ့ချိုတို့ ဖြစ်ကြ၏။

ထိုညီနောင် လေးဖော်သည် ဖခင်ဖြစ်သူ၏ အမွေကို ဆက်ခံ

ယူကာ ဖေ့မိသားစု ဂေဟာကို တည်ထောင်ခဲ့သည်။ သိုင်းလောက တွင်လည်း တစ်ထီးတစ်နန်းဖြစ်အောင် နာမည်သတင်းကို စိုက်ထူ သည်။

ထိုအထဲတွင် ညီအထွေးဆုံး ဖေ့ချို၏ သိုင်းပညာ အဆင့်မြင့် ဆုံးဖြစ်၏။ သိုင်းလောက၏ လူစွမ်းကောင်း ရွေးချယ်ပွဲတွင် အဆင့် မြင့် သိုင်းသမား ဆယ့်ခုနစ်ဦးကို အပြတ်အသတ် အနိုင်ရခဲ့၏။ လူစွမ်းကောင်း မကိုင့်သရဖူကို ဆောင်းရတော့မည့်ဆဲဆဲတွင် လူငယ် တစ်ယောက်က ပေါ်ထွက်လာပြီး သူ့ကို အနိုင်ယူသွားခဲ့သည်။

ထိုလူငယ်မှာ သူ့သား ဖေ့ချိုကို အနိုင်ယူသွားကြောင်း သိရ လျှင် ဖေ့ကျင်လင် အကြီးအကျယ် ဒေါသထွက်သွားရသည်။

မုံယုံမိသားစု၏ သိုင်ပညာက အလွန်ပင် အဆင့်မြင့်လှသလို ရုပ်ပြောင်းရုပ်ကွဲ ပညာ၌လည်း ထက်မြက်ကြသည်။ ဖေ့ချိုမှာ မုံယုံ စုချင် လက်ချက်ဖြင့် အရေးနိမ့်ခဲ့ရသည်ကို စိတ်ထဲတွင် မကျေနပ်။ ဤအကြိတ်အခဲကလေးများမှ အစပြုကာ ထိုမိသားစု နှစ်စုသည် နှစ်ပေါင်း နှယ်ဆယ်ခန့်ကြာအောင်ပင် တိုက်ခိုက်ခဲ့ကြသည်။

နောက်ဆုံးတွင် ထိုမိသားစု နှစ်စုစလုံးမှာ အထိနာကာ အား အင် ယုတ်လျော့ကုန်သည်။ ဖေ့ဖင်းထင်နှင့် ဖေ့ကျင်ကျုံးတို့ တိုက် ပွဲတွင် ကျဆုံးသည်။ ဖေ့ကျင်းလင်မှာ သိုင်းပညာ အဆင့်မြင့်အောင် လေ့ကျင့်ရင်း အတွင်း ဝါယောဓာတ် လွဲချော်ကာ ဒုက္ခိတအဖြစ်သို့ ရောက်သွား၏။ ဖေ့ထင်ချင်းနှင့် ဖေ့ချိုနှစ်ယောက်သာ ကျန်ရစ်ပေရာ တစ်ယောက်နှင့်တစ်ယောက် အယူအဆမတူဘဲ မသင့်မမြတ် ဖြစ်လာ သည်။

သို့နှင့် တစ်ယောက်ကို တစ်ယောက်/မကျေနပ်ဘဲ ဖေ့မိသားစု ထက်ခြမ်း ကွဲခဲ့သည်။ အင်အားလည်း နည်းသွားခဲ့သည်။ သို့အတွက် သိုင်းလောက၏ မိသားစုကြီး လေးစုထဲတွင် ဖေ့မိသားစု ပါမလာ

Scanned with ACE Scanner

တော့ဘဲ မုံယုံ၊ မက်၊ နန်ကုန်းနှင့် ထန် မိသားစု လေးစုတို့သာ အရွေးချယ် အသိအမှတ် ခံခဲ့ရတော့သည်။

ဖေ့ထင်းချင်းနှင့် ဖေ့ချိုတို့ မညီမညွတ် ဖြစ်ခဲ့သည်မှာ နောက်ဆုံး သားစဉ်မြေးဆက်အထိပင် တိုင်ခဲ့၏။

ဖေ့ထင်ချင်းတွင် သားတစ်ယောက်နှင့် သမီးတစ်ယောက်ရှိသည်။ သား၏အမည်မှာ ဖေ့ကူခန့်ဖြစ်ပြီး သမီးမှာ ဖေ့ဝေဝေဖြစ်၏။

ဖေ့ချိုတွင်မူကား သားနှစ်ယောက်သာ ရှိလေသည်။ ဖေ့ထင်ထင်နှင့် ဖေ့ယီကျောင်းတို့ ဖြစ်ကြ၏။

ညီအစ်ကိုနှစ်ယောက် မသင့်မြတ်မှုက သူတို့၏ သားနှင့်သမီးများထံ ကူးစက်ပြီး ငြင်းခုံတိုက်ခိုက်ကြသည်။

ဖေ့ထင်ထင်နှင့် ဖေ့ကူခန့်တို့ တိုက်ပွဲတွင် ကျဆုံးပြီး ဖေ့ချိုမှာ ဖေ့ထင်ချင်း၏ လုပ်ကြံမှုကြောင့် ခြေထောက်တစ်ဖက် ဖြတ်ပစ်ခံခဲ့ရသည်။ နောက်ပိုင်းတွင် ဖေ့ထင်ချင်းလည်း ဖေ့ယီကျောင်း၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ရပြန်သည်။

ထိုအထဲတွင် ထူးခြားသည်မှာ ဖေ့ထင်ချင်း၏ သမီး ဖေ့ဝေဝေသည် ဖခင်ကို သတ်ခဲ့သည့် ဖေ့ယီကျောင်းနှင့် လက်ထပ်ခဲ့သည်။ ဤအချိန်မှ စ၍ ဖေ့မိသားစုနှစ်စု ပြန်လည်ပူးပေါင်းလာမိ၏။ ဖေ့ယီကျောင်း အသက်နှယ်ဆယ့်ငါးနှစ်အရွယ်မှ စကာ ဖေ့မိသားစုကို ပြန်လည်ထူထောင်လိုက်ပြီး နာမည်သတင်းလည်း ကြီးလာတော့သည်။

ဖေ့ယီကျောင်းတွင် သားနှစ်ယောက်နှင့် သမီးနှစ်ယောက်ရှိသည်။ သားကြီးက ဖေ့ယီခုံးဖြစ်ပြီး သားလတ်မှာ ဖေ့စုလီဖြစ်၏။ သူတို့နှစ်ယောက်၏ သိုင်းပညာ ထက်မြက်ပြီးလျှင် သိုင်းလောကတွင် နာမည်ရ၏။ သမီးဖြစ်သူများကလည်း မခေချေ။

သမီးကြီး ဖေ့ဝန်နီသည် ချန်အန်းမြို့မှ ဖုန်းမိသားစုနှင့် အိမ်ထောင်ကျ၏။

သမီးလတ် ဖေ့မင်အော်မှာ ငယ်စဉ်ကပင် ကွယ်လွန်ခဲ့၏။

သားလတ် ဖေ့စုလီမှာ ဝမ်ပူမိသားစု၏ တစ်ခုလပ် မိန်းမ ဝမ်ပူရွယ်နှင့် အိမ်ထောင်ကျသည်။ ဖေ့ကုန်ဝိုမှာ ဖေ့ယီကျောင်း၏ အဝေးရောက် ဆွေမျိုးသားချင်း ဖြစ်ပေသည်။

ဖေ့မိသားစုတွင် လက်အောက်တပည့်များကို ရေတွက်လျှင် ဖေ့ယီကျောင်း၊ ဖေ့ယီခုံး၊ ဖေ့စုလီ၊ ဖေ့ဝန်နီ၊ ဝမ်ပူရှင်၊ ဖုန်းစယ်ဝူနှင့် ဖေ့ယီခုံး၏ သားနှစ်ယောက် ဖေ့ထိနှင့် ဖေ့ချင်းတို့ အင်အားရှိကြ၏။

ဖေ့ထိနှင့် ဖေ့ချင်းတို့မှာ အသက်ငယ်ရွယ်ကြသော်လည်း သိုင်းလောကတွင် နာမည်ရှိကြပြီး ဖေ့ဝန်နီတွင်မူ သမီးနှစ်ယောက် သားတစ်ယောက် ရှိ၏။ သိုင်းလောကတွင် ဖုန်းမိသားစု၊ ဖေ့အမျိုးအနွယ် ဓားရှည်နှစ်လက်၊ ဓားမတစ်လက် ခေါ်ဆိုကြသည်။ အတော်ကလေး ရင်ဆိုင်ရခက်သည့် ပုဂ္ဂိုလ်များလည်း ဖြစ်၏။

ထို့ပြင် ဖေ့မိသားစုတွင် အတော်ပင် နာမည်ကြီးသည့် လူငယ် သိုင်းသမား ဖေ့ထန်ဖုန်းဆိုသူ ရှိပေသေးသည်။

ရှောက်ချူးရွှေအနေနှင့် ယန်တိုတို့ကို ကယ်တင်မည်ဆိုလျှင် ဖေ့မိသားစုနှင့် ရန်သူဖြစ်ရတော့မည်။ သို့ဆိုလျှင် တုံ့ပြန်ရခက်သော အထက်ပါ ပုဂ္ဂိုလ်များနှင့် ပြဿနာ ဖြစ်ရပေတော့မည်။ ဤပြဿနာများကို ဩဇာအာဏာ ဂိုဏ်းသည်ပင် ထိပ်တိုက် မတွေ့ဆုံရဲ။

သို့သော် ဖေ့မိသားစုသည် မိုးဘုရင်ကြီး ကျူး၏ လက်အောက်သို့ ဝင်လိုက်ကြပြီး ရှောက်ချူးရွှေကိုလည်း အလိုရှိနေကြသည်။ ဩဇာအာဏာဂိုဏ်းကလည်း ဖေ့မိသားစုကို ဖြိုခွဲချင်နေသည်။ ထို့ကြောင့် ရှောက်ချူးရွှေအား တင်ပေးကာ ထိပ်တိုက် ရင်ဆိုင်တွေ့ဆုံစေသည်။

Scanned with ACE Scanner

ဖေ့မိသားစုပင် ဖြစ်စေ၊ ရောက်ချူးရှွေပင် ဖြစ်စေ ကျဆုံးရှုံးနိမ့်သွားလျှင် သူတို့အနေနှင့် မည်သို့မျှ အားအင် ဇိုက်ထုတ်ရခြင်း မရှိဘဲ အကျိုးအမြတ် ထွက်လာမည် ဖြစ်ပေသည်။

ရောက်ချူးရှွေကလည်း ထိုအချက်ကို ရိပ်စားမိသည်။ သို့သော် မိမိ၏ မိတ်ဆွေ အပေါင်းအသင်းအတွက်ဆိုလျှင် နဂါးဂူ ကျားဂူကိုပင် မကြောက်မရွံ့ ဝင်ရောက်ရဲသည်မှာ သူ့စိတ်ဓာတ်ဖြစ်ချေသည်။

"ဖေ့မိသားစုနဲ့ ရန်ငြိုးဖွဲ့ချင်တယ်ဆိုလည်း ရှင့်ကို ကျွန်မ မတားပါဘူး၊ ကိုယ်တော်လေး လှိုဂူ ပေးအပ်တဲ့ တာဝန်အတိုင်း ရှင့်ကို ကျွန်မ ဒီနေရာကပဲ စောင့်နေမယ်၊ ရှင့်သေရေး ရှင်ရေးက ကျွန်မနဲ့ ဘာမှမပတ်သက်ဘူး၊ ခုလောက်ဆို ဖေ့မိသားစုကလည်း ရှင့် လိုက်လာအောင် လူလွှတ်ပြီး မျှားခေါ်နေရောပေါ့၊ ရှင် ကျုံနန်းတောင်ပေါ် တက်လိုက်ရင် ဖေ့မိသားစုက လူတွေနဲ့ တွေ့နိုင်ပါတယ်၊ ကျွန်မလည်း ကျုံနန်းတောင်ကို ဖြစ်ဖြစ် ရောက်လာပြီး ရှင် ဘယ်လို သေမလဲဆိုတာ ကြည့်ရဦးမယ်"

ကောင်းစုလန်က ရောက်ချူးရှွေအား နောက်ဆုံးစကား ပြောပြီး လှည့်ထွက်သွားတော့သည်။ ရောက်ချူးရှွေကို တစ်ချက် ပြန်လှည့် မကြည့်။ နှုတ်ဆက်စကား တစ်ခွန်းမဆို။ နေရောင်က သူမ၏ အပြာရောင်ဝတ်စုံကို ပို၍ လှပအောင် လက်လွင်သွားစေသည်။

ရောက်ချူးရှွေမှာ မချိပြုံးကလေးသာ ပြုံးလိုက်မိတော့သည်။

# အခန်း(၄)

ကျုံနန်းတောင်ကား သာယာလှပချေ၏။

နံနက်ခင်း နေခြည်အောက်တွင် ပြာစင်သော ကောင်းကင် ဖြူဆွတ်သော တိမ်တိုက်ထဲသို့ တိုးဝင်ကာ ခံ့ခံ့ထည်ထည်ကြီး ရှိနေ၏။

ရောက်ချူးရွှေသည် စုလန်နှင့် ခွဲခွာခဲ့ရပြီးသည်နှင့် ကျုံနန်းတောင်ဆီသို့ ဦးတည်ထွက်လာခဲ့သည်။ ပတ်ဝန်းကျင် ရှုခင်းများ၏ လွမ်းမောစိတ်ကြောင့် ထန်ဖန်းကို ပြေးသတိရလိုက်သေးသည်။

ထန်ဖန်း ဘယ်လိုများ ဖြစ်နေသလဲ။

အဆိပ်ဒဏ်မှ ကင်းသွားပြီလား။

ငါ့ကိုမှ သတိရသေးရဲ့လားဟူသော အတွေးများ ဝင်လာပြီး ထန်မျိုးဆက် ရဲတုက်သို့သွားကာ ထန်ဖန်း၏ အခြေအနေ သွားကြည့်ရလျှင် ကောင်းမလားဟုပင် ဖျတ်ခနဲ တွေးလိုက်မိသေးသည်။ သို့သော် အချစ်ရေးထက် သိုင်းလောကအရေးက ရှုပ်ထွေးနေသဖြင့် သူ့စိတ်ကို သူချုပ်တည်းကာ ကျုံနန်းတောင်ဆီသို့ ဖွတ်မိုတ်ထွက်လာခဲ့၏။

လမ်းတစ်လျှောက်တွင် ဖေ့မိသားစုမှ လူများကို မတွေ့မိ။

ကျုံနန်းတောင်ခြေသို့ ရောက်သောအခါတွင်မူ တောင်ပေါ်သို့ တက်မည့် လူနှစ်ယောက်ကို သူ့ရှေ့တွင် တွေ့လိုက်ရသည်။ သူနှင့် မနီးမဝေးနေရာတွင် ရှိနေသည်မို့ သူတို့နှစ်ယောက်၏ ပြောစကား

များကို ရှောက်ချူးရွှေ အတိုင်းသား ကြားနေရသည်။ ပထမတွင် သူသည် ထိုနှစ်ယောက်အပေါ် သံသယဝင်မိသေး၏။ နောက်မှ သူတို့ ပြောဆိုနေကြသော စကားအချို့ကို ကြားမိပြီး မိမိနှင့် မသက်ဆိုင်ဟု သိလိုက်၏။

သူတို့နှစ်ယောက်၏ စကားသံများက ပေါက်ပေါက်ဖောက်သလိုဖြစ်ပြီး အဓိပ္ပာယ်မဲ့ စကားများကို ရှောက်ချူးရွှေ နားညည်းလာ၏။ သို့သော် သူတို့နှစ်ယောက်၏ ရှုးပေါ်ပေါ် ကြောင်တောင်တောင် စကားများက သူ့ သူငယ်ချင်းကောင်းများဖြစ်သည့် ထက်စင်းရွှဲ့နှင့် ချူးနန်ကုတို့ကို သတိရစေသည်။ စရိုက်လက္ခဏာအရလည်း အတော်ပင် တူနေသည်။

သို့သော် သတိထားနိုင်လျှင် မမှားနိုင်သဖြင့် သစ်ပင်ကွယ်တစ်ခုသို့ ဝင်ရောက်ပြီး မိခင် သင်ကြားပေးထားသော ပညာအရ အာမခံဌာနမှ အမှုထမ်းတစ်ယောက်အသွင် ရုပ်ပြောင်းပြင်ဆင်လိုက်သည်။ ထို့နောက် တောင်ပေါ်သို့ ဆက်လာခဲ့ရာ မိမိရှေ့မှ ရှုးကြောင်ကြောင် လူနှစ်ယောက် တောင်ခုလတ်မှ ယွင်းယွင်းဘုရားကျောင်းဆီသို့ လျှောက်သွားသည်ကို တွေ့လိုက်ရသည်။

ရှောက်ချူးရွှေ စိတ်ထဲ ထူးဆန်းသလို ဖြစ်ကာ သူတို့နောက်မှ လိုက်သွားခဲ့သည်။ ဘုရားကျောင်းဆောင်ထဲတွင်ကား ဘုရားဖူးသူတို့ အတော်ပင် နည်းပါးလှ၏။ လေးငါးဆယ်ယောက်လောက်သာ ရှိမည်။ ဘုရားကျောင်းဆောင်၏ ခန်းမထဲတွင် ဆရာတော်တစ်ပါးက ဣန္ဒြေ သမာဓိအပြည့်ဖြင့် ထိုင်နေသည်။

"ဆရာတော်ကို မေးလျှောက်ပါရစေ၊ အခုတလော ရှောက်အမျိုး လူငယ်တစ်ယောက် ဆရာတော်ရဲ့ ကျောင်းကို ရောက်လာခဲ့ဖူးပါသလား"

အမျိုးသားတစ်ယောက်၏ မေးလျှောက်သံကို ရှောက်ချူးရွှေ

ကြားလိုက်ရသည်။ ထိုအသံက သူနှင့် အလွန်ရင်းနှီးကျွမ်းဝင်သော အသံဖြစ်ကြောင်းလည်း မှတ်မိသည်။ ဆရာတော်က သိမ်မွေ့ညင်သာစွာပင်…

"ရောက်မလာပါဘူးကွယ်၊ အဲဒီနာမည်မျိုးရှိတဲ့ လူငယ်တစ်ယောက်ကိုမှ ကျုပ် မတွေ့မိခဲ့ပါဘူး"

ဘုန်းတော်ကြီးက ထိုသူကိုပြောပြီးကာမှ တစ်စုံတစ်ခုကို သတိရတွေးမိဟန်ဖြင့် သက်ပြင်းလေးလေးတစ်ချက် ချလိုက်သည်။

"အင်း … အတော့်ကို ထဉ်းဆန်းအံ့ဩဖို့ကောင်းနေပါလား၊ အခုတလော တကာလေးရောက်ဆိုတဲ့ သူကို လာမေးကြတဲ့သူတွေ မနည်းတော့ဘူး၊ ဘာကြောင့်များပါလိမ့်"

ရောက်ချူးရွှေစိတ်ထဲ လှုပ်ခတ်သွားမိသည်။ မိမိအကြောင်း စုံစမ်းနေသူမှာ မိမိရှေ့မှ လျှောက်သွားကြသော ရှူးပေါ်ပေါ် လူငယ်နှစ်ဦးဖြစ်နေသောကြောင့်ပင်တည်း။

လူငယ်နှစ်ဦးမှာ ဘုန်းတော်ကြီး၏ စကားများကြောင့် စိတ်ပျက်သွားကြဟန် ဖြစ်ပေါ်လာသည်။

အရပ်မြင့်မြင့် လူငယ်က …

"ရောက်ချူးရွှေက သိုင်းလောကရဲ့ ယောကျ်ားကောင်း တစ်ယောက်ပဲ၊ နောင်တစ်ချိန်မှာ ဦးဆောင်ဦးရွက်ပြုနိုင်တဲ့သူလည်း ဖြစ်တယ်၊ တပည့်တော်တို့က ရောက်ချူးရွှေရဲ့ အကြောင်း ကြားမိလို့ အထုပ်ပိုက် ဓားဆွဲပြီး သူ့ကို တကူးတကန့်ကြွကြွ လိုက်ရှာလာခြင်း ပါ၊ ဆရာတော်ကသာ သိရင် တပည့်တော်တို့ကို ညွှန်ပြပေးစေ လိုပါတယ်"

နောက်တစ်ယောက်ကလည်း ရောက်ချူးရွှေနောက်သို့ မည်မျှ ဒုက္ခခံ လိုက်ရှာနေကြောင်း ပြောဆိုသည်။ ဘုန်းတော်ကြီးက မတွေ့မိကြောင်းကိုသာ တွင်တွင် ငြင်းဆိုသည်။ ထို့နောက် လူငယ်နှစ်

ယောက်ကို စကားမပြောတော့ဘဲ အတွင်းဆောင်ဘက်ဆီသို့ ဝင်ရောက်သွားလေတော့သည်။

လူငယ်နှစ်ဦးလည်း အတော်ပင် စိတ်ဓာတ်ကျသွား၏။

ရှောက်ချူးရွှေမှာ သူတို့နှစ်ဦးက မိမိကို အဘယ်ကြောင့်ရပ်ဝေးမှ လာရောက်ရှာဖွေကြသည်ကို သိလိုစိတ် လှုပ်ရှားလာသည်။ သူတို့နှင့် မိတ်ဖွဲ့မည်ဟု စိတ်ကူးစဉ်မှာပင် ရုတ်တရက် ထွက်ပေါ်လာသော အသံတစ်သံကြောင့် လန့်သွားသည်။

"ရှောက်ချူးရွှေက ဘာများ အထင်ကြီးစရာ ကောင်းလို့လဲ"

"ကျုပ်ရဲ့ ခြေဆေးရည်သွန်တဲ့ အဆင့်လောက်ပဲ ရှိတယ်"

"အသုံးမကျတဲ့ သူတွေကသာ သူ့ကို လိုက်ရှာကြလိမ့်မယ်"

လူသုံးယောက် အတိုင်အဖောက်ညီစွာ တစ်ဆက်တည်း ပြောဆိုလာကြသည်။ ရှောက်ချူးရွှေတို့ သုံးယောက် လှည့်ကြည့်လိုက်ကြသည်။

အသံက ဘုရားကျောင်း၏ တစ်ဖက် သတ်သတ်လွတ် စားသောက်ခန်းထဲမှ ထွက်ပေါ်လာခြင်း ဖြစ်၏။

သက်သတ်လွတ် စားသောက်ခန်း၏ စားပွဲခုံတစ်ခုံတွင် လူသုံးယောက် ထိုင်နေကြသည်။ လူငယ်များ ဖြစ်ကြ၏။ တစ်ယောက်က ခြေအစုံကို ကွေးကာ ခုံတန်းရှည်တစ်ခုပေါ်တွင် တင်ထားသည့်မျက်နှာက ပြောင်စပ်စပ်၊ ပြောင်ချော်ချော်။

တစ်ယောက်က အေးတိအေးစက် အမူအရာ။ အကြည့်က ...လိုသည့် အကြည့်။ ကျန်တစ်ယောက်ကမူ မျက်လုံးအစုံကို အောက်...ကာ ခေါင်းငုံ့ထား၏။ ပြောဆိုဖြစ်ပျက်သမျှကို သူနှင့်မဆိုင်...လို။

ရှောက်ချူးရွှေအနီးတွင် ရှိနေသော အရပ်မြင့်မြင့် လူငယ်မှာ ...က်သီးနှစ်ဖက်ဆုပ်ကာ ထိုလူငယ်သုံးယောက်ဘက်သို့ လှည့်ကာ ...

"ကျုပ်နမည် ချင်ဖုန်းပင်ပါ၊ ဟောဒါ ကျုပ်ရဲ့ သွေးသော
ညီတော် ချန်ကျင့်ထွေလို့ ခေါ်တယ်၊ ဘယ်တုန်းကများ အပြစ်ကျူ
လွန်ခဲ့မိလို့ သူတစ်ပါးထိခိုက်အောင် ပြောနေရတာလဲ"

အရပ်ပုသည့် လူငယ်ကလည်း တည်ကြည်လေးနက်စွာပြ

"ကျုပ်တို့တစ်တွေကို ထိခိုက်အောင် ပြောဆိုလာတာကတော
အရေးမကြီးပါဘူး၊ နောင်ကြီး ရှောက်ချူးရှေ့ကို ထိခိုက်ပုတ်ခတ်
လာတာတော့ ရှင်းချက်ထုတ်မှ ဖြစ်လိမ့်မယ်"

စားပွဲခုံပေါ်မှ လူငယ်သုံးဦးက သဘောကျစွာပင် တဟားဟား
ရယ်မောလကြသည်။ ဘာမှပြန်မပြောဘဲ လှောင်ရယ် ရယ်နေ
သဖြင့် ချင်ဖုန်းပတ်နှင့် ချန်ကျင့်ထွေတို့ အကြီးအကျယ် ဒေါသထွက်
လာကြ၏။

ထိုလူငယ်သုံးယောက်၏ နောက်ဘက်ကျကျတွင် ယောက်ျား
တစ်ယောက်နှင့် မိန်းမတစ်ယောက်တို့လည်း ရှိနေကြ၏။ သူတို့က
ပါးစပ်ကို လက်ဖြင့်အုပ်ကာ တစ်ခစ်ခစ်ရယ်နေကြသဖြင့် ရယ်မော
ပို၍ဆူညံလာ၏။

"ဘာရယ်တာလဲ"

ချင်ဖုန်းပတ်က ဒေါသတကြီးနှင့် မေးသည်။

မိန်းမ နှစ်ယောက်အနက်မှ ပေါင်ဒါ မျက်နှာချေမှုန့်ထူ
လိမ်းထားသော မိန်းမက ...

"တော်တော် ထူးဆန်းတဲ့ နာမည်ပါလား"

အခြား မိန်းမက ...

"ရှောက်ချူးရှေ့က ရှင့်မွေးစား အဖေလား"

နောက် ယောကျ်ားလိုလို မိန်းမလိုလိုက ...

"မင်းတို့က ရှောက်ချူးရှေ့ကို ရှာချင်တာလား၊ ရှာမနေ
ကျုပ်တို့ ဖေ့မိသားစုဆီကို လာရှာကြ၊ ရှောက်ချူးရှေ့ရဲ့ မိတ်ဖ

ညီနောင်တွေအားလုံး ကျုပ်တို့ အချုပ်ခန်းထဲမှာ ဧည့်သည်အဖြစ် ရောက်နေကြတယ်"

ဖေ့မိသားစုဟူသော စကားကြောင့် ရောက်ချူးရွှေ သတိထားနေလိုက်ရသည်။ ယောကျ်ား တစ်ယောက်နှင့် မိန်းမတစ်ယောက်မှာ ဖေ့ဝန်နီ၏ သားသမီးများ ဖြစ်နိုင်ပြီး စားပွဲတွင် ထိုင်နေသည့် လူငယ်သုံးယောက်မှာ မည်သူမည်ဝါဖြစ်မည်ကို ရောက်ချူးရွှေ မခန့်မှန်းတတ်။

ရောက်ချူးရွှေသည် ယခုမှပင် ဖေ့မိသားစုများကို တွေ့ဖူးပြီး ထိုသူများကမူ အာမခံဌာန သိုင်းသမား တစ်ယောက်လို ရုပ်ဖျက်ထားသော ရောက်ချူးရွှေအား ရောက်ချူးရွှေဖြစ်ကြောင်း မသိကြ။

"မင်းတို့တစ်တွေ နောင်ကြီး ရောက်ရဲ့ ညီအစ်ကိုမိတ်ဆွေတွေကို ဖမ်းဆီးထားတာ ဘာသဘောလဲ"

ချန်ကျင့်ထွေးက လေသံမာမာဖြင့် မေးသည်။

ပေါင်ဒါ မျက်နှာချေမှုန့်ထူထူ မိန်းမက အသံပြတ်ဖြင့် ...

"အပိုတွေ လာမေးမနေနဲ့"

"ကျုပ်ကိစ္စကြောင့် မေးရလိမ့်မယ်၊ ကျုပ်နဲ့ နောင်ကြီးရောက်ဟာ တစ်ခါမှ မတွေ့ဆုံဖူးသေးပေမယ့် သူနဲ့ ညီနောင်ဖွဲ့လိုက်ပြီ၊ အဲဒီတော့ သူ့ကိစ္စဟာ ကျုပ်ကိစ္စပဲ"

အခြား မိန်းကလေးတစ်ယောက်က ...

"ဒါဆို ငရဲပြည်ကို အရင်ဆုံးသွားပြီး ရောက်ချူးရွှေ ရောက်အလာကို စောင့်နေပေတော့"

ပြောပြောဆိုဆိုပင် ဓားရှည်ကို ရှမ်းခါနဲ ဆွဲထုတ်လိုက်သည်။ တစ်ပြိုင်တည်းမှာပင် အခြား နှစ်ယောက်ကလည်း ဓားရှည်နှင့် ဓားမကို ဆွဲထုတ်ပြီး တိုက်ခိုက်ဟန် ပြင်လိုက်ကြတော့သည်။

လူသုံးယောက်၊ ဓားရှည်နှစ်လက်၊ ဓားမတစ်လက်က ဝန်းရံ

Scanned with ACE Scanner

ထားသော်လည်း ချင်ဖုန်းပတ်နှင့် ချန်ကျင့်ထွေတို့မှာ ထိတ်လန့်တုန်လှုပ်ခြင်း မရှိကြ။ ရယ်မောရှုပင် နေကြ၏။

"အစ်ကိုကြီး ရောက်နဲ့ မဆုံရသေးခင်မှာ ပွဲကြီးပွဲကောင်းလာနွှဲရတော့မှာကိုး"

ချင်ဖုန်းပတ်က ပေါ့တီးပေါ့ဆပင် ပြောသည်။

ချန်ကျင့်ထွေက သဘောကျသော လေသံဖြင့် ...

"သိပ်ကောင်းတာပေါ့၊ ဒီတစ်ပွဲကို နွှဲလိုက်ရတာဟာ အစ်ကိုကြီးရောက်အတွက် လက်ဆောင်ကောင်း တစ်ခုတောင် ဖြစ်ဦးမယ်"

ရောက်ချူးရွှေမှာ ထိုစကားကို ကြားလိုက်ရသဖြင့် ရင်အမျှခံစားလိုက်ရပြီး မျက်ရည်ကြည်များပင် ဝဲလာ၏။ မိမိနှင့် သိကျွမ်းခြင်းပင် မရှိသေးသောသူများက မိမိကို လေးစားကာကွယ် ပြောဆိုနေကြသည် မဟုတ်ပါလား။

ဓားရှည်နှစ်လက်နှင့် ဓားမတစ်လက်တို့သည် တိုက်ကွက်ဟန်ခင်းကျင်းလိုက်ကြပြီးလျှင် ချင်ဖုန်းပတ်တို့အား တိုက်ခိုက်ကြတော့မည်။

"ခဏနေဦး"

ဘားမြစ်သံနှင့်အတူ အခြားတစ်ယောက်၏ စကားသံက ရုတ်တရက် ထွက်ပေါ်သည်။

"ရောက်ချူးရွှေရဲ့ ကိစ္စဆိုရင် တို့နဲ့လည်းဆိုင်တယ်၊ တိုက်မယ် ခိုက်မယ်ဆိုရင် ကျွန်မတို့လည်း ဝင်ပါရလိမ့်မယ်"

ဤစကားသံ လေယူလေသိမ်းတို့ကို ရောက်ချူးရွှေ အလွန်ပင် တရင်းတနှီးရှိသည်။

နောက်သို့ လှည့်ကြည့်လိုက်လျှင် မိန်းမ နှစ်ယောက် စားသောက်ခန်းထဲသို့ ဝင်ရောက်လာသည်ကို တွေ့ရ၏။

ထိုနှစ်ယောက်ကား အခြားသူ မဟုတ်ကြ။

ကွမ်စီနယ် ကျားငါးကောင်ထဲမှ အရူးမလျှို့ယိုနှင့် အားရွှေတို့ ဖြစ်ကြလေသတည်း။

⊕ ⊕ ⊕

ရောက်ချူးရွှေ ရင်ထဲ တုန်လှုပ်သွားမိသည်။ လျှို့ယိုနှင့် အားရွှေတို့ကို ရုတ်တရက် ပြန်တွေ့လိုက်ရသဖြင့် ဝမ်းသာပီတိ ဖြစ်သွားမိ၏။

သူကသာ သူတို့နှစ်ယောက်ကို သိနေသော်လည်း သူတို့နှစ်ယောက်ကမူ ရုပ်ဖျက်ထားသော ရောက်ချူးရွှေကို မမှတ်မိကြ။

လျှို့ယိုက အရင်ဆုံး တိုက်ပွဲ စည်းဝိုင်းအတွင်းသို့ ဝင်လာသည်။ သူ့အသွင်က အားမာန်အပြည့် ပါနေ၏။ ချင်ဖုန်းပီတ်နှင့် ချန်ကျင့်ထွေတို့ကို ဖြုံးစိစိကြည့်ကာ ...

"ကျွန်မတို့လည်း ခရီးဝေးက ရောက်လာကြတာ ရောက်ချူးရွှေကို ရှာချင်လို့ပဲ၊ ပြည်မကြီး သွေးသောက် အဓိပတိ ရွေးချယ်ပွဲကိစ္စမှာ ရောက်ချူးရွှေ မပါလို့ မဖြစ်ဘူး၊ အခုထက်ထိ ထွက်ပေါ်မလာသေးတာ ခက်နေတာပဲ၊ ကျွန်မတို့လည်း ဝတ်စုံပြာဝတ် မိန်းမတစ်ယောက် လမ်းညွှန်လိုက်လို့ ဒီတောင်ပေါ် လာတက်ရှာတာပဲ အခု ရှင်တို့နဲ့ တိုက်တိုက်ဆိုင်ဆိုင် လာတိုးမိတာ အဖော်ကောင်းရတာပဲ"

အားရွှေက စကားပြောသလိုဖြင့် ရှေ့သို့ ခြေတစ်လှမ်း တက်လိုက်သည်။

သို့သော် အမွေးတိုင်ထွန်းသည့် ခုံကို ခြေထောက်နှင့် တိုက်မိသဖြင့် မြေကြီးသို့ ဘိုင်းခနဲ လဲကျသွား၏။

"အရေးထဲ ဒီခြေထောက်က ကန့်လန့် ကန့်လန့်နဲ့ ရှုပ်ရသေးတယ်"

Scanned with ACE Scanner

အားရွှေ သူ့ခြေထောက်ကို သူ မကျေမနပ်ဖြင့် ရေရွတ်နေ၏။

ရှောက်ချိုးရွှေမှာ ချန်ကျင့်ထွေနှင့် ချင်ဖုန်းပတ်တို့ တွေ့မှိုင်နေကြသည့် အမူအရာကိုကြည့်ပြီး ရယ်ချင်စိတ်ပင် ဖြစ်လာ၏။ သူ့မိတ်ဆွေ အပေါင်းအသင်းများကိုလည်း သတိရလိုက်မိသည်။

မျက်နှာချေမှုန့် ထူထူ လိမ်းထားသည့် မိန်းမမှာ ဖေ့ကန်းဖြစ်ပြီး ကျန်တစ်ယောက်မှာ ဖေ့ပေါင်ဖြစ်၏။ ယောကျ်ားလိုလို မိန်းမလိုလိုလူမှာ ဖေ့ထိန်းချင်းဖြစ်၏။ သူတို့ သုံးယောက်စလုံးမှာ ဖေ့မိသားစု၏ မျိုးဆက်ဖြစ်သလို ဓားရှည်နှင့် ဓားမသိုင်းပညာတွင် ကျွမ်းကျင်ကြသည်။ အဆင့်မြင့်ပညာ ကိုယ်စီ ရှိကြသဖြင့် မြေပြန့်သိုင်းလောကတွင် အဆင့်မြင့် ပုဂ္ဂိုလ်တို့ကို လုံးဝ ဂရုမထားချေ။

"မင်းတို့ တစ်ဖွဲ့တည်းလား"

ဖေ့ထိန်းချင်းက ဟန်ကြီးမာန်ကြီးဖြင့် မေးသည်။

လွှိုယိုက ခတ်ပြတ်ပြတ် လေသံဖြင့် ...

"ရှောက်ချိုးရွှေရဲ့ မိတ်ဆွေဆိုရင် တစ်ဖွဲ့တည်းပဲ"

ချင်ဖုန်းပတ်က လက်မထောင်ကာ ...

"မှန်လိုက်တဲ့ စကား၊ အစ်ကိုကြီးရှောက်ကို လေးစားတဲ့သူဟာ တစ်ဖွဲ့တည်းပဲ ဖြစ်ရမှာပေါ့"

ရှောက်ချိုးရွှေမှာ သိုင်းလောကတွင် နာမည်ကြီးခဲ့သော်လည်း သိုင်းပညာအရမူ အဆင့်မမြင့်လှ။ ဤမျှ လူအများက သူ့နောက်သို့ လိုက်ပါခြင်းသည် ပညာအဆင့်ကြောင့်မဟုတ်။ မိသားစု အရှိန်အဝါကြောင့်မဟုတ်၊ ငွေကြေးအင်အားကြောင့် မဟုတ်၊ သမာဓိ ခိုင်မြဲခြင်း၊ ရဲစွမ်းသတ္တိရှိခြင်း၊ မိတ်ဆွေအပေါင်းအသင်းပေါ်တွင် သစ္စာစောင့်သိခြင်းကြောင့် ဖြစ်ပေသည်။

ဖေ့ထိန်ချင်းသည် ဘာမျှ ဆက်ပြောမနေတော့ဘဲ မာန်တစ်ချက်သွင်းကာ ဓားမဖြင့် ဖေ့ယမ်းတိုက်ခိုက်လာ၏။

Scanned with ACE Scanner

သူ့ဓားလမ်းကြောင်းက ချင်ဖုန်းပတ်ဆီသို့ ဦးတည်နေရာမှ တစ်ဝက်ခန့်အရောက်တွင် လျှိုယိုထံသို့ ရောက်သွား၏။

လျှိုယို ပျာယာခတ်ခြင်းမရှိ၊ ပါးစပ်ဟကာ ဓားသွားကို ဖမ်းကိုက်လိုက်သည်။ ဖေ့ထိန်ချင်း လှုပ်ရှားသည်နှင့် ဖေ့ရှမ်းကန်းနှင့် ဖေ့ပေါင်ဖောင်တို့လည်း လှုပ်ရှားလာကြသည်။ ဓားရှည်နှစ်လက်က ငွေရောင် မြွေနှစ်ကောင်ပမာ ချင်ဖုန်းပတ်နှင့် ချန်ကျင့်ထွေတို့ နောက်ကျောသို့ ထိုးစိုက်ကျလာသည်။

"ကျွန်မ တာဝန်ထားလိုက်"

အားရွှေ အော်ဟစ်ကာ ဝုန်းခနဲ ခုန်လွှားသွားပြီး ဖေ့ရှင်းကန်းအား တံတောင်ဖြင့် လှမ်းတွက်သည်။ ဒူးတစ်ဖက်ကလည်း ဖေ့ပေါင်ပေါင်၏ မျက်နှာဆီသို့ တစ်ပြိုင်နက် တိုက်လွှတ်သည်။

တိုက်ပွဲအခြေအနေက ချင်ဖုန်းပတ်တို့နှင့် မဆိုင်တော့။ အားရွှေ၊ လျှိုယိုတို့ နှစ်ဦးနှင့် ဖေ့မိသားစုဝင် သုံးယောက်တို့ အကြိတ်အနယ် တိုက်ခိုက်သည့် အနေအထားသို့ ပြောင်းသွားသည်။

ဖေ့မိသားစုဝင် သုံးယောက်၏ ပူးပေါင်းတိုက်ကွက်က စေ့စပ်ပိရိကာ အကွက်စိပ်လှသည်။ တိုက်စစ်အရှိန် ပြင်းထန်သလို ခံစစ်ကလည်း လုံခြုံသေချာလှသည်။

လျှိုယိုနှင့် အားရွှေတို့မှာ ယခင်အချိန်များကလို ပေါ့ပေါ့ဆဆ မလုပ်ရဲကြ။ သတ္တိရှိရှိ ပြင်းပြင်းထန်ထန်ပင် တိုက်ခိုက်ကြ၏။ အနိုင်အရှုံးက တော်တော်နှင့် မသဲကွဲ။ ချင်ဖုန်းပတ်နှင့် ချန်ကျင့်ထွေတို့ အနည်းငယ် စိုးရိမ်ပူပန်လာမိကြသည်။

ဓားပွဲခုံပေါ်တွင် ထိုင်နေသည့် လူငယ်သုံးယောက်ကမူ မျက်လုံးတစ်ချက် ပင့်မကြည့်။ ဓားပွဲခုံပေါ်မှ လူတစ်စုကိုသာ အဖိုးတန်ပစ္စည်းတစ်ခုပမာ ရှုးစိုက်ကြည့်နေ၏။

ဖေ့မိသားစု ညီနောင်တို့သည် ကိုယ့်ကိုယ်ကို အထင်တကြီး

ရှိတတ်ကြ၏။ ရန်သူ့အင်အားနည်းပြီး မိမိတို့ အင်အားများသည့် အချိန်တွင် လက်ပိုက်ကြည့်နေတတ်ကြ၏။ ရန်သူတစ်ယောက် နှစ်ယောက်ကို တိုက်ခိုက်သည့်အချိန်တွင် အစွမ်းမပြနိုင်ကြတော့။ ဖေ့မိသားစု သုံးယောက်၏ တိုက်ကွက်များက လူအုပ်ကို ဖောက်ထွက်သည့် နေရာတွင်သာ အသုံးပြုရသော တိုက်ကွက်များ ဖြစ်နေသဖြင့် မထိရောက်တော့။ လှိုုယို၏ ပြင်းထန်သော လက်သီးချက်၊ အားရွှေ၏ လျှင်မြန်သွက်လက်စွာဖြင့် ပြင်းပြင်းထန်ထန် ကြမ်းကြမ်းတမ်းတမ်း တိုးဝင် ထိုးခုတ် တိုက်ချက်များက သူတို့သုံးယောက်ကို အသက်ရှူပင် မှားသွားစေသည်။

ထိုအချိန်တွင် အခြေအနေက ရုတ်ခြည်းပင် ပြန်လည်ပြောင်းလဲသွား၏။ ဖေ့ထိန်ချင်း၏ ဓားမသည် ကျွဲခနဲ မြည်လျက် တဒင်္ဂ အတွင်း ဓားမရှည်ကြီး ဖြစ်လာသည်။ ဖေ့ရှင်ကန်းနှင့် ဖေ့ပေါင်ပေါင် တို့၏ ဓားရှည်ကလည်း မူလထက် ပိုရှည်လာကြသည်။

လက်နက်တိုများက လက်နက်ရှည်အသွင် ပြောင်းလဲလာသဖြင့် တိုက်ကွက် တိုက်ဟန်လည်း ပြောင်းလဲလာသည်။ လှိုုယိုနှင့် အားရွှေတို့ အမှတ်မထင် ဒဏ်ရာရသွားကြ၏။

သူတို့နှစ်ယောက်သည် စိတ်ကြမ်း စိတ်ရိုင်းများရှိကြသဖြင့် ဒဏ်ရာရလာလယင် ပို၍ပင် ကြမ်းရမ်းလာတော့သည်။ တိုက်ပွဲ အတွေ့အကြုံလည်း များစွာရှိထားကြသည်မို့ တိုက်ခိုက်မှုကြာလေ ပိုမိုပြင်းထန်လာလေဖြစ်နေ၏။ နှစ်ယောက်သား ပူးပေါင်း တိုက်ကွက်များပင် ထုတ်လာကြသည်။

"သိမ်းငှက်အတောင်ဖြန့်"

ရုတ်တရက် သူတို့နှစ်ယောက် ပြိုင်တူ အော်ဟစ်လိုက်ကြသည်။

တိုက်စစ်အရှိန်က မြန်ဆန်ပြင်းထန်လာသလို အားရွှေ၏

ဦးခေါင်းသည် ဖေ့ထိန်ချင်း၏ ရင်ဝကို ဝင်တိုက်သွားသည်။ ဖေ့ထိန်ချင်း ဓားမဖြင့် ကပျာကယာ ဟန့်တားသော်လည်း အချိန်မမီတော့။ ဝုန်းခနဲတိုက်မိကာ ပါးစပ်မှ သွေးများ အန်ထွက်ကျလာတော့သည်။

ဖေ့ရှင်းကန်က ဓားမရှည်ကို ဝှေ့ယမ်းကာ လျှို့ယိုက မာန်ဖိအော်ဟောက်ကာ ခြေအစုံ ပျံတက်သွားသည်။ ဖေ့ပေါင်ပေါင်က ဓားရှည်ဖြင့် ပိုင်းဖြတ်သော် ခြေထောက်ကို မခုတ်မိဘဲ လေကိုသာ ခုတ်မိသည်။

"ဝုစ် ... ဝုစ်"

လျှို့ယို၏ ခြေထောက်မှ ဖိနပ်နှစ်ခုက သူမ၏ ပါးနှစ်ဖက်ကို တဖျတ်ဖျတ် ရိုက်သွားသည်။ ဖေ့ပေါင်ပေါင်မှာ လျှို့ယို၏ ခြေထောက်မှ ဖိနပ်ထွက်မှန်ကာ မြေကြီးပေါ်တွင် ဖင်ထိုင်လျက် လဲကျသွားတော့သည်။

ဖေ့ရှင်းကန်သည်လည်း လျှို့ယို၏ ဟန့်တားခြင်း ခံလိုက်ရသဖြင့် ခြေလှမ်းတုံ့သွား၏။ ထိုအချိန်တွင် အားရှေက နောက်ပြန်လှည့်လာပြီး ခြေထောက်ဖြင့် ဆွဲချိတ်လိုက်ရာ ဖေ့ရှင်းကန် မြေကြီးပေါ်သို့ လဲကျသွား၏။

တဒင်္ဂအချိန်အတွင်းမှာပင် ဖေ့မိသားစု သုံးယောက်သည် မြေကြီးပေါ်လဲကျကာ မထနိုင်တော့။

လျှို့ယိုနှင့် အားရှေတို့သည် သိမ်းငှက် အတောင်ဖြန့်ဟူသော အချက်ပေးသံကိုပြုလျက် ပုံးပေါင်း လေ့ကျင့်ခဲ့ကြသော အရှုံးသိုင်းနှင့် ကမူးရှုံးထိုးသိုင်းတို့ကို တွဲဖက် တိုက်ခတ်လိုက်ကြခြင်း ဖြစ်ပေသည်။

သူတို့နှစ်ယောက်ကသည် ဖေ့မိသားစု သုံးယောက်အား အလဲထိုး အနိုင်ယူလိုက်နိုင်သော်လည်း ရရှိသည့် ဒဏ်ရာက မသေး။ မောပန်းလွန်းသဖြင့် အသက်ပင် ပြင်းပြင်းရှူနေရသည်။

Scanned with ACE Scanner

ထိုအချိန်တွင် တိုက်ပွဲအတွင်းသို့ လူနှစ်ယောက် ဝင်ရောက်လာသည်။

စားပွဲခုံတွင် ထိုင်နေကြသော လူငယ်သုံးယောက်အနက် အစွန်းနှစ်ဖက်မှ လူငယ်နှစ်ယောက် ဖြစ်ပေသည်။ သူတို့နှစ်ယောက်၏ လှုပ်ရှားမှုများက မြန်ဆန်လှသဖြင့် တိုက်ပွဲကွင်းဘက်သို့ ရုပ်ခနဲ ရောက်လာသည်ကိုပင် ရုတ်တရက် မတွေ့လိုက်ကြရ။

"ကျုပ်နာမည် ဖေ့တိလို့ ခေါ်တယ်"

ပြောင်စပ်စပ် လူငယ်က ပြောသည်။

ဟန်မာန်အပြည့်ရှိသော လူငယ်ကလည်း ...

"ကျုပ်နာမည် ဖေ့ချင်းလို့ခေါ်တယ်"

နှစ်ယောက်သားမှာ အသီးသီး မိတ်ဆက်စကား ပြောလိုက်ကြ၏။

လူအားလုံးမှာ သူတို့နှစ်ယောက်ထံသို့သာ အာရုံစိုက်နေကြသည်။

ဖေ့တိက မထိတရိအမူအရာဖြင့် ...

"ခင်ဗျားတို့နှစ်ယောက်က ဖေ့မိသားစုရဲ့ အသုံးမကျတဲ့ လူသုံးယောက်ကို အနိုင်ယူခဲ့ပြီးပြီဆိုတော့ ကျုပ်တို့ကပဲ ခင်ဗျားတို့ကို ဆုံးမပေးလိုက်ရတာပေါ့"

ဖေ့မိသားစု၏ ပညာသည် သူ့အဆင့်အတန်းနှင့်သူ ရှိပေသည်။ ဖေ့ယိပေါင်၊ ဖေ့ဝန်နီတို့ နှစ်ယောက်သည် ဖေ့မိသားစု၏ ပညာအမွေအနှစ်နှင့် ပတ်သက်ပြီး ပြဿနာဖြစ်ကာ တစ်ယောက်ကို တစ်ယောက် မကျေမနပ်ဖြစ်ခဲ့၏။ ဖေ့ယိကျောင်းက အလျင်မိသားစုအချင်းချင်း စိတ်ဝမ်းကွဲမှုမျိုး မဖြစ်အောင် ထိန်းသိမ်းသော်လည်း မရ။ သို့အတွက် ဖေ့တိက မထိခလုတ် စကားမျိုး ပြောလာခြင်း ဖြစ်ပေသည်။

Scanned with ACE Scanner

"မတရားဘူး"

ရှောက်ချူးရွှေ မနေသာတော့ဘဲ ဝင်ပြောလိုက်၏။

ရုပ်ပြောင်းလဲထားပြီး အာမခံဝန်ထမ်း တစ်ယောက်အသွင် ဝတ်ဆင်ထားသဖြင့် သူ့ကို မည်သူမျှ မမှတ်မိကြ။

"သူတို့နှစ်ယောက်က ပင်ပန်းနေကြပြီ၊ အခုလို ထပ်ပြီး စိန်ခေါ်တာပဲလား၊ ဒါတော့ မတရားဘူး"

ဖေ့တိနှင့် ဖေ့ချင်းတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။ ထိုစကား၏ ဩဇာတိက္ကမကြီးပုံကြောင့် သူတို့ နှစ်ယောက်စလုံး၏ရင်ထဲတွင် ထိတ်လန့်တုန်လှုပ်သွားမိကြသည်။ ထို့ပြင် ဤအာမခံဌာနမှ လူမှာ ရုပ်ဖျက်ထားကြောင်း သူတို့သိ၏။ မည်သူမည်ဝါ ဖြစ်မည်ကိုသာ မခန့်မှန်းတတ်။

ဖေ့တိ ပြောင်စပ်စပ်အမူအရာဖြင့် ရယ်မောလိုက်ပြီး ...

"ဘာတရားမမျှတရမှာလဲ၊ ဒါဆိုရင် ကွမ်းတုံနယ်က ကျားရဲ နှစ်ကောင် မခုခံရင် မဆိုင်ရဲဘူးလို့ ပြောလိုက်တာနဲ့ အတူတူပဲ"

ဖေ့တိ စကားများက ကောက်ကျစ်လွန်းလှ၏။ ထိုစကားသည် အားရွှေတို့ကို မခံချင်စိတ်ဖြစ်အောင် ဆွပေးလိုက်ခြင်းဖြစ်ပေသည်။ သူ နှိုးဆွလိုက်သလိုလည်း ထိရောက်၏။ အားရွှေမှာ ဒေါသကို မချုပ်တည်းနိုင်သူမို့ အော်ဟစ်ကာ ခုန်ထလာ၏။

"သိပ်ပြီး ကိုယ့်ကိုယ်ကို အထင်မကြီးနဲ့၊ နင်တို့က အလှည့် ကျ တိုက်ခိုက်ချင်ရင်လည်း ရတယ်၊ ငါကတောင် နင်တို့ကို ပြန်ပြီး စိန်ခေါ်လိုက်ဦးမယ်"

အားရွှေ ခုန်ထွက်လာလျှင် အရှုံးမလျှိုလည်း သူတစ်ယောက် တည်း လွှတ်ပေးရန် မသင့်သဖြင့် ခုန်ထွက်လာ၏။

"သတ္တိရှိရင် လာခဲ့ကြစမ်း၊ ကြောက်ရွံ့ပြီး နောက်တွန့်သွား ကြမယ့် လူတွေမဟုတ်ဘူး"

ဖေ့တီ အားပါးတရ ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား၊ အဲဒီလို သတ္တိရှိတဲ့လူမျိုးမှ ကျားရဲ့ဘွဲ့နဲ့ ထိုက်တန်တာ"

စကားဆုံးသည်နှင့် သူ့လက်ထဲ၌ ဓားရှည်တစ်လက် ရောက်လာ၏။ ဓားက ဘာမှမထူဆန်း။ သို့သော် ဖေ့ထိမှာ အားရွှေတို့ကို ဂရုမစိုက် အလေးမထားသည့်နှယ် ဓားရှည်ကိုသာ စူးစိုက်ကြည့်နေ၏။

⊕ ⊕ ⊕

အားရွှေနှင့် လျှိုယိုတို့သည် ဖေ့တီ ဝင်အလာကို စောင့်နေ၏။

ဖေ့တီ အမှတ်မထင် လှုပ်ရှားသည်။

သူ့ကိုယ်ရိပ်နှင့်အတူ ဓားအလင်းရောင်များကလည်း ကြယ်ကြွေသည့်အလား ပြက်လက်သွားသည်။ တစ်ပြန်ငည်းမှာပင် ဖေ့ချက်ကလည်း ကြက်ခြေခတ် အသွားတပ် လှံတံကို ကိုင်ဆောင်ကာ အားရွှေသို့ထံသို့ ခုနဝင်လသည်။

မဖေ့တီ၏ ဓားရိပ်က လွှမ်းမိုးလာသဖြင့် လျှိုယိုနှင့် အားရွှေတို့နောက်သို့ အထိတ်တလန့် ဆုတ်သည်။ သို့သော် ကြက်ခြေခတ်လှံတံက သူတို့၏ နောက်ကျောဘက်မှ ပိတ်ဆို့ပြီး ဖြစ်နေသည်။ အားရွှေက လက်မောင်းတစ်ဖက်ကို ကွေးပြီး ကိုယ်ကို ရိပ်ခနဲလှုပ်ကာ ကြက်ခြေခတ်အသွားတပ် လှံတံအား ဖမ်းချုပ်လိမ်ချိုးရန် ကြိုးစားသည်၊ မရ။

လှံတံက တုန်ခါသွားပြီး လည်ပတ်ကာ အားရွှေ၏ နံဘေးတစ်ဖက်ကို သိရှိသွားသည်။

လျှိုယိုမှာလည်း ဖေ့တီ၏ ဓားရိပ်အောက်တွင် မလှုပ်သာအောင် ဖြစ်နေတော့သည်။

တိုက်ကွက် တစ်ကွက်တည်းနှင့်ပင် လှိုင်ယိုနှင့် အားရွှေတို့မှာ ဖေ့တီနှင့် ဖေ့ချင်းတို့၏ ထိန်းချုပ်မှုကို ခံနေရတော့သည်။

ဖေ့တီနှင့် ဖေ့ချင်းတို့မှာ ဖေယီပေါင်၏ ပညာကို ရခဲ့သဖြင့် ဖေ့ဝမ်နီ၏ မြေးတပည့်များထက် များစွာ ပို၍ အဆင့်မြင့်ပေသည်။

လှိုင်ယိုနှင့် အားရွှေတို့မှာ သူတို့နှစ်ယောက် လက်ထဲ၌ အသက် ပျောက်ရပေတော့မည်။

ထိုစဉ်မှာ မာန်ဖိသံ တစ်သံနှင့်အတူ လူရိပ်တစ်ရိပ် ပျံဝဲလာပြီး ဖေ့တီ၏ ဓားရှည်ကို လက်နှစ်ဖက်ဖြင့် ခါထုတ်လိုက်သည်။ တစ်ပြိုင်တည်းပင် အခြားအရိပ်တစ်ရိပ်ကလည်း ရောက်ရှိလာပြီး ခြေကန်ချက်တစ်ချက်မျှ ထုတ်လိုက်ရာ ကြက်ခြေခတ် အသွားတပ်လှံတံအောဘက်သို့ တိမ်းစောင်းလွဲချော်သွားစေတော့သည်။ ထို့အတူ အခြား ခြေတစ်ဖက်ကလည်း အားရွှေကို ကန်ထုတ်လိုက်၏။

လှိုင်ယိုနှင့် အားရွှေတို့ နှစ်ယောက်သား သေမင်းလက်မှ လက်မတင်ကလေး လွတ်မြောက်လာခဲ့ရချေပြီ။ သူတို့နှစ်ယောက် ရင်ထဲတွင် ထိတ်လန့် တုန်လှုပ်သွားကြပြီး လှည့်ကြည့်လိုက်လျှင် ချန်ကျင့်ကွေ့နှင့် ချင်ဖုန်းပတ်တို့ နှစ်ဦးကို တွေ့လိုက်ကြရလေသတည်း။

ဖေ့တီနှင့် ဖေ့ကျင်တို့နှစ်ယောက် မျက်နှာ ကွက်ခနဲ ပျက်သွားကြ၏။ ဖေ့တီသည် ယခုမှပင် ချန်ကျင့်ကွေတို့ နှစ်ယောက်ကို ဂရုစိုက် လာမိတော့သည်။

"ခင်ဗျားတို့က ဘယ်ဂိုဏ်းအဖွဲ့ကလဲ"

ဖေ့တီက ဒေါသသံဖြင့် ငေါက်ငမ်းမေးသည်။

ချန်ကျင့်ကွေ့က အေးစက်စက် ရယ်မောလျက် ...

"လမ်းတေလေဂိုဏ်းဆိုတာ မင်းကြားဖူးမှာပေါ့"

ဖေ့တီ မျက်နှာပျက်သွားပြန်၏။ ချင်ဖုန်းပတ်က ပခုံးတစ်ချက် တွန့်လိုက်ပြီး ..."

"လမ်းတောလေဂိုဏ်းထဲက ကိုယ်ရံတော်နှစ်ဦး ရှိတယ်ဆိုတာကော မင်းသိသလား"

ဖေ့တိ မျက်လုံးမျက်ဆန်ပြူး ဖြစ်သွားသည်။

"ဒါဆိုရင် ခင်ဗျားတို့နှစ်ယောက်က သေမင်းလက်ချောင်းနဲ့ အရက်သမား ခြေကောက်အဖြစ် သိုင်းလောကမှာ နာမည်ကြီးနေတဲ့ အဆင့်မြင့်ပုဂ္ဂိုလ်တွေပေါ့"

ချန်ကျင့်ထွေ ခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်၊ ကျုပ်က သေမင်းလက်ချောင်းပဲ"

ချင်ဖုန်းပတ်ကလည်း ...

"ကျုပ်ကတော့ အရက်သမား ခြေထောက်ပဲ"

ဖေ့ချင်း မနေသာတော့ ကြားဝင်ပြောရတော့သည်။

"ကျုပ်တို့ ဖေ့မိသားစုက လမ်းတောလေဂိုဏ်းနဲ့ ဘာရန်ငြိုးရန်စမှ မရှိခဲ့ဘူး၊ ခင်ဗျားတို့နှစ်ယောက်က ဘာဖြစ်လို့ ဒီကိစ္စထဲ ဝင်ရှုပ်ချင်ရတာလဲ"

ချင်ဖုန်းပတ်က ထိမထင်သော ပုံစံဖြင့် ...

"ဘာကြောင့်လဲဆိုတော့ မင်းတို့တစ်တွေက ကျုပ်တို့ကို အရင်ဆုံး တိုက်ခိုက်လာကြလို့ပဲ၊ ဒီအမျိုးသမီးနှစ်ယောက်ဟာ ကျုပ်တို့ကို ကယ်တင်ပေးဖို့အတွက် ဒဏ်ရာတွေ ရခဲ့တယ်၊ ဒါဟာ ကျုပ်တို့ကြောင့် အဓိကပတ်သက်ပြီး ဖြစ်လာတာမို့ ဒီအတိုင်း လက်ပိုက်ပြီး ကြည့်မနေနိုင်ဘူး"

"ဖေ့တိ မဲ့ပြုံး ပြုံးလိုက်၏။

"ဒါဆို ခင်ဗျားတို့ နှစ်ယောက်ရဲ့ မျက်နှာကို ထောက်ထားပြီး ဒီအမျိုးသမီးနှစ်ယောက်ကို ဒုက္ခမပေးတော့ပါဘူး၊ ကဲ ... နှစ်ဖက်စလုံး ကျေနပ်လိုက်ကြရအောင်"

"မဖြစ်ဘူး"

ချန်ကျင့်ထွေက ခတ်ပြတ်ပြတ်ပင် ပြောသည်။

"ဖေ့ချင်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ဘာကြောင့် မဖြစ်ရတာလဲ"

"မင်းတို့က သူတို့ကို လုံတံနဲ့ တစ်ချက်ထိုးပြီး အရိပ်တစ်ထောင်အားနဲ့ ရက်ရက်စက်စက် တိုက်ခိုက်ခဲ့ကြတာပဲ၊ လူသေမှု ဖြစ်တော့မလို့ သီသီလေးပဲ လိုတယ်၊ ကျုပ်တို့သာ အချိန်မီ မကယ်နိုင်ခဲ့ရင် မတွေးဝံ့စရာပဲ၊ အဲဒါတွေကို စကားတစ်ခွန်းတည်းနဲ့ပဲ ကျေအေးလို့ ရတော့မှာလား"

ဖေ့ချင်. ဘာမျှမပြောနိုင်။ စင့်ဖေတီကိုသာ ဖျတ်ခနဲ လှမ်းကြည့်၏။

ချန်ကျင့်ထွေက ဆက်လက်၍ ...

"နောက်တစ်ချက် ရှိသေးတယ်၊ စောစောက မင်းတို့ဟာ အစ်ကိုကြီး ရှောက်ကို စော်ကားပုတ်ခတ်တဲ့ စကားတွေ ပြောခဲ့သေးတယ်"

ဖေ့တီက အံ့သြတကြီး အမူအရာဖြင့် ...

"ရှောက်ချူးရွှေနဲ့ ခင်ဗျားတို့က ဘယ်လိုပတ်သက်နေလို့လဲ"

"ဘာမှမပတ်သက်ဘူး"

ချန်ကျင့်ထွေက တုံးတိပြောလိုက်၏။ ချင်ဖုန်းပတ်က ထပ်၍

"ကျုပ်ရဲ့ ဆရာကျိုဂူလီဟာ ရှောက်ချူးရွှေအပေါ် ခင်မင်ရင်းနှီးတဲ့စိတ် ရှိခဲ့တယ်၊ အခု ကျုပ်တို့ အနောက်ပိုင်းဘက်က ထွက်လာခဲ့တာဟာ အစ်ကိုကြီးရှောက်ကို ပြည်မကြီး သွေးသောက်အဓိပတိအဖြစ် ဝင်အရွေးခံဖို့ လာဖျောင်းဖျကြတာပဲ"

ကျိုဂူလီသည်လည်း လမ်းတေလေဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးတစ်ယောက် ဖြစ်ပေသည်။ သူနှင့် ရှောက်ချူးရွှေမှာ သိကျွမ်းခြင်းမရှိ။ သို့တိုင် ကျိုဂူလီက ရှောက်ချူးရွှေအပေါ် ခင်မင်လေးစားစိတ်

ရှိနေသည်ဆိုခြင်းမှာ ဘေးတွင် ရပ်ဖျက်လျက်ရပ်နေသော ရောက်ချူး ရွှေ ကိုယ်တိုင်ပင် နားမလည်နိုင်အောင် ဖြစ်မိလေသည်။

တစ်ဖန် လမ်းတေလေဂိုဏ်းသည် ဩဇာဂိုဏ်း မပေါ်ပေါက်ခင်က သိုင်းလောကတွင် အင်အားအတောင့်တင်းဆုံး ဂိုဏ်းကြီးတစ်ဂိုဏ်း ဖြစ်ခဲ့ပေသည်။ ယခု အရှိန်အဝါ အနည်းငယ် ကျဆင်းသွားသော်လည်း ဖေ့မိသားစုမှာ အထင်မသေးရဲ။

ဖေ့မိသားစုကပင် ဟန်ဆောင်ပြုံးကာ ...

"ပြဿနာကိုသာ ကျေအေးနိုင်ရင်တော့ အကောင်းဆုံးပါပဲ၊ နောင်ကြီးတို့ နှစ်ယောက်က ရောက်ချူးရွှေနဲ့ ဘာမှပတ်သက်လေတော့ ဒီကိစ္စကို ဒီမျှနဲ့ပဲ ရပ်ဆိုင်းထားလိုက်ရင် ကောင်းပါလိမ့်မယ်"

"ဒီစကားမျိုးကို တို့နာမည် ထုတ်မပြောခင်ကတည်းက မင်းပါးစပ်က ထုတ်ပြောခဲ့ဖို့ ကောင်းတယ်၊ ဒါဆိုရင် အားလုံး ပြေပြေလည်လည် ဆွေးနွေးလို့ ရနိုင်တယ်"

ချင်ဖုန်းပတ်က ပြောသည်။ ချန်ကျင့်ထွေကလည်း ဘုဆတ်ဆတ်ပင် ...

"အခုကျမှ ပြောလာတာဟာ မီးစွယ်အနားကို ကပ်ခါမှ မလွှဲသာ မရှောင်သာ တိမ်းဖယ်လိုက်ရတာမျိုးပဲ၊ တစ်ကယ့်ရင်ထဲက လာတဲ့ စကားမျိုး မဟုတ်နိုင်ဘူး"

ဖေ့ချင်း အကြီးအကျယ် ဒေါသထွက်သွားသည်။

ဒီလောက်တောင် ဖြစ်လှတာ ကျုပ်တို့တစ်တွေက ခင်ဗျားတို့ကို ကြောက်ရမှာတဲ့လား၊ သူသေကိုယ်သေ တိုက်ကြရုံပဲရှိတာပေါ့"

ပြောပြောဆိုဆိုပင် ကြက်ခြေခတ် အသွားတပ်လှံကို ဗိုးခနဲ ထိုးစိုက်ချလိုက်သည်။ ချန်ကျင့်ထွေ လျှပ်တစ်ပြက် ရှောင်တိမ်းကာ ကြက်ခြေခတ် အသွားတပ်လှံကို လက်နှစ်ဖက်ဖြင့် ဖမ်းချုပ်လိုက်သည်။ လှံတံက ချန်ကျင့်ထွေ၏ လက်ထဲတွင် ဖမ်းချုပ်မိသည်။

Scanned with ACE Scanner

သို့သော် အခြေအနေက တစ်မျိုးပြောင်းသွားသည်။ သူ ဖမ်းကိုင်မိသော အဖျားပိုင်းကို လျှပ်တစ်ပြက် ဆွဲယူလိုက်၏။ ချွတ်ခနဲ အသံနှင့်အတူ လုံအဖျားပိုင်းက လွတ်ထွက်လာ၏။ အဖျားပိုင်း အမြီးတွင်ကား ဓားတစ်ချောင်းအလား ချွန်ထက်သော အသွားပါသည့် လက်နက်တစ်ခု ဖြစ်နေသည်။

ဖေ့ချင်သည် ထိုလုံ့ရှည်လက်နက်ကို ဆွဲထုတ်ပြီးလျှင် ချန်ကျင့်ထွေ၏ ဘယ်ဘက်လက်မောင်းဆီ ထိုးစိုက်ချလိုက်တော့သည်။

ချင်ကျင့်ထွေ နာကျင်ခြင်း လုံးဝမရှိ။ ဘယ်ဘက်လက်မောင်းမှ အင်္ကျီစသာလျှင် ဖြဲခနဲ ပြဲစုတ်သွားပြီး ညာလက်သီးက ဖေ့ချင်၏ ရင်ဝဆီသို့ ဘုန်းခနဲ ထိုးထိမိသည်။

ချန်ကျင့်ထွေ၏ အင်္ကျီအပြဲမှ လက်မောင်းကို လှမ်းတွေ့ရလျှင် ဖေ့ချင်း အံ့အားသင့်သွား၏။ လက်မောင်း ပတ်လည်တွင် သံမဏိ အပြားကြီး စွပ်ထားသောကြောင့်ပင်တည်း။ သို့သော် သူ ကြာကြာ အံ့ဩချိန်မရလိုက်။ ချန်ကျင့်ထွေ၏ လက်သီးချက်ကြောင့် လွင့်စဉ် ထွက်ကာ သွေးများထိုးအန်နေတော့သည်။

သို့တိုင် သူသည် လှုပ်ရှားမှုတစ်ခုကို ပြုလုပ်ဖြစ်အောင် လုပ်လိုက်သေးသည်။ သူ့လက်ထဲမှ လက်နက်ကို ချန်ကျင့်ထွေ ထံသို့ လျှပ်တစ်ပြက် ပစ်လွှတ်လိုက်ခြင်း ဖြစ်သည်။

"စွပ် ..."

ချန်ကျင့်ထွေ ရှောင်လိုက်သော်လည်း မလွတ်။ ညာဘက် ပေါင်ဘက်သို့ စိုက်ဝင်သွားသည်။ ထိုအချိန်တွင် ဖေ့ချင်မှာ လဲကျ သွားတော့သည်။ ချန်ကျင့်ထွေလည်း ပေါင်တွင် ဒဏ်ရာတစ်ချက် ရသွားတော့သည်။

"ဖေမိသားစုရဲ့ လက်နက်ကတော့ အတော့်ကို ဆန်းကျယ် နေမှကိုး"

Scanned with ACE Scanner

ချင်ဖုန်းပတ်က မှတ်ချက်ချသည်။

ဖေ့ထိက မရယ်ချင်ရယ်ချင် ရယ်လိုက်ပြီး ...

"ဖေ့မိသားစုရဲ့ လက်နက်ပုန်းကလည်း မခေပါဘူး"

ပြောပြောဆိုဆိုပင် လက်ဝါးရိုက်ချက် တစ်ချက် ရိုက်ထုတ်လိုက်၏။ ချင်ဖုန်းပတ်ကလည်း လက်ဝါးဖြင့် ခုခံသည်။ တစ်ကွက်သာလျှင် ယှဉ်ပြိုင်ပြီးနောက် ဖေ့တိက လက်တစ်ဖက် ဝှေ့ယမ်းလိုက်သည်။

ဖန်ဘောလုံးလေးလုံးက ချန်ဖုန်းပတ်ထံသို့ ပြေးဝင်၏။

ချင်ဖုန်းပတ်ကလည်း လူညံ့တစ်ယောက် မဟုတ်။ ဖေ့တိလှုပ်ရှားလာသည်နှင့် ထခုန်လိုက်ပြီး ဖြစ်နေသည်။ သူ့ထံသို့ ပြေးဝင်လာသော ဖန်ဘောလုံးလေးလုံးကို ခြေထောက်ဖြင့် ခတ်ထုတ်ပစ်လိုက်သည်။

"ဖောင်း ... ဖောင်း ... ဖောင်း ... ဖောင်း"

ဖန်ဘောလုံးများက သူ့ခြေဖျားနှင့်သူ ထိမိလျှင် ပေါက်ကွဲကာ အခိုးအငွေ့များ ပျံ့ထွက်လာ၏။ သိပ်သည်းကျစ်လျစ်သော အနီရောင်အငွေ့များ ဖြစ်၏။

"အသက်မရှူကြနဲ့"

ချင်ဖုန်းပတ်က နှာခေါင်းကိုပိတ်ရင်း အလျင်အမြန်ပင် အော်ဟစ်သတိပေးသည်။ ထိုအငွေ့များကို အခြားသူများ ရှူရှိုက်မိမှာ စိုးရိမ်နေပုံရ၏။

သို့သော် သူကိုယ်တိုင် အော်ဟစ်ပြီးသည်နှင့် ဦးနှောက်ထဲတွင် မူဝေထိုင်းမှိုင်းလာတော့သည်။

❂ ❂ ❂

ဖေ့တိ သဘောကျစွာပင် အော်ဟစ်ရယ်မောလိုက်၏။

Scanned with ACE Scanner

သူ့ဖန်ဘောလုံးကလေးများထဲတွင် အဆိပ်ငွေ့မရှိ။ ထွက်ပေါ်လာသော အခိုးငွေ့များမှာ ရန်သူကို ချောက်ချားအောင် ဟန်ပြဖန်တီးထားခြင်း ဖြစ်၏။

သို့သော် ချင်ဖုန်းပတ်က စောစောက ခုခံလိုက်သည့် လက်ဝါးတွင်မှ အဆိပ်သင့်သွားခဲ့၏။ အခိုးငွေ့များ ပျံ့လွင့်ထွက်လာချိန်တွင် ကြောက်ရွံ့ကာ နှာခေါင်းကို ပိတ်လိုက်သဖြင့် လက်ထဲတွင် ပေကျံနေသော အားပျော့ဆေးကို ရှူရှိုက်မိကာ ပျော့ခွေသွားတော့သည်။

ဖေ့တိသည် ပီတိဖြစ်စွာ ရယ်မောရင်း အနီးသို့ ချဉ်းကပ်သွား၏။ ထိုအချိန်တွင် ချန်ဖုန်းပတ်သည် ရုတ်တရက် ခုန်ထလာပြီး ခြေထောက်ဖြင့် ကန်လိုက်၏။

ဤသို့ ဖြစ်လာမည်ကို ဖေ့တိသည် ကြိုတင်ခန့်မှန်းမိကာ ပြင်ဆင်မှု ရှိနေခဲ့၏။ လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်နှင့် ကြည်လင်သော အလင်းတန်း ခြောက်ခုက ပျံ့ဝဲသွား၏။ အလင်းတန်း ခြောက်ခုက ပျံ့ဝဲသွား၏။ အလင်းတန်း ခြောက်ခုမှာ တချို့က မြန်ပြီး တချို့ကနှေး၏။ တချို့က အသံထွက်ပြီး တချို့က အရောင်လက်နေ၏။ မတူညီသော နေရာခြောက်နေရာ ထောင့်ခြောက်ခုမှ ချင်ဖုန်းပတ်ကို တိုက်ခိုက်လာကြသည်။

သို့သော် ချင်ဖုန်းပတ်က သူ့ထံသို့ ခုန်ဝင်ခြင်း မဟုတ်သဖြင့် ဖေ့တိ၏ တိုက်ခိုက်မှုက မည်သို့မျှ အရာမရောက်။ ချင်းဖုန်းပတ်မှာ အခိုးအငွေ့များ အုံ့ဆိုင်းနေသည့် အမွေးတိုင်စိုက် အိုးဆီသို့ ခုန်သွားပြီး ခြေထောက်ဖြင့် ကန်လိုက်ခြင်းဖြစ်၏။

"ဝုန်း ..."

အမွေးတိုင်စိုက်အိုးသည်သည် ပြာမှုန့်များနှင့်အတူ မြောက်တက်သွားပြီး အောက်သို့ပြန်ကျလာ၏။

ဖေ့တိ အကြီးအကျယ်ပင် ထိတ်လန့်တုန်လှုပ်ပြီး သူ့ဂါးစပ်နှင့်

Scanned with ACE Scanner

မျက်လုံးများထဲသို့ ဝင်ရောက်သဖြင့် စကားသံ မပီမသသလို မျက်လုံးကလည်း မမြင်ရတော့။

ချင်ဖုန်းပတ်က ခြေထောက်ဖြင့် သိမ်းကန်လိုက်ပြန်၏။ ဖေ့တိသေကြောသေကွက်ကို ကန်မိပြီး ဖေ့ထိမှာ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ သွေးများ အန်ထုတ်နေရ၏။ အခြေအနေ တော်တော်ဆိုးသော်လည်း ချင်ဖုန်းပတ် အားအင်လျော့နည်းသွားသဖြင့် သေဆုံးခြင်းကာ မဖြစ်ခဲ့။

ချင်ဖုန်းပတ်သည်လည်း အားအင် ပြတ်လတ်ကုန်ခမ်းကာ ပျော့ခွေလဲကျသွားတော့သည်။

အကြိတ်အနယ် တိုက်ခိုက်နေကြခြင်း ဖြစ်၏။ နောက်ဆုံးရလဒ်ကား ဖေထိန်ချင်း၊ ဖေ့ရှင်းကန်း၊ ဖေ့ပေါင်ပေါင်၊ ဖေ့တိ၊ ဖေ့ချင်း၊ အားရွှေ၊ အရူးမလျှို့ယို၊ ချန်ကျင့်ထွေနှင့် ချင်းဖုန်းပတ်တို့ ဒဏ်ရာရရှိသွားကြခြင်းပင် ဖြစ်၏။

ထိုအချိန်တွင် အခိုးအငွေ့များကြားမှ တစ်ခါမျှ ခေါင်းမော့ခြင်း မရှိခဲ့သည့် လူငယ်က ခေါင်းမော့လာသည်။ သူ့မျက်လုံးအစုံက လျှပ်ပြက်သည့်နှယ် ဝင်းလက်နေ၏။ မာန်သွင်း အော်ဟစ်လိုက်သံနှင့်အတူ ဓားမကြီးကို ဆွဲထုတ်ပြီးဖြစ်ကာ လူကလည်း ဝါးတစ်ပြန်ခန့်မြင့်တက်သွား၏။

လူငယ် အောက်သို့ ပြန်ကျလာသောအခါ ချင်ဖုန်းပတ်ရှေ့သို့ ရောက်သည်။ ရောက်ရောက်ချင်းပင် ဓားမနှင့် ခုတ်ချ၏။ ရုတ်တရက် တိုက်ခိုက်လာခြင်းကို ချန်ကျင့်ထွေ၊ အားရွှေနှင့် လျှို့ယိုတို့က အတတ်နိုင်ဆုံး ဝင်ကူတိုက်ခိုက်သည်။ ဖယ်ခါထုတ်ခြင်းသာ ခံရကာ မြေကြီးပေါ်တွင် လဲကျမောဟိုက်နေကြတော့သည်။

သုံးကြိမ်သုံးခါတိတိ လျှို့ယိုတို့က ဝင်တိုက်ပြီးမှ ထိုသူငယ်တိုက်ခိုက်ခြင်းကို ရပ်လိုက်သည်။ သူ့မျက်လုံးအစုံက ထက်မြက်ပြီး

Scanned with ACE Scanner

မျက်နှာပြင်မှာ လူတစ်ယောက်ပုံစံနှင့်မတူ။ အသားက ဝါထိန်နေပြီး မှိုင်းနေသည် တစ်ယောက်အလားပင် ထင်မှတ်ရသည်။ သို့သော် သူ့အသွင်သဏ္ဌာန်၊ သူ့ပုံစံကို မြင်လိုက်ရသူအဖို့မူ အလိုလိုရှိန်ကာ ထိတ်လန့် တုန်လှုပ်သွားစေနိုင်လောက်ပေသည်။

ထိုသူသည် တိုက်ခိုက်ခြင်းကို ရပ်တန့်ကာ လက်နှစ်ဖက်ဖြင့် ဓားမကြီးကို ကိုင်ထားပြီး မာန်ချိုဝံ့ကြွားစွာ ရပ်နေသည်။

ဖေ့တိက နာကျင်နေသည့်ကြားမှ အားတင်းပြုလိုက်ကာ ...

"ဒီကနောင်တော်ကတော့ ကျုပ်တို့ ဖေ့မိသားစု လူငယ်မျိုးဆက်က နံပါတ်တစ်အဆင့်မြင့် ပုဂ္ဂိုလ် ဖေ့ထန်ဖုန်းပါပဲ"

ချန်ကျင့်ထွေမှာ ထိုစကားနာမည်ကို ကြားလိုက်ရသည်နှင့် မိမိ သေနေ့စေ့ပြီဟု ထင်မှတ်လိုက်တော့သည်။

ဖေ့ထန်ဖုန်းသည် သိုင်းလောကနှင့် ဖေ့မိသားစုနွယ်ထဲတွင် အလွန်ပင် နာမည်ကြီးပြီး တစ်ချိန်က ဖေ့မိသားစု၏ ဂုဏ်ရှိန်ကို မြှင့်တင်ပေးနိုင်ခဲ့သည့် ဖေ့ချိုကဲ့သို့ အရည်အချင်းမျိုး ရှိသူဟုပင် ကျော်ကြားလှသည်။ ထို့အပြင် ဖေ့ယီကောင်း ယုံကြည်အားကိုး အနှစ်ခြိုက်ဆုံးလည်း ဖြစ်လေသည်။

သူသည် စာပေပညာတွင် နှံ့စပ်သလို လူသတ်ရာတွင်လည်း ရက်စက်ကြမ်းကြုတ်လှသူ တစ်ယောက်ဖြစ်၏။ ဖေ့မိသားစု၏ ဌာနချုပ်ဖြစ်သော ဗှာဆန်းတောင်သို့သွားရာ ကျုံနန်တောင်တွင် သူက ဦးစီးလျက် စောင့်ကြပ်သည့်တိုင် သူ့ကို မည်သူတစ်ဦးတစ်ယောက်မျှ ထိုးဖောက်သွားခြင်း မပြုနိုင်ခဲ့။

ချင်ဖုန်းပတ်ကို သတ်မည်ကြံပြီးမှ လက်တွန့်လိုက်ရခြင်းမှာ သူ့တွင် အကြောင်းရှိပေသည်။

သူသည် လမ်းတောလေဂိုဏ်းနှင့် ရန်ငြိုးမဖွဲ့ချင်ပေ။

သူသည် ကျိုငှလီသည် ထင်းကျင့်၊ ထိုက်ရှန်တို့လောက် ဂုဏ်သတင်း

သိုင်းပညာ မမြင့်မားပေမယ့် ကျန်ဂိုဏ်းအဖွဲ့များရှိ ဂိုဏ်းချုပ်တို့ထက် အဆင့်မြင့် ထက်မြက်လှပေသည်။

သူ့အသက်မှာ ငယ်ရွယ်သေးသည်မို့ သိုင်းလောကအတွင်းသို့ ဝင်ရောက်လိုပေသေးသည်။ နာမည်ဂုဏ်သတင်းကြီးအောင် ပြုလုပ်လိုသေးသည်။ ကျိုဝူလီနှင့် ပြဿနာဖြစ်လျှင် သူသည် သိုင်းလောကထဲသို့ လွတ်လွတ်လပ်လပ် ဝင်ထွက်သွားလာ၍ မဖြစ်တော့။

ထို့ကြောင့် အားလုံးကို နှုတ်ပိတ်သတ်ဖြတ်ရန် ကြံစည်လိုက်သည်။ လမ်းတေလေဂိုဏ်း၏ ကိုယ်ရံတော်နှစ်ဦးကို သတ်ပစ်လိုက်လျှင် တစ်နေ့နေ့တစ်ချိန်ချိန်တွင် လမ်းတေလေဂိုဏ်း၏ ဝါရင့်ပုဂ္ဂိုလ်သို့ အလိုအလျှောက် ရောက်ရှိသွားမည်ဟုလည်း သူ့စိတ်ထဲတွင် ကောက်ကျစ်စွာ တွေးတောထားမိ၏။

ယခုအချိန်တွင် သူ့အနေနှင့် အချိန်မရွေး သတ်ဖြတ်နိုင်ပေပြီ။

သူ့ရင်ထဲတွင် ပီတိလှိုင်းကြွနေသည်။ စဉ်းစားဆုံးဖြတ်ပြီးပြီမို့ ချန်ကျင့်ထွေတို့ အားလုံးကို သတ်ဖြတ်ရန် ဟန်ပြင်လိုက်စဉ် ...

"ရပ်လိုက်စမ်း"

တစ်စုံတစ်ယောက်၏ အော်ဟစ် အမိန့်ပေးသံက ရုတ်တရက် ထွက်ပေါ်လာသည်။ ဖေ့ထင်ဖုန်း ဒေါသထွက်သွားသည်။ အသံထွက်ပေါ်လာရာဆီသို့ ဖြည်းညင်းစွာကြည့်လိုက်လျှင် မျက်နှာဝါဝါ ကြံ့ခိုင်သော လူတစ်ယောက်ကို တွေ့လိုက်ရသည်။

ဖေ့ထန်ဖုန်း ချက်ချင်းပင် သဘောပေါက်မိသည်။

ဖေ့မျိုးနွယ်၏ ရုပ်ပြောင်းရုပ်လွှဲပညာက သိုင်းလောကတွင် အထွတ်အထိပ်သို့ ရောက်နေသဖြင့် သူတွေ့ရသည်မှာ ရုပ်ဖျက်ပြုပြင်ထားကြောင်း ဒက်ခနဲသိလိုက်သည်။

သို့သော် ထိုသူကို မြင်လိုက်ရသည်နှင့် သူ့ရင်ထဲတွင် အမျိုး

အမည် မဖော်ပြတတ်သော ခံစားမှုတစ်မျိုး ဖြစ်ပေါ်လာသည်။ သူ့တစ်သက်တာတွင် တွေ့ရခဲ့သော ပြိုင်ဘက်ကြီးတစ်ယောက် ဖြစ်မည်ဟု ထင်မှတ်ကာ စိတ်လှုပ်ရှား တုန်ယင်လာမိသည်။

"ခင်ဗျား ဘယ်သူလဲ"

ဖေ့ထန်ဖုန်းက မာန်တင်းကာ မေးလိုက်သည်။

ထိုသူက ရုတ်တရက် ပြန်မဖြေသေး။ သူ့မျက်နှာတွင် ဖွပြင်ဖန်တီးထားသည့် ရုပ်ပြောင်းပစ္စည်းများကို ဖယ်ရှားလိုက်သည်။ ခံ့ညားချောမောသော လူငယ်တစ်ယောက် ဖြစ်နေသည်။

ထိုသူကား ရှောက်ချူးရွှေပင်တည်း။

ဖေ့ထန်ဖုန်းမှာ ရှောက်ချူးရွှေ၏ နာမည်ကိုသာ ကြားဖူးပြီး လူကို မတွေ့ဖူးချေ။ ထို့ကြောင့် သူသည် တုံ့ပြန်ရခက်သော အခြားလူတစ်ယောက်ဟုသာ ထင်မှတ်နေ၏။

ယနေ့ ကျုံနန်းတောင်ပေါ်သို့ တက်လာသည့် သူများကလည်း နယ်နယ်ရရ မဟုတ်။ ရင်ဆိုင်ရ ခက်သူကြီးများသာ ဖြစ်ကြသည်။ နောက်ထပ် ရန်ငြိုးရန်စမိး မပွားချင်တော့။ ထို့ကြောင့် ပြေပြစ်စွာပင် ...

"ဒီကိစ္စတွေဟာ ကျုပ်တို့ မိသားစုရဲ့ ကိစ္စတွေပဲ၊ ခင်ဗျားနဲ့ ဘာမှမဆိုင်လို့ ဝင်မရှုပ်ပါနဲ့"

"ကျုပ်နဲ့ သိပ်ဆိုင်တာပေါ့"

"ဆိုင်ရအောင် ခင်ဗျားက ဘယ်သူမို့လို့လဲ"

"ကျုပ်က ရှောက်ချူးရွှေ ကိုယ်တိုင်ဖြစ်နေလို့ပဲ"

ရှောက်ချူးရွှေက အေးဆေးတည်ငြိမ်စွာပင် ပြော၏။

ရှောက်ချူးရွှေ သူတို့ မျက်စိရှေ့တွင် ရောက်နေပြီမို့ အားရွှေနှင့် လျှို့ယိုတို့မှာ ဝမ်းအသာကြီး သာသွားကြကာ အော်ဟစ်လိုက်ကြ၏။

ချန်ကျင့်ထွေနှင့် ချင်ဖုန်းပတ်တို့ နှစ်ယောက်မှာမူ ရှောက်ချူးရွှေကို မယုံကြည်နိုင်သည့် အသွင်ဖြင့် အံ့အားအသင့်ကြီး ကြည့်ရှုနေမိတော့သည်။

ဖေ့ထန်ဖုန်းက မျက်နှာမဲ့သွား၏။

"ဩော် … ခင်ဗျားက ရှောက်ချူးရွှေပေါ့"

ရှောက်ချူးရွှေ ပြန်မဖြေ။

သူသိလိုသော မေးခွန်းတစ်ခုကို ထုတ်လိုက်သည်။

"ကျုပ်မိတ်ဆွေတွေ ဘယ်မှာလဲ"

ဖေ့ထန်ဖုန်း၏ မျက်နှာထား ခက်ထန်၍ မာကျောသွား၏။

"ကျုပ်ရဲ့ တံခါးပေါက်ကို ဖြတ်ကျော်ပြီးမှ ဗှာဆန်းတောင်ကို သွားရှာပေါ့"

ဖေ့ထန်ဖုန်းသည် စိတ်အလိုအလျောက် ပြောလိုက်ပြီးမှ ရင်ထဲတွင် တုန်လှုပ်သွားမိသည်။ သူ့စကားအရ ရှောက်ချူးရွှေသည် သူ စောင့်ကြပ်နေသော နေရာကို ကျော်ဖြတ်သွားနိုင်လိမ့်မည်ဟူသော သဘော သက်ရောက်နေသည် မဟုတ်ပါလား။ တစ်ဖန် သူ့မိတ်ဆွေများ ချုပ်နှောင်သိမ်းဝှက်ထားသည့် နေရာကို ပြောပြလိုက်မိသဖြင့်လည်း အမှားကြီး မှားသွားခဲ့ပြီဟု ထင်မှတ်လိုက်၏။

မိမိ စကားအမှား၊ မိမိ စိတ်အင်အား လျော့ကျမှုကို ကာကွယ်သည့် အနေဖြင့် …

"ခင်ဗျားက ရှောက်ချူးရွှေဆိုတော့ ကျုံနန်းတောင်အောက်ကို မဆင်းနိုင်တော့ပါဘူး၊ ဒီမှာပဲ အရိုးမြေကျရတော့မယ်"

ရှောက်ချူးရွှေ ထိမထင်သည့် အပြုံးကို ပြုံးလိုက်၏။

"ကျုပ်ကလည်း ကျုံနန်တောင်အောက်သို့ ဆင်းသွားမှာမဟုတ်ပါဘူးဆိုတော့ ဗှာဆန်းတောင်ပေါ် ဆက်တက်ရမှာပေါ့"

ဖေ့ထန် ဒေါသထွက်လာ၏။

Scanned with ACE Scanner

"သူ့ရဲကောင်း အမိန့်ပေးတံဆိပ်ပြား ဘယ်မှာလဲ၊ အခု အမြန်ဆုံး ထုတ်ပေးစမ်း"

ရောက်ချူးရွှေ အဝေးသို့သာ ငေးကြည့်နေ၏။

ဖေ့ထန်ဖုန်းကို ဂရုမစိုက်။

"မင်းနဲ့တန်လို့လား"

ဖေ့ထန်ဖုန်းမှာ တစ်သက်လုံး လူတစ်ဖက်သားက စော်ကားအတင်သေးခြင်း မခံခဲ့ရဖူးသဖြင့် တစ်ကိုယ်လုံးပင် တဆတ်ဆတ်တုန်ယင်လာသည်။ သို့သော် တိုက်ပွဲတစ်ခုတွင် ဒေါသရှေ့ထားသူမှာ အမှားနှင့်သာ ရင်ဆိုင်တွေ့ရမည်မို့ သူ့စိတ်ကို သူ အတင်းအကျပ်ပင် ချုပ်တည်းထားရ၏။

သို့သော် ရောက်ချူးရွှေ၏ မျက်နှာက ပြုံးရောင်သမ်းနေသဖြင့် မိမိကို လှောင်ပြောင်နေသည်ဟု ထင်မှတ်ကာ ချုပ်တည်းထားသော ဒေါသကို ပြေကျသွားတော့သည်။

"တောက် ... သေပေတော့"

ပြောပြောဆိုဆိုပင် ဓားမကို ဝှေ့ယမ်းကာ ရောက်ချူးရွှေအား ခုတ်ပိုင်းချလိုက်တော့သည်။

⊕ ⊕ ⊕

ဖေ့ထန်ဖုန်း၏ ဓားအားလှိုင်းက တဝီဝီအောင်မြည်ကာ လှုပ်ရှားလာ၏။

ရောက်ချူးရွှေ၏ ခန္ဓာကိုယ်ကလည်း သစ်ရွက်ကြွေလေး တစ်ရွက်ပမာ အလိုက်သင့် လွင့်မျောနေ၏။ ဓားမအား သိုင်းနှင့် ထိတွေ့ရာ ဝတ္ထုပစ္စည်းတို့မှာ အသီးသီးပင် လဲပြိုကျကုန်၏။

ရှောင်ရှင်း တိမ်းရှင်း ခိုက်ရှင်းမှ အခန်းအပြင်ဘက် ခန်းမကျယ် မြေကွက်လပ်ကြီးသို့ ရောက်လာ၏။ စားသောက်ခန်းထဲမှ

လူအားလုံးလည်း အပြင်သို့ ထွက်ကာ သူတို့နှစ်ယောက်၏ တိုက်ပွဲကို ဝိုင်းအုံကြည့်ကြ၏။ ထိုအထဲတွင် ခမောက်ကြီးများ ဆောင်းထားသည့် လူငါးယောက် ငြိမ်သက်စွာဖြင့် တိုက်ပွဲအခြေအနေ ကြည့်နေကြသည်ကို မည်သူမျှ သတိမထားမိကြ။

လူအားလုံး၏ အကြည့်အာရုံများက ရောက်ချူးရွှေတို့ဆီသို့သာ ရောက်ရှိနေကြသည်။

ဖေထန်ဖုန်းသည် ဓားမကြီးကိုမြှောက်ကာ အစွမ်းကုန် ခုတ်ပိုင်းချလိုက်၏။ ဤဓားချက်သည် ပြင်းထန်လှသဖြင့် တစ်ဖက်လူကို နှစ်ပိုင်းပင် ပြတ်တောက်သွားစေနိုင်ပေသည်။

သို့သော် ခရီးတစ်ဝက်သို့ အရောက်တွင် ဓားကွက်ဟာန်က ရုတ်တရက် ပြောင်းလဲသွားသည်။ ဓားမအသွားက အပေါ်သို့ ထောင်တက်သွားပြီး ဓားအသွား၏ ကျောဘက်က အမွေးတိုင်များ ထွန်းသည့် အိုးထဲသို့ ကျသွား၏။

"ဖုန်း ..."

အမွေးတိုင်မှ ပြာမှုန့်များက လွင့်စဉ်ထွက်လာပြီး ရောက်ချူးရွှေထံသို့ ဝဲလွင့်သွား၏။ ဖေထန်ဖုန်းသည် တစ်ဆက်တည်းပင် ဓားမကို လန့်လန့်ဖြတ် လွဲခုတ်လိုက်၏။

"ရွှီး ..."

ဓားအနောက်မှ အဆိပ်ရည်များ ပန်းထွက်သွား၏။ လွတ်နေသော သူ့ဘယ်လက်မှလည်း မတူညီသော လက်နက်ပုန်း လေးငါးခုကို ပစ်လွှတ်လိုက်သေးသည်။ အချို့မှာ လက်နက်ပုန်းဟုပင် မခေါ်နိုင်။ အဆိပ်ပိုးကောင်များ ဖြစ်ကြသည်။ အဆိပ်ကောင် တစ်ကောင်ကောင် အကိုက်ခံရသည်ဖြစ်စေ၊ အဆိပ်ရည် ထိမှန်သည်ဖြစ်စေ၊ လက်နက်ပုန်း ထိမှန်သည်ပဲ ဖြစ်စေ ရောက်ချူးရွှေ သေရန်သာရှိ၏။

သို့သော် ရောက်ချူးရွှေသည် အလျင်အမြန်ပင် အာမခံဌာန

ဝတ်ရုံကြီးကို ချွတ်ကာ လက်နက်ပုန်းများနှင့်အတူ ဖေ့ထန်ဖုန်းကို အုပ်ချလိုက်၏။ ထို့နောက် အဆိပ်ကောင်၊ အဆိပ်ရည်၊ လက်နက်ပုန်း၊ ဓားမနှင့်အတူ ဖေ့ထန်ဖုန်းကို လုံးထွေးလိုက်သည်။ ထို့ပြင် အမွေးတိုင်၏ ပြာမှုန့်များကိုပင် ရောယှက်ထုတ်ပစ်လိုက်၏။

ဖေ့ထန်ဖုန်း ရုန်းကန်၏။ တစ်ချက်နှစ်ချက်သာ ရုန်းကန်နိုင်ပြီး နောက်ဆုံး၌ မလှုပ်နိုင်တော့။ ရှောက်ချူးရွှေ သည်တော့မှ ဝတ်ရုံကြီးကို ဖြေချလိုက်၏။

ဖေ့ထန်ကုန်း၏ မျက်နှာရှိ ဒွါရပေါက် ခုနစ်ပေါက်မှ သွေးများ ယိုစီးကျနေသည်။ ထို့နောက် သူ့ခန္ဓာကိုယ်မှာ အမွေးတိုင်အိုးထဲသို့ ဘိုင်းခနဲကျသွားတော့သည်။

ဖေ့တန်ဖုန်းသည် သူ့အဆိပ်သူသင့်ကာ သေဆုံးသွားခဲ့ရချေပြီ။

ရှောက်ချူးရွှေသည် အနန္တမူလဆေးတန်ခိုး၊ ရှောင်လင် ဝူတန်၊ မိုးဘုရင်ကြီး ကျူး၏ ဂိုဏ်းဆရာနှစ်ဦး၊ ဩဇာအာဏာဂိုဏ်း ကိုယ်ရံတော်ကြီး နှစ်ဦးတို့၏ ပညာများကြောင့် သိုင်းပညာအဆင့်မြင့်လာကာ အောင်နိုင်လိုက်ခြင်းဖြစ်၏။

သည်တစ်ကြိမ် အောင်နိုင်လိုက်ခြင်းကာ တစ်ယောက်ချင်း တိုက်ပွဲ အဆင့်မြင့်ပုဂ္ဂိုလ်တစ်ယောက်ကို ဒုတိယအကြိမ် အောင်နိုင်လိုက်ခြင်း ဖြစ်၏။ ပထမအကြိမ်က လိုရှောင်ရွှဲ့ကို အောင်နိုင်လိုက်ခြင်း ဖြစ်ပေသည်။

သူသာ ထိပ်သီး အဆင့်လွန်ပုဂ္ဂိုလ်ကြီး ရှစ်ဦး၏ သိုင်းပညာစွမ်းကို ထုတ်သုံးနိုင်စွမ်းမရှိလျှင် ဖေ့ထန်ဖုန်း၏ ဓားမချက်အောက်တွင် စောစီးစွာပင် အသက်ပျောက်သေဆုံးသွားရမည်ဖြစ်ပေသည်။

သူသည် ဖေ့ထန်ဖုန်းနှင့် တိုက်ခိုက်စဉ် ကျန်းချန်ကျင်းနှင့် ဝမ့်ဆွေယိတို့၏ လက်ဝါးပညာကို အသုံးပြုကာ အပြင်ဘက်သို့ ဆုတ်ခွာခဲ့သည်။ အမွေးတိုင်စိုက်အိုးအနီးသို့ ရောက်သောအခါ အရှေ့

နှင့်အနောက် ဓားဝိဇ္ဇာတို့ထံမှ တတ်ကျွမ်းခဲ့သည့် ကိုယ်ဖော့ပညာနှင့် ကိုယ်ခန္ဓာလှည့်ပတ်မှုတို့ကို အသုံးပြုတိုက်ခိုက်ခဲ့ခြင်း ဖြစ်ပေသည်။

သို့သော် ဤတစ်ပွဲမှာ ရောက်ချူးရွှေ၏ စိတ်ကို လှုပ်ရှားသွားစေသည်။ ခုခံရှောင်တိမ်းချိန်တွင် သူတစ်ပါး၏ ပညာကို သုံးခဲ့ပြီး ရန်သူကြီးအား သတ်ဖြတ်သည့်အချိန်ကျမှ မိမိဉာဏ်ကို လွှာသုံးသော ပညာ ထုတ်ဖော်အသုံးပြုရသောကြောင့်ပင်တည်း။

ထို့ကြောင့် သူသည် သာမန် အဆင့်မြင့် ပုဂ္ဂိုလ်များထက် ပို၍ သာလွန် ထက်မြက်သွားရတော့သည်။ လိုရှောင်ရွှဲ့နှင့် တိုက်ခိုက်စဉ်က လိုရှောင်ရွှဲ့၏ ဓာလအကျိုး အဆင့်မြင့်ပညာဖြင့် တန်ပြန်တိုက်ခိုက်လိုက်ခြင်း ဖြစ်သလို ယခုလည်း ဖေ့ထန်ဖုန်းအား သူ့အဆိပ်ဖြင့် သူ့ကို ပြန်သတ်လိုက်ခြင်းက တူညီသော သတ်ဖြတ်နည်းလိုပင် ဖြစ်နေတော့သည်။

ရောက်ချူးရွှေသည် ကိုယ်တိုင် စဉ်းစားသုံးသပ်ရင်း အမွေးတိုင်စိုက်အိုးကြီးဘေးတွင် ကြောင်လျက်သား ရပ်နေမိ၏။ သူ့အသွင်အပြင်မှာ အောင်ပွဲရသူတစ်ယောက်လို တက်ကြွမနေ။ မေတ္တာတရား၊ ကရုဏာတရားတို့ ပြည့်လျှမ်းသော အသွင်သာရှိနေ၏။

အားရွှေ၊ လျှိုယို၊ ချန်ကျင့်ထွေးနှင့် ချန်ဖုန်းပတ်တို့မှာ ရောက်ချူးရွှေ အနိုင်ရရှိလိုက်သဖြင့် ဝမ်းသာအားရ အော်ဟစ်လိုက်မိသည်။

ဖေ့တိ၊ ဖေ့ချန်တို့ ငါးယောက်ကား သူတို့ခေါင်းဆောင် ကျဆုံးသွားသဖြင့် သူတို့အလောင်းကိုပင် မကောက်။ အရိပ်အယောင်ပင် မတွေ့လိုက်ရအောင် ကိုယ်ယောင်မှာ ပျောက်သွားခဲ့ရပေပြီ။

ရောက်ချူးရွှေသည် ဖေ့ထန်ဖုန်း၏ အလောင်းကို ကိုယ်တိုင်ပင် မြေမြှုပ်သင်္ဂြိုဟ်ပေးလိုက်၏။

သူ့စိတ်ထဲတွင် ဗာဆန်းတောင်ပေါ်သို့ တက်ရောက်နိုင်ရေးကိုသာ ဆန္ဒစောနေမိသည်။

ချန်ကျင့်ထွေက သူ့အနီးသို့ကပ်ကာ...

"အစ်ကိုကြီးရောက် ဝှာဆန်းတောင်ပေါ် တက်မလို့မဟုတ်လား၊ ကျုပ်တို့လည်း ခင်ဗျားနဲ့အတူတူ လိုက်မယ်"

ချင်ဖုန်းပတ်ကလည်း ...

"ကျုပ်တို့ဟာ တကယ်တော့ ရှားစီးနယ်ကို လာပြီး အစ်ကိုကြီး ရောက်ကို ပြည်မကြီး သွေးသောက် အဓိပတိပြိုင်ပွဲ ဝင်နွှဲရအောင် လာခေါ်ကြတာပဲ၊ ကျုပ်တို့စိတ်ထဲမှာ အဲဒီ အဓိပတိနေရာကို အစ်ကိုကြီးပဲ ရသင့်တယ်လို့ ထင်တယ်၊ ဒါကြောင့်လည်း တကူးတက လိုက်ရှာခဲ့ကြတာပဲ"

လျှိုယိုကလည်း ထိုစကားမျိုးပင် ဝင်ပြောလာသည်။

ရောက်ချူးရွှေ ငြင်းပယ်ခြင်းမပြု။

အခြေအနေ အချိန်အခါအရ ငြင်းပယ်ရန်လည်း မသင့်။

အဓိပတိနေရာကို ရယူမည့်သူက လူငယ်တစ်ဦး။ နာမည်ဂုဏ်သိက္ခာ ကြီးမြတ်ရန်အတွက်မဟုတ်။ ကြီးမားလေးပင်သောတာဝန်များကို ထမ်းဆောင်ရန်အတွက်သာ ဖြစ်လေသည်။

ဤတာဝန်က တစ်မျိုးသားလုံး၏ တာဝန်၊ ထိုတာဝန်ကို သူအသက်ရှင်နေသရွေ့ မမိုတ်မသုန် ထမ်းရွက်မည်ဟုလည်း စိတ်ဆုံးဖြတ်ချက် ချလိုက်မိသည်။

"ပြိုင်ပွဲက ဘယ်နေ့လုပ်မှာလဲ"

ရောက်ချူးရွှေက မေးသည်။

ချန်ကျင့်ထွေက ...

"သုံးလပိုင်း ဆယ့်နှစ်ရက်နေ့"

ချန်ကျင့်ထွေတို့ နှစ်ယောက်မှာ လမ်းတောလေဂိုဏ်း၏ အရေးပါသော လူငယ်နှစ်ယောက်ဖြစ်ကာ ကျိုဂူနယ်၏ လေ့ကျင့်ပေးထားမှုကြောင့် နက္ခတ်ဟာရာပညာ၊ ဗေဒင်ပညာ၊ ရာသီဥတု ခန့်မှန်းတွက်

ချက်သည့် ပညာတို့ကိုပါ တတ်ကျွမ်းပေါ်ပေါက်လာနိုင်သည့် အရေး အခင်းများကို ပြောပြ၏။

ရှောက်ချူးရွှေ ခေါင်းညိတ်လိုက်ကာ ...

"ကျုပ် သွားဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် အခုကိစ္စကို ပြီးပြတ် အောင် လုပ်ပြီးမှ စကားဆက်ပြောကြတာပေါ့"

သို့နှင့် သူတို့လူသိုက်မှာ ဗှာဆန်းတောင်ပေါ်သို့ တက်လာခဲ့ ကြလေတော့သည်။

❖ ❖ ❖

မြူခိုးများ မှိုင်းမှိုင်းဝေနေသည်။

တောင်ပေါ်လေကလည်း ခပ်ပြင်းပြင်း ခပ်ကြမ်းကြမ်းကလေး ပင် တိုက်ခတ်နေသည်။

ရှောက်ချူးရွှေတို့ အုပ်စုသည် သတ္တိစွမ်းရည်နှင့် ဉာဏ်စွမ်း ရည် မြင့်မားကြသော်လည်း ဗှာဆန်းတောင်ပေါ်သို့မူ သတိကြီးစွာ ထား၍ တက်ရောက်နေရလေသည်။ ဗှာဆန်းတောင်သည် ကျောက် ဆွယ်ကျောက်ခက်များ ပေါသည်။ ချောက်ကမ်းပါးလည်း ထူပြော ၏။ တောင်တက်လမ်းမှာ တစ်ခါတစ်ရံ လူတစ်ယောက် မနည်းကူး ဖြတ်ရသည့် အနေအထားမျိုးရှိ၏။

သို့သော် သူတို့ ဖွဲ့မလျော့ကြ။

တောင်ကြီး ဖဝါးအောက်ဟူသော ဆိုစကားအတိုင်း တက်လာ ခဲ့ကြသည်။ ဗှာဆန်းတောင်၏ လမ်းခုလတ် တောင်ခြေတစ်နေရာ တွင် ခဏနားကြသည်။ ရိက္ခာခြောက်များကို စမ်းရေကြည်ကြည် အေးအေးဖြင့် မျှောချ အဆာဖြေကြသည်။

သူတို့တွင် အထုပ်အပိုးပါသူဟူ၍ ချန်ကျင့်ထွေနှင့် ချင်ဖုန်း ပတ်တို့သာ ရှိကြ၏။ သူတို့နှစ်ယောက်မှာ လမ်းတေလေဂိုဏ်း၏

ရာထူးအဆင့် သတ်မှတ်သော အိတ်ကြီး အိတ်သေး ဆယ်လုံးကျော် ခန့်စီ ပါလာကြ၏။ ထိုအထဲတွင် မည်သည့် ပစ္စည်းများ ထည့်ထား ကြသည် မသိ။ အထုပ်အဖိုးများလေ ဝါရင့်လေ အဆင့်မြင့်လေ ဖြစ်၏။ ရှောက်ချုံးရွှေတို့မှာ လမ်းတလေလေ့ဂိုဏ်းတွင် ထူးဆန်းအံ့ ဖွယ် အကြောင်းအချက်များ ရှိနေသည်ကို သိသော်လည်း မည်သို့မျှ မေးမြန်းခြင်းမပြု။

အားရွှေမှာ ညစ်ပတ်ပေရေနေသော ဝတ်စုံကချွတ်ကာ ကြက် သွေးရောင် ဝတ်စုံဖြင့် လဲလှယ်သည်။ ထို့အတူ လျှို့ယိုကလည်း လဲလှယ်သည်။ သူမသည် ရှုံ့သွပ်သွပ်ပေါ်တောတောလို နေတတ် သော်လည်း ရုပ်ချော ရုပ်လှသူတစ်ယောက် ဖြစ်ပေသည်။

နေရောင်က သစ်ရွက်သစ်ကိုင်းများကြားမှ ထိုးဖောက်လင်း နေသဖြင့် သူတို့ အနားယူသော နေရာ ကလေးမှာ နေပြောက်တို့ဖြင့် သာတောင့်သာယာ ရှိနေ၏။

"အစ်ကိုကြီးရှောက်သာ တကယ်လို့ ပြည်မကြီး သွေးသောက် အဖွဲ့ရဲ့ အဓိပတိခေါင်းဆောင်ဖြစ်ခဲ့ရင် ဘာလုပ်ဖို့ အစီအစဉ်ရှိသလဲ"

ချန်ကျင့်ထွေက မေးသည်။

ရှောက်ချုံးရွှေသည် ခေါင်းမော့ကာ နေပြောက်များအား ငေး ကြည့်နေ၏။ နေရောင်က ရွှေရည်ပမာ ဆမ်းထားသဖြင့် သူ့မျက်နှာ က ဝင်းပနေသည်။ သူ့ဝတ်စုံဖြူကလည်း ဝါကြန့်ကြန့် ဖြစ်နေသည်။ တောင်လေက ဝေ့ယမ်းသွားသဖြင့် တဖျပ်ဖျပ်လွင့်သွားသော သူ့ ဝတ်စုံက သူ့စိတ်အာရုံကို ပြန်လည်စုစည်းလာစေ၏။

ချန်ကျင့်ထွေ၏ အမေးစကားကို အတန်ကြာမှ သက်ပြင်း ချလျက် ...

"အခုလောလောဆယ်တော့ ဘာအကြံအစည်မှ မရှိသေးဘူး၊ ကျုပ်ဟာ တောင်တွေကို တင်တောင်ပြီး တစ်တောင် ကျော်ဖြတ်နေ

ရတယ်၊ စိတ်အေးလက်အေး အမဲလိုက်နေတာ မဟုတ်ဘူး၊ အန္တရာယ်တွေနဲ့ ရင်ဆိုင်နေရတာ၊ ဒါပေမယ့် အဲဒီလို တောင်တက်ရတာမျိုးကို ကျုပ် နှစ်ခြိုက်တယ်"

လှိုူယိုနှင့် အားရွှေတို့မှာ နားလည်သလိုလို၊ နားမလည်သလိုလို ဖြစ်နေ၏။

ချန်ကျင့်ထွေက ...

"အများအားဖြင့်တော့ ခေါင်းဆောင်လုပ်မယ့် သူတွေဟာကြိုတင်ပြီး အစီအစဉ်ဆွဲထားတတ်ကြတယ်၊ ကိုယ်တာဝန်ယူရတဲ့အချိန်မှာ ဘာတွေလုပ်မယ်၊ ဘယ်လိုဖန်တီးမယ် ဆိုတာမျိုးပေါ့"

ရှောက်ချူးရွှေကား တောတောင် သဘာဝအလှတို့ကို ငေးမောနေမိသည်။ ကျေးငှက်များ၏ အော်မြည်သံ၊ ထင်းရှူးရွက်တို့၏ အသံတို့က သူ့နားထဲတွင် သီချင်းတစ်ပုဒ်ပမာ ဖြစ်နေ၏။

"ကျုပ် ခေါင်းဆောင်မှုမဟုတ်ဘဲ၊ တိုက်စစ်မှူး တစ်ယောက်သာ ဖြစ်တယ်၊ ကဗျာ၊ လင်္ကာတွေကို ကြိုက်နှစ်သက်တဲ့ လူတစ်ယောက်၊ ပန်းချီအနုပညာကို ခုံမင်တဲ့ လူတစ်ယောက်၊ ပြီးတော့ ရန်သူကို တိုက်ခိုက်နိုင်တဲ့ လူတစ်ယောက် ဖြစ်ချင်တယ်"

"အစ်ကိုကြီးက ဘာနဲ့ တိုက်ခိုက်နေတာလဲ"

ချင်ဖုန်းပတ်က မေးသည်။

ရှောက်ချူးရွှေက တည်ငြိမ်စွာပင် ...

"ကျုပ်ဟာ ကျုပ်နဲ့ ပြန်ပြီး တိုက်ခိုက်နေတာပဲ"

"ကျုပ် သဘောမပေါက်ဘူး"

ရှောက်ချူးရွှေ ဘာမျှမပြော။ သူ့အတွေးနှင့်သူသာ ပြုံးမေ့လိုက်သည်။ ထို့နောက် ချင်ဖုန်းပင်တို့ကို ဦးဆောင်ကာ တာဆန်းတောင်ပေါ်သို့ ဆက်တက်လာခဲ့တော့သည်။

တာဆန်းတောင်ပေါ်သို့ တက်ရောက်ရာ လှေကားထစ်များက

အထစ်ပေါင်း နှစ်ရာ ခုနစ်ဆယ့်လေးထစ်တိတိ ရှိကာ ရှည်လျားလှ၏။ ဘေးပတ်ပတ်လည်တွင် ကျောက်ဆောင် သစ်ပင်တို့က ဝန်းရံထား၏။ တောင်ပေါ်သို့ တက်ရာလမ်းကလည်း ဤလမ်းတစ်လမ်းတည်းသာ ရှိ၏။ လှေကားထစ်အစတွင် အဝိုင်းသဏ္ဍာန် သံမဏိပြားတစ်ခု ရှိ၏။ ဘေးတွင် မက်စောက် မြင့်မားချောမွတ်သည့် ကျောက်နံရံတစ်ခုရှိ၏။ သံမဏိပြားကိုသာ လှေကားထစ် အပေါက်တွင် ပိတ်ဆို့လိုက်လျှင် တောင်ပေါ်မှ လူနှင့် တောင်အောက်ကလူမှာ အဆက်အသွယ် ပြတ်တောက်သွားနိုင်ပေသည်။

ယခုတွင်ကား ထိုအပေါက်ဝကို ပိတ်မထား။ ရောက်ချူးရွှေ၏ ခန္ဓာကိုယ်နှင့် အပေါက်ဝ၏ အမြင့်က ထိလုနီးပါး ဖြစ်နေ၏။ ခေါင်းမော့လိုက်လျှင် ကောင်းကင်ပြင်ကြီးကိုသာ မြင်ရ၏။

သို့သော် ရောက်ချူးရွှေသည် လှေကားထစ်ဘေးမှ အရာဝတ္ထုကို မကြည့်မိ။ ထို့ကြောင့် ထိုနေရာ၌ တစ်စုံတစ်ယောက် ပုန်းအောင်းနေသည်ကို မသိ။

အမှန်တကယ် ထိုနေရာ၌ လူလေးဦး ပုန်းအောင်းစောင့်ဆိုင်းနေကြ၏။ ထိုလေးယောက်ထဲတွင် ဖေ့တီနှင့် ဖေ့ချင်းတို့ ပါဝင်ကြ၏။ သူတို့နှစ်ယောက်ကိုကား ကြောက်စရာမလို။ သူတို့အနီးတွင်ရှိ ကျန်လူနှစ်ယောက်ကသာ ကြောက်စရာကောင်းလှသည်။

တစ်ယောက်မှာ ကျောင်းတော်သား ပုံစံဖြစ်ပြီး မျက်နှာတစ်ပြင်လုံးမှာ စိမ်းဖန့်ဖန့်အရောင် သမ်းနေသည်။ လက်တဲတွင်မူ ဓားမကြီးတစ်လက်ကို ကိုင်ဆောင်ထားပြီး ကျောက်ဆောင်ကြီးတစ်ခု၏ အပေါ်တွင် ပုန်းအောင်းနေ၏။

ထိုသူသည် ခေါင်းကိုပင် မော့ခြင်း မပြု။ မည်သူမျှလည်း သူ့အနီးသို့ တိုးကပ်သွားခြင်း မပြုရဲကြပေ။ ဖေ့တီနှင့် ဖေ့ချင်းတို့ပင် မကပ်ရဲကြ။ လှေကားထစ်လမ်းမပေါ်တွင်မူ မိန်းမကြီးတစ်

Scanned with ACE Scanner

ယောက် ရှိနေသည်။ အရပ်မြင့်မြင့် မျက်နှာသွယ်သွယ်။ ဆံပင်က လည်း ရှည်လျားလှ၏။ သူ့လက်နှစ်ဖက်တွင်မူ ဓားမရှည်နှစ်ချောင်းကို ကိုင်ဆောင်ထား၏။ ဓားမများက မည်းနက်ပြီး အချိန်တစ်ဆယ်ခန့် အနည်းဆုံးရှိမည်ဟု ထင်မှတ်ရသည်။

ထိုမိန်းမကြီး၏ မျက်နှာအမူအရာက အလွန်ပင် အေးစက်စက် နိုင်လှပေသည်။ လူသတ်ချင်သည့် အရိပ်အယောင်များ ဖြစ်၏။

သူတို့လေးယောက်သည် ရှောက်ချူးရွှေတို့ တက်လာမည့် အချိန်ကို နေရာအသီးသီး၌ စောင့်ဆိုင်းနေကြ၏။

ရှောက်ချူးရွှေသည် လှေကားပေါ်သို့ လှမ်းတက်လာ၏။ လှေကားအတက်လမ်းက မက်စောင့်လွန်းသဖြင့် သူသည် တစ်လှမ်းချင်းသာ လျှောက်လှမ်းတက်နေရ၏။

ရှောက်ချူးရွှေမှာ အလိုလိုနေရင်းကပင် ထန်ဖန်းကို သတိရနေမိ၏။

သူ ခေါင်းမော့ကြည့်လိုက်သောအခါ တောင်ထိပ်ဆီတွင် မြူမှုန်များ လွင့်တက်နေသည်ကို တွေ့လိုက်ရ၏။ လှေကားထစ် ဆုံးနေရာအချို့တွင် စမ်းရေများ စီးဆင်းနေသယောင် ထင်ရ၏။ တောင်ကုန်းမြင့်ကို သူနှင့် ထန်ဖန်းတို့ ပိုင်ဆိုင်ရာ ဇနေရာတစ်ခုဟုပင် ထင်မှတ်မိသည်။

လှေကားထစ်အဆုံးပိုင်းတွင်ကား သူတို့ကို သတ်ဖြတ်မည့်သူ လေးယောက်က ပုန်းအောင်းစောင့်ဆိုင်းနေကြ၏။ ထိုလူနှစ်ယောက်ကား ဖေ့ဝန်နီနှင့် ဖုန်းစယ်ဝုတို့ လင်မယားပင် ဖြစ်ကြ၏။

ဖေ့ဝန်နီသည် ဖေ့ယီကျောင်း၏ သမီးအကြီးဆုံးဖြစ်ပြီး သိုင်းလောကတွင် နာမည်ရှိသည်။ မာန်မာနကြီးသည်။ ဖေ့မိသားစု၏ ဖုန်းစယ်ဝုနှင့် အိမ်ထောင်ကျသည်။ သူတို့ ဇနီးမောင်နှံ နှစ်ယောက်မှာ ကိုယ့်ကိုယ်ကို အထင်ကြီးသူများ ဖြစ်ကြပေသည်။

Scanned with ACE Scanner

ဖုန်းစယ်ဝှ၏ မျက်နှာအရောင်က စိမ်းဖန့်ဖန့်ဖြစ်ပြီး သန်မာထွားကျိုင်းလှ၏။ သူ၏ ဓားမ ဇေ့ယမ်းပညာမှာ သိုင်းလောကတွင် နာမည်ကြီးသည့် လက်နက်ခုနစ်မျိုးထဲက တစ်မျိုးဖြစ်၏။ ဖန်မိသားစု အရေးနိမ့်ကာ ထိန်မိသားစု၏ လက်ချက်ဖြင့် အသတ်ခံခဲ့ရပြီးနောက် ဤဓားမဇေ့ယမ်း ပညာကို အဆင့်မြင့်မြင့် တတ်ကျွမ်းသူဆို၍ သူ တစ်ယောက်တည်းသာ ကျန်ရှိပေတော့သည်။ ကိုယ့်ပညာ ကိုယ် အထင်ကြီးကာ တခြားလူကို ပညာအမွေမပေးသဖြင့် ပျံ့နှံ့ခြင်းမရှိ။ သို့အတွက် တိမ်ကောလုပင် ဖြစ်နေသည်။

သူသည် ဖေ့မိသားစုထဲသို့ ရောက်ခဲ့ခြင်းမဟာ သူ့မိသားစု၏ ဂုဏ်သိက္ခာကို ပြန်ဆည်လိုသောကြောင့် ဖြစ်ပေ၏။

ဖေ့ဝန်နီ၏ ဓားမပညာကလည်း နယ်နယ်ရရ မဟုတ်။ သူတို့နှစ်ယောက်သာ ပူးပေါင်းတိုက်ခိုက်လျှင် အရှိန်အဟုန် ပြင်းထန်ကာ ရန်သူတို့ အကျဉ်းအကျပ်တွေ့ကာ အနိုင်ယူနိုင်မည်ဖြစ်၏။

သို့သော် သူတို့နှစ်ယောက်မှာ ကိုယ့်မာနနှင့်ကိုယ် ရှိကြသဖြင့် ပူးပေါင်းတိုက်ခိုက်ခြင်းကို မည်သည့်အချိန်မှ မပြုခဲ့။ ယခုလည်း ဖေ့ဝန်နီသည် လှေကားထစ်များ၏ အလယ်လောက်တွင် စောင့်ဆိုင်းနေပြီး ဖုန်းစယ်ဝှကမူ အပေါ်ကျောက်ဆောင်ထက်တွင် ပုန်းအောင်းနေ၏။

ဖေ့ဝန်နီသည် သူ့ဓားမကို အပေါ်သို့ မြင့်မြင့်မြှောက်တင်ထားလိုက်သည်။ နောက်ထပ် ခြေလှမ်း ဆယ်လှမ်းခန့် တက်လိုက်လျှင် ရောက်ချူးရွှေတို့မှာ သူတို့အနီးသို့ ရောက်ပေတော့မည်။

သူ့အကြို လေတိုးသံ တဖျပ်ဖျပ် မြည်နေသော်လည်း ရောက်ချူးရွှေ မကြားမိ။ သူ့စိတ်အာရုံက ထန်ဖန်းဆီသို့သာ ရောက်ရှိနေသည့်အတွက် ပတ်ဝန်းကျင်နှင့် အန္တရာယ်ကြီးကို မေ့လျော့နေမိတော့သည်။

ရောက်ချူးရွှေသည် လှေကားထစ်များအတိုင်း ခြေလှမ်းတက်လာခဲ့ရင်း ထန်ဖန်း ရှိစဉ်တုန်းက ဆိုခဲ့ဖူးသော သီချင်းတစ်ပုဒ်ကို စိတ်ထဲမှ ရေရွတ်ဆိုနေမိသည်။

ကျောက်လှေကား၏ နောက်ဆုံးအထစ်ပေါ်သို့ တက်မည်ပြင်သောအခါ သူ့စိတ်ထဲတွင် ထူးခြားချက် တစ်ခုကို ခံစားလိုက်ရသည်။

တောင်လေသည် အပြင်းအထန် တိုက်ခိုက်နေ၏။ ပါးလှပ်ပိန်နွဲ့သူဆိုလျှင် လေနှင့်အတူပင် လွင့်မျောပါသွားနိုင်၏။ သို့သော်ယခု လှေကားထစ်ပေါ် တက်မည့်ဆဲဆဲတွင် သူ့ဘေးနှစ်ဖက်နှင့် နောက်ဘက်ဆီမှ လေတုးသည်ကို ခံစားလိုက်ရပြီး ရှေ့ဘက်ဆီမှ လေတိုးအား ပျောက်ကျသွားသည်။

ရောက်ချူးရွှေ ချက်ချင်းပင် သိရှိနားလည်လိုက်သည်။ သူ့ရှေ့တွင် တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခု ပိတ်ဆီးထားလိုက်ပြီကို တွေးမိ၏။

သူ ထိုသို့တွေးလိုက်စဉ်မှာပင် ဖေ့ဝန်နီ၏ မာန်သွင်းအော်ဟစ်သံက ရုတ်တရက် ထွက်ပေါ်လာ၏။

"ယား . . ."

တောင်ပြိုမတတ် အော်သံက ကျယ်လောင်လှ၏။ ထို့အတူ ဓားမခုတ်ပိုင်းချက်ကလည်း ပြင်းထန်မြန်ဆန်လှသည်။

ရောက်ချူးရွှေ နောက်သို့ မဆုတ်နိုင်တော့။ ဓားရှည်ကိုသာ ဆွဲထုတ်လိုက်ရတော့သည်။

လျှပ်တစ်ပြက် တုံ့ပြန်မှုက မြန်ဆန်လှသည်။ ဖေ့ဝန်နီ၏ လက်နှစ်ဖက်မှ ဓားမကို ကိုင်မြှောက်လျက် လေထဲတွင် ရှိနေစဉ်မှာပင် သူ့ဓားက ထွက်လာပြီး ရှေ့သို့ထိုးသွင်းပြီး ဖြစ်နေ၏။ ဖေ့ဝန်နီ၏ ဓားမက ရောက်ချူးရွှေ၏ နဖူးနှင့် ခြောက်လက်မခန့်သာ ကွာတော့သည်။

ထိုအချိန်မှာပင် ရှောက်ချူးရွှေ၏ ဓားရှည်က ဖေ့ဝန်နီ၏ ရင်ဘတ်တွင်းသို့ ထိုးသွင်းပြီးဖြစ်နေသည်။ ဓားသွားက ရင်ဝမှ နောက်ကျောသို့ ဖောက်သွားသည်။

ဖေ့တိနှင့် ဖေ့ချင်းတို့ နှစ်ယောက်မှာ အလွန်ပင် သတိထားနေကြသူများ ဖြစ်ကြသည်။ အဒေါ်ဖြစ်သူ၏ ဓားမ လမ်းတစ်ဖက်တွင် ရပ်တန့်သွားသည်ကို မြင်ရသည်နှင့် ဖေ့ဝန်နီ ခံလိုက်ရပြီဖြစ်ကြောင်း သိလိုက်၏။ ကျောက်ဆောင်ထက်တွင် အသင့်တင်ထားသော ကျောက်တုန်းကြီးကို တွန်းချလိုက်၏။

ထိုအချိန်မှာပင် ရှောက်ချူးရွှေသည် လှေကားထစ်၏ လမ်းအဆုံးပိုင်းသို့ ရောက်ရှိသွားပြီဖြစ်၏။ ဖြစ်ပေါ်နေသည့် လက်ရှိအခြေအနေကိုလည်း ကောင်းစွာ မြင်လိုက်ရပြီး ဖြစ်၏။ ဖေ့ဝန်နီမှာ သူမကို ဓားချက်ထိသည်ဟုပင် မယုံကြည်နိုင်လောက်အောင် ဖြစ်နေသည်။ ဖျတ်လတ်မှုနှင့် အင်အားအပြည့်ပါသော ဓားချက်ကို ကြောင်နေမိသည်။ ဓားကမူ သူမ၏ ရင်ဘတ်ထဲမှ ဆွဲနှုတ်သွားပြီးဖြစ်သည်။

သူ အံ့ဩတုန်လှုပ်နေစဉ်မှာပင် နောက်ဘက်ဆီမှ အရာတစ်ခု ကျီးဝင်လာသည်ကို သတိထားမိသည်။ လှမ်းကြည့်လိုက်လျှင် သူ့လူနှစ်ယောက် ဖြစ်နေသော ဖေ့တိနှင့် ဖေ့ချင်းတို့ ကျောက်တုံးကြီးတွန်းချလာသည်ကို မြင်ရ၏။ သူသည် ကျောက်လှေကားထစ်၏ အလယ်တွင် ရှိနေသဖြင့် ဘေးသို့ ခုန်လွှားလိုက်သည်။

ရှောက်ချူးရွှေမှာ ဓားချက်အထိခံရသည့်တိုင် ဖေ့ဝန်နီသည် အားမာန်အပြည့်ဖြင့် သူ့ထံသို့ ခုန်အုပ်လာသည်ကို တွေ့လျှင် ထိတ်လန့်တကြား ခုန်ပျံလိုက်သည်။ ထိုသို့ ခုန်ပျံလိုက်စဉ် သူမ၏နောက်ဘက်မှ လျောက်တုံးကြီးကို မြင်ရသည်။ သူ့အနေနှင့် ရှောင်တိမ်းလျှင် မိနိုင်သေးသည်။ သို့သော် သူ့နောက်မှ လိုက်ပါလာသော သမ်းကျဉ်ကလေးထဲမှ အားရွှေတို့လူသိုက် ရှိနေသေးသည်။ ထို

ကျောက်တုံး ပိလျှင် သေရပေတော့မည်။

သို့သော် ရှောက်ချူးရှေ့ မရှောင်ရှားဘဲ ရင်ဆိုင်ကာ လက်ဝါး အစုံဖြင့် ရိုက်ချလိုက်သည်။ ကျောက်တုံးမှာ စတင်လိမ့်ဆင်းခါစမို့ အရှိန်မကြီးမားသေး။ သူ၏အတွင်းအားက မြင့်မားထုထပ်လွန်းနေပြီ မို့ ကျောက်တုံးကို မ,ယူလိုက်သည်။

ကျောက်တုံးက ပိဿာ တစ်ထောင်ခန့် လေးသည်။ ရှောက် ချူးရှေ့၏ ခေါင်းပေါ်တွင် အဖြူငွေ့များ ထွက်လာသည်။ ချန်ကျင့် ထွေနှင့် ချင်ဖုန်းပတ် နှစ်ယောက် အပေါ်သို့ တက်သွားကြသည်။

ဖေ့တိနှင့် ဖေ့ချင်းမှာ ကြီးမားလှသော ကျောက်တုံးကြီးကို ရှောက်ချူးရှေ့ ပင့်မထားသဖြင့် မယုံကြည်နိုင်လောက်အောင်ဖြစ်ကာ အံ့အားသင့် မှင်တက်မိနေသည်။ ဖုန်းစယ်ဝှမှာ သူ့ဇနီးသည် သေဆုံး သွားပြီကို သိရှိလိုက်ရသဖြင့် စိမ်းဖန့်ဖန့် မျက်နှာက ညိုပုပ်ပုပ် အရောင်သို့ ပြောင်းလဲသွားသည်။

မြေပေါ်တွင် ချထားသော ဓားမရှည်ကြီးကို လျင်မြန်စွာ ကောက်ယူလိုက်သည်။ ထိုအချိန်တွင် လှိူယိုနှင့် အားရှေ့တို့လည်း ကျောက်တုံးကို ကျော်ဖြတ်ကာ အပေါ်သို့ ရောက်လာကြသည်။

သို့သော် စိတ်လှုပ်ရှားမှု ပြင်းထန်သောကြောင့် အားရှေ့သည် ကျောက်လှေကားထက်တွင် ချော်လဲသွားရပြန်၏။

"မြန်မြန်ပြေး"

ရှောက်ချူးရှေ့က အားရှေ့အား သတိပေးသည်။

တစ်ဆက်တည်းပင် သူ့လက်ပေါ်မှ ကျောက်တုံးကြီးကို မြှောက်တင်လိုက်ရာ ကျောက်တုံးကြီးမှာ တောင်အောက်သို့ ဝုန်းခနဲ ကျသွားတော့သည်။ ရှောက်ချူးရှေ့သည် ကျောက်တုံးကြီးအောက်မှ မြွေတစ်ကောင်ပမာ လျှပ်ပြက်သည့်နှယ်အလား လျှောခနဲထွက်သွား သည်။

သူ ကျောက်တုံးကြီးကို ပစ်ချလိုက်စဉ်တွင် ဖေ့တိနှင့် ဖေ့ချင်းတို့ နှစ်ယောက်က သူ့ကို ရင်ဆိုင်လာသည်။ ထိတ်လန့် တုန်လှုပ်ခြင်းကလည်း မပြေသေး။ အတွင်းအားကလည်း ကုန်ခမ်းနေချိန်မို့ ဤအချိန်တွင် ရှောက်ချူးရွှေအား ရှင်းလင်းပစ်ရန် အကောင်းဆုံး အခွင့်အရေးဖြစ်သည်။ ဖေ့တိနှင့် ဖေ့ချန်းကို အခွင့်ကောင်းကို လက်လွှတ်မခံ။

တစ်ချိန်တည်းတွင် ဖုန်းစယ်ဝု၏ ဓားမရှည်ကလည်း ပိုင်းချရန် ဝင်လာပြန်သည်။ ချန်ဖုန်းပတ်နှင့် ချန်ကျင့်ထွေတို့ ဟန့်တားသော်လည်း ဖုန်းစယ်ဝု၏ ကြမ်းတမ်းပြင်းထန်သော အရှိန်အဟုန်ကို မတားနိုင်ကြ။ လျှိုယိုကလည်း ဟန့်တားခြင်း မပြုရဲ။ ဖုန်းဝယ်ဝုသည် သူတို့လေးယောက်ကြားသို့ ရောက်ရှိသွားသည်။

"အားရွှေ သတိထား"

အရှူးမလျှိုယိုက ထိတ်လန့်တကြီးပင် အော်ဟစ် သတိပေးသည်။

သို့သော် နောက်ကျသွားခဲ့ရချေပြီ။

အားရွှေသည် လဲကျနေရာမှ မတ်တတ်ရပ်လိုက်သည်နှင့် ဖုန်းစယ်ဝု၏ ဓားမရှည်ကြီးက ခုတ်ပိုင်းပြီး ဖြစ်နေသည်။

"အား ..."

အားရွှေ၏ စူးစူးဝါးဝါး အော်ဟစ်သံက တောင်ကမ်းပါးယံတစ်ခုလုံး ပဲ့တင်ထပ်သွားတော့သည်။ ထို့နောက် သူ့ခန္ဓာကိုယ်မှာလည်း ကြိုးဖြတ်ချက်လိုက်သော အရုပ်တစ်ရုပ်ပမာ ညွတ်ကျသွားတော့သည်။

ဖုန်းစယ်ဝုသည် ဓားမရှည်ကြီးကို ဝှေ့ယမ်းလျက် ဟန်ပြင်သည်။ နောက်ထပ် ခုတ်ပိုင်းရန် လက်အရွယ်တွင် သူ့နောက်ကျောနှင့် တစ်စုံတစ်ယောက်၏ နောက်ကျောတို့ ထိကပ်မိသွားသဖြင့်

လက်တုံ့လိုက်ရင်း နောက်သို့ လှည့်ကြည့်လျှင် ရောက်ချူးရွှေ ဖြစ်နေသည်ကို တွေ့ရ၏။

ဖေ့တိနှင့် ဖေ့ချင်းတို့ နှစ်ယောက်မှာမူ ရောက်ချူးရွှေ၏ လက်ချက်ကြောင့် လဲကျသွားခဲ့ရပြီ။ ရောက်ချူးရွှေသည် အရှေ့အနောက် ဓားဝိဇ္ဇာတို့၏ သွက်လက်ဖျတ်လတ်မြန်ဆန်လှသော ဓားသိုင်းပညာဖြင့် သူတို့နှစ်ဦးအား သတ်ပစ်လိုက်ခြင်း ဖြစ်ပေသည်။ သူ့နောက်ကျောနှင့်ထိကပ်မိသော သူကို လှည့်ကြည့်မိသည်။ မျက်နှာစိမ်းဖန့်ဖန့်နှင့် ဖုန်းစယ်ဝုကို တွေ့ရသည်။ ဖုန်းစယ်ဝုသည် ဓားမကြီးကို ကန့်လန့်ဖြတ်ကိုင်ထား၏။

လျှိုယိုသည် အသည်းတုန်အူတုန် အော်ဟစ်နေသည်။ အားရွှေမှာ သွေးအိုင်ထဲတွင် လဲနေသည်။ ရောက်ချူးရွှေ မျက်ဝန်းထဲတွင် လူသတ်ချင်သည့် အရိပ်အယောင်များ လွှမ်းသွား၏။

ရုတ်ခြည်းပင် လှုပ်ရှားလိုက်၏။

သူ့ဘေးက မာန်ဖီနေသော မြွေတစ်ကောင်ပမာ ဖုန်းစယ်ဝုထံသို့ တိုးဝင်သွားသည်။ တောင်ပေါ်လေက တဟူးဟူး တိုက်ခတ်နေသဖြင့် ဖုန်းစယ်ဝုမှာ ရုတ်တရက် မျက်လုံးမဖွင့်နိုင်။ ဓားအပြားကို လေဖိအားက တိုးနေသဖြင့် အတော်ပင် အားယူရသည်။

သူ အားယူနေစဉ်မှာပင် ရောက်ချူးရွှေ သူ့ကျောကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။ တစ်ဆက်တည်းပင် ခန္ဓာကိုယ်သည်လည်း တောင်အောက်ဘက်ဆီသို့ ပြုတ်ကျသွားတော့သည်။

ရောက်ချူးရွှေသည် သွေးအိုင်ထဲတွင် လဲကျနေသော အားရွှေကို ပွေ့ထူလိုက်သည်။ အားရွှေ၏ တစ်ကိုယ်လုံးမှာ ဖြူရော်နေပြီး သူ့ကြက်သွေးရောင် ဝတ်စုံက သူ့သွေးများနှင့် ရောယှက်နေသည်။ သူ့မျက်ဝန်းအစုံက မျက်ရည်တို့ လျှံကျနေသည်။

"ကျုပ် ခင်ဗျားအတွက် လက်စားချေလိုက်ပြီးပြီ"

ရောက်ချူးရွှေက နှစ်သိမ့်စကား ပြောသည်။

အားရွှေက မျက်ရည်များကြားမှ အားတင်းပြုံးကာ . . .

"ကျွန်မ ဒီတစ်ခါ ချော်လဲတာ တော်တော်ဆိုးသွားတယ်၊ အသွားမတော် တစ်လှမ်းဆိုတာ ဒါပဲနဲ့ တူပါရဲ့"

အားရွှေသည် ဤမျှသာပြောပြီး အသက်ထွက်သွားတော့သည်။

ရောက်ချူးရွှေလည်း အားရွှေ၏ အလောင်းကို ချီပိုးကာ ရှေ့သို့ဆက်တက်လာခဲ့သည်။ တောင်က တဖြည်းဖြည်း မတ်စောက်လာသည်။ ရောက်ချူးရွှေတို့ ခဲရာခဲဆစ်ပင် တက်ခဲ့ကြရသည်။ သို့နှင့် ဗှာဆန်းတောင်ထိပ် တစ်နေရာသို့ ရောက်လာကြသည်။

တောင်ကုန်းက ကျောက်ဆောင် ကျောက်ခက်များ၊ ထင်းရှူးပင်များ၊ တောင်ဇလပ်ပန်းများဖြင့် လှပနေသည်။ သို့သော် ရောက်ချူးရွှေတို့ လေးယောက် ရင်ထဲတွင်မူ ဝမ်းနည်းနေမိကြသည်။ အားရွှေ၏ အလောင်းကို မည်သည့်နေရာ၌ မြှုပ်နှံပေးရမည်ကို စဉ်းစားမရကြသေး။

"ကျုပ်တို့နောက်မှာ လူငါးယောက် လိုက်လာကြတယ်၊ ဘယ်သူတွေမှန်းတော့ မသိဘူး"

ရောက်ချူးရွှေ နောက်ပြန်လှည့်ကြည့်ကာ ပြောသည်။

ချင်ဖုန်းပတ်တို့ သုံးယောက်လည်း နောက်သို့ မသိမသာ လှည့်ကြည့်မိကြသည်။ တောင်တက်လမ်းပေါ်၌ ခမောက်ကိုယ်စီဆောင်းထားသော လူငါးယောက်ကို တွေ့ကြရ၏။ သူတို့ကိုယ်ပေါ်တွင် အရာင်မတူသည့် တောက်ပသော ဝတ်စုံများကို ဝတ်ဆင်ထားကြသည်။ စောစောက ရောက်ချူးရွှေတို့ ရင်ဆိုင်တိုက်ပွဲဖြစ်ခဲ့သည့် ကျောက်လှေကားထိပ်တွင် ရပ်နေကြသည်။

"ဘယ်သူတွေလည်း မသိဘူး"

ချန်ကျင့်ထွေက တီးတိုး ရေရွတ်လိုက်သည်။

ရှောက်ချူးရှေမှာ သူတို့ကို မကြည့်ဘဲ ငြိမ်သက်စွာ တွေဝေနေသည်ကို လှျိုယို တွေ့လိုက်ရလေသည်။

❋ ❋ ❋

ရှောက်ချူးရှေတို့ တစ်တွေသည် ကျိုရှန်တောင်ကြားဆီသို့ ရောက်လာခဲ့ကြသည်။ ဗှာဆန်းတောင်မှာ မတ်စောက်ပြီး ကျယ်ဝန်းလှပေသည်။ အရှေ့ အနောက် တောင် မြောက် တောင်ထွတ်လေးခု ရှိပြီး အလယ်တွင် တောင်ထွတ်တစ်ခု ရှိသည်။ ရုတ်တရက် ကြည့်လျှင် လက်ငါးချောင်းထောင်ထားသကဲ့သို့ ထင်မှတ်ရပေသည်။ တောင်တွတ် ငါးခုစလုံးမှာ တိမ်ကို ထိုးဖောက်မတတ် မြင့်မားကြသည်။

ထိုတောင်ထွတ် ငါးခုမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီး ဗှာဆန်းတောင်ဟု ခြုံငုံခေါ်ကြပေသည်။

"ဗှာဆန်းတောင်မှာက တောင်ထွတ် ငါးခုတောင် ရှိနေတာ ဖေ့မိသားစုက ၊ တွေက ဆရာကြီးယန်တိုကို ဘယ်တောင်ထွတ်မှာ ဖမ်းချုပ်ထားသလဲ မသိတာခက်တယ်"

ချန်ဖုန်းပတ်ကလည်း ညည်းညည်းညူညူလေး ရေရွတ်သည်။

ရှောက်ချူးရှေမှာ သူကိုယ်တိုင်လည်း မသိသဖြင့် ...

"အနီးဆုံး တောင်ထွတ်ကနေစပြီး ရှာကြဲရုံပဲ ရှိတာပေါ့"

"တကယ်လို့ ရှာမတွေ့ရင်ကော"

ချန်ကျင့်ထွေက စောဒကတက်သည်။

ရှောက်ချူးရှေက ပြတ်သားစွာပင် ...

"မြေတစ်လက်မမကျန်အောင် ဗှာဆန်းတောင်တစ်ခုလုံး ပိုက်စိပ်တိုက် ရှာရတော့မှာပေါ့၊ တကယ်လို့ ကျုပ်တို့တစ်တွေ ပျောက်ဆုံးသွားခဲ့ရင်လည်း ကိုယ်တော်ကြီးယန်တို ဒီလိုပဲ လုပ်လိမ့်မယ်"

ချန်ကျင့်ထွေ ငြိမ်သွားသည်။ ရောက်ချူးရှေ၏ မိတ်ဆွေ ဘပေါင်းအသင်းအပေါ် ထားရှိသည့် သံယောဇဉ်နှင့် 'စိတ်ခါတ် သတ္တိတို့ကိုလည်း ပို၍ပင် လေးစားလာမိသည်။

ရောက်ချူးရှေက တောင်အောက်ဘက်သို့ လှမ်းကြည့်လိုက် သည်။

"ကျုပ်တို့နောက်က လိုက်လာကြတဲ့ လူတွေ အခုလို လိုက် လာကြတာ ကျုပ်တို့ ရိပ်မိသွားကြပြီဆိုတာ သိသွားကြပြီ"

ချန်ကျင့်ထွေ၊ ချင်ဖုန်းပတ်နှင့် လျှိုယိုတို့ တောင်အောက် ငုံ့ကြည့်လိုက်ပြန်သည်။ တောင်တက်လမ်းတစ်လျှောက်တွင် တိတ် ဆိတ်ငြိမ်သက်နေပြီး ယိုသူငါးဦး၏ အရိပ်အယောင်ကိုပင် မတွေ့ရ။ မည်သည့်နေရာတွင် ပုန်းအောင်းနေကြသနည်း။ နောက်ပြန်ဆုတ် သွားကြခြင်းလား။ သူတို့ မည်သူတို့နည်း။ ထိုအတွေးများက လျှိုယို တို့ သုံးယောက်ကို အလုပ်ပေးလာသည်။

ရောက်ချူးရှေက ယတိပြတ်လေသံဖြင့် ...

"သူတို့ ဘယ်သူတွေဖြစ်မယ်ဆိုတာတော့ မပြောနိုင်ဘူး၊ ဒါပေမယ့် ဖေ့မိသားစုက လူတွေ မဟုတ်တာတော့ သေချာတယ်"

"ဘာကြောင့်လဲ"

ချင်ဖုန်းပတ်က တအံ့တသြ မေးသည်။

ကျိုဂူလီ၏ လက်အောက် ကိုယ်ရံတော်နှစ်ဦးသည် ဉာဏ်ပညာ ထက်မြက်သူများ ဖြစ်၏။ အတွေ့အကြုံ ပညာ ဗဟုသုတလည်း ကြွယ်ဝကြသည်။ သို့တိုင် ရောက်ချူးရှေ၏ ယတိပြတ် ပြောချလိုက် သော စကားကို သူတို့ နားမလည်နိုင်ကြ။

"ကျုပ် ဖုန်းစယ်ဝုကို ချောက်ကမ်းပါးထဲ ရောက်အောင် ရိုက်ချခဲ့တယ်၊ သူ့အော်သံက ချောက်အောက်အထိ မရောက်ဘဲ တစ်ဝက်တစ်ပြက်မှာ ပြတ်တောက်သွားခဲ့တယ်၊ တစ်စုံတစ်ခုအပေါ်

ကျသွားသလိုပဲ၊ တောင်ခါးပန်းတစ်ခုဖြစ်ဖို့များတယ်၊ နောက်ပိုင်းမှာ အသည်းခိုက်အောင် နာကျင်တဲ့အသံ ဆက်ပြီး ထွက်လာပြန်တယ်၊ ဒါဟာ ဟိုလူငါးယောက်က သူ့ကို သတ်ပစ်လိုက်တာပဲဖြစ် မယ်"

ချုန်ကျင့်တွေနှင့် ချင်ဖုန်းပတ်တို့ နှစ်ယောက်က ယခုမှပင်နားလည် သဘောပေါက်သွားကြသည်။ စောစောက တောင်တက်လမ်းပေါ်တွင် ရှောက်ချူးရွှေသည် ဖုန်းစယ်ဂုအား ချောက်ထဲသို့ ရိုက်ချခဲ့သည်။ ရှောက်ချူးရွှေ တစ်အောင့်မျှ တွေဝေရပ်နေခြင်းမှာ နားစွင့်ထောင်နေခြင်းဖြစ်သည်။ တောင်အောက်သို့ ကျသွားသည့် အသံကို ခန့်မှန်းကာ နောက်မှလိုက်လာသူတို့၏ အကြံကို ခန့်မှန်းနေခြင်းလည်း ဖြစ်သည်။

"ဖေ့မိသားစုတဲကလူတွေ မဟုတ်ပေမယ့် ကျုပ်တို့ တစ်တွေကို ရှေ့တန်းကနေ ထိုးဖောက်တက်ခိုင်းနေတော့ ကျုပ်တို့တစ်တွေရဲ့ မိတ်ဆွေ မဖြစ်နိုင်ဘူး"

ရှောက်ချူးရွှေက ကောက်ချက်ချသည်။

သူတို့သည် တဖြည်းဖြည်း တက်လာကြရာ တောင်ထိပ်တစ်နေရာဆီသို့ ရောက်လာကြသည်။ အုတ်ဘုဆောက်အအုံတစ်ခုကို တွေ့ရလျှင် အံ့ဩသွားမိကြသည်။ တောင်ထိပ်တွင် ဘုရားကျောင်းဆောင်ရှိလိမ့်မည်ဟု သူတို့ လုံးဝမထင်မှတ်ခဲ့။ အဆောက်အအုံက သန့်သန့်ပြန့်ပြန့် သေသေသပ်သပ်ရှိ၏။ ဘည်ဆောက်ထားသူ၏ အနုလက်ရာ က ချီးကျူးစရာကောင်းသည်။

အဆောက်အအုံနှင့် ခပ်လှမ်းလှမ်းတွင် ရေတံခွန်တစ်ခုက တောင်ကြားနက်ထဲသို့ တဝေါဝေါ စီးကျနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးက တိတ်ဆိတ်ငြိမ်သက်နေပြီး ရေတံခွန်မှ ရေကျသံသာ ရှိနေသည်။

Scanned with ACE Scanner

ရှောက်ချူးရွှေက လျှိုယိုဘက်သို့လှည့်ကာ ...

"အားရွှေကို ဒီနေရာမှာပဲ မြှုပ်နှံလိုက်ကြရင် ကောင်းမယ် ထင်တယ်"

လျှိုယိုက ခေါင်းညိတ်ပြသည်။

ရှောက်ချူးရွှေသည် အားရွှေ၏ ရုပ်ကလာပ်ကို သယ်ကာ ရေတံခွန်အောက် စိမ်းလန်းစိုပြေသော ရေအိုင်နက်ဆီသို့ လျှောက်သွား၏။ ထို့နောက် ဆုတောင်းပတ္တနာ ပြုကာ အားရွှေကို ရေအိုင်ထဲတွင် မြှုပ်နှံလိုက်သည်။

ထိုရေအိုင်ကား ဂုဏ်သတင်း ကျော်ဇော်သော ဂူဆန်းတောင်၏ နာမည်ကြီး ထွန်တုံးအိုင် ဖြစ်ပေသည်။

ထွန်တုံးအိုင်မှ ဆက်လက်ကာ ရှောက်ချူးရွှေ တောင်ပေါ်သို့ တက်လာခဲ့ပြန်သည်။ ကျောက်နံရံထိပ် နေရောင်အောက်တွင် လူရိပ် တစ်ရိပ် ပေါ်နေသည်ကို ရှောက်ချူးရွှေ သိသည်။ မည်သူမည်ဝါဟု မပြောနိုင်သော်လည်း စိတ်ထဲတွင် သိကျွမ်းနေသူ တစ်ယောက်ဟု ထင်မိနေ၏။

နေရောင်ကို ကျောပေးကာ ရပ်နေသဖြင့် တိုသူ၏ အရိပ်မည်းက အောက်သို့ ထိုးကျနေသည်။ သူ့လက်ထဲတွင် ထွန်တုံးတံကြီး တစ်ခုကို ကိုင်မြှောက်ထားသည်။ ထွန်တုံးက လေးလံလွန်းသော်လည်း သူ့လက်ထဲတွင် အတော်ပင် ပေါ့ပါးနေဟန်တူ၏။ ထိုသူနှင့် လေကားထစ် တစ်ဆယ့်တစ်ထစ်ခန့် အကွာတွင် ရှောက်ချူးရွှေ ခြေလှမ်းရပ်တန့်လိုက်၏။

"ရှောက်ချူးရွှေဆိုတာ မင်းလား"

ထွန်တုံးကိုင်ထားသူက အထက်စည်း လေသံဖြင့် မေး၏။

ရှောက်ချူးရွှေက ပြန်မဖြေ။ ထိုသူကိုသာ စူးစိုက်ကြည့်နေ၏။

ထိုသူ ဒေါသထွက်လာ၏။

Scanned with ACE Scanner

"ငါ့နှာမည် ဖေ့ယီခုံပဲ၊ ငါ့သားတွေကော"

ဖေ့ယီခုံက ကျယ်လောင်စွာ အော်ငေါက်မေးသည်။

ရှောက်ချူးရွှေ မနေသာတော့ အေးဆေးစွာပင် ...

"သူတို့တစ်တွေက ကျုပ်ကို လုပ်ကြံမကြတယ်၊ အခု ကျုပ်လက်ချက်နဲ့ သေကုန်ကြပြီ"

ဖေ့ယီခုံမှာ ကိုယ့်နားကိုပင် ကိုယ် မယုံကြည်နိုင်အောင် ဖြစ်သွား၏။

စောစောက သတင်းပို့ချက်အရ ရှောက်ချူးရွှေသည် ဤတောင် ပေါ်၌ ဖေ့ထန်ဖုန်းကို သတ်ပစ်ခဲ့ကြောင်းကို သိရသည်။ ထိုစဉ်က သူ မယုံကြည်နိုင်ခဲ့။

ယခု ဖေ့ဝန်နီ၊ ဖုန်းစယ်ဝုနှင့် မိမိသားနှစ်ယောက်ကို သတ်ဖြတ်ကာ ထွန်တုံးအိုင်ဆီသို့ ရောက်ရှိလာခဲ့ပြီ။ မိမိကိုလည်း ကျော်ဖြတ်ဦးမည်မို့ စိတ်ထဲတွင် ဒေါသက ပေါက်ကွဲသွားတော့သည်။

သို့သော် လူငယ်ရှေ့တွင် ဒေါသထွက်လျှင် မိမိသေတွင်း မိမိတူးသလို ဖြစ်မည်မို့ စိတ်ကို အတတ်နိုင်ဆုံး ချုပ်တည်းထားကာ ဖြေဖျောက်လိုက်သည်။ သူသည် ဖေ့ယီကျောင်း၏ သားအကြီးဆုံး ဖြစ်သည်မို့ အမှားကို မကျူးလွန်မိအောင် ကြိုးစားနေ၏။

ဒေါသကို ချုပ်တည်းထားနိုင်ပြီမို့ အကြည်လင်ဆုံး ပြုံးလိုက်ပြီး ဝါးပြွန်တစ်ချောင်းကို ထုတ်ယူလိုက်၏။

"ဒါ ဘာလဲဆိုတာ မင်းသိလား"

ရှောက်ချူးရွှေ မသိနိုင်။ သို့သော် ပြန်မဖြေဘဲ ငေးကြည့်နေသည်။

"ဒီဝါးပြွန်လေးဟာ အချက်ပြ အမှတ်တစ်ခုပဲ၊ မင်းက ငါ့သားတွေကို သတ်ပစ်လိုက်ပြီဆိုတော့ ဒီအချက်ပြ ဝါးပြွန်ကို ပစ်လွှတ်လိုက်ရလိမ့်မယ်၊ ဒါကို ပစ်လွှတ်လိုက်တာနဲ့ တစ်ပြိုင်နက် တောင်ထိပ်

ပေါ်က ငါ့လူတွေဟာ မင်းရဲ့ မိတ်ဆွေတွေကို သတ်ပစ်ကြလိမ့်မယ်၊ ဟား ... ဟား ... ဟား"

အားပါးတရ ရယ်မောလိုက်သော်လည်း ကိုယ်ဟန်လှုပ်ရှားခြင်း မရှိ။ အသက်မပါသလို တောင့်တောင့်ကြီး ရယ်မောကာ ရှောက်ချူးရှွေထံသို့ အာရုံရောက်နေသည်။ ရှောက်ချူးရှွေသာ စိတ်လောကြီးစွာဖြင့် ထိုဝါးပြွန်ကို လုယူလာလျှင် ဤအခွင့်ကောင်းကို ယူကာ ရှောက်ချူးရှွေအား အသေသတ်ပစ်လိုက်မည် ဖြစ်ပေသည်။

သို့သော် ရှောက်ချူးရှွေမှာ မလှုပ်ရှားသည့်အပြင် တုန်လှုပ်ဟန်ပင် မပြ။

ဖေ့ယီခုံသည် ဝါးပြွန်ကို မီးရှို့ပစ်ရန် ဆုံးဖြတ်လိုက်၏။

ဤနေရာသည် ကျောက်ချွန်၊ ကျောက်စွယ်တို့ဖြင့် အန္တရာယ်များလှသော နေရာဖြစ်သည်။ တစ်ဖက်တွင် ကျောက်နံရံရှိသလို အလယ်တစ်ရာမှ နက်ရှိုင်းသော တောင်ချောက်ကမ်းပါးကြီး ဖြစ်၏။

ဝါးပြွန်ကို မီးရှို့ကာ လွှတ်တင်လိုက်လျှင် ကိုယ်ဖော့ပညာဘယ်လောက်ကောင်းကောင်း အပေါ်သို့ ခုန်တက်မဖမ်းနိုင်ချေ။ အကယ်၍ ရှောက်ချူးရှွေသည် ယန်တိုတို့၏ သေရေးရှင်ရေးကို အလေးမထားလျှင် မည်သို့မျှ မဖြစ်နိုင်။ သို့မဟုတ်ပါက စိတ်အာရုံနှစ်ခု ထွေပြားသွားပါက ချောက်ထဲသို့ ပြုတ်ကျသွားနိုင်ပေသည်။

ရှောက်ချူးရှွေက သူ့မိတ်ဆွေများကို ဂရုမစိုက်၊ တန်ဖိုးမထားလျှင် ဗုာဆန်းတာင်ထိပ်သို့ ခက်ခက်ခဲခဲ တက်လာလိမ့်မည် မဟုတ်။

သို့သော် ရှောက်ချူးရှွေကား ငြိမ်သက်နေဆဲ။

ဖေ့ယီခုံသည် ယန်ယိုတို့အား အရှင်ရှင်းပစ်လိုက်လျှင် ရှောက်ချူးရှွေ၏ စိတ် အကြီးအကျယ် ထိခိုက်သွားစေနိုင်သည်။ ထိုသို့စိတ်ထိခိုက်လျှင် စိတ်အာရုံ မစုစည်းနိုင်ဘဲ ကစဥ့်ကလျား ဖြစ်မည်။ သည်တော့မှ တိုက်ခိုက်ပစ်မည်ဟုလည်း စိတ်ထဲတွင် တွေးလိုက်၏။

ထို့ကြောင့် ဆုံးဖြတ်ပြီးသည်နှင့် ဝါးပြွန်ကို မီးရှို့ကာ ပစ်လွှတ်လိုက်၏။

ရှောက်ချူးရွှေကား လုံးဝမလှုပ်ရှား။

မီးပန်းလွှင့်စဉ်သွားစဉ်မှာပင် သူ့နောက်ဘက်မှ ပိုက်ကွန်ငယ်နှစ်ခုက ရုတ်တရက် ပေါ်ထွက်လာပြီး လေထဲတွင် ပြန့်ကားသွားကာ ဝါးပြွန်ကို သိမ်းဆည်းလိုက်တော့သည်။

❖ ❖ ❖

ဝါးပြွန်ကို ပိုက်ကွန်နှင့် သိမ်းဆည်းလိုက်သူတို့မှာ ချင်ဖုန်းပတ်နှင့် ချန်ကျင့်ထွေတို့ ဖြစ်ကြ၏။

ဖေ့ယိခုံ၏ စိတ်အာရုံမှာ ရှောက်ချူးရွှေထံသို့သာ ရောက်ရှိနေသဖြင့် ရှောက်ချူးရွှေ၏ နောက်ဘက်မှလူကို မမြင်နိုင်။ ထို့ပြင် အပေါ်မှ အောက်သို့ စီး၍ကြည့်နေသည်မို့ ရှောက်ချူးရွှေ နောက်ဘက်တွင် တစ်စုံတစ်ယောက် ရှိနေမည်ကို မြင်နိုင်ရန် ခက်ခဲ၏။

ချန်ကျင့်ထွေနှင့် ချင်ဖုန်းပတ်တို့သည် ဖေ့ယိခုံ ဝါးပြွန်ကို မီးရှို့ပစ်မှာ မစိုးရိမ်နဲ့၊ ကျုပ်မှာနည်းကောင်းရှိတယ်ဟု ပြောဆိုထားခဲ့သည်။ သို့အတွက် ရှောက်ချူးရွှေလည်း ပျာယာခတ်ခြင်းမရှိဘဲ ငြိမ်သက်နေခဲ့ခြင်းဖြစ်၏။

ချန်ကျင့်ထွေတို့ နှစ်ဦးသည် ကျောပိုးအိတ်တစ်ခုကို ဖွင့်လိုက်ပြီး ပိုက်ကွန်ငယ်တစ်ခုကို ထုတ်သည်။ ထိုပိုက်ကွန်ကို ကြိုဖြန့်အုပ်မိုးပစ်လိုက်သဖြင့် ဖေ့ယိခုံ၏ အချက်ပေး ဝါးပြွန်ကို ဖေ့မိသားစုမှ လူများ မတွေ့မမြင်နိုင်တော့ချေ။

ချန်ကျင့်ထွေတို့က ပိုက်ကွန်ဖြင့် ဝါးပြွန်ကို ဖမ်းယူပြီးသည့် အချိန်တွင် ရှောက်ချူးရွှေမှာ အပေါ်သို့ ပြေးတက်သွားခဲ့ပြီဖြစ်၏။ မိမိ၏ ဝါးပြွန်ကို ချန်ကျင့်ထွေတို့ ဖမ်းယူသွားသဖြင့် ဖေ့ယိခုံ

အုံ့အားသင့်သွားပြီး သူ သတိဝင်လာချိန်တွင် ရှောက်ချူးရွှေက သူ့ထံသို့ ရောက်လာခဲ့ပြီးဖြစ်၏။

ရှောက်ချူးရွှေက ဓားရှည်ဖြင့် ဖေ့ယမ်းတိုကခိုက်၏။

ဖေ့ယိခုံက တွန့်သွားသဖြင့် ခုတ်ပိုင်းသည်။

"ထိန်း ..."

လက်နက်ချင်း ထိခတ်သံနှင့်အတူ မီးပွင့်များ ဖြာထွက်သွားသည်။

ဖေ့ယိခုံက နေရောင်ကို ကျောပေးကာ ရှောက်ချူးရွှေမှာ နေရောင်ကို မျက်နှာချင်းဆိုင် တိုက်ခိုက်နေရသည်။ သို့အတွက် ရှောက်ချူးရွှေ မျက်လုံးကို အပြည့်အဝ မဖွင့်နိုင်။ မျက်ခွံနှင့်ကာပြီး ချုပ်မှေးမှေးပင် ဖွင့်ကြည့်နေရသည်။

မီးရောင် ဖြာခနဲ လက်သွားသည့်အချိန်တွင် နှစ်ယောက်စလုံးမှာ မျက်စိကျိန်းစပ်ပြီး ရုတ်တရက် ဘာကိုမျှ မမြင်ရတော့။ ရှောက်ချူးရွှေ၏ မျက်လုံးများက ပြာဝေနေသည်။ လျှပ်တစ်ပြက်အတွင်း နေရာအနေအထားကို ခန့်မှန်းပြီး အပေါ်သို့ ရိပ်ခနဲ တက်သွားသည်။ လျင်မြန်သော အရှိန်အဟုန်ဖြင့် ဖေ့ယိခုံ၏ ထွန်သွားအပေါက်ကြားမှ ရိပ်ခနဲ ခုန်ထွက်သွားသည်။

ဖေ့ယိခုံ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ရှောက်ချူးရွှေကို မတွေ့ရတော့။ လှေကားထစ်အောက်မှ လူစိမ်းသုံးဦးကိုသာ တွေ့လိုက်ရတော့သည်။

ဖေယိခုံ နောက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။

နေရောင်က စူးခနဲ တိုးဝင်သလို တောင်ပေါ်လေက တဟူးဟူး တိုက်ခတ်သဖြင့် မျက်လုံးကို ရုတ်တရက် မဖွင့်နိုင်။ လက်မောင်းဖြင့် မျက်လုံးကို ကာပြီး ကြည့်လိုက်ရသည်။

လျှပ်တစ်ပြက်ကလေး အချိန်အတွင်းမှာပင် ရှောက်ချူးရွှေက

Scanned with ACE Scanner

ကျော်ဖြတ်ကာ မိမိအပေါ်ဘက်နေရာတွင် ရပ်နေသည်ကိုတွေ့ရ၏။ တစ်ဆက်တည်းပင် သူ့ထွန်တုံးကို ဝှေ့ယမ်းလိုက်သည်။

"ဝိုး ..."

ရှောက်ချူးရွှေ လျှပ်တစ်ပြက် ဒူးထောက်ပေးလိုက်၏။ ဖေ့ယီခုံ၏ ထွန်သွားက လေကိုခွင်းမိသည်။ ရှောက်ချူးရွှေ၏ လက်ထဲမှ ချွန်ကိုဓားမြှတ်ကမူ သူ့နံပါးမှ ရင်ဘတ်ထဲသို့ ထိုးစိုက်ဝင်သွား၏။

"အား ..."

ဖေ့ယီခုံ၏ အော်ဟစ်သံနှင့်အတူ ထွန်သွားကို ရိုက်ချလိုက်သည်။ ရှောက်ချူးရွှေက ခပ်ပြေပြေ နေရာတစ်ခုသို့ ခုန်ကူးသွား၏။ ကျောက်နံရံအပေါ်တွင် ဖုထွက်နေသည့် ကျောက်စွယ်စွန်းအပေါ် ခြေနင်းကာ ကပ်နေလိုက်သည်။ ဖေ့ယီခုံမှာ အကြီးအကျယ် ဒေါသထွက်နေချေပြီ။ ထွန်သွားကို ဝှေ့ယမ်းပြီး အနည်းငယ်ခန့် လိုက်လာ၏။

သို့သော် ဆယ်ချက်ခန့်မျှသာ ဝှေ့ယမ်းလိုက်ရပြီး မျက်လုံးပြာလာသည်။ ထွန်သွားလည်း လက်ထဲမှ လွတ်ထွက်ကာ တောင်ကြား စမ်းရေအိုင်ထဲသို့ ကျသွားတော့သည်။ သူ့ခြေလှမ်းများကမူ ဒယီးဒယိုင် ဖြစ်နေ၏။ ရှောက်ချူးရွှေသည် အောက်သို့ ခုန်ဆင်းလိုက်ပြီး ဖေ့ယီခုံ၏ ခန္ဓာကိုယ်တွင် စိုက်ဝင်နေသည့် ဓားရှည်ကို ပြန်ဆွဲနှုတ်သည်။

သွေးများက ဝေါခနဲ ပန်းထွက်လာသည်။

ထို့နောက် ဖေ့ယီခုံလည်း ပါးစပ်မှ သွေးများ အန်ကျလာကာ ခြေလှမ်း တစ်လှမ်း မှားသွားသဖြင့် အလံတစ်ရာနက်သော ချောက်ကမ်းပါးထဲသို့ ကျသွားတော့သည်။

ရှောက်ချူးရွှေ သက်ပြင်းချလိုက်၏။ ချန်ကျင့်ထွေ၊ ချင်ဖုန်းပတ်နှင့် လျှိုယိုတို့သည် ယခုမှပင် စိတ်အေးသွားရတော့သည်။

Scanned with ACE Scanner

ဗာဆန်းတောင်၏ မြောက်ဘက်တောင်ကုန်းတွင် တိမ်တိုက်များက ပို၍ သိပ်သည်းမှုရှိနေသည်။ အရှေ့ဘက်နှင့် အနောက်ဘက်တောင်ထွတ်များက မတ်စောက်လွန်းသည်။ တောင်ဘက်တောင်ကုန်းပေါ်၌ လူရိပ်လူယောင် မမြင်ရ။

ရှောက်ချူးရှွေသည် ဖေ့ယိခ့ ဝါးပြွန် ပစ်လွှတ်မည့်လာရာဘက်သို့ ကြည့်လိုက်၏။ ထိုနေရာတွင်လည်း ယန်တိုတို့အား ဖမ်းချုပ်ကောင်း ဖမ်းချုပ်ထားနိုင်မည်ဟု သူခန့်မှန်းသည်။ သို့သော် မည်သည့်တောင်ကုန်း ဖြစ်မည်ကို မခန့်မှန်းတတ်။ ယခု သူတို့ရောက်ရှိနေသော မြောက်ဘက်ကောင်းကုန်းတွင် မရှိသဖြင့် အလယ်တောင်ကုန်းဆီသို့ သွားရှာရမည် ဖြစ်ပေသည်။

ထိုတောင်ကုန်းမှာ ငါးတစ်ကောင်၏ ဆူးတောင်ပုံသဏ္ဌာန်ရှိ၏။

တောင်ကုန်း၏ ဘယ်ဘက်တွင် လမ်းတစ်ခု ဖောက်လုပ်ထားသည်။

လမ်းက ကျဉ်းမြောင်းလှသည်။ တစ်ဖက်တွင် ကျောက်နံရံ။ တစ်ဖက်တွင် နက်ရှိုင်းလှသော ချောက်ကမ်းပါး။

ဤလမ်းကို ဖြတ်ကျော်မည့်သူသည် နံရံကို မွေ့ဖက်ကာ နားရွက်နှင့် ကျောက်နံရံကို ဖိကပ်ပြီးမှ ဖြတ်ကျော်နိုင်၏။ ထို့ကြောင့် ဤချောက်ကမ်းပါးကို နားရွက်ပွတ် ချောက်ကမ်းပါးဟု ခေါ်ဆိုကြသည်။

ဤလမ်းကျဉ်းကလေးတွင် လျှို့ဝှက် လုပ်ကြံမည့်သူများရှိနေလျှင် ...။

ရှောက်ချူးရှွေတို့ တွေးပင် မတွေးဝံ့။

သို့သော် လုပ်ကြံမည့်သူများက ရှိမနေ။ မြင်ရသူများ ထိတ်လန့်တုန်လှုပ်သွားစေနိုင်လောက်သည့် သွေးစက်များကိုသာ မြင်နေ

Scanned with ACE Scanner

ရ၏။ အလောင်းကောင်ကား မရှိ။ အလောင်းကောင်ကို ခေါက်ကမ်းပါးထဲသို့ ပစ်ချထားခဲ့ဟန်တူသည်။

သို့ဆိုလျှင် ဤနေရာကို မိမိတို့ထက် ဦးစွာ မည်သူရောက်လာခဲ့လေသနည်း။

ရှောက်ချူးရွှေသည် ထိုအတွေးကို တွေးနေသော်လည်းကျောက်နံရံကျောပေါ်မှ ဖြည်းဖြည်းမှန်မှန်ပင် လျှောက်တက်နေသည်။ ချောက်ကမ်းပါးက အောက်ခြေကိုပင် မမြင်နိုင်။ ဤနေရာကား ဝှာဆန်းတောင်၏ အန္တရာယ်အများဆုံး နေရာပင်တည်း။ သာမန်လူတို့ မဖြတ်ကျော်ရဲကြ။

သူတို့ ကူးဖြတ်နေကြစဉ်မှာပင် တောင်ထိပ်ဘက်ဆီမှ ခမောက်ဆောင်းလျက် လူနှစ်ယောက် ဖြည်းဖြည်းမှန်မှန် ဆင်းလာကြသည်ကို တွေ့လိုက်ရ၏။ သူတို့၏ ကိုယ်ပေါ်တွင် သန့်ပြန့်သော အဝတ်အစားများ ဝတ်ဆင်ထားပြီး ခါးကြားတွင် ရွှေရောင်အိတ်တစ်လုံးစီ ဆွဲထားကြ၏။ အပေါ်မှ အောက်သို့ ဆင်းလာကြပုံမှာ အသံဟူ၍ လုံးဝမထွက်။ ဝိညာဉ်နှစ်ခု ပျံ့လွင့်သလိုပင် ထင်မှတ်ရ၏။

ဖေ့မိသားစု၏ အဆင့်မြင့် ပုဂ္ဂိုလ် တစ်ဝက်ကျော်ခန့်မှာ သေဆုံးကုန်ကြပြီး ဖြစ်၏။ ဤယောက်ျားနှင့် မိန်းမသည် မည်သူဖြစ်မည်နည်း။ သူတို့နှစ်ယောက်သည် ငါးဆူးတောင်သဖွယ် တောင်ကုန်းပေါ်မှ ဆင်းသက်လာခဲ့ကြ၏။

ချန်ကျင့်ထွေနှင့် ချင်ဖုန်းပတ်တို့ နှစ်ယောက် ရှေ့သို့ ပြေးတက်ရန် တာစူလိုက်ကြ၏။ ရှောက်ချူးရွှေက အသာဟန့်တားထားကာ ...

"ကျုပ်နာမည် ရှောက်ချူးရွှေပါ၊ မိတ်ဆွေညီနောင်တွေကို ရှာဖွေဖို့ ရောက်လာခဲ့တာပါပဲ၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးစေလိုပါတယ်"

Scanned with ACE Scanner

ရှောက်ချူးရှွေ အော်ဟစ်ပြောဆိုလိုက်လျှင် ထိုယောကျ်ားနှင့် မိန်းမတို့ ခြေလှမ်းတန့်သွားကြ၏။

ယောကျ်ားဖြစ်သူက အေးစက်စက်လေသံဖြင့် ...

"ဒီနေရာအထိ ရောက်လာနိုင်တယ်ဆိုတော့ တံခါးသုံးခုကို ဖြတ်ကျော်လာနိုင်ခဲ့လို့ပဲ၊ သိုင်းပညာလည်း အတော်ကလေး အဆင့်မြင့်မှာ သေချာတယ်"

မိန်းမဖြစ်သူက ...

"ရှင်နဲ့ ဆန့်ကွမ်းဝမ် အနည်းနဲ့အများ ပတ်သက်နေလိမ့်မယ်"

ရှောက်ချူးရှွေ ကြောင်အမ်းအမ်း ဖြစ်သွား၏။

ဆန့်ကွမ်းဝမ်ကို သူမသိ။

မုံယုံ၊ ဆန့်ကွမ်း၊ ဖေ့မိသားစုတို့သည် ရုပ်ပြောင်း ရုပ်လွှဲ ပညာ ထက်မြက်ပြီး သိုင်းလောကတွင် နာမည်ကြီးခဲ့သည်။ ဆန့်ကွမ်းမျိုးနွယ်နှင့် ဖေ့မျိုးနွယ်တို့ မည်သို့ ပြဿနာဖြစ်ခဲ့သည်ကို သူမသိ။

သို့သော် ချန်ကျင့်ထွေကမူ သိထားသည်။

သူတို့သည် လမ်းတေလေဂိုဏ်းသားများ ဖြစ်ကြသဖြင့် သိုင်းလောက အရေးအခင်းကို သူများတကာထက်ပို၍ သတင်းစုံ သိရှိကြပေသည်။

"ဆန့်ကွမ်းဝမ်ဆိုတ ဆန့်ကွမ်းမျိုးနွယ်ရဲ့ ခေါင်းဆောင်ပဲ၊ တစ်ချိန်တုန်းက ဖေ့မိသားစုနဲ့ မုံယုံမိသားစုတို့ ရန်ငြိုးဖွဲ့ တိုက်ခိုက်ခဲ့ကြတာ ဆန့်ကွမ်းဝမ်ရဲ့ စရိုက်ကြောင့် ဖြစ်တယ်၊ နောက်ဆုံး ဆန့်ကွမ်းဝမ်က သူတို့ကို လိမ်ညာလှည့်ဖြားသွားခဲ့တယ်၊ ဖေ့မိသားစုဟာ အဲ့ဒီအချိန်ကစပြီး အထီးကျန်ဘဝနဲ့ အကြီးအကျယ် အရေးနိမ့်ခဲ့ရတယ်"

ချန်ကျင့်ထွေက ရှောက်ချူးရှွေအား လေသံမျှဖြင့် အတိုချုံး ပြောပြသည်။ ချင်ဖုန်းပတ်ကလည်း ...

"အခု ရောက်လာတဲ့ နှစ်ယောက်ဟာ ဖေ့မိသားစုရဲ့ ဟင်္သာမောင်နဲ့ ဖြစ်နိုင်တယ်၊ ဖေ့ယီကျောင်းရဲ့ ဒုတိယသားလတ် ဖေ့စုလိနဲ့ သူ့မိန်းမ ဝမ်ပုရှင်တို့ ဖြစ်နိုင်တယ်"

ချင်ဖုန်းပတ်၏လေသံက တိုးသော်လည်း ယောကျ်ားဖြစ်သူ ကြားသွားဟန်တူသည်။

"ဟုတ်တယ် … ကျုပ်တို့ဟာ ဖေ့မိသားစုရဲ့ ဟင်္သာမောင်နဲ့ပဲ"

မိန်းမဖြစ်သူကလည်း …

"ကျွန်မတို့တစ်တွေဟာ မျက်နှာမရှိကြတဲ့ သူတွေပါ"

သူတို့နှစ်ယောက်သည် ပြောပြောဆိုဆိုပင် မိမိခေါင်းပေါ်မှ ဝါးခမောက်များကို လက်သီးနှင့် ထိုးချလိုက်ကြ၏။

ဝါးခမောက်များက လေထဲတွင် ပျံ့ဝဲသွားသည်။

ရောက်ချူးရှေတို့မှာ သူတို့၏ မျက်စိရှေ့မှ မြင်ကွင်းကြောင့် အံ့သြတုန်လှုပ်သွားမိကြသည်။

ဤဇနီးမောင်နှံ နှစ်ယောက်သည် ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားကြသော်လည်း လူတစ်ယောက်၏ အင်္ဂါနှင့် မညီညွတ်ကြ။ အမှန်တကယ်ပင် မျက်နှာ မရှိကြသောသူများ ဖြစ်နေကြလေသတည်း။

❖ ❖ ❖

သိုင်းလောက ဗဟုသုတ အတွေ့အကြုံ ကြွယ်ဝသလို သိုင်းပညာ အဆင့်မြင့်ပြီး သတ္တိကောင်းသည့် ချင်ဖုန်းပတ်နှင့် ချန်ကျင့်ထွေတို့ နှစ်ဦးသည်ပင် ထိတ်လန့်တကြားဖြစ်ကာ နောက်သို့ ခြေလှမ်း တစ်လှမ်းစီ ဆုတ်သွားကြရလေသည်။

"ကျုပ်တို့ဟာ တကယ်ပဲ မျက်နှာမရှိကြတဲ့ သူတွေပါ၊ ရန်ငြိုးကို ရှင်းပစ်နိုင်မှသာ ကျုပ်တို့မှာ မျက်နှာရှိလာကြမှာပါ"

Scanned with ACE Scanner

ဇနီးမောင်နှံ နှစ်ယောက်က အေးဆေးတည်ငြိမ်စွာပင် ရှင်းပြ၏။

ပြောပြောဆိုဆို သူတို့နှစ်ယောက်သည် လေထဲတွင် ခုန်ဝဲလာကြ၏။

ရောက်ချူးရွှေမှာ အဘယ့်ကြောင့် မျက်နှာမရှိသည့် လူစားမျိုး ရှိနေရမည်နည်းဟု တွေဝေစဉ်းစားနေဆဲ ဓားမရှည် နှစ်လက်က သူ့ထံသို့ ခုတ်ပိုင်းချလာသည်။

ရောက်ချူးရွှေသည် ကပျာကယာပင် သစ်ပင်နောက်သို့ ဝင်ရောက်ပုန်းကွယ် ရှောင်တိမ်းလိုက်ရ၏။ ဓားမရှည် နှစ်လက်က အဆက်မပြတ်ပင် မာန်ဖီတိုက်ခိုက်နေသော်လည်း သူ တိုက်ခိုက်ခြင်း မပြု။ တုန့်လှူပ်ချောက်ချားခြင်းလည်း မရှိ။ သစ်ပင်ကိုသာ အကာအကွယ် ပြုနေ၏။

အားကုန် အင်ကုန် ထုတ်သုံးကာ အစွမ်းကုန် တိုက်ခိုက်နေကြသော ဇနီးမောင်နှံ နှစ်ယောက်ကို တန်ပြန်တိုက်ခိုက်မိပါက ဓားသွားအောက်တွင် အသက်ပျောက်နိုင်ဖို့ အတော်ပင် ခက်ခဲသွားပေမည်။ ထို့ကြောင့် စလာလာချင်း ခံစစ်ကို သုံးကာ အခွင့်အရေးကို စောင့်ဆိုင်းနေခြင်းဖြစ်၏။ တစ်ဖက် တိုက်စစ်ဟန်ကို သဘောမပေါက်ခင်တွင် ခံစစ်နှင့် ခုခံခြင်းက အကောင်းဆုံး တုံ့ပြန်မှုဖြစ်ကြောင်း သူနားလည်၏။

သူသည် ထက်ချီနှင့် ယင်ဖိန်တို့၏ ဂုဆန်းဓားကွက်ကို ထုတ်သုံးတိုက်ခိုက်သည်။ ဤဓားကွက်က အရှေ့ အနောက် ဓားဝိဇ္ဇာ ထန်ဖန်ကျင်းနှင့် ကျန်းထန်ဂူတို့ကို တုံ့ပြန်သည့် ဓားကွက်နှင့် မတူတော့။ အားအနည်းဆုံးသာ ထုတ်သုံးပြီး ပျောင်းနွဲ့သော ကိုယ်ဟန်ဖြင့် မြန်ဆန်မှုကို အခြေပြုကာ အားပြောင်းအားယူပညာသုံးလျက် ရန်သူကို ပင်ပန်းအောင် ပြုလုပ်နေခြင်း ဖြစ်၏။

Scanned with ACE Scanner

ဖေ့စုလင်နှင့် ဝမ်ပုရွှင်တို့ ဇနီးမောင်နှံ နှစ်ယောက်မှာ ပြိုင်ပွဲဝင် မြင်းကြီးများပမာ တဟဲဟဲ မောပန်းလာ၏။ ဤအတိုင်း ဆက်လက် တိုက်ခိုက်သွားလျှင် အခြေအနေ မဟန်နိုင်တော့သဖြင့် တိုက်ကွက်ဟန်ကို ချက်ချင်းပင် ပြောင်းလဲလိုက်၏။

ဓားမကို လျှင်မြန်စွာ ဝှေ့ယမ်းနေပြီး အင်္ကျီစရှည်ဖြင့် မျက်နှာကို ရုတ်တရက် ကာလိုက်၏။ ရှောက်ချူးရွှေသည် တည်ငြိမ်စွာပင် တစ်ဖက်လူ၏ တိုက်ကွက် ပြောင်းလာသည်ကို ကြည့်နေ၏။ သူတို့နှစ်ယောက် မျက်နှာမှာ အင်္ကျီစ ဖယ်သွားသည်နှင့် ပါးစပ်ဟကာ မီးစွယ်တစ်ခုနှင့် အမည်းရောင် ရေပန်းတစ်ခု ရှောက်ချူးရွှေထံသို့ တိုးဝင်လာသည်။

ရှောက်ချူးရွှေမှာ နောက်ဆုတ်ပြန်လျှင်လည်း မမီတော့။ ရှေ့သို့ ခုန်လွှားသွားလျှင်လည်း သေရုံသာရှိ၏။

သို့သော် ...

ဖေ့စုလင်နှင့် ဝမ်ပုရွှင်တို့ နှစ်ယောက်၏ မြင်ကွင်းထဲမှ ရှောက်ချူးရွှေ ပျောက်ကွယ်သွားသည်။ အရိပ်အယောင်ပင် မတွေ့။

"ဗိုး ..."

ရှောက်ချူးရွှေမှာ ကျောက်ဆောင်၏ အစွန်းနေရာကို ခြေထောက်ဖြင့် ချိတ်ကာ လှဲချရှောင်တိမ်းလိုက်ခြင်း ဖြစ်၏။ ထို့နောက် တွန်းကန်အားဖြင့် လဲရာမှ ပြန်ကန်ထွက်လာ၏။ ဖေ့စုလီနှင့် ဝမ်ပုရွှင်တို့ နှစ်ယောက်လည်း သူတို့၏ ခါးကြားမှ ရွှေရောင်အိတ်ဆီသို့ ကပျာကယာ နှိုက်လိုက်ကြ၏။

သူတို့ နှိုက်ထုတ်လိုက်သည့် အရာသည် လက်နက်ပဲ ဖြစ်ဖြစ် လက်နက်ပုန်းပဲဖြစ်ဖြစ် ရှောက်ချူးရွှေသည် သူတို့ကို နောက်ထပ် အခွင့်အရေးတစ်မျိုး ထပ်မပေးနိုင်ချေ။

ရုတ်ခြည်းပင် သူ့လက်ဝါး အစုံကို ဆန့်ထုတ်လိုက်၏။

Scanned with ACE Scanner

ကျန်းချမ်းကျင့်နှင့် ဝမ့်ဆွေယိတို့ထံမှ သင်ယူခဲ့သည့် လက်ဝါးတိုက်ကွက်ကို အသုံးပြုလိုက်ခြင်းပင်တည်း။

ဖေ့စုလီတို့နှစ်ယောက် လက်နှစ်ဖက်က လျှပ်ပြက်သည့်အလား မြန်ဆန်လှချေသည်။

ဖေ့စုလီတို့နှစ်ယောက် လက်နက်ပုန်း မနှိုက်ထုတ်ခင်မှာပင် သူတို့၏ ငယ်ထိပ်အသီးသီးပေါ်သို့ လက်ဝါးရောက်ရှိနေပြီ ဖြစ်၏။ သို့သော် ရိုက်ချခြင်းကား မပြု။ အုပ်မိုးထားခြင်းသာ ရှိ၏။ တစ်ဆက်တည်းပင် သူတို့ ငယ်ထိပ်ပေါ် လက်ထောက်ကာ ကျွမ်းပစ်လျက် တစ်ဖက်သို့ ခုန်တက်လိုက်၏။

"အခုလို အလျော့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ရောက်ချူးရွှေ အပေါ်စီးမှ ဂါရဝပြုကာ ပြော၏။

ဖေ့ဝုလီတို့ နှစ်ယောက်မှာ မျက်နှာ မရှိကြသောကြောင့်သာ တော်တော့သည်။ နို့မဟုတ်လျှင် သူတို့၏ မျက်နှာမှာ အတော်အကြည့်ရဆိုးပေတော့မည်။

တစ်ဖက်လူသည် တစ်ယောက်တည်း အားဖြင့် သူတို့နှစ်ဦးကို အနိုင်ယူသွားသဖြင့် အကြီးအကျယ်ပင် တုန်လှုပ်အံ့အားသင့်သွားရလေသည်။

"မင်း ... မင်း ဘယ်သူလဲ"

ဖေ့စုလီက တုန်ယင်သော လေသံဖြင့် မေးသည်။

ရောက်ချူးရွှေမှာ နောက်ထပ် လှူသတ်လိုစိတ် မရှိတော့ချေ။ ထို့ကြောင့် လေးစားသော အသံဖြင့် ...

"ကျွန်တော် ရောက်ချူးရွှေပါ ခင်ဗျာ"

"မင်း ... မင်း ဆန့်ကွမ်းမျိုးနွယ်ကလူ မဟုတ်ဘူးပေါ့၊ ဒါဆိုရင် မင်း ဒီကိုဘာလာလုပ်တာလဲ"

ဝမ်ပုရွှင်က အံ့အားတသင့် လေသံဖြင့် မေးသည်။

Scanned with ACE Scanner

ရောက်ချူးရွှေမှာ မိမိတို့အကြားတွင် တစ်စုံတစ်ရာ လွဲချော်မှားယွင်းခြင်း ရှိနေပြီကို သိလိုက်ရ၏။

"ဆန့်ကွမ်းမျိုးနွယ်ကလူတွေနဲ့ ကျွန်တော် လုံးဝသိကျွမ်းခြင်း မရှိခဲ့ပါဘူး၊ ကျွန်တော် ဒီနေရာကို ရောက်လာရတာကလည်း ကျွန်တော်ရဲ့ မိတ်ဆွေ ညီနောင်တွေ အားလုံးကို ဖေ့မိသားစုကလူတွေ ဖမ်းဆီးခေါ်ဆောင်သွားလို့ လိုက်လာခဲ့ရတာပါ၊ တစ်လမ်းလုံးမှာ ကျွန်တော်တို့ကို လုပ်ကြံတိုက်ခိုက်လာကြတာမို့ ကျွန်တော်လည်း ကိုယ့်ကိုယ်ကို ကာကွယ်ရင်း လူတချို့ကို သတ်ပစ်လိုက်ရပါတယ်"

ဖေ့စုလီက သက်ပြင်းရှည်ကြီး တစ်ချက် ချလိုက်သည်။

သူ့ဇနီးသည် ဝမ်ပုရွှင်ဘက်သို့လှည့်ကာ ရင်နာကြေကွဲသောလေသံဖြင့် ...

"မှားပြီ ... မှားကြပြီ၊ ဒီတစ်ခါတော့ ဖေဖေကြီး အကြီးအကျယ် မှားခဲ့ပြန်ပြီ၊ ဆန့်ကွမ်းမျိုးနွယ်က လူတွေကို တုံ့ပြန်ဖို့ကိစ္စမှာ အခုတော့ ရောက်ချူးရွှေကို ရန်စလိုက်မိပြီ"

ဝမ်ပုရွှင်ကလည်း ...

"ဖေဖေကြီးကလည်း ရောက်ချူးရွှေ ထွက်လာအောင် လုပ်တာက သူ့ရဲကောင်း အမိန့်ပေး တံဆိပ်ပြား ရရှိရေးအတွက်ပဲ၊ အဲ့ဒီပစ္စည်းရမှ မိုးဘုရင်ကြီး ကျူးက ကျွန်မတို့ကို ကူညီနိုင်မယ်၊ မိသားစုသိက္ခာကို ဆယ်နိုင်မယ့် ဆန့်ကွမ်းမျိုးနွယ်ကို တုံ့ပြန်နိုင်မယ်လေ"

ဖေ့စုလီ ဝမ်းနည်းကြေကွဲစွာပင် ခေါင်းကိုခါယမ်းလိုက်သည်။

"အခု ဘယ်တလာ တုံ့ပြန်ရသေးလို့လဲ၊ ရန်ကြွေးဟောင်းကို မရှင်းနိုင်ခင် ရန်ကြွေးအသစ် ဖြစ်လာရပြီ၊ ဒီအထိတောင် ရောက်ခဲ့တာကို မိုးဘုရင်ကြီးကျူးက ဘာတွေများ အကူအညီ ပေးခဲ့လို့လဲ၊ သူတစ်ပါးကို အားကိုးပြီး စစ်တိုက်ရင် ရှုံးနိမ့်တတ်တယ်၊ သူတစ်ပါး

ကို မှီခိုတဲ့သူဟာ အရည်အချင်း အစွမ်းအစမရှိတဲ့ လူပဲ၊ ဖေဖေ့ ဘာကြောင့် ဒီလောက်တောင် မတွေးမိခဲ့တာပါလိမ့်"

ဖေ့စုလီ၏ စကားသံက ဝမ်းနည်းပူပန်လွန်းသဖြင့် လှုပ်ခါ တုန်ယင်နေသည်။

ဝမ်ပုရှင်က ခင်ပွန်းဖြစ်သူ၏ အသွင်ကို ကြည့်ပြီး ငိုကြွေးလာ တော့သည်။

ရှောက်ချူးရွှေ၊ ချင်ဖုန်းပတ်း ချန်ကျင့်ထွေနှင့် လှိုယိတို့မှာ ငေးကြောင်သွားမိကြသည်။ မျက်နှာမရှိကြသော ဖေ့စုလီနှင့် ဝမ်ပုရှင် တို့ မည်ကဲ့သို့သော အကြံမျိုး ကြံစည်နေကြသည်ကိုလည်း သူတို့ မတွေးတတ်ကြ။

ရှောက်ချူးရွှေမှာ မေတ္တာတရား၊ ကရုဏာတရား ကြီးမားသူ တစ်ယောက်ဖြစ်သည်မို့ ကိုယ်ချင်းစာလာမိသည်။

"ကျွန်တော်တို့က ဆန့်ကွမ်းအမျိုးအနွယ် မဟုတ်ကြပါဘူး၊ အစုဥစ္စာက ဘယ်လိုတွေ ဖြစ်ကြတာများလဲ ခင်ဗျာ"

ဖေ့စုလီက ရှောက်ချူးရွှေကို ပြန်မဖြေသေး။ ဒုနီးသည် ဝမ်ပု ရှင်ဘက်သို့ လှည့်ကာ ပြတ်သားသော လေသံဖြင့် ...

"ဆန့်ကွမ်းမျိုးနွယ်ဟာ ဒီကိုလာပြီး ဒုက္ခပေးမှာ အသေအချာ ပဲ၊ အခုလို မဆီမဆိုင်တဲ့ လူတွေနဲ့ ရန်ဖြစ်မနေနဲ့တော့၊ တို့လည်း ဒီမှာ စောင့်နေစရာမလိုတော့ဘူး၊ ဖေဖေတစ်ယောက်တည်းပဲ အရှေ့ ဘက်တောင်ကုန်းမှာ အသင့်စောင့်နေတယ်"

ဝမ်ပုရှင် ခေါင်းညိတ်ပြလိုက်၏။ သည်တော့မှ ဖေ့စုလီက ရှောက်ချူးရွှေဘက်သို့ လှည့်ကာ ...

"မင်းတို့ မိတ်ဆွေတွေ အားလုံး တောင်ဘက်က တောင်ကုန်း ရဲ့ လောင်ကျမ်းဘုရားကျောင်းထဲမှာ ချုပ်နှောင်ထားတယ်၊ ရန်သူ တွေ ရောက်လာတော့မှာမို့ အစောင့်မရှိဘူး၊ မင်းတို့ဘာသာ မင်းတို့

ဝင်သွားနိုင်တယ်၊ ရှော့ အချုပ်ခန်းတံခါးကို ဒီသော့နဲ့ ဖွင့်လိုက်ရင် ပွင့်သွားလိမ့်မယ်"

ပြောပြောဆိုဆိုပင် ခါးကြားမှ သော့တွဲကိုလှမ်းပေးလိုက်သည်။

ရှောက်ချူးရွှေ လှမ်းယူလိုက်သော်လည်း သူ့စိတ်ထဲတွင် မတင်မကျ။ ကျန်လူများကလည်း ဝမ်းသာကျေးဇူးတင်မိသည့်တိုင် မျက်နှာမရှိသည့် ဇနီးမောင်နှံ နှစ်ယောက်၏ ကြေကွဲဖွယ်ရာ အဖြစ်အပျက်ကို စိတ်ဝင်စားနေမိကြသည်။

"ဘာတွေ ဖြစ်နေကြလို့လဲ"

"ဖေ့မိဘစားစုနဲ့ ဆန့်ကွမ်းအမျိုးအနွယ်က ဘယ်လိုရန်ငြိုးရန်စတွေ ရှိခဲ့ကြလို့လဲ"

ချန်ကျင့်ထွေနှင့် ချင်ဖုန်းပတ်တို့ တစ်ယောက် တစ်ခွန်းမေးလာကြသည်။

ရှောက်ချူးရွှေက သိမ်မွေ့ညင်သာသော လေသံဖြင့် ...

"ကျွန်တော်တို့ တစ်တွေ တောင်ပေါ် တက်လာခဲ့တဲ့ လမ်းတစ်လျှောက်မှာ တစ်စုံတစ်ယောက်က ကျွန်တော်တို့နောက်ကို လိုက်ပါလာကြတယ်၊ ကြည့်ရတာ ဖေ့မိသားစုရဲ့ ရန်သူလို့ ထင်ရတာပဲ"

ဖေ့စုလီ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

အဝတ်အစားအရောင်မတူတဲ့ လူငါးယောက်၊ ပြီးတော့ သူတို့ခေါင်းပေါ်မှာလဲ ဝါးခမောက်တွေ ကိုယ်စီ ဆောင်းထားကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

ဖေ့စုလီတို့ ဇနီးမောင်နှံ နှစ်ယောက်မှာ အကြီးအကျယ်ပင် ဇွေ့ပျက်သွားကြတော့သည်။

နောက်သို့ ဒယီးဒယိုင်ဖြင့် ခြေလှမ်းသုံးလှမ်း ဆုတ်လိုက်မိကြတော့သည်။

"ဒုက္ခပါပဲ၊ သူတို့ ရောက်လာကြပြီ၊ ဖေဖေတော့ အန္တရာယ်များတော့မှာပဲ"

နှစ်ယောက်သား စိုးရိမ်တကြီး ရေရွတ်လိုက်မိကြ၏။

ကပျာကယာပင် ဤနေရာမှ ထွက်ခွာသွားရန် ဟန်ပြင်ကြသည်။

ရှောက်ချူးရှေက မသွားရန် ဟန့်တားလိုက်ရာ သူတို့နှစ်ဦးက တုံ့ခနဲ ခြေလှမ်းရပ်တန့်လိုက်ပြီး ရှောက်ချူးရှေအား ရန်သူကြီးတစ်ယောက်ပမာ စိုက်ကြည့်နေလေတော့သည်။

● ● ●

Scanned with ACE Scanner

## အခန်း(၅)

တောင်ပေါ်လေက တနွဲ့နွဲ့ တိုက်ခတ်နေ၏။

လေပြေထဲတွင် မိုးငွေ့မိုးနံ့များ ပါလာသော်လည်း မိုးကမရွာသေး။

ရောက်ချူးရွှေလည်း သူ့ကို ရန်သူကြီး တစ်ယောက်လို ကြည့်နေသော ဖေ့စုလီတို့ ဇနီးမောင်နှံကို အေးဆေးတည်ငြိမ်စွာပင် ကြည့်နေ၏။

"ဘယ်လို ပြဿနာတွေများ ရှိနေလို့ပါလဲ ခင်ဗျာ၊ ကျွန်တော်တို့ အပေါ် မိတ်ဆွေကောင်းလို ဆက်ဆံခဲ့တဲ့အတွက် ဝန်မလေးဘူးဆိုရင် ပြောပြပါလား၊ ကျွန်တော်တို့လည်း အတတ်နိုင်ဆုံး အကူအညီ ပေးကောင်း ပေးနိုင်ပါလိမ့်မယ်"

ဖေ့ဝုလီနှင့် ဝမ်ပုရှင်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။ ရောက်ချူးရွှေ၏ သိုင်းပညာကို စောစောတုန်းက သူတို့စမ်းသပ်ကြည့်ပြီးပြီမို့ ယုံကြည်အားကိုးသည်။ ဝမ်ပုရှေက တုန်ယင်သော လေသံဖြင့် ...

"မင်း ... မင်း ... တကယ်ပဲ ကူညီပေးချင်တဲ့ ဆန္ဒရှိလို့လား"

"ကျွန်တော်တို့ မိတ်ဆွေညီနောင်တွေရဲ့ အခြေအနေကို အရင်ဆုံး ကြည့်ပြီး ဆုံးဖြတ်ပေးပါ့မယ်"

"အို ... စိတ်ချ၊ သူတို့ ဘာမှမဖြစ်ဘူး၊ ကောင်းကောင်းမွန်မွန်ပဲ ရှိနေကြတယ်၊ သူတို့ကို ဖမ်းဆီးထားရတဲ့ အကြောင်းက

Scanned with ACE Scanner

မင်းကို ဒီရောက်လာအောင် မျှားခေါ်လိုက်တာပဲ၊ အဓိကကတော့ သူ့ရဲ့ကောင်း အမိန့်ပေးတဲ့ဆိပ်ပြား ရယူဖို့ပဲ၊ သူတို့က ဒဏ်ရာရအောင် ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး"

"ဖေ့ဝုလီက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျုပ်တို့ ဇနီးမောင်နှံ မျက်နှာမရှိရတာဟာ မွေးရာပါ မဟုတ်ဘူး၊ တမင် ရုပ်ဖျက်ထားကြတာပါ"

ရှောက်ချုးရွှေ ခေါင်းညိတ်လိုက်၏။

"ဒါကို ကျွန်တော် သတိထားမိပါတယ်၊ ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲ"

"ကျုပ်တို့ရဲ့ အသက်နဲ့ ဂုဏ်သိက္ခာကို ပြန်မဆယ်နိုင်ကြသေးဘူး၊ သွေးကြွေးမပေးရသေးဘဲ လူတကာကို မျက်နှာအစစ်အမှန်နဲ့ အတွေ့မခံဖို့ဆုံးဖြတ်ပြီး ခုလိုလုပ်ထားတာပဲ၊ အောင်မြင်လာမှ အရှက်နဲ့ သိက္ခာကို ဆေးကြောပစ်မယ်၊ ဒါမှ ဖေ့မိသားစုလည်း အရှိန်အဝါ ပိုကြီးလာနိုင်မယ်"

ရှောက်ချုးရွှေ ရင်ထဲ ကြက်သီးနွေးကလေး ပစ်ထသွားလေသည်။

"တကယ်လို့ မင်းကသာ အကူအညီပေးမယ်ဆိုရင် အဖြစ်အပျက်တွေကို ကျုပ် ပြောပြနိုင်ပါတယ်၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ် ပတ်ဝန်းကျင်လောကကဆိုပါတော့ ..."

ဖေ့ဝုလီသည် စကားစချီကာ ရန်ငြိုးဖြစ်ပေါ်လာရပုံအကြောင်းရင်း ရှင်းပြတော့သည်။

ဖေ့စုလီ၏ အဘိုး ဖေ့ချိုသည် သိုင်းလောကတွင် လူစွမ်းကောင်းပြိုင်ပွဲ၌ မုံယုံစုချင်၏ လက်ချက်ဖြင့် အရေးနိမ့်ခဲ့ရပေသည်။ နောက်ပိုင်းတွင် ဖေ့စုလီသည် သိုင်းပညာကို တိတ်တဆိတ် သင်ကြားပြီး မုံယုံမိသားစုနှင့် ပြဿနာတက်ခဲ့သည်။ ဖေ့ယိကျောင်း

အကြီးအကဲ ဖြစ်လာသောအခါ သူတို့ ဦးရီးတော် ဖေ့ထင်ချင်းကို အဆိပ်ခတ် သတ်ပစ်သည်။ ကွဲပြားနေသော မိသားစုနှစ်စုကိုလည်း တစ်ပေါင်းတည်း တစ်စည်းတည်းဖြစ်အောင် ဝမ်းကွဲညီအစ်မကို လက်ထပ်လိုက်သည်။

ထိုအချိန်တွင် ဆန့်ကွမ်းအမျိုးအနွယ်မှာ ထန်မိသားစု၏ လက်ချက်ကြောင့် အရေးနိမ့်ခဲ့ရပေသည်။

ထန်မိသားစု၏ ထိုးစစ် ဆင်မှုကြောင့် ဆန့်ကွမ်းမိသားစုမှာ မျိုးပြုတ်မတတ်ရှိပြီး အဆင့်မြင့် ပုဂ္ဂိုလ်များထဲမှ လေးယောက်သာ ကျန်ရှိတော့သည်။

ထိုလေးယောက်မှာ ဆန့်ကွမ်းယိ၊ ဆန့်ကွမ်းကျင်လုံနှင့် ဆန့်ကွမ်းထိုက်စန်းတို့ ဖြစ်ကြသည်။ သူတို့သည် စစ်ရေးအခြေမလှသဖြင့် ဖေ့မိသားစုထံသို့ လာရောက်ခိုလှုံခဲ့ကြသည်။

"ကျုပ်တို့ဆီကို ဆန့်ကွမ်းဝမ်ကိုယ်တိုင် မျက်နှာငယ်လေးနဲ့ ရောက်လာခဲ့တယ်၊ ဖေ့မိသားစုက သူ့ကို ကူညီဖို့ ဒါမှသာ ထန်မိသားစုရဲ့ ရန်ကို ရှောင်နိုင်မှာဖြစ်ကြောင်း အသနားခံ တောင်းဆိုလာတယ်၊ သူ့ကို ကရုဏာသက်မိတာနဲ့ ကျုပ်နဲ့ ပုရှင်တို့နှစ်ယောက် ဖေဖေ့ဆီမှာ တင်ပြတောင်းပန်ပေးခဲ့တယ်၊ မထင်မှတ်ဘဲ ..."

ဖေ့ဝုလိ စကားဆက်ပြောနေရင်လာမှ ရုတ်တရက် ဖြတ်တောက်လိုက်၏။ သူ့လေသံက ဝမ်းနည်းကြေကွဲဟန် ပါလာသည်။ ဝမ်ပုရှင်မှာ စိတ်လှုပ်ရှားလွန်းသဖြင့် ဂဏှာမငြိမ် ဖြစ်နေ၏။

"ကျုပ်တို့က ဆန့်ကွမ်းမျိုးနွယ်ရဲ့ အန္တရာယ်ကို ကာကွယ်ကယ်တင်ပေးလိုက်တယ်၊ ဒါပေမယ့် ထန်မိသားစုရဲ့ ရန်ပွားလာရတော့တယ်၊ သိုင်းလောကရဲ့ ဆယ်နှစ်အတွင်း မျိုးနွယ်စု ပဋိပက္ခထဲမှာ ထန်မိသားစုက အဆင့်မြင့်ပုဂ္ဂိုလ် ထန်ရှောင်ဝန့် ထွက်ပေါ်လာတယ်၊ သူထွက်လာတာနဲ့ ကျုပ်အဖေကို အရေးနိမ့်သွားစေတယ်၊

ဆန့်ကွမ်းမျိုးနွယ်က လူတွေကတော့ အသာလျှိုနေပြီး နောက်တော့ ဩဇာအာဏာဂိုဏ်းထဲကို ဝင်သွားကြတယ်၊ ဖေ့မိသားစု အင်အားပြန့်နေတဲ့ အချိန်ဆိုတော့ အတွင်းသူလျှိုလုပ်ပြီး ကျုပ်တို့ရဲ့ လူတော်တော်များများကို လိမ်ညာသိမ်းသွင်း ခေါ်ဆောင်သွားကြတယ်၊ ကျုပ်တို့သိတဲ့အချိန်ကျတော့ နောက်ကျနေပြီ"

ရှောက်ချူးရွှေမှာ သစ္စာမဲ့သူတစ်ယောက်အကြောင်း ကြားနေရစဉ် ခန်းကျိစင်ကို ဖြတ်ခနဲ မျက်လုံးထဲ၌ မြင်ယောင်လိုက်မိသည်။

"ဆန့်ကွမ်းဝမ်ဟာ ဘယ်လောက်အထိ ယုတ်မာသလဲဆိုတော့ ကျုပ်တို့ အင်အား ပြိုကွဲအောင်လုပ်ပြီးနောက် သူ့လူတွေစုပြီး ဖေ့မိသားစုရဲတိုက်ကို ရောက်လာကြတယ်၊ သူလာတာက ကျုပ်တို့ကို သတ်ပစ်ဖို့ပဲ၊ အဲဒီတုန်းက ရက်စက်လိုက်တာကိုတော့ ပြောပြစရာ မရှိဘူး၊ ကျုပ်တို့ဘက်က အရေးကြီးတဲ့ အဆင့်မြင့်ပုဂ္ဂိုလ်ရှစ်ယောက်ကို သတ်ပြီး ဟိတ်ဟန်တကြီးနဲ့ ထွက်ခွာသွားတယ်၊ အဲဒီအချိန်ကစပြီး ဖေ့မိသားစုဟာ ခေါင်းမထောင်နိုင်တဲ့အဆင့်ကို ရောက်သွားရတာပဲ"

ဖေ့စုလီ၏ စကားသံက ကြေကွဲခြင်းနှင့် နာကြည်းဒေါသဖြစ်ခြင်းတို့ ပါဝင်ပေါင်းစပ်နေသည်။

"ဆန့်ကွမ်းဝမ်ဟာ တိရစ္ဆာန်အရိုင်းအစိုင်း တစ်ကောင်လို ယုတ်မာလွန်းတယ်၊ ကျုပ်တို့ကို အမြဲတမ်းပဲ လာနှောင့်ယှက်တယ်၊ သူ့မှာ ဩဇာအာဏာဂိုဏ်း နောက်ခံရှိနေပြီဆိုတော့ အတင့်ရဲနိုင်တာပေါ့၊ ကျုပ်တို့တစ်တွေလည်း ဒါကြောင့်ပဲ မလွဲမရှောင်သာတာနဲ့ မိုးဘုရင်ကြီး ကျူးရဲ့ လက်အောက်ကို မှီခိုလိုက်ရတယ်၊ နောက်ဆုံးတော့ ကျုပ်တို့မှာ ဘာအကျိုးအမြတ်ရသလဲ၊ ဩဇာအာဏာဂိုဏ်းရဲ့ ရန်ငြိုးဖွဲ့တာကို ခံရတယ်၊ သူရဲကောင်း အမိန့်ပေး တံဆိပ်ပြားနဲ့ ပတ်သက်ပြီး မင်း အမျက်သိတာကို ခံရတယ်၊ မိုးဘုရင်ကြီးကျူးက

Scanned with ACE Scanner

ကျုပ်တို့ကို အကူအညီတစ်ခုမှ မပေးတဲ့အပြင် ပြန်ပြီးတော့တောင် အသုံးချသွားသေးတယ်"

ရှောက်ချူးရွှေ သက်ပြင်းတစ်ချက် ချလိုက်မိပြီး ...

"အင်း ... ဒါဆို ကျွန်တော်လည်း ဆန့်ကွမ်းအမျိုးအနွယ်ရဲ့ အသုံးချတာကို ခံခဲ့ရတာပဲ၊ ရှေ့တန်းက တံခါးပေါက်တွေကို ကျွန်တော် ရှင်းလင်းပစ်ပြီး သူတို့ကို အလွယ်တကူ ဝင်လာနိုင်အောင် ဖန်တီးပေးခဲ့သလို ဖြစ်သွားတာပေါ့"

"ဟုတ်တယ် ... ဆန့်ကွမ်းဝမ်က အခွင့်ကောင်းယူပြီး ဝင်လာတာပဲ၊ ဒါ ကျုပ်တို့လင်မယား ညံ့ကြလို့ပဲ၊ ဒီအတွက် သူတို့ကို မုန်းတယ်၊ ကျုပ်တို့ဟာ ဖေ့မိသားစုရဲ့ တာဝန်မကျေတဲ့သူတွေအဖြစ် ရောက်ခဲ့ရတယ်၊ အပြစ်ဒဏ်သင့်ခဲ့ရတယ်၊ ဒီအပြစ်ဒဏ်ကလည်း ဘယ်လိုမှ မကျေနိုင်တော့ဘူး၊ ဖေ့မိသားစု အသိုက်အဝန်းမှာ ကျုပ် တို့နှစ်ယောက် မျက်နှာမပြဝံ့ကြတော့ဘူး၊ ဆန့်ကွမ်းဝမ်တို့ လေး ယောက်ကို ကျုပ်တို့က သက်သက် တမင်ခေါ်လာခဲ့တယ်၊ သံသယ ဝင်ကြတယ်၊ ဘယ်သူကမှလည်း ကျုပ်တို့နှစ်ယောက်ကို စကားမပြော ကြတော့ဘူး၊ ဒါနဲ့ ကျုပ်လည်းရှက်ပြီး မျက်နှာကို သားရေတု စွပ် ထားလိုက်ကြတာပဲ"

ရှောက်ချူးရွှေ စိတ်မကောင်းဖြစ်လာသည်။ မိမိ၏ မိသားစု အပြစ်ဒဏ်ကို ဆေးကြောရန်အတွက် အသက်ကို မငဲ့ကွက်ဘဲ ပြန်လည် ဂုဏ်ဆယ်သည့် စိတ်ဓာတ်ကိုလည်း ချီးကျူးမိသည်။

"ဒီလို မတရားခံနေရတာမျိုးတော့ ကျွန်တော်လည်း မခံနိုင်ဘူး၊ အတတ်နိုင်ဆုံး အကူအညီပေးမယ်လို့ ကတိပြုပါတယ်"

ဖေ့စုလီ ဇနီးမောင်နှံ အလွန်ပင် ဝမ်းသာသွားမိကြ၏။

"ဒါဆို မင်းရဲ့ မိတ်ဆွေညီနောင်တွေကို အရင်ဆုံး သွားကယ်ထုတ်ကြမလား၊ ဒါမှမဟုတ် ..."

Scanned with ACE Scanner

ရှောက်ချူးရွှေ လက်ကာပြ တားဆီးလိုက်ပြီး ...

"ဒါနဲ့ ဆရာကြီးရဲ့ အဖေက ဘယ်မှာလဲ"

"တာဆန်းတောင်ရဲ့ အရှေ့ဘက်တောင်ထွတ်မှာ ရှိနေပါကယ်"

ဝမ်ပုရှင်က ကြားဝင်ကာ အလျင်အမြန် ဖြေသည်။

ရှောက်ချူးရွှေလည်း ကောင်းကင်ပေါ်သို့ မော့ကြည့်နေပြီး သော့တွဲကို လက်နောက်ပစ်လျက် ယမ်းနေသည်။

"အဲဒီလူငါးယောက်ဟာ အရှေ့ဘက် တောင်ထွတ်ကို သွားကြမှာပဲ၊ လူ့အသက်ဟာ လောင်နေတဲ့မီးကို ငြိမ်းရသလိုပဲ၊ အချိန်ဆွဲနေလို့ မဖြစ်ဘူး၊ ဆရာကြီးတို့ အဖေဆီကို အရင်ဆုံး သွားကြပါစို့"

ရှောက်ချူးရွှေက ဆုံးဖြတ်ချက်ချ စကားကို ဆိုလိုက်လေသည်။

တာဆန်းတောင်၏ အရှေ့ဘက်တောင်ထွတ်၌ ကျားထိုးဇရပ်တစ်ခု ရှိ၏။ လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ကျောက်ချွန်ဖုန်နှင့် ချန်ပူဆိုသော အဘိုးကြီးနှစ်ယောက် ကျားထိုးကစားခဲ့သော နေရာဖြစ်ပေသည်။

ရှောက်ချူးရွှေ၊ ဖေ့စုလီ၊ ဝမ်ပုရှင်၊ ချင်ဖုန်းပတ်၊ ချန်ကျင့်တွေနှင့် လျှိုယိတို့ ခြောက်ယောက်သည် ကျားထိုးဇရပ်နေရာသို့ ဦးတည်သွားနေကြ၏။

လမ်းခရီးတွင် အန္တရာယ်များနိုင်သဖြင့် ကျွမ်းကျင်သော ဖေ့စုလီက ...

"ကျုပ် ရှေ့ကသွားမယ်"

ရှောက်ချူးရွှေက ဖေ့စုလီ၏နောက်မှ ကပ်လျက်လိုက်သည်။ ဝမ်ပုရှင်က နောက်ဆုံးမှလိုက်၏။

တောင်က တဖြည်းဖြည်း မြင့်တက်လာသလို လေကလည်း

တဟူးဟူး တိုက်ခတ်လာသည်။ ထို့အတူ တောင်ခိုးများနှင့် မြူကလည်း တဖွဲဖွဲ တသဲသဲ အုံ့မှိုင်းကျရောက်လာသဖြင့် တောင်ထိပ်ပေါ်မှ အရာဝတ္ထုကို သဲကွဲစွာ မမြင်ရချေ။

ဖေ့စုလီသည် ရှေ့သို့မဲကာ တွယ်တက်သွား၏။ မြူတို့ကြောင့် ရှောက်ချူးရွှေ၏ အမြင်အာရုံမှာ ဝါးလာ၏။ ထိုအချိန်တွင် အကိုလေတိုးသံ တစ်ချက် ကြားလိုက်ရပြီး လူရိပ် သုံးရိပ်ကို ဝါးတားတား တွေ့လိုက်ရ၏။ ထိုလူရိပ်များ၏ အဝတ်အစားနှင့် ခြေထောက်တို့တွင် သံလိုက်ဓာတ်ပါသည့်အလားပင် ကျောက်နံရံကို တွယ်ကပ်ထားနိုင်ကြ၏။

ရှောက်ချူးရွှေ ရင်ထဲ တုန်လှုပ်သွား၏။

ဆန့်ကွမ်းအမျိုးအနွယ်၏ အဆင့်မြင့်ပုဂ္ဂိုလ် သို့မဟုတ် ဖေ့မိသားစုက လာရောက်လုပ်ကြံခြင်း ဖြစ်မည်ဟုလည်း ထင်မိသည်။

သူ ဇဝေဇဝါ ဖြစ်နေစဉ်မှာပင် ကြည်လင်သော မိကျောင်းဂီတသံ ထွက်ပေါ်လာ၏။ ထိုမှတစ်ဆက်တည်း ပလွေသံလိုအသံတို့ပါ ကပ်ပါလာ၏။

"သြော် ... မင်းတို့ကိုး"

ရှောက်ချူးရွှေ စိတ်ထဲမှ တီးတိုး ရေရွတ်လိုက်မိသည်။

သူ သိုင်းလောကထဲသို့ ဝင်ရောက်ခဲ့သည့် တစ်လျှောက်တွင် လျှို့ဝှက်စွာဖြင့် ပျောက်ကွယ်တတ်ပြီး နားမလည်နိုင်လောက်သည့် လူထူးလူဆန်းသုံးဦးကို သတိရလာသည်။

ဂီတသုံးပါး မဟာဓားသမား သုံးယောက်တို့ပင်တည်း။

သူတို့ လေးယောက်သည် ရှောက်ချူးရွှေအား မတူညီသော စမ်းသပ်မှုမျိုးကို ပေးတတ်ခဲ့သည်။ သူတို့ ထွက်လာတိုင်း တစ်ကြိမ်ထက်တစ်ကြိမ် သိုင်းပညာ ပို၍ ပို၍ ထက်မြက်မြင့်မားလာတတ်ခဲ့သည်။

ထို့အတူ ရှောက်ချူးရှွေ၏ သိုင်းပညာကလည်း တဖြည်းဖြည်း တိုးတက်လာခဲ့၏။

တတိယတစ်ခေါက် သူတို့ ထွက်ပေါ်လာစဉ်တွင် ထန်ဖန်းလည်း ထွက်ပေါ်လာခဲ့သည့် အချိန်ဖြစ်၏၊ ရှောက်ချူးရှွေ စိတ်ထဲတွင် ပလွေသံသည် ပို၍ သာယာနာပျော်ဖွယ် ကောင်းလာ၏။ ထန်ဖန်းကိုလည်း သတိရလာမိသည်။

"ထန်ဖန်း ..."

နှုတ်မှ လွှတ်ခနဲပင် ခေါ်လိုက်မိသည်။

သူ့လေသံတွင် မျှော်လင့်ချက်များ အပြည့်အဝပါနေ၏။ သူ့မျက်လုံးအစုံတွင် မျက်ရည်များ ဝဲနေသည်။

ထိုအချိန်တွင် ယခင်ဆုံခဲ့သည့် အခါများကလိုပင် ဓားရည်သုံးလက်က တဝိဝိမြည်လျက် သူ့လည်မျိုကို ထောက်ထားလိုက်ကြသည်။

"အလျင်အတိုင်းပါပဲလား"

"ထန်ဖန်းကို စဉ်းစားတာနဲ့ စိတ်အာရုံ ရှုပ်ထွေးနေပြီး မဟုတ်လား၊ အခု မထိုက်ခိုက်တော့ဘူး မဟုတ်လား"

"ဒီလိုသာ ဆက်ဖြစ်နေရင်တော့ ဓားသမားတစ်ယောက်မဖြစ်နိုင်တဲ့အပြင် လူသတ်နိုင်တဲ့ အဆင့်အတန်းလည်း မရှိဘူး"

"ဓားသမားလုပ်တယ်ဆိုတ သံယောဇဉ် ဖြတ်ရတယ်"

"နို့မဟုတ်ရင် လောကကြီးမှာရှိတဲ့လူတွေ ဗိုလ်ကျတာကို ခံရပြီး ကိုယ်က သူတို့တစ်တွကို ဘာမှလုပ်ရဲမှာ မဟုတ်ဘူး"

ဂီတသုံးပါး မဟာဓားသမား သုံးယောက်ဖြစ်ကြသော ဝမ်ယန့်ယန်၊ ကျန်ရှုယင်း၊ တိန့်တောက်ယန်တို့က တစ်ယောက်တစ်ခွန်း စီ ပြောလာကြသည်။

ရှောက်ချူးရှွေအာရုံမှာ ထန်ဖန်းဆီသို့ပင် ရောက်ရှိနေဆဲ။

"မင်း ... မင်းတို့ ဘယ်သူတွေလဲ"

ဓားရှည်သုံးလက်၏ အအေးဓာတ်ကြောင့် ရှောက်ချူးရှွေ၏ လည်ပင်းတွင် ကြက်သီးမွေးညင်းများ ထလာ၏။

ဓားသမားသုံးယောက်က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြပြီး ဓားကို ပြန်ရုပ်သိမ်းလိုက်ကြ၏။

"မင်းတို့ ဘယ်သူတွေလဲ၊ ထန်ဖန်းကော ဘယ်မှာလဲ"

ရှောက်ချူးရှွေက အဆက်မပြတ်ပင် မေးလိုက်၏။

နောက်မှ လိုက်ပါလာသော ချန်ကျင့်ထွေ၊ ချင်ဖုန်းပတ်၊ လျို့ယိုနှင့် ဝမ်ပုရွှင်တို့မှာ သူ၏ခက်ထန်သော အမေးစကားကို ကြား လိုက်မိကြ၏။ သို့သော် ထူထပ် သိပ်သည်းလှသော မြူနှင်းများထဲ တွင် ဘာကိုမျှ မမြင်နိုင်ကြ။ ကျောက်နံရံကို ကျော်တက်ပြီး သွား ကြည့်လိုသော်လည်း ကြောက်စိတ်က ဟန့်တားထားသဖြင့် မလုပ်ရဲ။ သူတို့၏ အရှေ့သို့တက်မည့် လမ်းကို ခြေမွှဖျက်ဆီးထားသကဲ့သို့။

ဖေ့စုလီသည်လည်း နောက်သို့လှည့်ကာ ကယ်တင်လိုသော် လည်း အရိပ်အယောင်မရှိသည့် လေလှိုင်းအားကို ထိုးဖောက်မဝင် နိုင်အောင် ဖြစ်နေ၏။ ရှေ့ဘက်နှင့် နောက်ဘက်မှ စိတ်ပူပန်နေစဉ် ထိုသူသုံးဦးက မြူနှင်းထဲတွင် တဖြည်းဖြည်း ရောနှောလာ၏။

"မင်းတို့ မတားကြနဲ့"

ရှောက်ချူးရှွေ အော်ငေါက်ဟန့်တား၏။ တစ်ဆက်တည်းပင် ဓားရှည်ကို ဝှေ့ယမ်းကာ ခက်ထန်သော လေသံဖြင့် ...

"ထန်ဖန်းကော"

တယောသံ၊ မိကျောင်းဂီတသံနှင့် ပလွေသံတို့က ပေါ်မြဲတိုင်း ပေါ်ထွက်လာ၏။ အပေါ်သို့ ဆက်တက်သော်လည်း မိုးကောင်းကင် ကို မမြင်ရ။

အောက်ဆင်းပြန်သော်လည်း မြေပြင်ပေါ် မရောက်နိုင်။ ဘေး

ပတ်ပတ်လည်တွင် ကျောက်နံရံနှင့် မြူနှင်းမှုန်တို့ကသာ အုံ့မှိုင်းနေ၏။

ရောက်ချူးရွှေသည် ဂီတသံ ထွက်ပေါ်နေသည့် နေရာဆီသို့ စိတ်မှန်းဆကာ ဓားနှင့် လျှောက်ပိုင်းနေ၏။ မိမိ၏ သိုင်းပညာစွမ်းများကိုလည်း ထုတ်သုံးနေ၏။ အကျိုးလေတိုးသံ တဖျပ်ဖျပ်ပေါ်လာပြန်ပြီး ဓားရှည်သုံးလက်က သူ့ဓားသွားပေါ်သို့ ထိုးဖိလာသည်။ တယော၊ ပလွေ၊ မိကျောင်း ဂီတသမား သုံးဦးက သူ့ကို ဝိုင်းပြီး တိုက်ခိုက်လာကြ၏။

ရောက်ချူးရွှေသည် ဘာကိုမျှ စဉ်းစားမနေတော့။ လက်ဝါးရိုက်ချက်တစ်ချက် ထုတ်လွှတ်လိုက်၏။

"ဖြောင်း ..."

တညရှိယာပစ္စည်းသုံးခု ကျိုးပျက်ကုန်၏။ ဂီတသံများလည်း တောင်တစ်ကြော ရုတ်ခြည်း တိတ်ဆိတ်သွား၏။

စန်းယန့်ယန်က ...

"ကောင်းတယ်၊ သိပ်ကောင်းတယ်"

ကျုန်းရှုယင်းကလည်း ကြည်လင်သော လေသံဖြင့် ...

"ကျွန်မတို့တစ်တွေ ဘယ်သူလဲလို့ သိချင်ရင်တော့ နောက်တစ်ခါ ဆုံကြမှ ပြောပြတာပေါ့"

"ကဲ ... သွားကြစို့"

တိန်တောက်ယန်က လမ်းခွဲစကားဆိုသည်။

သူ့စကားဆုံးသည်နှင့် အဖြူ၊ အဝါ၊ အနက် လူရိပ်သုံးခုက ချောက်ကမ်းပါးနေရာရှိ ခပ်ပြေပြေနေရာ၌ မျက်စိတစ်မှိတ်အတွင်း ပျောက်ကွယ်သွားတော့သည်။

⊕ ⊕ ⊕

ရောက်ချူးရွှေ ေးကြောင်နေမိ၏။ ဝမ်ပုရွှင်တို့ အုပ်စု နံ့ရံ ကို ကျော်ဖြတ်သည့်အချိန်၌ သူလည်း အပေါ်သို့ ဆက်တက်သွားပြီး ဖြစ်၏။

ဖေ့စုလီသည် ချွေးတလုံးလုံးဖြင့် သူ့ကို ဖေးမလိုက်၏။

ရောက်ချူးရွှေ မျက်နှာတစ်ခုလုံး ဖြူရော်နေသဖြင့် မေးရမည့် စကားကိုပင် မမေးမိ။ ရောက်ချူးရွှေကလည်း ဘာမှမပြောဘဲ သူ မေးလိုရာကို မေးသည်။

"ဘယ်နေရာမှာလဲ"

အဆက်အစပ်မရှိသော စကားဖြစ်သည်မို့ ဖေ့စုလီ သဘော မပေါက်။

"ဘာကိုမေးတာလဲ"

"ကျားထိုးဇရပ်ကိုပြောတာ"

"ရှေ့နားဆို ရောက်ပါပြီ"

"ဒါဆို သွားကြစို့"

ဖေ့စုလီမှာ အံ့အားအသင့်ကြီးသင့်ကာ စိတ်ထဲတွင် အထူး အဆန်း ဖြစ်နေ၏။ စောစောက အဖြစ်အပျက်များလည်း ရောက်ချူး ရွှေ၏ အတိတ်မှ အကြောင်းအရာများလို ဖြစ်နေကာ မိမိတို့ တစ်စုံ တစ်ယောက်မျှ မတွေ့မြင်ခဲ့ရသဖြင့် စိတ်ထဲတွင် မချင့်မရဲဖြစ်နေ၏။

သို့နှင့် ကျားထိုးဇရပ်ဆီသို့ ရောက်လာခဲ့၏။

ဇရပ်ပေါ်တွင် အခြေအနေက ငြိမ်သက်သွားပြီဖြစ်၏။

ဇရပ်အနီးတွင် အလောင်း ရှစ်လောင်း ရှိနေသည်။ သေဆုံးသူ အားလုံးမှာ ဖေ့မိသားစုမှလူများသာ ဖြစ်နေ၏။ ဇရပ်အပြင်ဘက် အရှေ့ အနောက် တောင် မြောက် နေရာတွင် လူတစ်ယောက်စီ ရပ်နေကြသည်။ အဝတ်အစား အရောင်လေးမျိုးရှိနေပြီး ခမောက်ကို ခပ်အုပ်အုပ် ဆောင်းထားသဖြင့် မျက်နှာကို မမြင်ရ။

Scanned with ACE Scanner

ဖရုပ်ထဲတွင်ကား လူနှစ်ယောက် ရှိနေသည်။

တစ်ယောက်က ထိုင်နေပြီး တစ်ယောက်က မတ်တတ်ရပ်ကာ ကျားရွှေ့နေ၏။

ထိုင်နေသူမှာ အချိန်အတော်ကြာအောင်ပင် ထိုင်နေခဲ့ရဟန်တူ၏။ ကျောက်ဆစ်ရုပ်တစ်ခုလိုပင် တည်ငြိမ်စွာ ထိုင်နေသည်။

မတ်တတ်ရပ်နေသူမှာ ဖြစ်သလိုအနေအထားဖြင့် ရပ်နေသည်။

ထိုင်နေသည့်လူ၏ ညာဘက်မျက်ခုံးတွင် အမာရွတ်ကြီးတစ်ခုရှိနေသည်။ သံမဏိဆူး စိုက်ဝင်သွားသည့်အတွက် အမာရွတ်မျိုးဖြစ်၏။ ဤဒဏ်ရာမှာ တစ်ချိန်က ထန်မိသားစု အဆင့်မြင့်ပုဂ္ဂိုလ်ဖြစ်သည့် ထန်ရှောင်စွန်နှင့် တိုက်ခိုက်ရာမှ ရလာခဲ့ခြင်းဖြစ်၏။ လက်နက်ပုန်းက သူ့မျက်ခုံးမွေးပေါ် စိုက်ဝင်ထိမှန်ခဲ့သည်။ သို့သော် ထန်ရှောင်စွန်၏ တိုက်ပွဲထဲတွင် သူသည် ပထမအကြိမ်အဖြစ် လွတ်မြောက်လာခဲ့သည့် ပထမဆုံးလူသား ဖြစ်ပေသည်။

ယခုလက်ရှိ အခြေအနေတွင် သူသည် ကျားရှုံးနေသူ တစ်ယောက်ဖြစ်၏။ ရှိသမျှအဖော်များ အသတ်ခံရပြီး ဆုတ်လမ်း တက်လမ်းတို့ကိုပင် ပိတ်ဆို့ခြင်း ခံနေရသည်။ ရှိသမျှ ဖြတ်ထိုးဉာဏ်များလည်း ကုန်ခမ်းသွားပြီဖြစ်၏။

သာမန်လူတစ်ယောက်သာ ဤအခြေ အနေမျိုး ရောက်ခဲ့လျှင် တောင်အောက်သို့ ခုန်ချပြီး ကိုယ့်ကိုယ်ကို သတ်သေရုံသာ ရှိတော့သည်။

မတ်တတ်ရပ်နေသူသည် ခမောက်ကို လက်တစ်ဖက်ဖြင့် ခပ်စောင်းစောင်း ပြုလိုက်၏။ မျက်နှာပေါ်တွင် အမာရွတ်ကြီးက အကျည်းတန် အရုပ်ဆိုးလှ၏။ သူသည် သက်ပြင်းတစ်ချက် ချလိုက်၏။

"မင်းအတွက် လမ်းမရှိတော့ဘူး"

ထိုင်နေသည့် အဘိုးကြီးသည် လက်နှစ်ဖက်ကို အကျႌစထဲသို့ ထိုးသွင်းထား၏။ သူ့အသက်အရွယ်မှာ ခြောက်ဆယ်ခန့်ရှိ၏။

မတ်တတ်ရပ်နေသူမှာ ဆန့်ကွမ်းအမျိုးအနွယ် ခေါင်းဆောင် ဆန့်ကွမ်းဝမ် ဖြစ်ပေသည်။

"ကိုယ့်ကိုယ်ကို ရှင်းပစ်မလား၊ ကျုပ်ကပဲ ရှင်းပေးရမလား"

ဆန့်ကွမ်းဝမ်က ပြောသည်။

ထိုင်နေသည့်သူမှာ စိတ်မချမ်းမြေ့သော အမူအရာဖြင့် ခေါင်း မော့လိုက်၏။

"ဘာကို ဆိုလိုတာလဲ"

"မင်း နားမလည်ဘူးလား၊ သိုင်းလောကမှာ ရှုံးတဲ့သူ သေရ တယ်"

ထိုင်နေသော အဘိုးကြီးက မာန်ပါသော လေသံဖြင့် ...

"ကျုပ် ကျားကွက်ရှုံးနိမ့်ခဲ့တယ်၊ သေတာက ကျားလုံးတွေပဲ၊ ကျုပ် မဟုတ်ဘူး၊ ဒီတော့ ကျုပ်မသေနိုင်ဘူး"

ဆန့်ကွမ်းဝမ် မျက်မှောင်ကြုတ်လိုက်၏။

ထိုင်နေသည့် အဘိုးကြီး၏ မျက်လုံးအစုံမှာ အလင်းရောင် တောက်လာ၏။

"ကျုပ် မရှုံးသေးဘူး၊ ဘာကြောင့်လဲဆိုတော့ ကျုပ် နှလုံးသား ထဲမှာ ဖျတ်လတ်လှုပ်ရှားနိုင်သေးတယ်"

ထိုင်နေသူကား ဖေ့မိသားစု အကြီးအကဲ ဖေ့ယီကျောင်းဖြစ်၏။

ဆန့်ကွမ်းဝမ်သည် သူ့ကိုစိုက်ကြည့်နေစဉ်မှာပင် သူ့ရင်ထဲ၌ လှုပ်သွားသလို ခံစားမိသည်။ သူ့တစ်သက်တွင် ဤကဲ့သို့သော လူစားမျိုး မတွေ့ဖူးသလိုပင်။

ထိုအချိန်မှာပင် ရောက်ချူးရွှေတို့မှာ ကျားထိုးဇရပ်ဆီသို့ ရောက်လာကြသည်။

ရောက်ချူးရှေသည် ဇရပ်ထဲမှ ကျားကစားသူ နှစ်ဦးကို ကြည့်လိုက်၏။

သူတို့နှစ်ဦး၏ စိတ်ထိန်းချုပ်နိုင်မှုကို ကြည့်ခြင်းဖြင့် အတွင်းအား အဆင့်မနိမ့်လှကြောင်း သိနိုင်သည်။ ကျားထိုးဇရပ်ထဲမှ ကျားကွက် ဗန်းသည် အတော်ပင် ကြီးမားပြီး သံမဏိဖြင့် ပြုလုပ်ထား၏။

ကျားထိုးသူနှစ်ယောက်မှာ သက်သောင့်သက်သာ အနေအထား မျိုး ရှိနေသည်။

ရောက်ချူးရှေ အနီးသို့ ရောက်သွားသည်နှင့် ဇရပ်အပြင်ဘက်မှ လူလေးဦးက ချက်ချင်းပင် လှုပ်ရှားလာကြသည်။ သူတို့၏ လှုပ်ရှားမှုက မြန်ဆန်လှသည်။ ကျားထိုးဇရပ်၏ ဝင်လမ်းကို ပိတ်ဆို့ထားသလို ရောက်ချူးရှေ၏ ဆုတ်လမ်း တက်လမ်းတို့ကိုလည်း ပိတ်ဆို့ထားလိုက်၏။

ယခုအချိန်တွင် ရောက်ချူးရှေ၌ လမ်းတစ်လမ်းတည်းသာ ရှိတော့သည်။ ထိုလမ်းကား ချောက်ကမ်းပါးထဲသို့ ခုန်ဆင်းရမည့် လမ်းပင်တည်း။ ဆန့်ကွမ်းဝမ် ရယ်မောလိုက်သည်။

"အခု မင်းရဲ့ သွားလမ်းဟာ တစ်လမ်းပဲရှိတယ်၊ မင်း နောက်ဆုတ်လိုက်ပါ"

ရောက်ချူးရှေ ဘာမျှမတုံ့ပြန်၊ ဆန့်ကွမ်းဝမ်ကိုသာ တည်ငြိမ်စွာ ကြည့်လိုက်သည်။ ဆန့်ကွမ်းဝမ် ကောက်ကျစ်စွာ ပြုံးလိုက်ပြန်သည်။

"စောစောတုန်းက မင်း ငါတို့အတွက် ရှေ့ကနေ လမ်းရှင်းပေးခဲ့တဲ့ လုပ်ဆောင်ချက်ရှိနေတယ်၊ အဲဒီမျက်နှာကို ထောက်ထားပြီး မင်းကို လမ်းခရီးတစ်ဝက်မှာ မသတ်ဘူးလို့ ကတိပေးပါတယ်"

ရောက်ချူးရှေ ခေါင်းခါယမ်းလိုက်၏။

"ခင်ဗျား ကတိတည်တဲ့ လူတစ်ယောက်ဆိုရင် ဖေ့မိသားစု

ဟာ ဒီနေ့လို ဖြစ်လာမှာမဟုတ်ဘူး၊ ဖေ့စုလီနဲ့ ဝမ်ပုရွှင်တို့လည်း အခုလို မျက်နှာမရှိတဲ့ ဖနီးမောင်နဲ့ ဖြစ်သွားမှာ မဟုတ်ဘူး"

ဖေ့စုလီနှင့် ဝမ်ပုရွှင်တို့ နှစ်ယောက်မှာ ဒေါသကြောင့် အသား များ တဆတ်ဆတ် တုန်ပြီး ရှေ့သို့ လှမ်းတက်ရန် ခြေလှမ်းပြင် နေ၏။

ရှောက်ချူးရွှေက ဟန့်တားထားလိုက်သဖြင့် အသာပြန်ရပ် နေ၏။

"သူတို့က အတိတ်အကြောင်းတွေကို မင်းကို ပြောပြလိုက်ပြီ ပေါ့"

ဆန့်ကွမ်းဝမ်က အေးစက်သော လေသံဖြင့် မေးသည်။

သူ့မျက်လုမ်းက ဓားအသွားလို အလင်းရောင်စူးရှနေ၏။

ရှောက်ချူးရွှေက ရဲဝံ့စွာပင် ...

"လူတကာ အသိမခံချင်ရင် အစကတည်းက မဟုတ်တာ မလုပ်ပါနဲ့လား"

ဆန့်ကွမ်းဝမ် ဒေါသထွက်သွား၏။ သို့သော် တမင်ပင် ရယ် မောလိုက်၏။ ရယ်မောခြင်းသည် လှပခြင်းဟုဆိုသော်လည်း အမာ ရွတ် အပြည့်ရှိနေသော ဆန့်ကွမ်းဝမ်၏ ရယ်မောလိုက်သည့် မျက် နှာကြီးက ကြောက်စရာကောင်းနေ၏။

"ကောင်းစုလန်က လမ်းမညွှန်လိုက်ရင် မင်း ဗာဆန်းတောင် ကို လာနိုင်ပါ့မလား၊ ဒါဆိုရင် မင်းရဲ့ မိတ်ဆွေတွေ သေလောက် နေပြီ၊ ကောင်းစုလန်ဟာ လျှိုရွှေဖုန်းရဲ့လူ၊ လျှိုရွှေဖုန်းဟာ ဂိုဏ်းချုပ် ကြီး လီရဲ့ အကြံပေးပုဂ္ဂိုလ်၊ ငါတို့ဟာ ဩဇာဘာဏာဂိုဏ်းရဲ့ ထောက်ခံ အားပေးမှု ရနေတဲ့ လူတွေ၊ မင်း ငါနဲ့ ဖက်ပြိုင်ဖြစ်ရင် နောက်ပိုင်း ရလာမယ့် အကျိုးဆက်တွေကို စဉ်းစားမိရဲ့လား"

"ကျုပ် စဉ်းစားပြီးပြီးသား၊ တကယ်လို့ ဩဇာအာဏာ ကျုပ်

ကို ၁သုံးပြုပြီး ဖေ့မိသားစုကို ရှင်းပစ်မယ်ဆိုရင် ပထမအချက်အနေနဲ့ ကျုပ်ရဲ့ သဘောတူညီချက်ကို မယူခဲ့ဘူး၊ ကျုပ်ဟာ သူတစ်ပါးရဲ့ အသုံးချတာကို ခံတတ်တဲ့ လူစားမျိုး မဟုတ်ဘူး"

"ဒါပေမယ့် မင်းဟာ ဖေ့မိသားစုရဲ့ လူအတော်များများကို သတ်ပစ်ခဲ့တယ်၊ ဖေ့မိသားစုကလည်း မင်းရဲ့ မိတ်ဆွေတွေကို ဖမ်းဆီးထားတယ်၊ ဟဲ ... ဟဲ ... ဟဲ ... ဖေ့မိသားစုနဲ့ မင်းဟာ ကမ္ဘာ ရန်ငြိုးကြီးတွေ ရှိနေကြပြီ"

ရှောက်ချူးရွှေမှာ တည်ငြိမ်အေးဆေးစွာပင် ရှိနေ၏။

"ရန်ငြိုးမရှိဘူး၊ သူတို့က ကျုပ်မိတ်ဆွေတွေကို မသတ်ပစ်ခဲ့ဘူး၊ လွှတ်ပေးဖို့တောင် စီစဉ်ပြီးပြီ၊ ကျုပ်တာ ဖေ့မိသားစုရဲ့ လူအတော်များများကို သတ်ပစ်ခဲ့တာ မှန်တယ်၊ သူတို့ကလည်း ကျုပ် အမေဘက်က အဘွားကို သတ်ပစ်ခဲ့တယ်၊ ဒါပေမယ့် ကျုပ် အနေနဲ့ ဒီကိစ္စကို ဘေးချိတ်ထားနိုင်တယ်၊ ခင်ဗျားတို့လို အချောင် ဝင်နှိုက်တဲ့လူတွေကို ရှင်းပြီးမှ ဒီကိစ္စ ဆက်ပြောလို့ရတယ်"

"မင်းပညာလောက်နဲ့ ငါတို့ကို တုံ့ပြန်မလို့လား"

ရှောက်ချူးရွှေ ခေါင်းညိတ်လိုက်၏။

"ဆန့်ကွမ်းမျိုးနွယ်ရဲ့ အဆင့်မြင့်ပုဂ္ဂိုလ် ကိုယ်စားပြု ပုဂ္ဂိုလ်ဆိုလို့ ခင်ဗျားတို့ ငါးယောက်ပဲ ကျန်တော့တယ်၊ ငါးယောက်တိတိပဲ"

ဆန့်ကွမ်းဝမ်မှာ မိမိတို့၏ ဂုဏ်သိက္ခာကို ထိပါးလာသဖြင့် မျက်နှာပျက်သွား၏။ ဖေ့ယိကျောင်းမှာမူ သူတို့နှစ်ယောက်၏ အပြန်အလှန် စကားများကို နားထောင်ပြီး အမူအရာက အေးဆေးတည်ငြိမ်နေသည်။ ရှောက်ချူးရွှေဘက်သို့ ဦးတည်ကာ ...

"ငါတို့ ဆန့်ကွမ်းအမျိုးအနွယ်တွေကို ရှင်းပစ်ပြီးမှ မင်းနဲ့ သုသေကိုယ်သေ စာရင်းရှင်းကတာပေါ့"

ရောက်ချူးရွှေစိတ်ထဲ မနှစ်မြို့။ မကျေနပ်သလို ခံစားလိုက်ရ၏။ ဖေ့ယီကျောင်း၏ စကားက အကျောကြီးနှင့် ပြောသလို ထင်မှတ်မိသည်။ သို့သော် အတော်ကလေး ရိုးသားပွင့်လင်းမှု ရှိနေသဖြင့် ရောက်ချူးရွှေ သည်းခံနေလိုက်သည်။ မရိုးသားလျှင် ဆန့်ကွမ်းဝမ်၏ အသုံးချခြင်း ခံရမည် မဟုတ်သည်ကိုလည်း ရောက်ချူးရွှေ သတိရလိုက်မိ၏။ တစ်ဖန် ယန်တိုတို့တစ်သိုက်ကို ဖမ်းဆီးပြီး သူ့ထံမှ သူ့ရဲကောင်းတံဆိပ်ပြားကို အတင်း တောင်းခံလာမည် မဟုတ်ပေ။

လောလောဆယ် အခြေအနေအရ ဖေ့ယီကျောင်းနှင့် လက်တွဲကာ ရန်သူအား မောင်းထုတ်တိုက်ခိုက်ပြီးမှ သူနှင့် ဖေ့ယီကျောင်း သူသေကိုယ်သေ တိုက်ခိုက်ရတော့မည့် အခြေအနေ ဖြစ်ပေသည်။

⊕ ⊕ ⊕

ရောက်ချူးရွှေအား ဝန်းရံထားသူများက ရတ်တရက် ရှေ့သို့ ခြေတစ်လှမ်း တိုးတက်လာသည်။ ရှေ့တစ်လှမ်း တိုးလာသဖြင့် ရောက်ချူးရွှေနှင့် ခြေတစ်လှမ်း ပိုနီးလာပြီး ဝန်းရံထားသည့် စက်ဝိုင်းကလည်း ကျဉ်းလာ၏။

ရောက်ချူးရွှေသည် နောက်သို့ ခြေလှမ်းဝက်ခန့် ဆုတ်ချင်၏။ အကွာအဝေးကို ချိန်ဆပြီးမှ တိုက်ကွက်ခင်းကာ တန်ပြန်တိုက်ခိုက်မည် ဖြစ်၏။

သို့သော် နောက်ဆုတ်မည့်ခြေလှမ်းကို အတင်း ရပ်တန့်လိုက်၏။

မဆုတ်နိုင်။ လုံးဝ မဆုတ်နိုင်။

နောက်သို့ ဆုတ်ခြင်းသည် သေလမ်းကို လျှောက်မည်သဘော အရှုံးပေးခြင်းသဘော သက်ရောက်နေ၏။

Scanned with ACE Scanner

လူလေးဦး၏ ဝက်ပါခြေထောက်ကိုနင်းကာ ချဉ်းကပ်လာသည့် အားက အတော်ပင် ပြင်းထန်နေသည်။ နှစ်ပေါင်းများစွာ လေ့ကျင့်ပြီး တစ်ယောက်နှင့် တစ်ယောက် နားလည်မှုယူကာ အစိကရန်သူကို နောက်ဆုတ်သွားစေအောင် ပြုလုပ်ပြီးမှ လျှပ်တစ်ပြက် တိုက်ခိုက်မည် ဖြစ်၏။

လေးယောက်စလုံးသည် ရှောက်ချူးရွှေ နောက်ဆုတ်တော့မည့် အသွင်ကို မြင်နေရ၏။ ဘီးသဏ္ဍာန် လက်နက်ကို ထုတ်ပြီး တိုက်ခိုက်ကြတော့မည့်အချိန် ရှောက်ချူးရွှေ ဟန်ပြင်နေသော ခြေလှမ်းက တန့်သွားသည်။ တစ်ပြိုင်နက်တည်းမှာပင် ပြင်းထန်သော လေလှိုင်းက ရုတ်တရက် တွက်ပေါ်လာသည်။

ရှောက်ချူးရွှေ ဓားချက် အသံ လုံးဝမထွက်သကဲ့သို့ ထင်မှတ်ရသည်။ သို့သော် မိုးချုန်းသံထက်ပင် ကြောက်စရာကောင်းလှ၏။ လေးယောက်စလုံးမှာ လျှပ်တစ်ပြက်အတွင်း နောက်သို့ ခြေလှမ်းဝက်ခန့် အသီးသီး ဆုတ်ပေးလိုက်ရ၏။

ထိုအချိန်တွင် ရှောက်ချူးရွှေက ဆက်တိုက် လှုပ်ရှားလာသည်။ သူ၏ဓားရှည်က လူလေးယောက် ခါးအလယ်ဆီသို့ ဇော့ယမ်းလိုက်၏။ လေးယောက်စလုံး ဘာလုပ်ရမည်မသိဘဲ ကြောင်အမ်းအမ်းဖြစ်နေစဉ်မှ ဆန့်ကွမ်းဝမ်၏ ကျယ်လောင်စွာ အော်ဟစ်လိုက်သံထွက်လာ၏။

"ပြန်လာခဲ့ကြ"

ဆန့်ကွမ်းမျိုးနွယ် လေးဦးသည် လေထဲသို့ ခုန်ပျံတက်သွားကြပြီး ဇရပ်အတွင်းဘက် လေးနေရာသို့ ခွဲကာရပ်နေကြ၏။

ရှောက်ချူးရွှေ ဓားချက်ကလည်း လေကိုသာ ဝှးခနဲ ခုတ်ဖြတ်မိတော့သည်။

ဤကား ရှောက်ချူးရွှေ အဆင့်မြင့် ပုဂ္ဂိုလ်နှစ်ဦးထံမှ သင်ယူခဲ့

သော ပညာရပ်ဖြစ်ပြီး ပထမဆုံးအကြိမ် လွဲချော်သွားခြင်း ဖြစ်ပေသည်။

အရောင်မတူ ဝတ်စုံများ ဝတ်ဆင်ထားကြသည့် လူလေးယောက်မှာ မည်သူကမျှ ရှောက်ချူးရွှေကို အထင်မသေးဝံ့ကြတော့။ ဆန့်ကွမ်းဝမ်ကသာ အချိန်မီ ခေါ်ယူလိုက်ခြင်း မရှိလျှင် ထိုဓားချက်က သူတို့၏ ဝိညာဉ်များကို နုတ်ခြွေသွားမည်ဖြစ်ကြောင်းလည်း သိလိုက်ကြသည်။

"လေးမြှောင့် ဝက်ပါကွက်ကိုပြင်"

ဆန့်ကွမ်းဝမ်က အသံသြသြကြီးဖြင့် အမိန့်ပေးလိုက်သည်။

လေးယောက်စလုံးမှာ ခါးကြားမှ စက်ဝိုင်းကွင်းများကို ထုတ်ယူလိုက်ကြ၏။ စက်ဝိုင်းကွင်း၏ ငွေရောင်များ ဝင်းလက်သွားသည်။ ရှောက်ချူးရွှေ၏ သိုင်းပညာ မည်မျှမြင့်မားနေပါစေ၊ လျှို့ရွှေဖုန်းနုတ်မှ ချီးကျူးခဲ့သည့် ဤလေးမြှောင့်ဝက်ပါကွက်ကို မယှဉ်နိုင်ချေ။

ဤဝက်ပါကွက်သည် ရှောင်လင်ကျောင်း၏ လို့ယန်ဆယ့်ရှစ်ဖော် ဝက်ပါကွက်ထက်ပင် အစွမ်းထက်မြက်နေပေသေးသည်။

ဆန့်ကွမ်းမျိုးနွယ် ယနေ့အထိ နာမည်ရှိနေခြင်းမှာ ဤဝက်ပါကွက် အားကိုးတစ်ခုကြောင့် ဖြစ်ပေသည်။

ဆန့်ကွမ်းဝမ်သည် ဖေ့ယိကျောင်း၏ လှုပ်ရှားမှုကို မမြတ်တမ်းစိုက်ကြည့်နေ၏။ ဖေ့ယိကျောင်း လှုပ်ရှားလာသည်နှင့် သူကလည်း လှုပ်ရှားမည်ဖြစ်ပေသည်။ သူနှင့် ဝက်ပါကွက် ခင်းထားသောသူလေးဦး ပေါင်းစပ်လိုက်လျှင် ငါးမြှောင့် ဝက်ပါကွက်မှာ လေးမြှောင့်ဝက်ပါကွက်ထက် ဆယ်ဆမက အင်အားကြီးမား ထက်မြက်လှပေသည်။

ဖေ့ယိကျောင်းက မလှုပ်ရှား။

ငြိမ်ရုံသာ ငြိမ်းနေ၏။

"ဆန့်ကွမ်းဝမ် ရန်ကြွေးဆိုတာ သွေးနဲ့ပေးဆပ်ရတယ်၊ မင်း ထွက်မပြေးနိုင်တော့ပါဘူး"

ဆန့်ကွမ်းဝမ်မှာ ဖေ့ယိကျောင်းက အဘယ်ကြောင့် ဤသို့သော အထက်စီး လေသံမျိုးဖြင့် ပြောလာသည်ကို စဉ်းစားမရ။

ထိုအချိန်မှာပင် သူ့အနီးမှ ဝတ်စုံဝတ် လူငယ်မှာ ငယ်သံပါအောင် အော်ဟစ်ပြီး လဲကျသွား၏။ သူ့ခန္ဓာကိုယ်မှာ ခါးလယ်မှ နှစ်ပိုင်းပြတ်နေသည်။ ဆန့်ကွမ်းဝမ် ထိတ်လန့်ဒေါသဖြစ်သွားတော့သည်။

ထိုစဉ်မှာပင် မျက်နှာချင်းဆိုင်မှ ဝတ်စုံစိမ်းဝတ် လူတစ်ယောက် ဆွေးဆွေးမြည့်မြည့် အော်ဟစ်လာ၏။

"အမြန်ဆုတ်ကြ"

ဆန့်ကွမ်းဝမ် စိုးရိမ်တကြီး အော်ဟစ်လိုက်၏။ သူ့စကားသံ မဆုံးခင်မှာပင် ကျန်လူနှစ်ဦးမှာ ဇရပ်အပြင်ဘက်သို့ ပြေးထွက်သွားတော့သည်။ သူတို့၏ မျက်နှာပေါ်တွင် တုန်လှုပ်ချောက်ချားလွန်းသည့် အမူအရာက အထင်းသား ရှိနေ၏။

ပါးစပ်အဟောင်းသား မျက်လုံးကြောင်တောင်တောင်နှင့် ...။

သူတို့၏ မျက်လုံးများက ဇရပ်အလယ်ရှိ စားပွဲခုံကိုကြည့်နေ၏။ ဖေ့ယိကျောင်းထက် အသက်ပိုကြီးပြီး ပို၍ ပိန်ပါးသော အဘိုးအိုတစ်ယောက် စားပွဲခုံအောက်မှ ထွက်လာသည်။ ဝတ်စုံစိမ်းဝတ် လူ၏ ဝမ်းဗိုက်ထဲတွင် နစ်နေသော မည်းနက်သည့် ဓားမရှည်ကြီးကို ခပ်ဆတ်ဆတ် ဆွဲနုတ်လိုက်သည်။

သူ့တွင် ခြေထောက် တစ်ချောင်းတည်းသာ ရှိသည်။ ညာဘက် ခြေထောက်က တုံးတိတိ။

သေးသွယ်ကျဉ်းမြောင်းသည့် သူ့မျက်နှာပေါ်တွင် ကျေနပ်ပီတိအပြုံးက လက်လွှင်နေသည်။

Scanned with ACE Scanner

"ဘယ့်နှယ်လဲ ... ဆန့်ကွမ်းဝမ်၊ ဖေ့မိသားစုရဲ့ ပညာက မင်းတို့တက် တစ်ဆင့်ပိုမြင့်ခဲ့ပြီ မဟုတ်လား"

ဆန့်ကွမ်းဝမ်သည် ဒေါသတကြီးဖြင့် ခမောက်ကြီးကို လက်သီးနှင့် လှမ်းထိုးလိုက်သည်။

ခမောက်လွင့်စဉ်ထွက်သွားကာ တစ္ဆေတစ်ကောင်ပမာ အရုပ်ဆိုး ကြောက်စရာကောင်းလှသော မျက်နှာကြီးပေါ်ထွက်လာသည်။

"ဟင် ... ခင် ... ခင်ဗျား ... ခင်ဗျား မသေသေးဘူး၊ ခင်ဗျား ဖေ့ချို၊ ဩော် ... ခင်ဗျား မသေသေးဘူးကိုး"

ထိုသူက သံသေးသံကြောင်ဖြင့် ရယ်မောလိုက်သည်။

"ဟုတ်တယ် ... ငါ ဖေ့ချိုပဲ"

ဆန့်ကွမ်းဝမ် ဆတ်ခနဲ တုန်လှုပ်သွား၏။

"ခင်ဗျား ... ခင်ဗျား သေခဲ့ပြီ မဟုတ်ဘူးလား၊ ဟိုနေ့က ခင်ဗျားရဲ့ နောက်စေ့တည့်တည့်ကို တုတ်ကောက်တစ်ချက် မိမိရရ ထိမှန်ခဲ့တာပဲ"

ဖေ့ချိုက အရယ်အမောမပျက် ...

"ဟုတ်တယ်၊ ငါ့နောက်စေ့ကို မိမိရရ ထိမှန်သွားခဲ့တာပဲ၊ ယီချန်သွေးကြောပေါ်မှာလေ၊ မင်း ကြည့်ဦးမလား"

ပြောပြောဆိုဆိုပင် ခေါင်းကိုငုံ့ပြလိုက်သည်။

နောက်စေ့တွင် တုတ်ကောက်ထိမှန်သဖြင့် အတွင်းသို့ တစ်လက်မခန့် ချိုင့်ဝင်နေသည့် အရာကြီးကို တွေ့ရှိနိုင်ပေသည်။ တုတ်ကောက်၏ ရိုက်ချက် မည်မျှ ပြင်းထန်သည်ကိုလည်း သိနိုင်ပေ၏။

"မသေသေးဘဲ အသက်ပြင်းနေတာ ဘာကြောင့်လဲ၊ မင်းသိလား၊ အဲဒါ မင်းကို သတ်ချင်လို့ပဲ"

ဆန့်ကွမ်းဝမ် အလွန်အမင်း တုန်လှုပ်သွားတော့သည်။

ဖေ့ချိုက ကျေနပ်ပီတိဖြစ်ကာ ရယ်မောနေဆဲ။

Scanned with ACE Scanner

"အဲဒီညက မင်းဟာ ကျေးဇူးကို ရန်ငြိုးလို ပေးဆပ်ခဲ့တယ်၊ ငါ့ကို တိတ်တဆိတ် လုပ်ကြံခဲ့တယ်၊ ငါ တစ်ချက်အထိအမှန်ခံရပြီး သတိမလစ်ကင်မှာ ဒီဓားမနက်ကို အသုံးပြုလိုက်သေးတယ်"

ဖေ့ချိုက သူ့ဓားမနက်ကို မြှောက်ပြ၏။

ဆန့်ကွမ်းဝမ်၏ မျက်လုံးသူငယ်အိမ် လှုပ်ရှားလာသည်။ မျက်နှာပေါ်ရှိ သွေးကြောများပင် တုန်ယင်လာသည်။

"မင်းကို ဆယ်ချက်မက ဓားနဲ့ခုတ်ပစ်တာတောင် မင်း ငါ့ဓားမသွားအောက်က လွတ်အောင် ပြေးနိုင်တာကိုတော့ ချီးကျူးပါတယ်"

ဖေ့ချိုက ခနဲ့ပြုံးပြုံးကာ ပြောသည်။

ဖေ့ယိကျောင်းကလည်း ...

"ဆန့်ကွမ်းဝမ် မင်းအတွက် မျှော်လင့်ချက်မရှိတော့ဘူး"

ဆန့်ကွမ်းဝမ်၏ လေးမြှောင့်ဝက်ပါကွက်နှင့် ငါးမြှောင့် ပဥ္စင်ဝက်ပါကွက်ကို မချေဖျက်ခင်က ဤစကားမျိုး မည်သူမျှ မပြောရဲကြ။ ဆန့်ကွမ်းဝမ်တို့ ငါးဦး၏ စိတ်အရုံ ရောက်ချူးရွှေထံ ရောက်သွားခြင်းက ဖေ့ချိုအတွက် လက်ဦးမှု ရရှိရန် အခွင့်အရေး ပေးလိုက်သလို ဖြစ်သွားတော့သည်။

လူအင်အား နှစ်ယောက် ကျဆုံးသွားသဖြင့် ဆန့်ကွမ်းဝမ်မှာ ဝက်ပါကွက်ကို ဖော်ထုတ်အသုံးမပြုနိုင်တော့။

ဖေ့စုလီ၊ ဇမ်ပုရှင်တို့ ဖနီးမောင်နှံပါ ရောက်ချူးရွှေ၊ ချင်ဖုန်းပတ်၊ ချန်ကျင့်ထွေနှင့် လှိုယိုတို့ကိုပါ ပူးပေါင်းတိုက်ခိုက်လျှင် ဆန့်ကွမ်းဝမ် အရေးနိမ့်တော့မည်မှာ မလွဲပေ။

ထိုအချက်ကို ဖေ့ယိကျောင်း ကောင်းကောင်းကြီး သိထားပေသည်။

ရောက်ချူးရွှေသာ ထွက်ပေါ်မလာခဲ့လျှင် စားပွဲခုံအောက်တွင်

Scanned with ACE Scanner

ကြိုတင်ပုန်းအောင်းနေသော ဖခင်ဖြစ်သူ ဖေ့ချို ယခုကဲ့သို့ အဆင်ပြေပြေ အသာစီးရနိုင်မည် မဟုတ်ပေ။

ဖေ့ယိကျောင်းသည် ဆန့်ကွမ်းဝမ်ကို ပြောပြီးလျှင် ရှောက်ချူးရွှေဘက်သို့ လှည့်လိုက်၏။

"ရှောက်ချူးရွှေ အခုအချိန်မှာ ဖေ့မိသားစုနဲ့ ဆန့်ကွမ်းမျိုးနွယ်ဟာ ပြိုင်ဘက်ပေါင်းတွေအဖြစ် ရင်ဆိုင်တွေ့နေရပြီ၊ မင်း ဘယ်သူ့ဘက်မှ ဝင်ကူစရာမလိုတော့ဘူး"

ဆန့်ကွမ်းဝမ်ကမူ ...

"ရှောက်ချူးရွှေ သူတို့တစ်တွေဟာ ယုန်ကိုမိပေမယ့် နောက်ထပ် လေးမြား ပြင်ဦးမှာပဲ၊ ကျုပ်ဘက်နေ အရင်ဝင်ကူပြီး ဒီကောင်တွေကို ရှင်းပစ်လိုက်ပါ၊ ပြီးမှ မင်းရဲ့ မိတ်ဆွေတွေကို သွားကယ်တင်တာက စိတ်ချရတယ်"

ရှောက်ချူးရွှေသည် မိသားစုနှစ်စု သူသေကိုယ်သေ သတ်ဖြတ်ကြတော့မည်မို့ ရင်ထဲတွင် မချို။

"ခင်ဗျားတို့တစ်တွေဟာ ဘာဖြစ်လို့ သိုင်းလောကရဲ့ မိသားစုသုံးခုအဖြစ် ရောက်ချင်ရတာလဲ၊ အခု ခင်ဗျားတို့ မိသားစုနှစ်ခုထဲက ဘယ်သူပဲဖြစ်ဖြစ် အနိုင်ရလိုက်ဦးတော့ ရှေ့ဆုံးမှာရှိနေတဲ့ မုံယုံမိသားစုက နေရာယူထားသေးတယ်"

ဆန့်ကွမ်းဝမ် အေးစက်စက် ရယ်မောလိုက်၏။

"မုံယုံမိသားစု ဟုတ်လား၊ ဟား ... ဟား ... ဟား ... သြဇာအာဏာကိုဏ်းက မုံယုံမိသားစုကို နှစ်နှစ်ထက်ပိုပြီး ပီတိဖြစ် ဝမ်းသာခွင့် မပေးပါဘူး"

ရှောက်ချူးရွှေ ရင်ထဲ တုန်လှုပ်သွား၏။ လီချိန်ကြိုးနှင့် လှို့ရွှေဖုန်း၏ မျက်နှာကို မြင်မိပြီး ကြက်သီးပင် ဖြန်းခနဲ ထသွားရသည်။

ဖေယိကျောင်းက လေးနက်သော လေသံဖြင့် ...

ရောက်ချူးရွှေ မင်းအနေနဲ့ မိသားစု နှစ်ခုစလုံးဘက်က ဝင်မကူညီချင်ရင်လည်း ဘေးမှ အသာရပ်နေပါ၊ သူ့ရဲ့ကောင်းအမိန့်ပေးတံဆိပ်ပြားကို စကားထဲ ထည့်ပြောမနေနဲ့တော့၊ သေသွားတဲ့ လူတွေအတွက် တို့ဘက်က အမှားလို့ပဲ ထားလိုက်ပါ၊ မင်းနဲ့ မဆိုင်စေရဘူး၊ မင်း မိတ်ဆွေတွေကိုလည်း ဆန့်ကွမ်းမျိုးနွယ်က လူတွေကို ရှင်းပြီးရင် ပြန်လွှတ်ပေးမယ်"

ရောက်ချူးရွှေ တွေဝေငိုင်သွားသည်။

ဆန့်ကွမ်းဝမ်မှာ ရောက်ချူးရွှေ မည်သူ့ဘက်ကမှ ဝင်၍ကူညီခြင်း မပြုသည်ကို မြင်လိုက်ရသဖြင့် ရင်ထဲတွင် ပေါ့ပါးသွားတော့သည်။

❂ ❂ ❂

ဆန့်ကွမ်းဝမ်သည် ခါးကြားမှ တုတ်တိုတစ်ချောင်းကို ဆွဲထုတ်လိုက်၏။

ဖေ့ချီ ပြုံးရုံသာပြုံးပြီး တုတ်တိုကို လှမ်းကြည့်သည်။

"အဲဒါ မင်းရဲ့ တရွှေနိုင်တုတ်လား"

"ဟုတ်တယ် ... ဒီတုတ်က ဒီနေ့မှာ ခင်ဗျားရဲ့ ခေါင်းကို ရိုက်ခွဲမယ့် တရွှေနိုင်တုတ်ပဲ"

"ဟား ... ဟား ... ဟား ... ဓားမနက်က တရွှေနိုင်တုတ်ကို ရင်ဆိုင်ရတော့မယ်၊ အတော့်ကို စည်စည်ကားကား ဖြစ်မယ့် ပွဲကြီးပွဲကောင်းတစ်ခုပဲ"

ဤအချိန်တွင် ဆန့်ကွမ်းဝမ်၏ တုတ်တံထိပ်မှ ဝိုးခနဲ နွားအမွေးအမှင်လောက် သေးငယ်သည့် အပ်ပျံတစ်ဆုပ်က ဖေ့ချီမျက်နှာဆီသို့ ပြေးဝင်သွားသည်။

ဖေ့ချိုက ရယ်မြူရယ်နေလျက် အပ်ပျံများ မျက်နှာဆီသို့ ရောက်လာမည့် အချိန်ကျမှ သူ့လက်ထဲမှ ဓားမနက်ဖြင့် ကာလိုက်သည်။ ဓားမသည် ရုတ်တရက်ကြီးလာပြီး ယပ်တောင်တစ်ခုလို ကွေးညွတ်ပြန့်ကားသွား၏။ ထို့နောက် အပ်ပျံများကို ဖယ်ခါထုတ်ပစ်လိုက်တော့သည်။

"အား ..."

ဖေ့ချို ရယ်မောနေသော်လည်း ဖေ့စုလီမှာ ဆွေးဆွေးမြည့်မြည့်ပင် အော်ဟစ်လိုက်ပေသည်။ တစ်ဆက်တည်းပင် သူ့ခန္ဓာကိုယ်မှာလည်း မြေကြီးပေါ်သို့ လဲကျသွားရလေတော့သည်။ သူ့ဝမ်းဗိုက်ထဲတွင်ကား အရိုးဖြူဆူး တစ်ချောင်း စိုက်ဝင်နေ၏။

လျှိုယိတို့တစ်တွေမှာ အံ့အားသင့်သွားကြသည်။

မည်သည့်အရပ်က ရောက်ရှိလာသော လက်နက်ပုန်းနည်းဟုလည်း စဉ်းစားမိသွားသည်။ အမှန်စင်စစ်တွင်မူ ဆန့်ကွမ်းဝမ်သည် တုတ်တံ၏ထိပ်မှ အပ်ပျံများဖြင့် ဖုံချိုထံသို့ ပစ်လွှတ်သည့် တစ်ချိန်တည်းမှာပင် တုတ်တံ၏ အမြီးပိုင်းမှ လုံးဝ အသံမထွက်သည့် အရိုးဖြူတစ်ချောင်း ဖေ့စုလီထံသို့ ပစ်လွှတ်လိုက်ခြင်း ဖြစ်၏။

ဖေ့စုလီမှာ ဖေ့ချိုထံသို့ အာရုံရောက်နေသလို လက်နက်ပုန်းကလည်း အမှတ်မထင် မြန်ဆန်လှသဖြင့် ဝမ်းဗိုက်အတွင်းသို့ နစ်ဝင်ဆူးစိုက်ခြင်း ခံရလေတော့သည်။

ဖေ့စုလီ၏ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

ဝမ်ပုရှင်သည် ပဋ္ဌာမြေလှူးသလို ဖေ့စုလီ၏ အလောင်းကို ပွေ့ပက်ငိုကြွေးတော့သည်။ ရှောက်ချူးရှေ့မှာ မျက်နှာမရှိသော ဖနီးမောင်နှံတို့ကို ကြည့်ပြီး ဝမ်းနည်းစိတ်မကောင်း ဖြစ်လာမိသည်။ သူတို့၏ ကံတရားနည်းပါးပုံကို ပင့်သက်ချမိသည်။ ဆန့်ကွမ်းဝမ်၏ ရက်စက်သော ကောက်ကျစ်ပုံကိုလည်း အောချသွားမိတော့သည်။

Scanned with ACE Scanner

ထိုအချိန်တွင် ဖေ့ယိုကျောင်းသည် မသေဘဲ ကျန်ရှိနေသေးသည့် ဝတ်စုံနီနှင့် ဝတ်စုံပြာဝတ် နှစ်ဦးအား သံမဏိကျားလုံးနှစ်လုံးဖြင့် ပစ်ပေါက်လိုက်၏။ ဆန့်ကွမ်းဝမ်နှင့် ဖေ့ချိုတို့မှာ သုံးလေးကွက်မျှ ရင်ဆိုင်တိုက်ခိုက်ကြပြီး ဖြစ်၏။ နှစ်ယောက်စလုံး၏ လက်ထဲတွင်ကား လက်နက်ဆန်းများကို ကိုင်ဆောင်ထားကာ လျှို့ဝှက်ထူးဆန်းသော တိုက်ကွက်များဖြင့် ထုတ်ဖော်တိုက်ခိုက်နေကြသည်။

"ကျားလုံးကို မဖမ်းနဲ့"

ဆန့်ကွမ်းဝမ်သည် ဖေ့ချို၏ တိုက်ကွက်ကို ရှောင်တိမ်းရင်းမှ ဝတ်စုံနီနှင့် ဝတ်စုံပြာတို့ကို အော်ဟစ်သတိပေးသည်။ ဝတ်စုံနီနှင့် ဝတ်စုံပြာဝတ်တို့လည်း ဘေးသို့ အသီးသီး ရှောင်ပေးလိုက်ကြသည်။

"ဝုန်း ..."

ကျားလုံးမှာ လေထဲတွင်ပင် ပေါက်ကွဲသွား၏။ သူတို့ နှစ်ဦးကလည်း ရှောင်တိမ်းရင်းမှ ခမောက်ကိုဖြုတ်၍ ဖေ့ယိုကျောင်းထံသို့ ပစ်လွှတ်သည်။

ခမောက်၏ အနားတွင် ထက်မြက်သော ဓားပါးကလေးများ တပ်ဆင်ထားသည်။ ဓားသွားပေါ်တွင်ကား အဆိပ်များ သုတ်လိမ်းထားပေသည်။ ဖေ့ယိုကျောင်းသည် လက်နက်ပုန်း ပေါက်ကွဲသွားပြီး အခိုးအငွေ့များ ထွက်ပေါ်နေသဖြင့် ရှောင်တိမ်းနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် ခန္ဓာကိုယ် တိမ်းစောင်းသွားပြီး တရှပ်ရှပ်ဖြင့် ဦးထုပ်နှစ်လုံး၏ ပိုင်းဖြတ်ခြင်းကို ခံလိုက်ရ၏။

"ဟာ ... မှန်သွားပြီ၊ မှန်သွားပြီ"

ဝတ်စုံနီဝတ် လူက လက်ထဲမှ နေနှင့်လ စက်ဝိုင်းကွင်းကို မြှောက်ပြီး ဝမ်းသာအားရ အော်ဟစ်သည်။ ဝတ်စုံပြာဝတ်လူက အံ့အားသင့်သော အမူအရာဖြင့် ...

"မဟုတ်သေးဘူး"

ထိုအချိန်မှာပင် ဖေ့ယိကျောင်းက သူရဲ့အရိပ်ပမာ သူတို့နှစ်ယောက်၏ နောက်ဘက်ဆီမှ ပေါ်ထွက်လာပြီး လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

ဝတ်စုံပြာဝတ်နှင့် ဝတ်စုံနီဝတ် လူနှစ်ဦးကလည်း လျင်သည်။ လှစ်ခနဲပင် ကိုယ်ကိုဝပ်ချကာ ရှောင်တိမ်းသည်။ ထို့နောက် မြေလျှိုးမိုးပျံအတတ် တတ်ကျွမ်းထားသည့်အား ဖေ့ယိကျောင်း၏ မြင်ကွင်းမှ လှစ်ခနဲ ပျောက်သွား၏။

ဖေ့ယိကျောင်း မျက်နှာပျက်သွားသည်။

မျက်လုံး ကလယ်ကလယ် ဖြစ်လာသည်။ နှာခေါင်းကို ရှုံ့ချည်ပွချည်ဖြင့် အနံ့ခံသလို ပြုလာ၏။ သို့နှင့် ရေ့တူရှလောက်တွင်ရှိသော မြက်ချုံပုတ်တစ်ခုအနီးသို့ လျှောက်သွားပြီး လက်ဝါးနှစ်ဖက်ကို မြေကြီးပေါ်သို့ ရိုက်ချလိုက်လေသည်။

ရှောက်ချူးရွှေသည် ဤသို့သော လှုပ်ရှားမှုမျိုးကို မြင်တွေ့ရတိုင်း မာကျင်ကျူးကို ရုတ်တရက် သတိရလိုက်မိ၏။ မာကျင်ကျူးသည်လည်း ယခုလိုနည်းပညာဖြင့် လက်တစ်ထောင် နတ်ဆိုး ဆူကွန်ကို သတ်ဖြတ်ပစ်နိုင်ခဲ့၏။

ယခုသော်ကား မာကျင်ကျူးမှာ ကွယ်လွန်ခဲ့ရပြီဖြစ်၏။

ဖေ့ယိကျောင်းသည် ညာလက်ကို ဆွဲနှုတ်လိုက်လျှင် သွေးသံရဲရဲဖြင့် ကိုယ်တွင်းကလီစာတစ်ခု ပါလာ၏။ မိုက်မိုက်ရမ်းရမ်းသတ္တိရှိသော လျှိုယိုသည်ပင် မြင်လိုက်သည်နှင့် မူးမေ့လဲကျလုမတတ် ဖြစ်သွား၏။

ဖေ့ယိကျောင်းသည် ဘယ်ဘက်လက်ကို ဆွဲနှုတ်လိုက်သောအခါတွင်ကား လက်ချောင်းငါးချောင်း ပြတ်တောက် ကျန်ရစ်ခဲ့သည်ကို တွေ့လိုက်ရ၏။ နာကျင်လွန်းသဖြင့် သူ့မျက်နှာတစ်ခုလုံးမှာ ရှုံ့တွနေ၏။

Scanned with ACE Scanner

ဘယ်လက်ဆွဲထုတ်ပြီးသည့်အချိန်တွင် ဝတ်စုံပြာဝတ် လူရိပ်တစ်ရိပ် ချုံပုတ်ကြီးထဲမှ ထွက်လာပြီး ဇရပ်နံ့ဘေး ထင်းရှူးပင်ဆီသို့ တွားသွားနေသည်။

"မင်းက သစ်ပင်မှာ ပုန်းဦးမလို့ပေါ့ ဟုတ်လား"

ဖေ့ယိကျောင်းက ဒေါသဖြင့် အော်ဟစ်ပြီး လက်တစ်ဖက် ဖေ့ယမ်းလိုက်သည်။

"ဝုန်း . . ."

ပေါက်ကွဲသံနှင့်အတူ ထင်းရှူးပင်မှာ အစိတ်စိတ်အမြွှာမြွှာ ကျိုးကြေပြတ်တောက်သွားသည်။ ပေါက်ကွဲစဉ်တွင် ဝတ်စုံပြာ၏ အရိပ်သည်လည်း လေထဲသို့ လွင့်ပျံတက်သွား၏။

ရောက်ချူးရွှေမှာ သည်တော့မှ သိုင်းလောကမိသားစု၏ လျှို့ဝှက်ပညာဆန်းကို မြင်တွေ့အံ့သြမိတော့သည်။

ဖေ့ယိကျောင်းကလည်း သိမ်းစွန်ငှက်ကြီး တစ်ကောင်ပမာ လေထဲသို့ ပျံဝဲတက်သွား၏။ ကျားထိုးဇရပ်အတွင်းမှလည်း အကြိတ်အနယ် တိုက်ခိုက်နေ၏။ ဖေ့ချိုလည်း တိုက်ခိုက်နေရာမှ ရုတ်တရက် ခုန်ပျံတက်သွားပြန်၏။ သူခုန်ပျံတက်ချိန်မှာ ဝတ်စုံပြာလူမှာ ဇရပ်ရှေ့သို့ ရောက်နေချိန်ဖြစ်၏။

ဖေ့ချို၏လက်ထဲမှ ဓားမကြီးက ရုတ်တရက် တချပ်ချပ် မြည်လျက် လုံ့တံရှည်တစ်ချောင်းအသွင်သို့ ပြောင်းလဲသွားလေသည်။ ပြောင်းလဲပုံ မြန်ဆန်လွန်းသဖြင့် မည်သို့ ပြောင်းလဲသွားသည်ကိုပင် မသိလိုက်ရ။ သိလိုက်ရသည့်အချိန်မှာတော့ ဖေ့ချို၏ ပြောင်းလဲသွားသော လုံ့တံရှည်က ဝတ်စုံပြာ၏ ဝမ်းဗိုက်ကို လေထဲတွင်ပင် ထုတ်ချင်းထိုးဖောက်သွားခြင်းပင် ဖြစ်၏။

ဖေ့ချိုသည် လုံ့တံတွင် စွပ်နေသော ဝတ်စုံပြာ၏ အလောင်းကို ယမ်းခါထုတ်လိုက်ပြီး မြေကြီးပေါ်သို့ ပြန်ကျလာ၏။ ခြေထောက်

Scanned with ACE Scanner

တစ်ဖက်တည်းသာ ရှိသည်မို့ မြေကြီးပေါ်သို့ အကျတွင် ဟန်ချက်ကို မထိန်းနိုင်ဘဲ အနည်းငယ် ယိမ်းယိုင်သွား၏။

ထိအချိန်မှာ ဆန့်ကွမ်းဝမ်အတွက် အချိန်ကောင်း အခွင့်ကောင်း ဖြစ်၏။

သူ့လက်ထဲမှ တန္တေ့ဒိုတုတ်တံ၏ ထိပ်တွင် သံမဏိတပ်လက်တုတစ်ချောင်း ရုတ်တရက်ပေါ်လာပြီး ဖေ့ချို၏ နံကြားကို မိမိရရ ဖမ်းကုတ်ထားလိုက်တော့သည်။ လက်တုဆူးချွန်များက ဖေ့ချို၏ နံရိုးထဲထိ ဆူးနစ်ဝင်သွား၏။

ဆန့်ကွမ်းဝမ်က တုတ်ကိုဆောင့်ဆွဲကာ ဖေ့ချိုအား သူ့အနီးသို့ရောက်အောင် ဖန်တီးသည်။ ဖေ့ချို၏ လက်နှစ်ဖက်က ရုတ်တရက် ခါးကြားသို့ ထိုးသွင်းလိုက်သည်။ လက်အိတ်အမည်းနှစ်ခုက အလိုအလျောက် စွပ်ပြီးသားဖြစ်သွား၏။ ဒဏ်ရာပြင်းထန်စွာ ရထားသော်လည်း ဖေ့ချို၏ အားအင်အရှိန်အဝါက မပြေသေး။ ဆန့်ကွမ်းဝမ်နှင့် အနီးကပ် တိုက်ခိုက်ရန် စိတ်ကူးလိုက်၏။

သို့သော် ဆန့်ကွမ်းဝမ် လက်ထဲမှ တုတ်တံက ရုတ်တရက် ကွေးညွတ်ကာ သုံးဆစ်ချိုး လက်နက်ပုန်း ဖြစ်သွားပြန်သည်။

"ဝှစ် ..."

သုံးဆစ်ချိုးတုတ်တို ဝှေ့ယမ်းလိုက်လျှင် ဖေ့ချို၏ လည်မျိုကို ရစ်ပတ်မိသွား၏။ ဖေ့ချိုမှာ လျှာထွက်ကာ မျက်လုံးပြူးလာ၏။ သို့သော် လက်အိတ်စွပ်ထားသော သူ့လက်နှစ်ဖက်က သုံးဆစ်ချိုးတုတ်ပေါ်သို့ ရောက်သွား၏။

"ဖြောင်း ... ဖြောင်း"

သုံးဆစ်ချိုးတုတ်၏ ထိပ်ပိုင်းနှင့် အမြီးပိုင်း နှစ်ခုစလုံး ဖေ့ချို၏ ချိုးဖြတ်ခြင်းကို ခံလိုက်ရသည်။ ဆန့်ကွမ်းဝမ်သည် ထိပ်ပိုင်းနှင့် အမြီးပိုင်းကို လက်လွှတ်လိုက်ပြီး အလယ်ပိုင်းကို ယူလိုက်သည်။

Scanned with ACE Scanner

တို့နောက် ဘယ်ဘက်မှ ညာလက်ဘက်သို့ အားကုန်ဆဲလိုက်ရာ ဖေ့ချို၏ မျက်နှာမှ သွေးများ ဒလဟော ပန်းထွက်လာသည်။

ဒုတိယအဆင့်၏ အလယ်ဗဟိုတွင် သံမဏိသွားကဲ့သို့ လွှတံ ရှိနေသဖြင့် ဆန့်ကွမ်းဝမ်က ယခုကဲ့သို့ ဆွဲယူလိုက်သောအခါ ဖေ့ချို ၏ လည်မျိုပြွန်သွေးကြော ပြတ်တောက်ကာ သေဆုံးသွားရလေတော့ သည်။

ထိုအချိန်တွင် ဆန့်ကွမ်းဝမ်နောက်သို့ ဖေ့ယီကျောင်း ရောက် ရှိလာသည်။ ဆန့်ကွမ်းဝမ် ထိတ်လန့်တကြား အပေါ်သို့ ခုန်တက် လိုက်သည်။ ဖေ့ယီကျောင်းက သူ့ကို ရက်စက်သော မျက်လုံးများ ဖြင့် သွေးခဲမတတ် စိုက်ကြည့်သည်။

ဆန့်ကွမ်းဝမ်သည် ခုန်ပျံလိုက် ဆင်းသက်လိုက်နှင့် နောက် ကျောကို ဇရပ်တိုင်နှင့် မှီလိုက်သည်။ ညာဘက်လက်က ကျောက် နံရံကို ထောက်ထားသည်။ နောက်ကျောကိုမူ နံရံနှင့် မကပ်နိုင်။

ရောက်ချူးရွှေတို့ အနံ့အသက်တစ်မျိုးကို ရှူရှိုက်မိလိုက်ကြ သည်။ ဆန့်ကွမ်းဝမ်၏ မျက်လုံးများက ပြူးထွက်နေ၏။ ထိတ်လန့် တုန်လှုပ်ခြင်းက သူ့ကို လွှမ်းမိုးခဲ့ချေပြီတကား။

⊕ ⊕ ⊕

"ဟာင် ... မင်း ... မင်း"

ဆန့်ကွမ်းဝမ်က အံ့ဩထိတ်လန့်ဟန်ဖြင့် ဖေ့ယီကျောင်းကို ကြည့်ပြီး တုန်ယင်ထစ်ငေါ့နေသည်။ ဖေ့ယီကျောင်းက အေးတိအေး စက် အမူအရာဖြင့် ...

"မင်းအတွက် ဆေးမရှိတော့ဘူး"

"ပေါက်ကရတွေ လျှောက်ပြောမနေနဲ့၊ ကျုပ် မသေနိုင်ဘူး"

"အခု မသေနိုင်သေးပေမယ့် မကြာခင် သေရတော့မယ်"

"ဟား . . ဟား . . . ဟား"

ဆန့်ကွမ်းဝမ်က သဘောကျစွာပင် အော်ဟစ်ယ်မောပစ်လိုက်သည်။

သို့သော် သူ့ရယ်သံမဆုံး။ တစ်ဝက်တစ်ပြက်တွင် ဘိခနဲ ပြတ်တောက်သွားသည်။ ဓားမတစ်လက်၏ အဖျားဦးချွန်က သူ့ရင်ဘတ်ရှေ့တွင် ဖုထွက်လာသည်။

သူ့မျက်လုံးများ ပြူးထွက်နေသည်။ ရင်ဘတ်ရှေ့၌ အစွန်းထွက်နေသော ဓားမဦးချွန်ကို မယုံကြည်နိုင်သလို ကြည့်မိ၏။

"ကျုပ် ကျုပ် နောက်ဆုံးတော့ ဒီဓားမနက်နဲ့ အသက်ထွက်ခဲ့ရတော့မှာပါလား"

ဆန့်ကွမ်းဝမ် တရားရသလို ညည်းညူရေရွတ်သည်။ သရည်ညွှန်းသည့် ဓားမနက်မှာ ဖေ့ချို၏ ဓားမနက် ဖြစ်ပေ၏။

ဓားမကို လျှပ်တစ်ပြက် ကောက်ယူကာ သူ့နောက်ကျောကို ထိုးသွင်းလုပ်ကြံလိုက်သူက ဝမ်ပုရှင် ဖြစ်လေသည်။

"ဟုတ်တယ် . . . နောက်ဆုံးတော့ ရှင်ဟာ ကျွန်မတို့ရဲ့ လက်ချက်နဲ့ အသက်ပျောက်သွားရတာပဲ"

ဝမ်ပုရှင် လေသံမာမာဖြင့်ပြောသည်။

ဖေ့ယိကျောင်းမှာ ဝမ်ပုရှင်အတွက် စိုးရိမ်မိသဖြင့် ကပျာကယာပင် သတိပေးစကား ဆိုလိုက်ရ၏။

"ချွေးမတော် ဓားကိုင်လက်ကို လွှတ်လိုက်"

ဖေ့ယိကျောင်း၏ သတိပေးစကားက နောက်ကျသွားသည်။

ဆန့်ကွမ်းဝမ်သည် ငြိမ်းကာနီးမီး အစွန်းကုန် တောက်ပလာသလို လက်ထဲမှ တုတ်တံဖြင့် တအားကုန် နောက်ပြန်ထိုးချလိုက်သည်။

"ဝုန်း . . ."

ဝမ်ပုရွှင်၏ ခန္ဓာကိုယ်မှာ လေထဲတွင် လွင့်ဝဲသွားပြီး မြေကြီးပေါ်သို့ ဘုန်းခနဲ ပြန်ကျ၏။ ဆန့်ကွမ်းဝမ်က ရုံးရှုံးစွာ အော်လျက် နောက်ထပ် တိုက်ခိုက်ဟန် ပြင်သည်။ ရှောက်ချူးရွှေ မနေသာတော့။ ခန်ဝင်ကာ ဆန့်ကွမ်းဝမ်အား ဟန့်တားတိုက်ခိုက်သည်။

ဆန့်ကွမ်းဝမ် နောက်သို့ ခြေတစ်လှမ်း တစ်လှမ်း ဆုတ်သည်။

ခြေလှမ်းအဆုတ်တွင် ကျောက်ခဲတစ်လုံးကို နင်းမိကာ ဟန်ချက်ပျက်သွား၏။ ဒဏ်ရာကလည်း ပြင်းထန်၊ ဟန်ချက်ကလည်း ပျက်၊ ရှောက်ချူးရွှေကို ကြောက်စိတ်ကလည်း လွန်ကဲနေသဖြင့် ခန္ဓာကိုယ်ကို မထိန်းနိုင်ဘဲ နောက်သို့ နှစ်လှမ်းခန့် ဆုတ်လိုက်ရပြန်သည်။

သူ့နောက်တွင် ဆုတ်ရန်လမ်းမရှိတော့သည်ကို ခြေလှမ်းဆုတ်မိသဖြင့် သူ့ခန္ဓာကိုယ်က အသူတစ်ရာနက်လှသော ချောက်ကမ်းပါးထဲ ပြုတ်ကျသွားတော့သည်။

ဆန့်ကွမ်းမျိုးဆက်သည် ဟွာဆန်းတောင်ပေါ်တွင် အဆုံးသတ်သွားရတော့သည်။

လျှိုယိုသည် လဲကျနေသော ဝမ်ပုရွှင်ကို မွေ့ထူလိုက်၏။

ဝမ်ပုရွှင်က အသက်ငွေ့ငွေ့လေးသာ ကျန်တော့၏။

သူ့မျက်လုံး၏ အရောင်မှာ ဝင်းလက်တောက်ပနေပြီး အတော်ပင် ကျေနပ်ဝမ်းသာနေပုံရသည်။

"ကျွန်မ ... ကျွန်မရဲ့ ယောက် ... ယောက်ျားဆီကို အမြန်အမြန်ဆုံး ပို့ ပို့ပေးပါ"

လျှိုယိုက သူ့ဆန္ဒအတိုင်း ဖေ့စုလီအလောင်းအနီးသို့ ပို့ပေးသည်။

ဝမ်ပုရွှင်သည် လှိုက်လှိုက်လှဲလှဲပင် ရယ်မောလိုက်ပြီး သူ့မျက်နှာတွင် ဖုံးကွယ်ပြုပြင်ထားသော သားရေမျက်နှာဖုံးကို ဗြိခနဲ ဆွဲခွာ

Scanned with ACE Scanner

လိုက်သည်။ ချောမောလှပသော မျက်နှာကလေးက နွမ်းပျော့နေသည့်ကြားမှ အပြုံးရောင်လွှင်နေသည်။ တစ်ဆက်တည်းပင် ဖေ့စုလီ၏ မျက်နှာဖုံးကိုလည်း ဆွဲခွာလိုက်ပြန်သည်။ ခံ့ညားသော ယောကျ်ားတစ်ယောက် ဖြစ်သည်ကို ရှောက်ချူးရွှေတို့ မြင်လိုက်ရသည်။

"အစ်ကို ... အစ်ကိုရယ်၊ ညီမ ... ညီမတို့ ဝဋ်ကျွတ်ပြီ၊ တကယ့် မျက်နှာအစစ်နဲ့ လူတွေကို ကြည့်နိုင်ပြီ"

ရှောက်ချူးရွှေတို့မှာ ဝမ်ပုရှင်၏ အဖြစ်ကိုကြည့်ပြီး ရင်ထဲတွင် ဆို့နစ်လာ၏။ ဝမ်ပုရှင်က မချိပြုံး ပြုံးလိုက်ပြီး ...

"ကျွန်မ ... ကျွန်မတို့ ရန်ကြွေးကို ဆပ်နိုင်ခဲ့ပြီ၊ သေရတာလည်း သေပျော်ပြီ၊ ဒါပေမယ့် ဖေ့မိသားစုမှာ မျိုးဆက်မရှိခဲ့ဘူး၊ ဝမ်ပုမိသားစုနဲ့ ရန်ငြိုးဖွဲ့စရာလူ မရှိတော့ဘူး၊ အွန့် ..."

ပြောပြောဆိုဆို ဖေ့စုလီ၏ လက်ဝါးကို သူလက်ဖြင့် ပွတ်သပ်လိုက်သည်။ သွေးများလည်း ထိုးအန်လာပြီး ချက်ချင်းပင် သူ့ခင်ပွန်း၏ ကိုယ်ပေါ်တွင် မျက်နှာအပ်ကာ အသက်ပျောက်သွားတော့သည်။

သူမ မသေခင် ပြောခဲ့သည့် စကားက ရှောက်ချူးရွှေအတွက် ပဟေဠိပုစ္ဆာတစ်ခုလို ဖြစ်နေတော့သည်။ ဝမ်ပုရှင်သည် တစ်ချိန်က ဝမ်ပုမိသားစုမှ လူတစ်ယောက် ဖြစ်ခဲ့ရာ အဘယ့်ကြောင့် ရန်ငြိုးရှိခဲ့ရလေသနည်း။

ရှောက်ချူးရွှေ မစဉ်းစားတတ်တော့။

သို့သော် သိုင်းလောကတွင် နာမည်ကြီးခဲ့သည့် မိသားစုနှစ်ခုယခုအချိန်တွင် နှစ်ဖက်စလုံး သေကြေဒဏ်ရာရခဲ့သဖြင့် ကြေကွဲစိတ်မကောင်း ဖြစ်မိလေသည်။

ဆန့်ကွမ်းမျိုးနွယ်၏ အဆင့်မြင့် ပုဂ္ဂိုလ်အားလုံးမှာ သေဆုံးကုန်ကြလေပြီ။ ဖေ့မိသားစုတွင်လည်း ဖေ့ယိကျောင်း တစ်ယောက်

တည်းသာ အသက်ရှင်လျက် ကျန်ရှိနေသည်။ သို့သော် လက်တစ်ဖက်က သုံးမရလောက်အောင် ပျက်စီး၍ ဒုက္ခိတဘဝသို့ ရောက်ခဲ့ရချေပြီ။

မာနတရားများနှင့် အာဃာတ တရားများ၏ ချုပ်ငြိမ်းအဆုံးသတ်ရာ အဖြစ်အပျက်များကိုကြည့်ပြီး ရှောက်ချူးရွှေ သက်ပြင်းချလိုက်မိ၏။

သူသည် ဒုက္ခိတဖြစ်နေသော ဖေ့ယီကျောင်းအား သူနှင့်အတူ လိုက်ပါခဲ့ရန် ခေါ်ဆောင်သည်။ ဗုာဆန်းတောင်တွင် အန္တရာယ်များလှသဖြင့် တစ်ကိုယ်တည်း အထီးကျန်ဖြစ်နေသော ဖေ့ယီကျောင်းကို မထားရစ်ခဲ့လို။

သို့သော် ဖေ့ယီကျောင်းက လက်မခံ။ ငြင်းဆန်ခြင်းသာ ပြု၏။

"ဖေ့မိသားစုကလူတွေ ကုန်သွားပြီ၊ ကျိုလည်း ဒီမှာနေခဲ့တော့မယ်၊ တောင်အောက်ကို ဆင်းတော့ကော ဘာအကျိုးရှိမှာလဲ၊ မင်းတို့ဘာသာ ဆင်းသွားကြပါ၊ ကျုပ်အတွက် ဘာမှမပူနဲ့၊ ကျုပ်ဖေဖေ နှစ်ကြာမြင့်အောင် ဇာတ်မြှုပ်နေခဲ့တာဟာ ရန်ကြွေးကို ပေးဆပ်ချင်လို့ပဲ၊ သူ့မှာက ခြေတစ်ဖက်မရှိတော့ဘူးဆိုတော့ သွားရလာရတာ အဆင်မပြေဘူး၊ ဒါကြောင့်မို့လို့ ဆန့်ကွမ်းဝမ်ကို ဒီရောက်လာအောင် ကျုပ်တို့ မျှားခေါ်နိုင်းခဲ့တယ်၊ ဒီရောက်လာရင် နောက်နောင် မဆုံနိုင်အောင်ဆိုပြီး သူသေကိုယ်သေ တိုက်ခိုက်ကြဖို့ပဲ၊ မင်း ရောက်လာတာ ကျုပ်တို့အတွက် ကံကောင်းတာပဲ"

ရှောက်ချူးရွှေ နားမလည်နိုင်သလို ကြည့်နေ၏။

ဖေ့ယီကျောင်းက ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းကို တစ်ပြိုင်နက် ခံစားရသည့် အမူအရာဖြင့် ဆက်ပြော၏။

"မင်း ရောက်လာလို့ သူတို့ရဲ့ စိတ်အာရုံက နှစ်ခုကွဲသွား

Scanned with ACE Scanner

တယ်၊ ဒါကို အခွင့်ကောင်းယူပြီး ဖေဖေက သူ့ဘက်ကလူနှစ်ယောက်ကို ရှင်းပစ်နိုင်လို့ ဝက်ပါကွက် ပျက်သွားရတယ်၊ နို့မဟုတ်ရင် အင်း ... ဘယ်လိုတုံ့ပြန်ရမှန်းတောင် မစဉ်းစားတတ်ဘူး၊ ဖေဖေက ဒီမှာ ဓာတ်မြုပ်နေထိုင်တာဆိုတော့ ရိက္ခာတွေ အတော်များများပဲ စုဆောင်းထားတယ်"

ပြီးတော့ တစ်တောင်နဲ့တစ်တောင် ပေါက်ရောက်နိုင်တဲ့ လမ်းတွေလည်း ကျုပ်သိထားတယ်၊ မင်းတို့တစ်တွေသာ တောင်အောက်ကို စိတ်အေးလက်အေး ဆင်းသွားကြပါ၊ တောင်ဘက် တောင်ထွတ်ပေါ်က မင်းတို့ မိတ်ဆွေတွေကိုလည်း ကယ်တင်လိုက်ပါ၊ ကျုပ်ကိုတော့ နောက်ထပ် ဖျောင်းဖျစကား မဆိုပါနဲ့တော့၊ မင်းရဲ့ မိတ်ဆွေညီနောင်တွေကိုလည်း ဖမ်းပြီး သူရဲကောင်း အမိန့်ပေး တံဆိပ်ပြားနဲ့ လဲလှယ်ဖို့ ဖန်တီးမိခဲ့တဲ့ ကျုပ်အမှားကို ခွင့်လွှတ်ပါ၊ မင်းတို့ကို ရန်လုပ်ခဲ့တာကိုလည်း ဘယ်လိုမှ အပြစ်မတင် ဗွေမယူပါဘူး"

မည်သို့မျှ ပြောမရသည့်အဆုံးတွင် ရှောက်ချူးရွှေတို့ လေးဦးမှာ ဖေ့ယိကျောင်းအား နှုတ်ဆက်ပြီး တောင်ဘက်တောင်တွတ်သို့ ထွက်ခွာလာခဲ့ကြသည်။

တောင်ဘက်တောင်ထွတ်သည် ဟွာဆန်းတောင်၏ အမြင့်ဆုံးအပိုင်းဖြစ်၏။ တောင်ထွတ်ပေါ်မှ ရေအိုင်မှာ တစ်နှစ်ပတ်လုံး မခန်းခြောက်။ ရေအိုင်နံဘေးတွင် လောင်ကျမ်း ဘုရားကျောင်းရှိ၏။ ထိုဘုရားကျောင်းတွင် ယန်တိုတို့အား ဖမ်းဆီးချုပ်နှောင်ထားခြင်းဖြစ်၏။

ရှောက်ချူးရွှေက ဖေ့စုလီ ပေးခဲ့သော သော့တွဲဖြင့် တံခါးကို ဖွင့်ကာ ကယ်တင်သည်။

ထို့နောက် သူတို့အားလုံးမှာ ဝမ်းသာအားရပင် တောင်အောက်သို့ ဆင်းခဲ့သည်။

Scanned with ACE Scanner

တောင်အောက်သို့ဆင်းရာ လမ်းတစ်လျှောက်တွင် ရောက်ချူး ရှွေက ယန်တိုအား သူတွေ့ကြုံကဲ့ရသည်တို့ကို ပြောဆိုခဲ့သည်။ ထက်စင်းရွှဲ၊ ချူနန်းကု၊ ထန်ဖေ၊ ချင်ဖုန်းပတ်၊ ချန်ကျင့်ထွေတို့မှာ လည်း အဖွဲ့ကျလာကြတော့သည်။

တောင်ခြေသို့ ရောက်ပြီးလျှင် အို့ရန်စန်းယီက သူ့ရင်သွေး မီးဖွားနိုင်ရေးအတွက် ဟူပေခရိုင် စန်းဟိုင်တောင်တန်းဆီသို့ ထွက်ခွာသွားသည်။ သူနှင့်အတူ သူ့ခင်ပွန်းသည် မာကျင်ကျူး၏ အရိုး ပြာကိုလည်း ယူဆောင်သွားသည်။

ထိုနယ်တွင် သူမ ဆရာ ကြာပန်းဓားရှင် ရှိနေသောနေရာ ဖြစ်သောကြောင့် သူ့အတွက် အစစအရာရာ အဆင်ပြေနေ၏။

ရှီးမင်မြောင်နှင့် ရှီးမုံ့စမ္မွးတို့ ညီအစ်မလည်း သူတို့ဇာတိ နေအိမ်သို့ ပြန်သွားကြသည်။

ရောက်ချူးရှွေ၊ ယန်တို၊ မုံရှမ်းဖုန်၊ ခုံပြည်လီ၊ တိန်ယိဖိန်း၊ ကိုယ်တော်လေးလင်၊ ထန်ဖေ၊တက်စင်းရွှဲ၊ ချူနန်းကု၊ လှိုူယို၊ ချင်ဖုန်းထက်၊ ချန်းကျင့်ထွေတို့သာလျှင် ခရီးဆက်လက် ထွက်ခွာ လာခဲ့ကြတော့သည်။

## အခန်း(၆)

ရောက်ချူးရွှေတို့ တစ်သိုက်သည် ဟုပေနယ်သို့ အရင်ဆုံးသွားသင့်သဖြင့် ထိုဘက်သို့ ထွက်လာခဲ့ကြသည်။

လမ်းတစ်လျှောက်တွင် ပြည်မကြီး သွေးသောက် အစိပတိ ရွေးချယ်ပွဲအကြောင်းကို အမျိုးမျိုး ကြားခဲ့ကြရသည်။ လူအားလုံးမှာ ထိုရွေးချယ် ယှဉ်ပြိုင်ပွဲအပေါ် အာရုံတစိုက် ရှိကြ၏။ ရောက်ချူးရွှေမှာ ဤသို့သော ပြိုင်ပွဲမျိုးကို သိပ်စိတ်မဝင်စား။

သိုင်းလောကသား တစ်ယောက်ပင် ဖြစ်သော်လည်း သူ့စိတ်ဓာတ်က ဆန်းပြားလှသည်။ အောင်မြင်ကျော်ကြားမှုကို တန်ဖိုးမဲ့မလိုချင်။

တစ်စုံတစ်ခုအပေါ် အကျိုးကျေးဇူး ပြုနိုင်ခြင်းလောက်ကိုသာ သူ တန်ဖိုးထားသည်။

"ဝမ်ပူကောင်းချောင်ရဲ့ နာမည်ကတော့ အတော်ကြီး နေတာပဲ၊ ဘယ်လိုလူစားမျိုးဖြစ်မယ်တော့ မသိဘူး၊ သူ့နာမည် အခုတလောမှာ ဟုန်းခနဲ ထတောက်လာခဲ့တာ၊ နောက်ခံ အင်အားကြီး တစ်ခုက ထောက်ပံ့ပေးနေတာ ဖြစ်ကောင်းဖြစ်မယ်၊ သတိမထားလို့ မရဘူး"

လမ်းတစ်လျှောက်ရှိ မြို့နယ်များမှာ ဝမ်ပူကောင်းချောင် သတင်းသာ ပျံ့နှံ့နေသဖြင့် ခုံပြည့်လီက မှတ်ချက်ချလိုက်ခြင်းပင် ဖြစ်သည်။

Scanned with ACE Scanner

ရှောက်ချူးရွှေသည် ချန်အန်းမြို့အနီး တာ့ရွှေစေတီတွင် ဖြစ်ပျက်ခဲ့သော လူသတ်မှု အကြောင်းများကို သူတို့အား ပြန်လည်ပြောပြလိုက်သည်။

သူ့ပဟေဠိကို နားထောင်ပြီး ယန်တို မျက်မှောင် ကြုတ်သွားမိသည်။

"အင်း ... ဒီကိစ္စ တော်တောက်နက်နဲပါလား၊ မင်းပုံသဏ္ဍာန်မျိုး ဟန်ဆောင်လုပ်ကြတဲ့လူဟာ အနည်းဆုံး မင်းနဲ့ ရုပ်ချင်းတူရမယ်၊ သိုင်းပညာမှာလည်း အဆင့်မြင့်တဲ့ ပုဂ္ဂိုလ်ဖြစ်မှသာ ဝမ်ပူကောင်း ချောင်ရဲ့ ထိတ်ထိတ်ကြဲ လူယုံတော်တွေကို သတ်ပစ်နိုင်မှာ၊ ဘယ်သူ ဖြစ်နိုင်မလဲဆိုတာ စဉ်းစားရ အတော်ကျပ်တယ်"

"ဒါဆိုရင် ဝမ်ပူကောင်းချောင်က ညီလေး ရှောက်အပေါ်မှာ အတင်လွဲမှားတာတွေ ဖြစ်လာတော့မှာ ကျိန်းသေပဲ"

တိန်ယိဖိန်က ဝင်ရောက်မှတ်ချက်ချသည်။

ချူးနန်ကုက ဉာဏ်ကြီးရှင်တစ်ယောက်ပမာ စဉ်းစားဟန်ပြုလျက် ...

"ဒါ နောက်ကွယ်က ကြိုးကိုင်တဲ့ လူတစ်ယောက်ယောက်ရဲ့ လက်ချက်ဖြစ်နိုင်တယ်"

"ဟုတ်တယ် ... ပြဿနာတစ်ခုခု ရှိနိုင်တယ်"

ထက်စင်းရွှဲ့က ကြားဖြတ်ပြောသည်။

ချန်ကျင့်ထွေက ...

"ဖြစ်ဖို့များတယ်၊ တစ်စုံတစ်ယောက်က အသုံးချပြီး ဖန်တီးနေတာပဲ"

ရှောက်ချူးရွှေ သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဘာပဲဖြစ်ဖြစ်လေ ကျုပ်တို့တစ်တွေ မိုက်ချင်မြို့ကို အရင်ဆုံးသွားကြတာပေါ့"

"ကောင်းတယ် ... သိပ်ကောင်းတယ်၊ အဲဒီမှာ ကျွန်မရဲ့ မိတ်ဆွေ မောင်နှမတွေအားလုံး ရှိနေတယ်"

အရှုံးမလျှို့ယိုက ဝမ်းသာအားရ ဝင်ပြောသည်။

ကွမ်တုံးကျားရဲ့များအ အကြောင်းကြားလိုက်ရသဖြင့် ရောက်ချူးရွှေ ပြုံးမိသွားသည်။

ယူပု၊ လီမဲ၊ စက်ယွင်၊ ဟုန်တ့ာတို့ ထိုနေရာ တွင် ရှိနေကြလျှင် စည်စည်ကားကားနှင့် ပျော်စရာကောင်းလိမ့်မည်ဟု ထင်မိသည်။

"ဒါနဲ့ ချင်ယွင်မြို့က ဂူချိုင်ရဲ့ ဒဏ်ရာကကော ပျောက်သွားပြီလား"

"ကောင်းသွားပြီ၊ သူ့ခြေတစ်စုံ၊ လက်မောင်းတစ်ဖက် ဒုက္ခိတအဖြစ် ရောက်တော့မယ့်ဆဲဆဲ ကံကောင်းထောက်မလို့ ကုသနိုင်ခဲ့တယ်"

ရောက်ချူးရွှေ မျက်လုံးပြူးသွား၏။ ဤမျှ အခြေအနေဆိုးနေသော ရောဂါဝေဒနာကို ပျောက်ကင်းအောင် ကုသပေးနိုင်စွမ်းရှိသည့် သမားတော်မဟာ နှယ်နှယ်ရရ မဟုတ်ဟုလည်း သူ့စိတ်ထဲက ချူးကျူးနေမိသည်။

ဂူချိုင်သည် သက်တန့်နီတောင်ပေါ်၌ ခါးကုန်းလောင်ကျိုနှင့်အတူ ဆုန့်မိန်းကျူးနှင့် စောက်လျှိုလေ့တို့၏ ရန်ပွဲကို ဝင်ရောက်ဖျောင်းဖျခဲ့၏။

ထိုသို့ ဖျောင်းဖျရာတွင် ဆုန့်မိန်ကျူးက နားမဝင်ဘဲ လျှပ်တစ်ပြက် တိုက်ခိုက်ခဲ့သဖြင့် လောင်ကျို အသက်သေဆုံးပြီး ဂူချိုင်မှာ ခြေထောက်နှစ်ဖက်နှင့် လက်မောင်းတစ်ဖက်သို့ ပြင်းပြင်း ထန်ထန် ဒဏ်ရာရခဲ့သည်။

ယခု ဂူချိုင်၏ဒဏ်ရာ ပျောက်ကင်းသွားပြီဆိုသဖြင့် ရောက်

Scanned with ACE Scanner

ချူးရှေ့ အလွန်ပင် ဝမ်းသာပီတိ ဖြစ်သွားမိသည်။ သူသည် သိုင်းလောကထဲသို့ ဝင်ရောက်ခဲ့ရာတွင် မိတ်ဆွေအရင်းအချာဆို၍ နည်းပါးလှွန်းသော်လည်း သူ့အပေါ် စိတ်စေတနာကောင်းရှိသူ၊ သူ့အား ဖြားယောင်းလိမ်ညာခြင်း၊ ချောက်တွန်းခြင်း မရှိသူဆိုလျှင် လေးစားဂရုစိုက်ခဲ့သည်။

လောလောဆယ် အခြေအနေတွင် သူ၏ပြောင်းလဲတိုးတက်လာသော သိုင်းပညာအခြေအနေတို့ကို သူနှင့်ပတ်သက်သူများ သိရှိစေချင်သည်မှာ သူ့ဆန္ဒဖြစ်၏။ ဂုဏ်ယူဝင့်ကြွားလိုသောကြောင့် မဟုတ်။

မိမိအပေါ် သံယောဇဉ် ရှိသူများ ကျေနပ်ပီတိဖြစ်စေရန်သာ ရည်ရွယ်ပေသည်။

သူ့စိတ်ရင်းစေတနာ ခံစားချက်နှင့် ဗီဇစိတ် ဓာတ်ကမူ ပြောင်းလဲခြင်း မရှိသေးကြောင်း ပြသလိုနေပေသည်။

"နေစမ်းပါဦး၊ ဂူချိုင်ရဲ့ ရောဂါကို ကုသပေးခဲ့တာ ဘယ်သူလဲ"

ရောက်ချူးရှေ့က လျှိုယိကို မေးသည်။

လျှိုယိက ဇဝေဇဝါဖြစ်ဟန်နှင့် ...

"တော်တော့်ကို ထူးဆန်းတဲ့ လူထူးလူဆန်း သုံးယောက်ပဲ၊ သူတို့ ကုပုံကုနည်းကလည်း အံ့ဩဖို့ကောင်းတယ်၊ မတူညီတဲ့ တူရိယာပစ္စည်းသုံးမျိုးနဲ့ ဂူချိုင်ရဲ့ ရောဂါကို ပျောက်ကင်းအောင် လုပ်ပေးခဲ့တာပဲ"

"ဩော် ..."

ရောက်ချူးရှေ့မှာ ဂူချိုင်အတွက် ဝမ်းသာပီတိ ဖြစ်နေသဖြင့် လူထူးလူဆန်း သုံးယောက်ကို ပေါ့ပေါ့တန်တန်ပင် သဘောထားလိုက်၏။

"သိုင်းလောကကြီး အေးချမ်းတဲ့ တစ်နေ့မှာတော့ ညီလေး ချူးရှွေအနေနဲ့ မြေပြန့်အလယ်ပိုင်းဆီကို တစ်ခေါက်လောက် သွားသင့်တယ်"

ယန်တိုက ရယ်ရယ်မောမော ပြောသည်။ သူ့ဆိုလိုရင်း အဓိပ္ပာယ်ကို ရှောက်ချူးရှွေ နားလည်သဖြင့် ခေါင်းညိတ်ပြလိုက်သည်။

⊕ ⊕ ⊕

ဟူပေနယ်သို့ ရောက်လာသည်နှင့် သိုင်းလောကကြီး တစ်ခုလုံး ပွက်လောရိုက်ကာ သတင်းဆိုးများ ထွက်ပေါ်နေတော့သည်။

လူစုစုအုပ်အုပ် နေရာတိုင်းတွင် စကားသံများက ပေါက်ပေါက်ဖောက်သလို ပြောနေကြ၏။

ထိုစကားများသည် သူတို့အတွက် စကားဝိုင်း၏ နှုတ်မြိန်ဆေးတစ်ခုလို ဖြစ်နေ၏။

ထိုစကားများကား ...

"ရှောက်ချူးရှွေက ကိုယ်တော်လေးဝမ်ပူရဲ့ လူယုံတော်တွေကို သတ်ပစ်လိုက်ပြီ"

"ရှောက်ချူးရှွေ ဒီလိုလုပ်တာကတော့ ယုတ်ညံ့လွန်းတယ်"

"စင်မြင့်ပေါ်မှာ တရားနည်းလမ်းမှန်မှန်နဲ့ ယှဉ်ပြိုင်ရင်တော့ ပြောစရာမရှိပါဘူး၊ အဓိပတိနေရာရဖို့အတွက်နဲ့ လူသတ်ပြီး ရက်စက်တာကတော့ လေးစားစရာ တစ်စက်မှ မရှိဘူး"

"အစကတည်းက ထင်သားပဲ၊ ရှောက်ချူးရှွေဟာ အားကိုးရမယ့် လူစားမျိုး မဟုတ်ပါဘူးလို့"

ဟူသော ရှောက်ချူးရှွေအတွက် သတင်းဆိုးများသာ ဖြစ်သည်။

Scanned with ACE Scanner

ယန်တို့မှာ သတင်းစုံကို ကြားမိသဖြင့် စိတ်ကိုမထိန်းချုပ်နိုင်သော်လည်း ထက်စင်းရွှံ့တို့ တစ်တွေမှာမ မကျေမနပ်ဖြစ်ကာ ဒေါသထွက်မိနေကြသည်။

မြေပြန့်သိုင်းလောကက ပုဂ္ဂိုလ်တို့သည် ပြည်မကြီး သွေးသောက်အဖွဲ့မှ ရွေးချယ်လိုက်သည့် ခေါင်းဆောင်ကို လက်ခံပြီး အဖြူရောင်ဂိုဏ်းများ၏ ပျော့ညံ့သော အင်အားကို ပြန်လည်ထူထောင်စေမည်ဖြစ်၏။

မိုးဘုရင်ကြီး ကျူးနှင့် ဩဇာအာဏာဂိုဏ်းတို့ကို ပြန်လည်ရင်ဆိုင်စေမည် ဖြစ်၏။

ဤရွေးချယ်ပွဲသည် ပြည်မကြီး သွေးသောက် အဓိပတိ ရွေးချယ်ပွဲဆိုသည်ထက် အဖြူရောင် သိုင်းလောက၏ နံပါတ်တစ် လူစွမ်းကောင်း ရွေးချယ်ပွဲလို ဖြစ်နေသဖြင့် သိုင်းလောကသား အပေါင်းတို့မှာ အလွန်ပင် စိတ်ဝင်စားကြ၏။

နောက်ပေါက် လူငယ်တချို့မှာ ပြည်မကြီး သွေးသောက်အဓိပတိ ရွေးချယ်ခံနိုင်ရန် ရောက်ရှိလာကြ၏။

အချို့ကလည်း ကြုံခဲရသည့် အဆင့်မြင့် သိုင်းပြိုင်ပွဲကို ကြည့်ရှုရန် သက်သက် ရောက်လာကြသည်။ စစ်မှန်သော လူငယ်များရှိသလို အရေခြုံထားသူများလည်း ထိုပြိုင်ပွဲကို စိတ်ဝင်စားကာ ရောက်လာကြသည်။

ထိုသူများမှာ မိုးဘုရင်ကြီးကျူး၏ ထောက်ခံအားပေးမှု ရနေသူများနှင့် ဩဇာအာဏာဂိုဏ်း၏ ဘက်တော်သားများပင် ဖြစ်ကြသည်။

အဖြူရောင် သိုင်းလောကသားအပေါင်းမှာ ထိုပြိုင်ပွဲတွင် ထိုသူများ ရရှိသွားမည်ကို စိုးရိမ်မိကြသည်။

ယခု လောလောဆယ် တွင် သိုင်းလောက၏ အဓိကပြိုင်ဘက်

ဖြစ်နေသည်မှာ အဖြူရောင် ဂိုဏ်းအင်အားစု၊ မိုးဘုရင်ကြီးကျူးနှင့် သြဇာအာဏာဂိုဏ်းတို့ ဖြစ်ကြသည်။

မိုးဘုရင်ကြီးကျူးနှင့် သြဇာအာဏာဂိုဏ်းတို့၏ လူယုံ သူလျှို မယားသာ အဓိပတိနေရာ ရသွားလျှင် သူတို့အဖွဲ့ထဲသို့ သိမ်းသွင်းပြီး ကျန်အဖွဲ့အစည်းတစ်ခုကို တိုက်ခိုက်ကြမည်မှာ မလွဲ။

သို့ဆိုလျှင် သိုင်းလောကတွင် မည်သူမျှ အန်တုရဲ မရနိုင်သော ပြိုင်ဘက်ကင်း အင်အားကြီး အဖွဲ့အစည်းတစ်ခု ဖြစ်သွားပေတော့မည်။

ထိုသို့ဖြစ်လာမည်ကို အဖြူရောင် သိုင်းလောကသားများ တွေးပူနေမိကြသည်။ မဖြစ်အောင် ဟန့်တားနိုင်ဖို့လည်း စီစဉ်ကြသည်။

ထိုအချက်ကို ရှောက်ချူးရှွေလည်း အတွေးပေါက်ကာ နားလည်သည်။

နဂိုက သိပ်စိတ်မပါခဲ့သော ယှဉ်ပြိုင်ပွဲကို ယခုမူ သူ မလွဲမရှောင်သာ ဝင်နွှဲရတော့မည်ဟုလည်း သိရှိထား၏။

ဤယှဉ် ပြိုင်ပွဲသည် မိမိအတွက် တိုက်ပွဲဝင်ရခြင်းလား၊ သူတစ်ပါးအတွက် တိုက်ပွဲ ဝင်ရခြင်းလာဆိုသည်ကို သူကိုယ်တိုင်ပင် ဇဝေဇဝါ ဖြစ်နေမိသည်။

❂ ❂ ❂

လင်ထုန်မြို့၏ အနောက်တောင်ဘက်တွင် ရှင်းလူဆိုသော ရွာကလေးတစ်ရွာ ရှိသည်။ ယန်တိုတို့လူစုသည် ထိုရွာထဲသို့ ဝင်ပြီး ဘုရားကျောင်းတစ်ခုတွင် အနားယူကြသည်။ အချိန်ကလည်း ညဉ့်နက်ပြီ၊ လူများကလည်း ပင်ပန်းနေကြပြီမို့ ဤနေရာတွင် အနားယူရန် ဆုံးဖြတ်လိုက်ကြခြင်းဖြစ်၏။

Scanned with ACE Scanner

ယန်တိုသည် လမ်းတစ်လျှောက်တွင် ကြားခဲ့ရသော သတင်း
စကားများကြောင့် ရှောက်ချူးရွှေ တွေငိုင်နေသည်ကို ကြည့်ပြီး
ရှောက်ချူးရွှေ၏ အတွင်းသဘောကို စောကြောနားလည်သည်။

"ဒီကနေ့ သိုင်းလောကကို ခြုံကြည့်လိုက်ရင် ညီလေးက
တစ်ကိုယ်တော်ဖြစ်ပေမယ့် ယောကျ်ားကောင်းတစ်ယောက်၊ လူစွမ်း
ကောင်းတစ်ယောက်ရဲ့ လက္ခဏာနဲ့ ညီညွတ်ပြည့်စုံနေတယ်၊ ရှောင်
လင်ဂိုဏ်းနဲ့ ဝူတန်ဂိုဏ်းရဲ့ အင်အားက ယုတ်လျော့သွားပြီ၊ ဂိုဏ်းကြီး
ဆယ်ဂိုဏ်းကျော်ဟာလည်း ချည့်ချည့်နဲ့နဲ့ပဲ ရှိတော့တယ်၊ လက်ရှိ
အခြေအနေမှာ သိုင်းလောကကြီးကို ပြန်လည်စုစည်းလာအောင်
လုပ်နိုင်မယ့်လူ မတွေ့နိုင်သေးဘူး၊ သြဇာအာဏာဂိုဏ်းနဲ့ မိုးဘုရင်
ကြီး ကျူးတို့က သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးခြယ်လှယ်နေ
ချင်ကြတယ်၊ သူတို့ဘက်သားတွေကိုလည်းပဲ နေရာအနှံ့ ဖြန့်ကြက်
ထားတယ်၊ နောက်ဆုံး သိုင်းလောကဲ့ မဏ္ဍိုင်ကြီးဖြစ်တဲ့ ပြည်မကြီး
သွေးသောက်သာ သူတို့ လက်ခုပ်ထဲ ရောက်သွားရင် ဒုက္ခပင်လယ်
ဝေသွားနိုင်တယ်၊ မင်းသာ ထွက်မလာရင် မစဉ်းစားရဲအောင်ပဲ၊
မင်းရဲ့ လုပ်ရည်ကိုင်ရည်နဲ့ စိတ်ဓာတ်ကို ငါယုံကြည်သလို လေး
လည်း လေးစားတယ်၊ ဘာမှ တွေဝေမနေနဲ့၊ မသိနားမလည်သေးတဲ့
သူတွေရဲ့ ကောလာဟလ စကားတွေကိုလည်း ဂရုစိုက်စရာမလိုဘူး၊
ကိုယ်လုပ်ရမယ့် အရေးကြီးတဲ့ တာဝန်ကိုသာ ဆက်လုပ်စမ်းပါ"

ယန်တိုက ရှောက်ချူးရွှေ စိတ်ဓာတ်တက်ကြွလာအောင် အား
ပေးမြှင့်တင်စကား ဆိုသည်။

ရှောက်ချူးရွှေသည် ယန်တိုတို့၏ အားမာန်အပြည့်နှင့် တက်
တက်ကြွကြွ ပြောလာသော စကားကြောင့် အားတက်လာသည်။
စိတ်ထက်သန်လာသည်။ ဦးခေါင်းကို မော့ကာ နှလုံးအိမ်ထဲသို့
အားမာန်များ သွတ်သွင်းနေမိသည်။

Scanned with ACE Scanner

ယန်တိုမှာ ရှောက်ချူးရွှေကို ကြည့်ပြီး ရင်ထဲတွင် နှစ်သက်ပီတိဖြစ်လာ၏။ ရှောက်ချူးရွှေလို မှန်ကန်ထက်မြက်သည့် လူ တစ်ယောက်ကို မြှင့်တင်ပေးရန်အတွက် သူ့အသက်ကို စွန့်လွှတ်ရမည်ဆိုလျှင်ပင် ဝန်မလေး။

ရှောက်ချူးရွှေက သူ့စကားကို လက်ခံလာ သဘောင်ရှိသလို ရှောက်ချူးရွှေ၏ တည်ကြည်ခိုင်မာသော အမူအရာ အကျင့်စရိုက်ကို ကြည့်ပြီး ဝမ်းသာကြည်နူးလွန်းကာ မျက်ရည်များပင် စို့လာသည်။

တစ်ပါးသူများ မြင်သွားမည်စိုးသဖြင့် မျက်ရည်ကို အကျီစဖြင့် မသိမသာ ပွတ်သုတ်ပြီး အမွှေးတိုင်မီးခိုးများ ခါထုတ်သလို ဟန်ဆောင်လိုက်၏။

သူ့နှုတ်ခမ်းတွင်လည်း အပြုံးတစ်ခုကို ကမန်းကတန်း ဖန်တီးလိုက်ရသည်။

"ချူးရွှေ… ညီလေး မင်းဟာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဖြောင့်မတ်တဲ့စိတ် ရှိတယ်၊ ဉာဏ်စွမ်းဉာဏ်စလည်း ထက်မြက်တယ်၊ မင်းမှာ တက်လမ်းတွေ အများကြီး ရှိသေးတယ်၊ အချိန်အခါကောင်းဆိုလာတဲ့ အခွင့်အလမ်းကို မင်း လက်လွှတ်မခံနဲ့"

မုံရှမ်းဖုန်မှာ သဲ့သဲ့ကလေး ပြုံးပြလိုက်မိသည်။ သိုင်းလောကတွင် နှစ်ပေါင်းများစွာ ကျင်လည် လှုပ်ရှားလာခဲ့သဖြင့် နာမည်ကြီးသိုင်းသမားများစွာကို သူတွေ့မြင်ကြုံဆုံခဲ့ဖူးသည်။ ယန်တိုလို သိုင်းလောကကြီး၏ အထင်ကရ ပုဂ္ဂိုလ်တစ်ယောက်က အသက်ငယ်ရွယ်သည့် ရှောက်ချူးရွှေအပေါ် အသက်စွန့်ရမည်ကိုပင် ဝန်မလေး၊ စိတ်လှုပ်ရှားလွန်းကာ မျက်ရည်ပင် ကျလာသည်ကို မြင်တွေ့နေရသည့်အတွက် သူ့ရင်ထဲတွင်လည်း ကြက်သီးမွေးညင်းထအောင်ပင် ကြည်နူးလှုပ်ခတ်သွားမိသည်။

"ချူးရွှေ ကိုယ်တော်ကြီး ယန်တိုရဲ့ စကားတွေဟာ နှလုံးသား

ထဲက ထွက်လာတဲ့ စကားတွေပဲ၊ သိုင်းလောကရဲ့ မိစ္ဆာကောင်တွေ ကို တိုက်ခိုက်ဖို့၊ မင်းအဖေအတွက် လက်စားချေဖို့ဆိုတဲ့ တာဝန် တွေ မင်းအပေါ်မှာ ပုံကျနေပြီ၊ ဘာဝန်ကို တာဝန်လိုသိမှ အရာရာ အထမြောက် အောင်မြင်နိုင်မယ်၊ သိုင်းလောကတစ်ခုလုံးအတွက် မင်း မျက်ကွယ်မပြုပါနဲ့၊ ငါတောင်မှ သေချင်သေပါစေ အသက်စွန့် ရဲသေးတာပဲ"

မုံရှမ်းဖုံ၏ စကားကြောင့် ခုံပြည့်လီပင် ရယ်မောလာ၏။ ရှောက်ချူးရွှေနှင့် ပတ်သက်၍ ကြည်နူးပီတိဖြစ်မှု အဟုန်ဂ၂ သူ့ထံ သို့ ကူးစက်လာသည်။ သူ့ရင်ထဲတွင်လည်း ဤလူငယ်လေး ရှောက် ချူးရွှေကို သဘောကျနေသည်။

ရှောက်ချူးရွှေ၏ အောင်မြင်ခြင်းကို သူတို့ မနာလိုမရှုစိမ့်မရှိ။ မိုင်ပေါင်းများစွာကပင် ပန်ချောင်း ဓားကိုဏ်းအား အကူအညီပေးရန် ရောက်လာခဲ့ပေသေးရာ ရှောက်ချူးရွှေ အပေါ်တွင် မနာလိုစိတ် မည်သို့မျှမရှိနိုင်။

"ဒီနေ့ သိုင်းလောကရဲ့ အခြေအနေဟာ ကမောက်ကမ ဖြစ် ခဲ့တယ်၊ အတွင်းဘက်က မငြိမ်မသက် ဖြစ်နေချိန်မှာ တာတာတွေ က ပြည်တွင်းကို ကျူးကျော်ဝင်လာနေတယ်၊ ပြည်သူပြည်သားတွေ အေးအေးချမ်းချမ်း မနေရဘူး၊ ဒီလို အချိန်မျိုးမှာ ပထမဆုံး သိုင်း လောက ငြိမ်သက်အောင် လုပ်ရမယ်၊ မျိုးချစ်စိတ်ရှိတဲ့ လူတွေကို ဦးဆောင်ပြီး ကျူးကျော်လာတဲ့ တာတာတွေကို မောင်းထုတ်ပစ်ရမယ်၊ ဒါမှ လူစွမ်းကောင်း ပီသနိုင်မယ်၊ မင်း ဘာမှစဉ်းစားမနေနဲ့၊ ကိုယ့် တိုင်းပြည် ကိုယ့်လူမျိုးအတွက်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဒီပြိုင်ပွဲကို မလွဲ မသွေ ဝင်ပြိုင်သင့်တယ်"

ရှောက်ချူးရွှေ၏ မျက်ခုံးအစုံ ပင့်တက်လာသည်။

သိုင်းလောကတွင် နာမည်တစ်လုံးနှင့် လူတကာ လေးစားရ

သည့် ပုဂ္ဂိုလ်ကြီး သုံးယောက်က ဝိုင်းဝန်း ဖျောင်းဖျခြင်းထက် အာတိသွေး ဇာတိမာန်က သူ့ရင်ကို လှုပ်ခတ်စေသည်။

မိမိတိုင်းပြည် မိမိနိုင်ငံကို ချစ်မြတ်နိုးလျှင် ကျူးကျော်လာသူများအား တတ်နိုင်သည့်အင်အားဖြင့် ခုခံတိုက်ခိုက်ရမည့် တာဝန်ရှိပေသည်။

သို့အတွက် သူ့နှလုံးသွေးများ ဆူပွက်ကာ အဝေးသို့ ငေးကြည့်နေမိသည်။

လှိုဃိမှာ ရှောက်ချူးရွှေကိုကြည့်ပြီး ရင်ထဲတွင် တသိမ့်သိမ့် လှုပ်ခတ်နေမိသည်။

အခုရက်ပိုင်းအတွင်း သူ စကားနည်းလာသည်။ သေရေးရှင်ရေး တိုက်ပွဲများကြားတွင်ပင် စိတ်လက်ရွှင်ရွှင်နှင့် နှုတ်သွက်ခဲ့သူ တစ်ယောက်က ယခုအချိန်တွင် အာစေးထည့်ထားသလို နှုတ်ဆိတ်နေ၏။

သူ့ရင်ထဲတွင် မေးခွန်းပေါင်း များစွာက လွှမ်းမိုးနေသည်။

ခံစားချက်များစွာက ရုန်းကြွနေသည်။

သူ့မိတ်ဆွေများ၊ ရဲဘော်ရဲဘက် တိုက်ဖော်တိုက်ဖက်များက သူ့အပေါ်တွင် လျော့နည်းသွားကြပြီ။

အချို့ သေကုန်ကြ၏။

အချို့ သစ္စာဖောက်ကာ ဘက်ပြောင်းလဲကုန်ကြ၏။

အချို့ သိုင်းလောကမှ အနားယူသွားကြ၏။

သူ့စိတ်ထဲတွင် တစ်ကြိမ်တစ်ခါမျှ မဖြစ်ပေါ်ဖူးသော စိုးရွံ့အားငယ်မှုများ ဖြစ်ပေါ်လာသည်။

နှလုံးသား နုနယ်သည့် မိန်းမသားပိပိ အမှီအတွယ်ကို လိုချင်လာသည်။ အတွေးစဉ်များကို တသိ တတန်းကြီး ခြေဆန့်လိုက်သည်။

မှိုင်းပေါင်း ရာထောင်ဝေးသော အရပ်မှနေ၍ မိမိသည် အဘယ်ကြောင့် ရှောက်ချူးရွှေကို လိုက်လံရှာဖွေခဲ့ရသနည်း။

ထိုအတွေးကို တွေးမိသောအခါ လျှိုယိုရင်သည် တဒိတ်ဒိတ်လှုပ်ခုန်သွားမိ၏။

သူမနှလုံးသားကို ပြန်မြင်ကာ ထိတ်လန့်တကြီး ဖြစ်သွားမိသည်။

သိုင်းလောကတွင် လူတကာအပေါ်တွင် အရှုံးတစ်ယောက်ပမာ ခြေဆန့်လှုပ်ရှားခဲ့သော်လည်း ငယ်နုသူတို့၏ နှလုံးသားကအများသူငါလိုပင် သူ့ရင်ထဲတွင် တည်ရှိခဲ့သည်။

"ငါ ... ငါ ... ရှောက်ချူးရွှေကို ချစ်မိနေပြီလား"

လျှိုယိုသည် သူမကိုယ် သူမ အမေးအဖြေလုပ်မိ၏။ ဟုတ်မှန်ကြောင်းကို ချက်ချင်းပင် ပြန်ရသည်။

"အို ... ငါဘာတတ်နိုင်တော့မှာလဲ၊ ငါဘာတတ်နိုင်တော့မှာလဲ၊ ငါ သူ့ကို ချစ်မိနေပေမယ့် သူဟာ ငါ့အတွက် အားကိုးလောက်တဲ့ယောက်ျား ပီသပေမယ့် သူက ငါ့အတွက်မှ မဟုတ်ဘဲ၊ သူ့ရင်ထဲမှာ ဘယ်လို ဖြေဖျောက် ဖျက်ဆီးလို့မရတဲ့ ထန်ဖန်းက ရှိနေပြီပဲ၊ ငါ့အချစ်တွေက ဘာမှသုံးလို့ မရတော့ပါလား"

လျှိုယိုသည် မိမိ သမာဓိကို မိမိ ပြန်လည်ဖမ်းဆုပ်မရသလို ဖြစ်သွား၏။

ဝမ်းနည်းကြေကွဲစိတ်နှင့်အတူ မိမိကိုယ် မိမိ မကျေနပ် မချင့်မရဲ ဖြစ်သည့်စိတ်တို့လည်း ပေါ်ပေါက်လာသည်။

ဤအချိန်အခါသည် အမှိုအတွယ် တစ်ခုခုကို လိုက်လံရှာဖွေနေသူ တစ်ယောက်ပမာ ခံစားလာရသည်။ လေဟာနယ် တစ်ခုထဲတွင် လွင့်မျောနေသူတစ်ယောက်ပမာ ထင်မှတ်နေတော့၏။ ရှောက်ချူးရွှေကို ချစ်မိနေပြီဆိုသော အသိတို့ တစ်ပြိုင်နက်တည်း ဝင်ရောက်

Scanned with ACE Scanner

လာသောအခါ လှိုုယိမှာ နှောင်ကြိုးမဲ့ လေတံခွန် တစ်ခုပမာ ဖြစ်သွားတော့၏။

ဘုရားကျောင်း၏ အမှောင်ရိပ်ထဲတွင် တစ်ယောက်တည်းတွေးပူကာ ထိုင်နေမိသည်။ အမွေးတိုင်ငွေ့များကြားမှ ရှောက်ချိုးရွှေ၏ မျက်နှာကို အေးစက်စက် ကြည့်မိသည် သူ့မျက်လုံးများကဝင်းဝင်းလက်နေ၏။ တောကြောင်တစ်ကောင်ကို ငေးကြည့်နေသည့်အကြည့်မျိုး ...။

**ပန်းစကြာ ဓားသမား စာစဉ်(၁၀)ကို ဆက်လက် ဖတ်ရှုပါရန် ... ။**

တက္ကသိုလ် ဝင်းကြွယ်

Scanned with ACE Scanner